
www.burmeseclassic.com

ဆုပြည့်စုံထွန်းစာပေ

# ဂမ္ဘီရလောက

မဂ္ဂဇင်း



No.80, January 2014

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


...uality Publishing House


...ိလ်ချုပ်အောင်ဆန်း၏
...သားဘဝနှင့်ပတ်သက်သော
...ကြောင်းအရာများကို
...ည့်စုံစွာဖော်ပြထားသော
...်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့





ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သော
ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဗိုလ်တေဇ
ဘဝကမ္ဘာ
ရသဟန်အတ္ထုပ္ပတ္တိ
Quality စာတည်းအဖွဲ့







ဆုပြည့်စုံထွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.comတွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

အမှတ် (၁၀)၊ ဇန်နဝါရီလ၊ ၂၀၁၄ ခုနှစ်

January 2014


အချောင်သမား မောင်သန်းဝေါင်
မောင်ညိုမှိုင်း (သန်လျင်) ၆

ရုက္ခစိုးမော်
ဂမ္ဘီရ ဆရာရွှေမျိုး ၂၆

ဂမ္ဘီရသစ္စာရှင်တို့ ဆုံစည်းခွင့်
မြနန်းရှစ် ၅၅

မြွေရေးခက်ခက်
သွေ့မြစ် ၈၄

မညာသည်ဆိုသည်မှာ
ညောင်ညိုဝစ် ကျော်ဝင်း ၁၀၄

သွေးပျက်တဲ့လပြည့်ည
အောင်တာသတ်ဝေ ၁၂၄

အစားကြီးသော ထန်းတက်သမားမြေ
ဇော်ခင်ကျော် ၁၃၉

ကျွင်းပိုင်
ချစ်မင်းသူ ၁၅၆

ရတနာဒေဝီဘုရင်မ
ထောင်းသုခ ၁၉၅

ရှုသားစားစုန်းမ
သဝေဝသာရ ၂၀၈

ဓာတ်မြေမှ ဂမ္ဘီရ
ထိုမောင်သန်းဝင်း ၂၂၇

ဦးရန်ဖွယ်နှင့် ဗရာဇန်းကြယ်
တောက်ထိန် ၂၄၇

အယ်ဒီတာ့စကား ၅


www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

မဂ္ဂဇင်း

**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အုပ်ချုပ်မှု အယ်ဒီတာ**
မခင်မာရွှေ

**အယ်ဒီတာအဖွဲ့**
ညက်လင်းထက်

**[illegible]**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ နေဇင်လတ်၊ ရှိုင်းကိုကိုနိုင်၊ ဝေလင်း၊ အောင်ကိုကိုလတ်၊ တင်မောင်မောင်ထွေး၊ ဆုပြည့်မိုး၊ ဟေမာန်လှိုင်၊ ဝင်းဝင်းမာ၊ ပိုပိုဇင်၊ အိဖြူ၊ မီမီဇင်၊ ဖြူဖြူသင်း၊ ဝင်းဝင်းမော်။

**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ (ဆုပြည့်စုံထွန်းစာပေ) (၀၃၉၀၅)၊ (မြဲ)၊ အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။)

**မျက်နှာဖုံး**
ညက်လင်းထက်

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ အောင်စံမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ လှသစ်အောင် (အင်းလျား)၊ ရန်နိုင်ဦး၊ ကိုကိုကြီး၊ မောင်နေကြည်၊ ချစ်သူ၊ ဝေမွန်လင်း၊ မေါ်ကာ။

**ကွန်ပျူတာစာနှင့်ဖလင်**
Quality

**ပုံနှိပ်သူ**
ဖြိုးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန်
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**စာအုပ်ချုပ်**
တင်မေထွန်း

**အုပ်ရေ** - ၅၀၀
**တန်ဖိုး** - ၁၅၀၀

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

BURMESE CLASSIC .com

## အယ်ဒီတာ့စကား

နှစ်သစ်မင်္ဂလာတွင် စာဖတ်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။ ၂၀၁၄ - ခုနှစ်၊ ဇန်နဝါရီလဆိုလျှင် ဂမ္ဘီရလောကမဂ္ဂဇင်း အုပ်(၁၀)မြောက် ရောက်ရှိပါပြီ။

ဂမ္ဘီရလောကမဂ္ဂဇင်းသည် ဖြစ်ရပ်ဆန်းကြယ်များ၊ နက်နဲဆန်းကြယ်သောအရာများ၊ အံ့မခန်းထူးများဖြင့် စာဖတ်သူ စိတ်ဝင်စားအောင် စုစည်းထားပါသည်။

ဂမ္ဘီရဆိုသောစကားလုံးသည် ပါဠိစကားလုံးဖြစ်ပြီး နက်နဲဆန်းကြယ်သောအဓိပ္ပာယ်သက်ရောက်ပါသည်။


သို့သော် စကားလုံးဝေါဟာရတစ်လုံး၏ ဖြစ်တည်မှု၊ အသုံးချမှုသည် ကာလရွေ့လျားသည်နှင့်အမျှ အဓိပ္ပာယ်တစ်မျိုးဖြင့် ဆင့်ပွားပြောင်းလဲသွားသော သဘောရှိပါသည်။ ဂမ္ဘီရလောကမဂ္ဂဇင်းကို စာဖတ်သူများ စိတ်ဝင်စားလာအောင် ရည်ရွယ်ချက်ဖြင့် ရသစုံစုံ၊ အရှိန်အဟုန်မပြတ် ဆက်လက်ထုတ်ဝေလာခြင်းဖြစ်ပါသည်။ မဂ္ဂဇင်း ဆက်လက်ရပ်တည်မှုရှိအောင်အားပေးကြသော၊ ပံ့ပိုးကြသောစာဖတ်ပရိသတ်များ၊ ဖြန့်ချိရေး ပန်းချီဆရာများ၊ စာရေးဆရာများ၊ ပုံနှိပ်ထုတ်ဝေ သည့် အလွှာအသီးသီးကိုကျေးဇူးတင်ကြောင်းရင်တွင်းစကား ပြောကြားလိုပါသည်။ ချို့ယွင်းချက်၊ အားနည်းချက်များရှိပါက ခွင့်လွှတ်နားလည်ပေးပါရန် မန်ကြားအပ်ပါသည်။


လေးစားစွာဖြင့်

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com





# ဘဝချောင်သမား မောင်သန်းဝေါင်

မောင်သိုမြိုင်း [သင်းလျှင်]

ဖြစ်ပုံက ကြောက်စရာ၊ လန့်စရာကောင်းတယ်ဗျာ။

ဟုတ်မှ ဟုတ်ပါ့မလားလို့ . . .။

ကာယကံရှင်ကိုယ်တိုင် ပြောပြမှကျွန်တော်လည်း

ယုံရတာရယ် ...။ အဲဒါကျွန်တော်က ဂမ္ဘီရဖြစ်ရပ်ဆန်းကြ

ဝတ္ထုရေးရင် ခွင့်ပြုမလားလို့မေးတော့ နာမည်နာမ၊

နေရပ်လိပ်စာ လွှဲပြောင်းရေးပါ ဆရာလို့ ပြောခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အချောင်သမား
# မောင်သန်းခေါင်

ယခု သူလည်း မရှိတော့ပါဘူးဗျာ။

ထူးတော့ထူးဆန်းတယ်ဗျာ။ သူလည်း သေခါနီးအချိန်နီးမှပဲ သူ့လည်ပင်းပေါ်က လည်ပင်းအညှစ်ခံထားရတဲ့ ဒဏ်ရာ အညိုအမည်းတွေ ထူးဆန်းစွာ ကွယ်ပျောက်သွားတာပဲတဲ့။

ဖြစ်ပုံက…ဒီလိုခင်ဗျ။

—◇—

သူ့နာမည်က ကိုသန်းခေါင်လို့ ခေါ်တယ်။

ဘာလို့ ကိုသန်းခေါင်လို့ အမည်ပေးရတာလဲလို့ မေးကြည့်တော့ သူ့ကို မွေးရတာ နည်းနည်းထူးဆန်းသတဲ့။

သူ့အမေ ဒေါ်မယ်စုန်ဟာ သူ့ကိုယ်ဝန်ကိုးလလွယ် ဆယ်လအကျော်မှာ ညဥ့်သန်းခေါင်ရောက်ရင် မွေးဖွားချင်လို့ဗိုက်နာလာရော။ အဲဒါ ရွာလက်



သည် ဒေါ်ခရွေးကို အမြန်ပြေးခေါ်မွေးတာ။ သန်းခေါင်ကျော် မိုးလင်းလုသာ ရောက်ရော ဒေါ်မယ်စုန် မမွေးဘူး။

မိုးလင်းတော့ ဗိုက်မနာတော့ဘူး။

ပြန်ကောင်းပြီး ဟိုနား၊ ဒီနား သွားလာလှုပ်ရှားလို့တဲ့။

သို့သော်…။



“ဟဲ့–အထဲတည်းက သတ္တဝါ–ဒီနေ့ည နင်မွေးရင်မွေး–မမွေးရင်၊ မထွက်ခဲ့ရင် ဟောဒီ ငါစီးတဲ့ ခုံဖိနပ်ကို ကြည့်ထား။ နင့်ပါးရော၊ ဟောဒီဗိုက်ရောနှစ်ယောက်စလုံးကို ခုံဖိနပ်နဲ့ သက်စေ့ရိုက်မယ်။ မွေးတော့–ထွက်တော့ခွေးမတဲ့ဟဲ့”



www.burmeseclassic.com

www.burmeseclassic.com

မောင်သန်းခေါင် အလောင်းလျာလေးက နှစ်ရက်ခြားတစ်ခါ ညဥ့်သန်းခေါင်ရောက်ရင် မွေးဖို့လို့ ဒုက္ခပေးပြန်ရော၊ အဲဒါ လက်သည်ကြီး အမေ ခရွေးတို့ သွားပြေးခေါ် ...။

"အား - အား - အီး - အီး"

"အမေ - အမေ"

"အမယ်လေးလေး - နာလိုက်တာတော်"

ဗိုက်သာ နာနေတာ ရေမြွှာလည်း မပေါက်ဘူး။ သွေးလည်း မပေါက်ဘူး။

"မမွေးသေးပါဘူး - အေ"

"နာတယ် - အမေခရွေးရဲ့ အား - အား - အီး"

အဲဒါ - ငြိမ်သွားလိုက်၊ အား - အီး - လူးလွန့်အော်ဟစ်လိုက် ...။ အမေခရွေးက လိုအပ်သလို ပြုစုလိုက် ...။ လင်းကြက်လည်း တွန်ရော ဂန်းတာမယ်စုန် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါရော ...။ လက်သည် အမေခရွေးလည်း အိပ်ရေးပျက်ပေါ့ဗျာ။ မြည်တွန်တောက်တီးပေါ့ဗျာ။

အဲဒီကို ညဥ့်သန်းခေါင်ရောက်ရင် ကိုယ်ဝန်ဆောင်ဗိုက်နာတာ ငါးကြိမ်မြောက်ပါရောလား။ မွေးလည်း မမွေး။ သင်းက မောင်ရဲ့ ဘရဲ့ အမေရဲ့အော်ပြီး အိပ်ပျော်ချည်းသွားနေတာ။

နောက် သန်းခေါင်ယံမှာ ဗိုက်နာလို့ လာခေါ်ကြပြန်ရော ...။

"သွားတော့ - ဟေ့၊ အိပ်ရေးပျက်ပြီး လူ့ပင်ပန်းတာပဲ အဖတ်တင်တယ်၊ ငါ့ လာမခေါ်နဲ့၊ ဆေးရုံကို သွားတော့ ..."

"လိုက်ခဲ့ပါ - အမေရယ်၊ တောင်းပန်ပါတယ်ဗျာ၊ ဒီတစ်ခါ တော်တော်လေးကို ဗိုက်နာနေတာပါ - အမေခရွေးရယ်၊ ဒီတစ်ကြိမ်ပဲ လိုက်ကြည့်ပေးပါဗျာ၊ ဒီတစ်ကြိမ်မှ မမွေးရင် အမေခရွေး ပြောသလို ဆေးရုံကိုပဲ သွားပြပါ့မယ် အမေရာ၊ လာပါ - လိုက်ကြည့်ပေးပါဗျာ"

"ဒုက္ခသိပ်ပေးတဲ့ မိန်းမပါအေ၊ ဒီတစ်ခါပဲ လိုက်ကြည့်ပေးမယ်၊ နောင်တစ်ခါ လာမခေါ်နဲ့၊ ဒီတစ်ခါ ငါ့အကြောင်း သိရရောပေါ့၊ မယ်သန်းခေါင်နဲ့ မသန်းခေါင်ရယ် - လာ - သွားမယ်"



ဒါနဲ့ - မီးဖွားမည့်အိမ်ကို ရောက်လာကြတယ်။

ကိုယ်ဝန်ဆောင်ကလည်း အော်ဟစ်ညည်းညူလို့ ...။

လက်သည်ကြီး ဒေါ်ခရွေးမ ဘာမှမပြောတော့ဘူး။ ခါးကြားထိုးလာတဲ့ နံ့ဖိနပ်ကို ညာလက်နဲ့ကိုင်ပြီး -

"ဟဲ့ - အထဲတည်းက သတ္တဝါ - ဒီနေ့ည နင်မွေးရင်မွေး - မမွေးရင်၊ မထွက်ခဲ့ရင် ဟောဒီ ငါစီးတဲ့ နံ့ဖိနပ်ကို ကြည့်ထား။ နင့်ပါးရော၊ ဟော့ဒီဗိုက်ရော နှစ်ယောက်စလုံးကို နံ့ဖိနပ်နဲ့ သက်စေ့ရိုက်မယ်။ မွေးတော့ - ထွက်တော့ ခွေးမတဲ့ဟဲ့"

အံ့ဩစရာကောင်းလိုက်တာတဲ့ဗျာ ...။

ဆယ့်ငါးမိနစ်မျှကြာရော မွေးပါလေရော ...။

ယောက်ျားလေးတဲ့၊ အသားမည်းမည်း၊ ထွားထွားကြီးတဲ့ ...။ အဲဒါ ညဥ့်သန်းခေါင်များစွာ ဒုက္ခပေးလွန်းလို့ လက်သည် ဒေါ်ခရွေးမက အမြင်တတ်တတ်နဲ့ နာမည်ရှက်ချင်းပေးလိုက်တယ်။

"သေန်းခေါင်" ခေါ် "မောင်သန်းခေါင်" တဲ့ ခင်ဗျာ ...။

မိဘကို ဒုက္ခပေးရာမှာတော့ ညဥ့်သန်းခေါင်ရောက်ရင် ဂျီတိုက်ပြီး ငိုရော၊ အဲဒါ - မအေတစ်လှည့်၊ ဖအေတစ်လှည့် ပခုံးပေါ်ထမ်းလျှောက် ...။ သီချင်းတိုးတိုးဆို၊ ချော့သိပ်ရတာ၊ မတ်တတ်ရပ်နိုင်တဲ့အထိပဲ၊

အရွယ်ရောက်လာတော့ စာရိတ္တ သိပ်မကောင်းတော့ဘူး။ အချောင်လိုချင်စိတ်ရှိလာတယ်၊ အလစ်သုတ်ချင်စိတ်ဖြစ်လာတယ်၊ အချောင်လည်း ရမယ်၊ အလကားလည်း ရမယ်ဆိုရင် စတုဒိသာကျွေးတဲ့အိမ်က ဆန်ပြုတ်သောက်ပြီး ကြံ့ရှာဖိနပ် ခိုးစီးလာတဲ့ကောင်တဲ့ ...။

တိုတိုပြောပါစို့ဗျာ ...။

လစ်ရင် လစ်သလို တွယ်တတ်လို့ သန်းခေါင်ဟောဆို အလစ်မပေးရဲကြတော့ဘူး။

တစ်နေ့ - သော့ခတ်ထားသံသေတ္တာတစ်လုံး မြုပ်ပေါ်သွားတဲ့ ကား ... နံဘေးက တွေ့လို့ ကောက်လာပြီး သော့ဖျက်လို့ ဖွင့်ကြည့်လိုက်ရော ...။



www.burmeseclassic.com

www.burmeseclassic.com

သူ ထုင်ထားတာက အကျီပုဆိုးနဲ့ ငွေစ၊ ရွှေစများရမှာလို့ ထင်နေတာ၊ ဖြစ်ပုံပါလေ ....။

ကံကောင်းလို့ မသေတယ်ဆိုပဲ ....။

သံသေတ္တာသော့ကို စိုနဲ့ ရိုက်ဖွင့်လိုက်ရော ....။

"အမလေးဗျ"

တွေ့လိုက်တာ အကျီပုဆိုး မဟုတ်ဘူး၊ ဖူးခနဲ နာမှုတ်ပြီး ပါးပျဉ်းထောင်ပေါက်လိုက်တဲ့ မြွေဟောက်ကြီးရယ် ....။ ပြေးလိုက်တာ မှန်ခနဲတာပဲ၊ မြွေဟောက်ကလည်း သူ့နောက်ကို ပြေးလိုက်ရော ....။

တော်သေးတယ်ဗျို့ ....။

လက်မောင်းမှာ အင်းစမတွတ်မျိုးစုံနဲ့ လူကြီးနှစ်ဦးက မြွေကိုလက်ဝါးဖြင့် ဖက်စီဖမ်းလိုက်လို့သာပေါ့ဗျာ။

ဟိုက မြွေအလမ္ပာယ်ဆရာတွေတဲ့၊ ကားပေါ်ကနေ သေတ္တာပြုတ်ကျခဲ့တာမသိဘူး၊၊ ရေးရောက်လို့ မြွေအလမ္ပာယ်ပြမယ်လုပ်မှ မြွေဟောက်သေတ္တာတစ်လုံးမတွေ့ရရော ....။ အလမ္ပာယ်မပြတော့ဘဲ ကားလမ်း၊ ရထားလမ်းတစ်လျှောက် မေးလာလိုက်တာ ....။

ကျွဲကျောင်းတဲ့ ကောင်လေးတစ်ယောက်ကို မေးကြည့်တော့ -

"သံသေတ္တာတစ်လုံး ကားပေါ်က ကျခဲ့လို့ကွယ်၊ ကလေးတို့များ - တွေ့မိလားကွယ် ဟင်"

"ပြောပါ - ကလေးရယ်၊ မုန့်ဖိုးပေးပါ့မယ်ကွယ်နော်"

"သံသေတ္တာအမည်း မဟုတ်လားဗျ"

"ဟုတ်တယ် - ကလေးရေ၊ ဆေးအနက် သုတ်ထားတာကွဲ၊ ဘယ်နားမှာ တွေ့တုံး - ကလေးရယ်၊ ရော့ - ရော့ - မုန့်ဖိုး"

"လူတစ်ယောက်ခင်ဗျ"

"အေး - ပြော - ကလေး"

"သံသေတ္တာအမည်းကြီးထမ်းပြီး ဟောဟိုလမ်းအတိုင်း ရွာထဲကို သွားတယ်ဗျ"



"သူ - ယူသွားတာ ကြာပြီလား ဟင်"

"မကြာသေးဘူးဗျ၊ ခုနလေးတင်ပဲဗျ"

"ကလေး - အဲဒီလူ သေတ္တာကို ဖွင့်ကြည့်သေးလား ဟင် - ကလေး"

"မဖွင့်ဘူး ခင်ဗျ၊ သယ်သွားတာပဲ"

"လာ - ကိုလွန်းမောင် - အမြန်လိုက်ကြစို့"

လွန်းမောင်နဲ့ ထွန်းမောင် မြွေအလမ္ပာယ်ဆရာ ညီအစ်ကို မီအောင်ရောက်သွားပေလို့သာပေါ့၊

နို့မို့ - ဟိုလူရှယ် မြွေဟောက်ကြီးပေါက်ပြီး သေပြီ၊ မြွေဟောက်က ရိုးရိုးမြွေဟောက် မဟုတ်ဘူး၊ အဆိပ်ပြင်းတဲ့ တောကြီးမြွေဟောက်တဲ့၊

အဲဒါ - ရွာထဲက လူတွေက ပြောကြတာပေါ့ဗျာ၊

"သန်းခေါင်"

"ဘာတုံးဗျ"

"မင်းကတော့ အချောင်ရပေါက်နောက်လိုက်ရင်း မြွေကိုက်သေမလို့ဘဲ ဆိုကွ"

"... ... ..."

"ရွှေအိတ်၊ ငွေအိတ် မရဘဲ မြွေထိပ်ပေါက်လို့ သန်းခေါင်ကနေ သချိုင်းဖြစ်နေဦးမှ - သန်းခေါင်ရ - ဟား - ဟား - ဟား - ဟား - ဟား"

"ကံမလိုက်သေးလို့ပါဗျာ - ဟွန်း"

"အေး - မင်းကံလိုက်ပြီဆိုလည်း အချုပ်နဲ့ ခေါင်းပဲကွ"

"ဟား - ဟား - ဟား - ဟား - ဟား"

"အဟတ် - အဟတ် - အဟတ် - အေ့ - ဂေ့"

ဒီကောင် အချောင်သမားက ကံကောင်းတာလည်း ရှိသဗျ၊ တန်ဆောင်မုန်းလပြည့်နေ့က ဘယ်သူ့ပုံသကူပစ်သွားလဲ မသိပါဘူးဗျာ၊ လမ်းဆုံမှာ စက္ကူဘူးတစ်ခု တွေ့ရပါရော၊ စက္ကူဘူးပေါ်မှာ စာရေးထားတယ်၊

"ထိုက်တဲ့လူ ရပါစေ" တဲ့ ....။


ဒါနဲ့ - ငါနဲ့ထိုက်လို့ရတာပဲဆိုပြီး ....။



www.burmeseclassic.com

www.burmeseclassic.com

ပံ့သကူ စက္ကူဘူးလေး ဖွင့်လိုက်တော့ ဟယ် ….။
ကြည့်စမ်း ….။ ငွေစက္ကူငါးရာတန်က ဆယ်ရွက် ….။
ချည်ရောင်စုံဆိုးအသစ်က တစ်ထည်၊ ပွသွားပါရောလား ….။
နီထော့ – သန်းခေါင်က ပြောရော့ချိ ….။



❝ သန်းခေါင် မျက်လုံးကလယ်ကလယ်ဖြစ်နေတဲ့ မိန်းမရဲ့ လည်ပင်းပေါ်က သုံးမတ်သားခန့် ရွှေဆွဲကြိုးအပြားကို ဆွဲဖြုတ်မလို့ လုပ်ရော ….။

ကြည့်စမ်း။ သေလုမြောပါးမိန်းမက သန်းခေါင်ရဲ့လက်ကို သူမရဲ့သွေးပေလက်နဲ့ ဆုပ်ကိုင်ပြီး တားနေတယ် ❞



"ငါလို အရှောင်သမား ဂါ့ကောင်းလာရင် မင်းတို့လို မသာလောင်း အယောက်ငါးဆယ်လိုက်လို့ မမီဘူးတဲ့ဗျာ …"

တစ်နေ့ မိုးလင်းစပြီးသွားတဲ့ကားလမ်းမကြီးနံဘေးမှာရပ်ပြီး ဘယ်သွားရင် ကောင်းမှာလဲလို့ စဉ်းစားနေတုန်း –

"ဝီး"

"ဝုန်း"

"ဒရော – ဒရော – ရော"

"ဖောင်း"

"ဟာ"

အရှိန်နဲ့ နင်းချလာတဲ့ ဆိုင်ကယ်တစ်စီး … ရှေ့အကွေ့မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ဒရွတ်တိုက်သွားပြီး အုတ်စုံနဲ့ ဝင်တိုက်ပြီး ရပ်သွားတယ်။

ဆိုင်ကယ်စီးလာသူလည်း သုံးလေးပတ်လိမ့်ပြီး ကားလမ်းနံဘေး လျှောကျသွားတယ်။

သန်းခေါင် အပြေးသွားကြည့်လိုက်ရော ….။

ဆိုင်ကယ်မှောက်သွားတာ ယောက်ျားမဟုတ်ဘူးဗျ။

မိန်းကလေးတစ်ဦးတဲ့ ….။ သွေးသံရဲရဲနဲ့ လူးလွန့်နေတယ်၊ သန်းခေါင် အနားရောက်သွားတော့ … ပါးစပ်က သွေးစေးသွေးခဲတွေကျပြီး မျက်နှာတစ်ပြင်လုံး စုတ်ပြတ်လို့ ….။ သွေးသံရဲရဲနဲ့ ….။

သန်းခေါင်ကိုမြင်တော့ မျက်လုံးဖွင့်ပြီး အားကိုးကြီးစွာ ကြည့်နေရှာတယ်၊ စကားတော့ မပြောနိုင်သေးဘူး။ သန်းခေါင် သူမကို ကယ်တင်ဖို့ မဟုတ်ဘူး။ သေလုဆဲဆဲမိန်းမရဲ့နံဘေးက သားရေအိတ်ကို ကောက်ယူပြီး စလွယ်သိုင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"တာ - သင်း - လည်ပင်းမှာ ရွှေဆွဲကြိုးပါလားဟေ့ - ကော်ပြီကွ"

သန်းခေါင် မျက်လုံးကလယ်ကလယ်ဖြစ်နေတဲ့ မိန်းမရဲ့ လည်ပင်းပေါ်က သုံးမတ်သားခန့် ရွှေဆွဲကြိုးအပြားကို ဆွဲဖြုတ်မလို့ လုပ်ရော ...။

ကြည့်စမ်း၊ သေလုမြောပါးမိန်းမက သန်းခေါင်ရဲ့လက်ကို သူမရဲ့ သွေးပေလက်နဲ့ ဆုပ်ကိုင်ပြီး တားနေတယ်။

သန်းခေါင် မညှာနိုင်ပါဘူးဗျာ၊ ဒါမျိုး ကြုံရခဲဥစ္စာ ...။

အားစိုက်ပြီး ဆောင့်ဆွဲလိုက်ရော ... ရွှေဆွဲကြိုးပြတ်ပြီး ပါလာခဲ့တယ်၊ ဒီမှာ သေလုမြောပါးမိန်းမက -

"ပေး - ပေး - ငါ့ - ငါ့ - ဆွဲကြိုး - ပေး - ပေး"

"ပေး - ပါ - ငါ့ - ငါ့"

"အင့် ..."

ချင်းကျာကင်အကျီဝတ်ထားတဲ့ သေလုမြောပါးမိန်းမဟာ ပါးစပ်က အော်ရင်း အသက်ပျောက်သွားခဲ့တယ်။

သန်းခေါင် တံကောင်းနေတုန်းပါ၊

ကားလမ်းမပေါ်ကို ဘယ်ယာဉ်မှ ဖြတ်မလာသေးဘူး၊ သူ လျင်မြန်စွာ ကိုင်းတောထဲကိုဝင်ပြီး သားရေလွယ်အိတ်ထဲက ငွေစက္ကူအချို့ကို ယူလိုက်ပြီး သားရေအိတ်ကို ရွှံ့ဗွက်ထဲမှာ မြှုပ်ပစ်ခဲ့လိုက်တယ်၊ သည့်နောက် အဝေးကြီးမှာ သုံးလေးရက် ရှောင်နေလိုက်ပြီးမှ ရွာအိမ်ရှိရာကို ပြန်လာခဲ့လိုက်တယ်၊

ရွာက လူတွေ နောက်နေ့များမှာ သူ့လည်ပင်းပေါ်က ရွှေဆွဲကြိုးကို မြင်ကြရော -

"ဟ - သန်းခေါင် - ဘယ်လိုမှလာတာတုံးဟ - သန်းခေါင်ရဲ့"

"ချဲပေါက်လို့ပါကွာ"

"ချဲပေါက်လို့ ..."

"အေး - ဒါကြောင့် ရွှေဆွဲကြိုးတစ်ကုံး ဝယ်လိုက်တာ"

"ဘယ်ဆိုင်က ဝယ်တုံးဟ၊ သောက်ရာပြပါဦး - သူငယ်ချင်းရ"



"သောက်ရာ - ဘယ်ကျခဲ့မှန်း မသိဘူးကွာ၊ ဒီမှာ - မင်းတို့ အရက်သောက်ချင်လားကွ"

"သောက်ချင်တာပေါ့ - သူဌေးလေးရာ၊ ဘာလဲ - သူဌေးလေး တကောခံချင်လို့လား ခင်ဗျာ ဟင်"

"ဟဲ - ဟဲ - ဟဲ - ဟဲ - ဟဲ"

"သ - ဌေး - လေး - ခင် - ဗျာ"

"ပင့်မနေစမ်းပါနဲ့ကွာ၊ လာ - သွားသောက်ကြမယ်ဟေ့"

"သူဌေးလေး - သူဌေးလေး"

"ချဲကံကောင်းတဲ့ သူဌေးလေး"

"သူဌေးလေးရဲ့ ရွှေကြိုးယာ"

"ရာအိမ်မှူးရဲ့သမီးပါ"

"ဝဝမွမွ - ခပ်ပွပွ"

"သန်းခေါင် - နေ့ချင်း မသာရဲဟေ့"

"ရွာရိုးမသားတွေ - နောက်ဆုံးတော့ ငါ့ကို သေနိုင်းတာပဲကိုး - ဖွီ"

ထူးဆန်းတာက ညဘက်ရောက်ရော ကြုံရပါရောတဲ့ဗျား။

"ဒေါက် - ဒေါက်"

"ဗုန်း - ဗုန်း"

"ဒေါက် - ဒေါက် - ဗုန်း - ဗုန်း"

တံခါးခေါက်သံ၊

အိမ်ရှေ့က ဘယ်သူများပါလိမ့်၊ အချိန်မတော် ...။

စာတ်ခဲနာရီကြည့်လိုက်တော့ ညဥ့်(၁၂)နာရီ၊ သန်းခေါင်ယံ ...။

"ဘယ်သူလဲဟေ့ - ဘာကိစ္စတုံး၊ မေးနေတယ်လေကွာ"

"ဒေါက် - ဒေါက် - ဒေါက်"

"ဘယ်သူလဲလို့ မေးနေတယ်လေကွာ - ချီးမှပဲ"

တံခါးခေါက်သံ၊ လက်ဝါးနဲ့ ပုတ်နေသံကို ကြားရလို့ ... တံခါးဖွင့်ကြည့်တော့ အိမ်ရှေ့မှာ ဘယ်သူမှ မရှိဘူး၊ နံဘေးနံဖီ လျှောက်ကြည့်တော့လည်း ဘယ်သူမှမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com

ရွှေနုတ်ရှားတောင်ခွေးလည်း သူ့အိမ်မှာမရှိ၊

"အဖို့-အားနည်းကြီးပါလိမ့်-အေ့"

"ဝေါ့-ဝေါ့"

"ပုပ်စော်နံကြီးကွာ - အေ့ - အေ့ - ဝေါ့ - ဝေါ့"

ဒါနဲ့ ဆိုးဝါးနံစောင်လွန်းတဲ့ အပုပ်နံ့ကြောင့် အားရပါးရ အော့အန်ပြီး တံခါးပိတ် ပြန်အိပ်ရော -

"ဒေါက် - ဒေါက် - ဒေါက်"

"ဗုန်း - ဗုန်း - ဗုန်း"

"ဒေါက် - ဒေါက် - ဒေါက်"

"တောက် - လုပ်ပြန်ပါပြီကွာ - ငါနယ်နော်"

"ဟေ့ - အပြင်က တံခါးပုတ်နေတာ ဘယ်သူတုံး"

တံခါးခေါက်သံ၊ ပုတ်သံပဲ ကြားရတယ်၊ ပြန်ထူးသံ မကြားရဘူး၊ ဒေါသ ထွက်ထွက်နဲ့ ဆဲရေးတိုင်းထွာပြီး ဖွင့်ကြည့်တော့လည်း ဘယ်သူမှ မတွေ့ ဘူး၊ အပုပ်နံ့ ဆိုးဆိုးဝါးဝါးပဲရတယ်၊

အဲဒါ - ဆဲရေးတိုင်းထွာပြီး ပြန်အိပ် ....၊

ခေါက်ပြန်ပြီ၊

တစ်ညလုံး ဒုက္ခပေးနေတဲ့ တံခါးခေါက်သံရယ် ....၊ မိုးလင်းလို့ ထကြည့် တော့ ... အလို ... တံခါးရွက်ပေါ်မှာ လက်ဝါးရာကြီး၊ နီနီရဲရဲ လက်ဝါးရာနစ်ခု၊ ဘယ်သူ့လက်ဝါးရာပါလိမ့်၊

ဘာတွေပါလိမ့် ....၊

ဘယ်သူများ လာနောက်ပြောင်နေတာလဲ၊

အပေါင်းအသင်းတွေရှာပြီး မေးကြည့်တယ်၊

"ညတုံးက မင်းတို့ ငါ့အိမ်ကို လာကြသေးလား ဟေ့"

"မလာပါဘူးကွ၊ ဘာဖြစ်လို့တုံး - သန်းခေါင်ရ"

ဒါနဲ့ - ညတုံးက တံခါးခေါက်သံနဲ့ အပုပ်နံ့အကြောင်း ပြောပြတော့ -

"မင်း အရက်မူးပြီး ထင်မိထင်ရာ ကြားနေမှာပါ - သန်းခေါင်ရဲ"



ဟုတ်ပါလိမ့်မယ်လေ ....၊

သို့သော် နောက်ထပ် ညသန်းခေါင်သံရောက်တိုင်း တံခါးကို လာလာ ခေါက်နေတာ သုံးရက်ဆက်တိုက်ဆိုတော့ ထူးဆန်းနေပြီ၊

ဒါနဲ့ လေးရက်မြောက်ညမှာ ... ဝက်ကြီးတောင်ဓားနဲ့ တစ်ညလုံး စောင့် ကြည့်တော့ ....၊

ဘယ်သူမှ တံခါး လာမခေါက်တော့ဘူး၊

သို့သော် အိမ်ရှေ့လမ်းမပေါ်မှာ ခွေးတွေအူနေတာ အသည်းထိတ်စရာ ပဲ၊ အပုပ်နံ့လည်း ရနေတယ်၊

တစ်ည ....၊

မေးခနဲ အိပ်ပျော်သွားချိန်မှာ -

"ဟဲ့ကောင် - ထလေ - မြန်မြန်ထစမ်း"

လူကို တအားလှုပ်နှိုးနေလို့ ကြည့်လိုက်ရော -

"ဟင် - ဟာ"

"နှင် - နှင် - ငါ့ကို မှတ်မိလား"

မြင်ရတာ လိပ်ပြာလွင့်မလား မှတ်ရရဲ့တဲ့ ....၊ မိန်းမတစ်ယောက် ချင်း ရာကင်မှာ ခွေးတွေ စို့ရွဲနေသလို ... မျက်နှာတစ်ခုလုံးမှာလည်း ဗုတ်ဖြတ် အရေလန်ပြီး သွေးချင်းချင်းနီရဲနေတယ်၊

"နှင် - ဘယ်သူလဲ - သွား - သွား"

"ဟား - ဟား - ဟား - ဟား - ဟား - နှင်မသိချင်ယောင်ဆောင်နေတာ တိုး၊ ငါလေ - ငါပါ၊ ဆိုင်ကယ်မှောက်ပြီး သေသွားတဲ့မိန်းမပါ"

"ဟင်"

"ဟဲ့ကောင် - နှင်ဖြုတ်ယူသွားတဲ့ ငါ့ဆွဲကြိုး ပြန်ပေး"

"ဟေ - သွား - သွား - နှင့်ကို ငါမသိဘူး - သွား"

"နှင့်လည်ပင်းပေါ်က ဆွဲကြိုးက ငါ့ဆွဲကြိုးပဲ - ပေး"

"မသိဘူး - မဟုတ်ဘူး - မပေးဘူး - သွားနော်"

"တဲဟာ ..."



www.burmeseclassic.com

www.burmeseclassic.com

သွေးသံရဲရဲနဲ့ မိန်းမဟာ သန်းခေါင်ရဲ့လည်ပင်းပေါ်က ဆွဲကြိုးကို ဆွဲလု၊ သန်းခေါင်တလည်း ပြန်လု၊ ဒီမှာ ဆွဲကြိုးက ပြုတ်ပြီး ပါသွား -

"တဲ့ကောင်မ - ပေး - ပေး - - ငါ့ဆွဲကြိုး ပြန်ပေး"

"ဂုန်း"

"တင်"

ဆွဲကြိုးပြန်လုသွားတဲ့သွေးသံရဲရဲမိန်းမနောက်ကိုထလိုက်ရော၊ ခေါင်းလှုပ်တိုက်လဲတော့တာပဲ၊

မျက်လုံးပွင့်သွားပြီ၊

"အလို - ဒါ - ဒါ"

"ဟူး - အိပ်မက်ပါလား - ဘုရား - ဘုရား"

သန်းခေါင် အိပ်မက်မှန်း သိရသော်လည်း တစ်ကိုယ်လုံး ချွေးပေကျံနေပြီ၊ လည်ပင်းပေါ် စမ်းကြည့်တော့ ဆွဲကြိုး ရှိနေသေးတယ်၊ တော်ပါသေးရဲ့…၊

ဟို - ဆိုင်ကယ်မှောက်တဲ့ မိန်းမပဲ၊

သူ့ဆွဲကြိုး ပြန်ပေးတဲ့၊

လာတောင်းနေတာပဲ၊

ထူးဆန်းနေတာက မဖြစ်နိုင်ဘူးလို့ ယူဆထားတဲ့အိပ်မက် ညတိုင်းမက်နေရပြီ၊ အိပ်လို့ မပျော်တော့ဘူး၊

ဆိုင်ကယ်မှောက်ပြီး သေသွားတဲ့မိန်းမရဲ့ဆွဲကြိုးကို ချောင်တယ်ဆိုပြီး သူက ဖြုတ်ယူခဲ့တာ …၊

ကြည့်ရတာ …၊

သေသွားတဲ့မိန်းမ သူ့ဆွဲကြိုးအပေါ်မှာ စိတ်စွဲလမ်းပြီး မကျွတ်မလွတ်ဘဝနဲ့ လာပြန်တောင်းနေပုံပဲ၊ ဖြစ်နိုင်ပါ့မလား …၊ သေတဲ့လူက သူ့ပစ္စည်းစွဲလမ်းပြီး လာတောင်းလို့ ရသလား၊ အဲဒါ သိချင်လို့ ဘုန်းကြီးလူထွက် ဦးကျော်သောင်းကို မသိမသာ မေးကြည့်တော့ -



"အစွဲလို့ ခေါ်တယ် - မောင်သန်းခေါင်၊ အချို့လူတွေဟာ သေခါနီးမှာ ပစ္စည်းအစွဲအလမ်း၊ ကျောင်းရာထူးစွဲလမ်း၊ သားသမီး သားမယား၊ လင်သားစွဲလမ်းပြီး သေကြတယ်၊ ကုသိုလ်စိတ်ကောင်းမှုကို စွဲပြီးသေရင် နတ်ပြည်ကို ရောက်တယ်၊ လူ့ဘဝ ပြန်ရနိုင်တယ်လို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအသေအချာ ဟောခဲ့တယ်ကွယ့်၊ အကုသိုလ်စိတ်အစွဲခေါ်တဲ့အကုသိုလ် (အာသန္နကံဇော)နဲ့ အစွဲနဲ့ စွဲလမ်းပြီးသေရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံတစ်ခုခုကို ရောက်ရတတ်တဲ့ …၊ ဒါကြောင့် သေတတ်ဖို့ လိုတယ်၊ အသေမြတ်ဖို့လိုတယ်၊ ဒါကြောင့် သေသေရှင်ရှင် ငါစွဲလည်း မထားနဲ့၊ အစွဲအလမ်းနဲ့လည်း မသေအောင် ဒါန၊ သီလ၊ ဘာဝနာ ကျင့်ကြံ ပွားများပြီး အစွဲအလမ်းတွေကို ဖျောက်ကြ" တဲ့ …၊

ဒါဆိုရင် ဟိုမိန်းမက ဆိုင်ကယ်မှောက်ပြီး အသေဆိုးနဲ့ သေရတာ …၊ ဪ - သူ့ဆွဲကြိုးအပေါ် သေခါနီး စွဲလမ်းသွားခဲ့တာ၊ အဲဒါ သူ့ကြောင့်ပါလား၊ ငါ ဘာလုပ်ရမှာလဲ၊ ဒီဆွဲကြိုး ငါ့လက်ထဲမှာရှိနေရင် သူ ငါ့ကို အမျိုးမျိုးခြောက်လှန့်နေမှာပဲ၊ အဲဒီဆွဲကြိုးကို ရောင်းစားလိုက်ရင် ငါ့ကို သူ ခြောက်လှန့်တောင်းလို့ရတော့မှာ မဟုတ်ဘူး၊ ဟုတ်ပြီ - နက်ဖြန်ကျရင် မြို့ပေါ်မှာ ဒီဆွဲကြိုးကို ရတဲ့ဈေးနဲ့ သွားရောင်းမယ်၊

သန်းခေါင် ဆုံးဖြတ်ချက်ချပြီး အိပ်ပစ်လိုက်တယ်၊

"ထစမ်း - ထစမ်း"

"ဂုန်း - ဂုန်း"

"ဟဲ့ကောင် - လူယုတ်မာ - ထစမ်းဟာ"

"ဟင် - နင် - နင် - ဘာလာလုပ်ပြန်ပြီတုံး - သွား - သွား"

"နင့်အကြံ့တ ဒါပဲလားဟင်"



www.burmeseclassic.com

www.burmeseclassic.com

သန်လိုက်တဲ့ တစ္ဆေမပါတဲ့ဗျာ။ တစ္ဆေမက သန်းခေါင်ရဲ့အင်္ကျီကော်လံနှစ်ခုကို ဆွဲကိုင်ဆောင့်ပြီး မေးလိုက်တယ်။

"နင်က ငါ့ဆွဲကြိုး - ငါ့ကို ပြန်မပေးပဲ - မြို့ပေါ်မှာ သွားရောင်းမလို့ပေါ့လေ - ဟုတ်လား"

"တင် - နင် - နင် - ဘယ်လိုလုပ်"

"ဟဲ့ကောင် - လူယုတ်မာ - အချောင်သမားရဲ့ ငါ - နင့်အိမ်ရှေ့မှာ ငါနေတိုင်းရှိတယ်၊ နင့်ကို စောင့်ကြည့်နေတာ။ ဒီဆွဲကြိုးဟာ ငါ့ရဲ့ချွေးနဲ့စာနဲ့ လုပ်ထားတဲ့ဆွဲကြိုး။ ခုချက်ချင်း ငါ့ကို ပြန်ပေး - ပေး"

"မ - မ - ပေး - ဘူး"

"နင်ကလည်း ငါ့ထက်တောင် အစွဲအလမ်းကြီးနေပါလား။ ကိုင်း - နင် ငါ့အကြောင်း သိရရောပေါ့ဟာ၊ သေဟ - သေ - သေ"

"အား - အား"

"သေဟ"

"အား - အု - ဂူး"

"မ - မလုပ်"

"သေ - သေ - သေ"

တစ္ဆေမက သူ့လည်ပင်းကို စုံကိုင်ညှစ်၊ သူကလည်း ရုန်းကန်သတ်ပုတ်။ အိမ်ထဲမှာ တစ္ဆေမနဲ့ သူ၊ သူတစ်ပြန် ကိုယ်တစ်ပြန် ဝုန်းဒိုင်းကြဲ ...။

တစ္ဆေမက သူ့ကိုယ်ပေါ်ရောက်လိုက် ...

ကိုယ်က သူ့အပေါ်ရောက်လိုက် ...။

တစ္ဆေမက သူ့လည်ပင်းကို မလွှတ်တမ်းညှစ်ထားတယ်။

နောက်ဆုံးနှစ်ယောက်စလုံး လုံးထွေးရင်း သတ်ပုတ်ရင်း အိမ်ပေါ်ကနေအောက်ကို ဝုန်းခနဲ ပြုတ်ကျပြီး သန်းခေါင် အသက်ရှုရပ်သွားချိန်မှာပဲ -

"သန်းခေါင် - သန်းခေါင်"

"ဟေ့ကောင် - သန်းခေါင်"

"မျက်နှာပေါ် ရေလောင်းချစမ်းဟေ့"



"ဗွမ်း"

"အား - အား - မလုပ်ပါနဲ့ - ပြန်ပေးပါ့မယ် - အား - မလုပ်ပါနဲ့"

"သန်းခေါင် - သန်းခေါင် - မျက်လုံးဖွင့်ကြည့်စမ်း"

"ဟင် - ကိုရဲကျော်"

"သတိရပြီလား - မင်းအိမ်ပေါ်မှာ ဝုန်းဒိုင်းကြဲ အော်ဟစ် ဆူညံနေလို့ ... ဘာဖြစ်မှန်း မသိတာနဲ့ ငါတို့ လာကြည့်တုန်းမှာပဲ မင်းအိမ်ပေါ်ကနေ အိမ်အောက်ကို ပြုတ်ကျပြီး သတိလစ်သွားတာ ..."

သိပါပြီ။

ဒါ အိပ်မက်လား၊ တကယ်ဖြစ်နေတာလား။

"မင်း ဘာလို့တစ်ယောက်တည်း အချိန်မတော် ရန်ဖြစ်အော်ဟစ်နေတာလဲ - သန်းခေါင်"

"မင်း မူးနေလို့လားဟင်"

"ကျွန်တော် အရက်မသောက်ဘူး"

"ဒါဖြင့် ဘာဖြစ်နေတာလဲ"

"ကျွန်တော် အမှန်အတိုင်း ပြောပါရစေဗျာ၊ ကျွန်တော့်ကို ကူညီကြပါဗျာ - နော် - နော် - ကိုရဲတို့"

"ပြော - ငါတို့ ဘာကူညီရမလဲ"

ဒီမှာပဲ သန်းခေါင်က ဆိုင်ကယ်မှောက်သေဆုံးမိန်းမရဲ့လည်ပင်းက ဆွဲကြိုးကို လုယူလာခဲ့ပုံကနေ ညတိုင်း အဲဒီမိန်းမက သူ့ဆွဲကြိုး လာတောင်းနေတဲ့အကြောင်း ...၊ ဒီညမှာတော့ ...။

ခုလို သတ်ပုတ် လည်ပင်းအညှစ်ခံရကြောင်း ပြောပြလို့ ...၊ ဟုတ်ရဲ့လားဆိုပြီး အံ့သြတုန်လှုပ်ဖြစ်နေကြပါရောတဲ့ ...။

ဒါနဲ့ သန်းခေါင်ရဲ့လည်ပင်းကို မီးနဲ့ ထိုးကြည့်လိုက်တော့လည်း တစ်ပြင်လုံး ညိုမည်းမည်းလက်ရာ၊ ဒဏ်ရာတွေ တွေ့ပြီး ပိုလို့ အံ့သြကြပါရောဗျာ။

"အစ်ကိုရဲ"

"ပြော - သန်းခေါင်"

www.burmeseclassic.com

"ကျွန်တော် အရမ်းမှားသွား၊ လွန်သွားခဲ့ပြီ - အစ်ကိုရာ၊ ကျွန်တော် သူမ ကိုတွေညီသဲ သူမရဲ့ဆွဲကြိုးကို အရောင်သမားစိတ်ယုတ်နဲ့ ယူလာခဲ့မိတယ်၊ သူမ တစ္ဆေဘဝနဲ့ အနှောင့်အယှက်ပေး၊ အသံပေး၊ အိပ်မက်ပေး လာတောင်းနေတာ အလွန်ကြောက်တယ်၊ ကျွန်တော် သူ့ဆွဲကြိုး ပြန်ပေးချင်တယ်ဗျာ၊ သူမရဲ့အိမ် လိပ်စာကို စုံစမ်းပြီး ကူညီကြပါဗျာ၊ ကျွန်တော် ကြောက်လွန်းလို့ပါ - ကိုရဲ ရာ"

နောက်တော့ ရဲစခန်းကနေတစ်ဆင့် မေးမြန်းစုံစမ်းလိုက်ရော့ သူမက အိမ်မဲမြို့မှာနေတာလို့ သိရတယ်၊

အဲဒါ အိမ်မဲမြို့က သူမရဲ့မိဘများအိမ်ကို ရောက်သွားပြီး ဖြစ်ကြောင်း တုန်စင် ရှင်းပြတောင်းပန်လို့ ... သေသူရဲ့ဆွဲကြိုးကို ပြန်ပေးခဲ့လိုက်ရော ...၊

အိမ်ရှင် သေသူရဲ့မိခင်ကြီးက -

"အခေါ်တို့က ဆွဲကြိုး လွင့်စဉ်ပျောက်သွားတယ်လို့ မှတ်တာပေါ့နော်၊ သို့သော် ကွယ်လွန်သူ သမီးလေး မချစ်ခင်ဦးက အိပ်မက် မကြာခဏ ပေး တယ်၊ သူမရဲ့ဆွဲကြိုး ပြန်တောင်းပေးပါတဲ့၊ ဘယ်သူ့ဆီက တောင်းပေးရမှာ လဲလို့မေးတော့ ယောက်ျားလေးတစ်ယောက်ဆီကလို့ အိပ်မက်ထဲမှာ ပြော တယ် - သားတို့ရယ်၊ အင်း - သမီးလေးဒီအရွယ်နဲ့မကျွတ်မလွတ်ဘဝကိုရောက် နေမှန်း သဘောပေါက်ပေမယ့် ဘယ်သူ့ဆီမှာ ဒီဆွဲကြိုး သွားတောင်းရမှာ တုံးကွယ်၊ ခုတော့ - သမီးစွဲလမ်းမှုကြီးနေတဲ့ ဆွဲကြိုးကို သားတို့ပြန်လာပေး တော့ ကျေးဇူးတင် ဝမ်းသာလွန်းပါတယ်ကွယ်၊ ပြီးခဲ့တာတွေကို အခေါ်တို့ ခွင့်လွှတ်ပါတယ် - သားတို့ရယ်၊ အတိတ်ဘဝကံရဲ့ အကျိုးပေးလို့ မှတ်ပါ တယ်၊ အခေါ်တို့လည်း သူမ ဘဝကူးကောင်းအောင် သူမရဲ့ဆွဲကြိုးကို ဝိဇ္ဇာ တောင်ဘုရားတည်နေတုန်း ဌာပနာထည့်လှူပြီး အမျှဝေပေးရမှာပေါ့ကွယ်၊ ဒါလည်း သားတို့ကောင်းလို့ သမီးလေး ဘဝကူးကောင်းရမှာတွယ်၊ ကျေးဇူး အများကြီးတင်ပါတယ်"

အဲဒီလို ဆိုင်ကယ်မှောက် ကွယ်လွန်သွားတဲ့ မချစ်ခင်ဦးရဲ့ ဆွဲကြိုး ပြန် ပေးလိုက်ပြီး နောက်ပိုင်း ...၊



သန်းခေါင် ကြောက်လန့်၊ ချောက်ချားဖွယ် အိပ်မက်ဆိုးတွေလည်း မမက်တော့ဘူး။

သန်းခေါင်ယံ တံခါးခေါက်သံနဲ့ အပုပ်နံ့တွေလည်း မကြားရ၊ မနံတော့ ဘူး။

ဒါနင့်အတူ သန်းခေါင် ဘယ်တော့မှ အရောင်ရတဲ့ပစ္စည်းမှန်သမျှ မယူ တော့သလို ...၊

ရတနာသုံးပါး ယုံကြည်ကိုးကွယ် လေးစားသူဘဝနဲ့ သေတဲ့အထိ နေ သွားခဲ့တယ်၊

ထူးဆန်းတာက ...

လည်ပင်းပေါ်က အညိုအမည်းအမာရွတ်တွေဟာ သူ ကွယ်လွန်ချိန်း မှာ အလိုအလျောက် ပျောက်ကွယ်သွားတာကို အံ့ဖွယ်ကြုံခဲ့ရသတဲ့ဗျာ ...၊

◆◆◆ မောင်ညိုမှိုင်း (သန်လျင်)

စာရှုရှင်များသို့ ...

'ဝိညာဉ်ရာဇဝင်' ဖြင့် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ် နိုင်ခြင်းမရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် မိမိ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူ နိုင်ရန်ဆက်သွယ်ရယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်
[illegible]

www.burmeseclassic.com




# ရက္ခစိုးဈော်

ဂမ္ဘီရ ဆရာလှမျိုး
(B.Sc)

# ရက္ခစိုးဈော်

သူ၏ငယ်နာမည်မှာ မောင်အောင်ကျော်ဖြစ်သည်။ သူ့ကို အထက်အညာဒေသရွာတစ်ရွာတွင် မွေးဖွားသည်။ သူ မွေးပြီး နှစ်နှစ်ခန့်၌ မိခင်ဖြစ်သူ ကွယ်လွန်သည်။ မကြာမီကာလတွင် ဖခင်က နောက်အိမ်ထောင်ပြုသည်။ မောင်အောင်ကျော် အဘွားဖြစ်သူနှင့် နေထိုင်ရသည်။ ကျောင်းနေအရွယ်ရောက်သောအခါ ရွာဦးဘုန်းကြီးကျောင်းတွင် အပ်နှံလိုက်သည်။

ကျောင်းထိုင်ဆရာတော်မှ "ဒီကလေးက ကြီးလာရင်ထူးခြားမယ်။ လောကီအတတ်ပညာတွေ ကျွမ်းကျင်တတ်မြောက်ပြီး ဆရာတစ်ဆူအဖြစ် နာမည်ကြီးမယ်" ဟု အနာဂတ်ဟောကိန်း ကြိုတင်မိန့်ကြားလိုက်သည်။

မောင်အောင်ကျော်သည်အညာသားဖြစ်သော်လည်းအသားဖြူသည်။ ရုပ်ရည်ချောမောသည်။ အသွင်အပြင်လှသည်။ မိဘမေတ္တာငတ်သူဖြစ်၍ မြုံနှစ်များကို အမိ၊ အဖသဖွယ် ချစ်ခင်မြတ်နိုးတွယ်တာသည်။ ဘုန်းကြီးကျောင်းရောက်သောအခါ စာစောထပြီး လုပ်စရာအလုပ်ပိုင်းလုပ်၊

www.burmeseclassic.com

လောကီလောကုတ္တရာအခြေခံစာပေများသင်ယူလေ့လာမှတ်သားရသည်။ စာသင်ပြီးသောအခါ ရွာထဲဆွမ်းခံလိုက်ရသည်။ ကျောင်းပြန်ရောက်သောအခါ ဦးပဉ္ဇင်း၊ ကိုရင်တွေ ခိုင်းတာလုပ်ပေးရသည်။ သံဃာများ ဆွမ်းစားပြီးမှကျောင်းသားများနှင့်စုဝေးထမင်းစားရသည်။ထမင်းစားပြီးပန်းကန်ဆေး တစ်အောင့်တစ်နား နားကာ နေ့လယ်တွင် သင်ပုန်းကြီးဖတ်စာဆယ်စောင်တွဲတို့ ဖတ်မှတ်နေသည်။ အာဂုံဆောင်မှ အာဂလူဟု အဆိုနှင့်အညီ ဖတ်စာများကို အလွတ်ကျက်မှတ် အာဂုံဆောင်ရသည်။ ရွာဦးကျောင်းဆရာတော်သည် စည်းစနစ်ကြီးသည်။ စာကျက်ပြီး ညနေပိုင်းတွင် တံမြက်စည်းလှည်း၊ အမှိုက်ကောက်၊ သောက်ရေအိုးရေဖြည့်၊ ကုဋီဆေးစသည့် ကျောင်းဝေယျာဝစ္စ မနားတမ်းပြုလုပ်ရသည်။ ညရောက်လျှင် စုပေါင်းဘုရားဝတ်တက်သည်။ ဆရာတော်မှ ဆုံးမဩဝါဒ မိန့်ကြားသည်။ ဘုရားဂုဏ်တော်၊ သရဏဂုံသုံးပါး ပုတီးစိပ်ရန် တိုက်တွန်းသည်။

ညနေဘက် ဘုရားဝတ်မတက်မီ ကျောင်းဝင်းအတွင်းရှိ အပင်ကြီးတစ်ပင်အောက်တွင်ထိုင်၍ ပုတီးတစ်ကုံးကိုင်ကာ ပုတီးစိပ်လေ့ရှိသည်။ ဘုန်းကြီးကျောင်းမှာ စာသင်၊ ဝေယျာဝစ္စအလုပ် ဆောင်ရွက်ရင်း မောင်အောင်ကျော် အသက် (၇)နှစ်၊ (၈) နှစ်သား အရွယ်ရောက်လာပေပြီ။

ကပ္ပိယကြီး ဦးမောင်ညိုမှ "မောင်အောင်ကျော်လေးက လိမ္မာတယ်။ လူကြီးသူမဆိုဆုံးမတာကို နာခံတယ်၊ ဒီကလေးက ထူးခြားမှုရှိတယ်"

ကျောင်းသားကြီးတစ်ယောက်မှ "ဘာတွေ ထူးခြားလို့လဲ ကပ္ပိယကြီးရဲ့၊ သာမန်ကလေးတစ်ဦးပါပဲ"

"ထူးခြားတာပေါ့ကွာ၊ ညနေဘက် အချိန်တိုင်း ခရေပင်ကြီးအောက်မှာ ပုတီးထိုင်စိပ်နေတာလေ။ အခြားကလေးတွေ၊ ကျောင်းသားတွေ ပုတီးစိပ်တာ မတွေ့ရဘူးကွ။ အဲဒါ ထူးခြားမှု တစ်ခုပေါ့ကွာ"

"ဟုတ်တယ် - ကပ္ပိယကြီးပြောမှသတိရတယ်။ လပြည့်နေ့ဆိုရင်အပင်ကြီးအောက် အစောကြီးသွားပြီး ဖယောင်းတိုင် (၁) တိုင်၊ အမွှေးတိုင် (၁) တိုင်ပူဇော်ပြီး ပုတီးစိပ်နေတာတွေ့ဖူးတယ်"



နေ့၊ မိုး၊ ဆောင်း ရာသီဥတုတွေ အလီလီပြောင်း၊ တစ်နှစ်ကုန်ပြီး တစ်နှစ်ကူးသောအခါ မောင်အောင်ကျော်ကလေးမှာ အသက်တစ်နှစ်၊ တစ်နှစ်တိုးလာလေ၏။ အသက် (၁၀)နှစ်ကျော်သောအခါ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအတိုင်း ရှင်သာမဏေပြုရသည်။ အဖေမလာနိုင်၍ မိထွေး၊ အဒေါ်အဖွားတို့လာရောက်ဆောင်ရွက်ပေးကြသည်။ ရှင်သာမဏေဝတ်ပြီး (၁)လခန့်အကြာတွင် ကိုရင်လူထွက်သည်။ အသက် (၁၀)ကျော် (၁၁)နှစ်နီးပါးရှိသော်လည်း မောင်အောင်ကျော်ကိုယ်ခန္ဓာမှာ အရပ်ရှည်ဖွံ့ထွားလာသည်။ (၁၄)၊ (၁၅)နှစ် လူပျိုပေါက် အရွယ်ဖြစ်လာသည်။ မောင်အောင်ကျော်မှာ ရှင်သာမဏေ ဆက်ဝတ်လိုသော်လည်း အဘွားဖြစ်သူ ကျန်းမာရေးမကောင်း၍ ပြုစုစောင့်ရှောက်ရန် ထွက်ရခြင်းဖြစ်သည်။ နံနက်ပိုင်း၊ အိမ်အလုပ် လုပ်ပြီးသောအခါ ညနေပိုင်းကျောင်းသို့လာပြီး လုပ်စရာရှိတာ ဝိုင်းလုပ်သည်။ ထို့နောက် - တစ်ဖန် ခရေပင်ကြီးအောက်မှာ ပုတီးစိပ်သည်။

ကပ္ပိယကြီးဦးမောင်ညိုမှ "မောင်အောင်ကျော် - ဘာတွေပုတီးစိပ်လဲ" ဟု မေးသည်။

"သရဏဂုံသုံးပါး ပုတီးစိပ်တယ်"

"မောင်အောင်ကျော် ကြည့်ရတာ ပုတီးစိပ်ရတာ ဝါသနာပါတယ် ထင်တယ်"

"ဟုတ်ကဲ့ - ရတနာသုံးပါးကိုလည်းကြည်ညိုပါတယ်သရဏဂုံပွားများရတာလဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတယ်" ဟု ပြောသည်။

မောင်အောင်ကျော် ဝါသနာပါရင် ကျုပ် ပုတီးစိပ်နည်း တခုပ်ရှာဓမ္မခိုဦးမယ်။

"ဟုတ်ကဲ့ပါ ကပ္ပိယကြီး - ကျုပ် စိတ်ဝင်စားတယ်၊ အမြန်ရှာပေးပါ"



www.burmeseclassic.com

www.burmeseclassic.com

တစ်ထပ်ခန့်အကြာတွင် ကဗွီယကြီး ဦးမောင်ညိုမှ အဖုံးပြုတ်နေသော စာအုပ်အဟောင်းလေး တစ်အုပ်ပေးသည်၊ အိမ်ပြန်ရောက်သောအခါ မီးခွက်ထွန်း၍ ထိုစာအုပ်အား စိတ်ဝင်တစား ဖတ်သည်၊ ထိုစာအုပ်တွင် ပုတီးစိပ်ခင်သောင်ရွက်ရန် ပုတီးစိပ်သည့်အခါ လိုက်နာရန်စည်းကမ်း၊ မေတ္တာပို့ သစ္စာဆိုနည်း၊ ဆုတောင်း၊ အဓိဋ္ဌာန်ပြုပုံ၊ အမျှအတမ်းဝေရပုံ စသည်ဖြင့် အကြောင်းအရာမျိုးစုံ ဖတ်ရသည်၊

မောင်အောင်ကျော် အစပထမတွင် သူ၏ဖခင်ကို စိတ်နာသော်လည်း ယခု စာအုပ်ဖတ်ပြီးသောအခါ အနန္တငါးပါးကို ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မကျူးလွန်သည့်အပြင် နေ့စဉ်ဦးသုံးကြိမ်ချ၍ လေးနက်စွာကန်တော့ရမည်ဟု ဆိုထားသောကြောင့် ဖခင်ဖြစ်သူကို ညအိပ်ရာဝင်ခါနီးတိုင်း၊ ကန်တော့အိပ်သည်၊ ကံငါးပါး မကျူးပေါက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပါမည် (သို့မဟုတ်) အနည်းဆုံးနှစ်ပါးကိုထိန်းပါ၊ မောင်အောင်ကျော်သည်အရက်သောက်စားခြင်းနှင့်သူတစ်ပါးသားမယားပြစ်မှားခြင်းရာသက်ပန် သစ္စာဆိုထိန်းသည်၊ လပြည့်လကွယ် ဥပုသ်နေ့တိုင်း ဥပုသ်သီလစောင့်ထိန်းပြီး သက်သတ်လွတ်စား အဓိဋ္ဌာန်ဝင်သည်၊

မောင်အောင်ကျော်ယခင်က သရဏဂုံသုံးပါးပုတီးစိပ်ခြင်းကိုကုသိုလ်ဖြစ် စိပ်ခဲ့သော်လည်း ယခုအခါ အဓိဋ္ဌာန်တင် သစ္စာဆိုစိပ်ရန် ဆုံးဖြတ်လိုက်သည်၊ ရွာထိပ်ရှိ စေတီတွင်သစ္စာဆို အဓိဋ္ဌာန်တင်ပြီး ပုတီးသွားစိပ်သည်၊ အစပထမတွင် (၁၀၈) ကုံးပုတီးဖြင့် (၂၇) ပတ်စတင်၍ (၂၇) ရက် အဓိဋ္ဌာန်ဝင်လိုက်သည်၊ ပုတီးစိပ်ပြီးသောအခါ နတ်လူ သတ္တဝါအားလုံးအား မေတ္တာပို့သည်၊ (၂၇) ရက်ပြည့်သောအခါ ထူးခြားသည့် အိပ်မက် မြင်မက်သည်၊

"ခရေပင်ကြီးအောက်မှာ အဓိဋ္ဌာန်လာဝင်၊ ထူးခြားမှုတွေ့ရမယ်"

ခရေပင်ကြီးဆိုတာ ဘုန်းကြီးကျောင်းဝင်းထဲက အပင်ကြီးကိုပြောတာပဲ ဖြစ်ရမယ်ဟု မောင်အောင်ကျော် မှတ်ယူလိုက်သည်၊ နံနက်မှာ ဘုရားမှာ ပုတီးစိပ်ပြီး ညနေပိုင်း ခရေပင်ကြီးအောက်သွားသည်၊ ပုတီးမစိပ်ခင် တံမြက်စည်းလှည်း၊ ရေထည့်၊ တုဋ္ဌိရေဆေး၊ ထင်း၊ ခွဲပေး စသည့်ကျောင်းဝေယျာဝစ္စ ဝိုင်းလုပ်ပေးသည်၊



"မောင်အောင်ကျော် ခဏလာဦးကွာ"

"တင်ပါ့ဘုရား... အခု လာပါ့မယ်"

"မင်းအဘွား အခြေအနေ ဘယ်လိုနေလဲ"

"ရောဂါ သက်သာပါတယ်ဘုရား"

"အခု ဘာတွေ လုပ်နေလဲ"

"အိမ်အလုပ်ဝိုင်းလုပ်၊ ပြီးတော့ - ပုတီးစိပ် အဓိဋ္ဌာန်ဝင်နေပါတယ်ဘုရား"

"ဘာသာရေး ဝါသနာပါတာ ကောင်းတယ်၊ လောကီ၊ လောကုတ္တရာ တစ်ခုခုပေါက်အောင် လုပ်ကွာ၊ ပရိတ်တော်၊ ပဋ္ဌာန်းတွေလည်း နေ့စဉ်ရွတ်ဆိုဖတ်ချင်တဲ့ စာအုပ်ရှိရင်ပြော၊ ဗီရိုထဲမှာရှိတာ ထုတ်ပေးမယ်၊ အဓိဋ္ဌာန်လုပ်ရင် မပျက်စေနဲ့ ကြားလား"

"မှန်ပါ့ဘုရား"

"ကျောင်းထဲက ခရေပင်ကြီးမှာ အစောင့်အရှောက်တွေရှိတယ်၊ မေတ္တာပွားများ ပို့ပေး၊ အကျိုးပြုလိမ့်မယ်"

အောင်ကျော်သာ ခရေပင်ကြီးကို ပို၍ စိတ်ဝင်စားလာသည်၊ တစ်နေ့တွင် ကျောင်းသို့အာဂန္တုပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာသည်၊ အသက်အားဖြင့် ခြောက်ဆယ်စွန်းစွန်းလောက် ရှိပါမည်၊ ထိုသူသည် အဖြူရောင်အောက်ခံ ဝတ်ထားပြီး ခေါင်းမှာလည်း ခေါင်းပေါင်း၊ အဖြူဝတ်ပတ်ထားသည်၊ အဖြူဟုဆိုသော်လည်း အရောင်မှာ ဖြူမှိုင်းမှိုင်းဖြစ်နေသည်၊ လွယ်ထားသော လွယ်အိတ်မှာတော့ အညိုရောင်ဖြစ်သည်၊ ဆရာတော်အား တစ်ညအတည်းခိုခွင့်တောင်းသည်၊ သူ့ ကိုင်လာသောတောင်ဝှေးမှာ ဝါးတောင်ဝှေးဖြစ်ပြီး အပေါ်တွင်နဂါးပုံစံဖြစ်နေ၏၊ နောက်တစ်နေ့ မိုးလင်းသောအခါ အောင်ကျော်သာ ထိုပုဂ္ဂိုလ်နှင့် ဆုံတွေ့ရသည်၊ အောင်ကျော်သာနှင့် လောကီပညာအကြောင်း ဆွေးနွေးပြောဆိုရင်း လက်တစ်ဖက်ကို မြှောက်၍ လေထဲမှ တစ်စုံတစ်ခုလှမ်းယူလိုက်သည်၊ သူ၏လက်တွင် ပုတီးတစ်ကုံးပါလာ၏၊ ထူးဆန်းလှသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ရော့ – ဒီပုတီးကိုစိပ်"

"ပုတီးက လေထဲကနေ ဘယ်လို ရောက်လာတာလဲ အဘ"

"ဒါလား – ရုက္ခစိုးမင်းထံက တောင်းယူလိုက်တာလေ"

"ဟာ – ထူးဆန်းလှချည်လား"

"မောင်ရင်လည်း ကြိုးစားရင် ရနိုင်ပါတယ်"

"အဲဒါ ဘာအတတ်ပညာလို့ခေါ်လဲ"

"မှော်အတတ်ပညာလို့ခေါ်တယ်"

စကားပြောနေစဉ် ရွာထဲမှ လူတစ်ဦး ရောက်လာသည်။ ထိုသူသည် အဖြူရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်တစ်ဦး ရှူးကပ်ပြီး တစ်စုံတစ်ခုပြောမည့်ဟန် ဖြင့်လိုက်၏။ သူ့နှုတ်မှ ဘာမှမပြောခင် –

"ကိုသိန်းလှ ဟောင်းကစားလုပ်လို့ အိမ်ရှိပစ္စည်းတွေ ကုန်နေပြီ မဟုတ်လား"

ထိုသူလည်း တအံ့တသြနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဟုတ်ပါတယ်အဘ – အခုလောင်းကစားကိစ္စ အနိုင်ရဖို့ အဆောင်ရှိရင် ရိုးမြှင့်ပါအဘ"

"ဒီနေ့ – ရွာပြင်က မန်ကျည်းပင်အောက်ကွက်လပ်မှာ ကြက်တိုက်ဖို့ စီစဉ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ် – အဘ၊ ကုန်သွားတာတွေ ပြန်ရရင်၊ နောက် ဒီအလုပ် မလုပ်တော့ပါဘူး"

"အဘကလောင်းကစားကိုအားမပေးဘူး၊ကောင်းရောင်းကောင်းဝယ် လုပ်ရင်အားပေးမယ်။ အဆောင်ပေးရင် ဈေးရောင်းကောင်းတဲ့ အဆောင်ပဲ ပေးမှာ၊လုပ်နေတျကုန်သည်ပွဲစားအလုပ်ပြန်လုပ်ပါ၊တစ်နှစ်အတွင်းစီးပွား ဖြစ်မယ်"

"ဘယ်လိုလဲ – ကတိပေးနိုင်မလား"

ခေတ္တစဉ်းစားပြီးနေမှ –

"ပေးပါတယ်အဘ – လောင်းကစားမလုပ်တော့ပါဘူး။ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ပါတော့မယ်"



လက်တစ်ဖက်ကို မြှောက်၍ လေထဲမှ တစ်စုံတစ်ရာလှမ်းယူလိုက် သည်။ ထိုသူအား လက်ဖဝါး ဖြန့်ခိုင်းလိုက်သည်။ ထို့နောက် လက်နှစ်ဆစ် နီးပါးရှိ ရုပ်ပွားရုပ်ထုလေး ထည့်ပေးလိုက်သည်။

ထိုပုံတော်မှာ ရှင်သီဝလိရဟန္တာပုံတော်ဖြစ်သည်။ ထိုသူလည်း လက် အုပ်ချီကန်တော့ပြန်သွားသည်။

"အဘ – ရုက္ခစိုးထံက တောင်းပေးတာလား"

"ဟုတ်တယ် – လာဘ်ပွင့်အဆောင်တစ်ခုပါ။ အစွမ်းရှိ တန်ခိုးရှိတဲ့ ရှင် သီဝလိရဟန္တာပုံတော်လေ"

(မှတ်ချက်) တစ်နှစ်အတွင်းအဆောင်ရုပ်ထုရသူမှာ နွားပိုင်၊ လှည်းပိုင်၊ စက်ပစ္စည်းများနှင့် ချမ်းသာသွားသည်တာ တွေ့မြင်ရသည်။

"အဘ – မှော်အကြောင်း ပြောပြပေးပါလား"

"မှော်နဲ့ ပတ်သက်လို့ပြောရရင် ရိုပ်ဝင်ရိုပ်ထွက်မှော်၊ သုရဿတီမှော်၊ လက်ဖက်မှော်၊ မြွေမှော်၊ ရုက္ခစိုးမှော်၊ ကြောင်နက်မှော်၊ သရဏဂုံမှော်၊ ဂုဏ္ဍာကမှော်၊ နေမှော်လမှော် စသည်ဖြင့် မှော်အမျိုးမျိုးရှိတယ်"

"ဘယ်မှော်က အစွမ်းအထက်ဆုံးလဲ"

"သူ့ဟာနဲ့သူ အစွမ်းရှိကြပါတယ်"

"မောင်ရင်က သရဏဂုံသုံးပါး ပုတီးစိပ်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ် – အဘ"

အောင်ကျော် စိတ်ထဲမှာတော့ ထိုပုဂ္ဂိုလ်ကြီးကို အရမ်းအထင်ကြီးနေ မိ၏။ အကြားအမြင်ရနေသော ပုဂ္ဂိုလ်ဟု ထင်နေသည်။ သူ့လိုပဲ ဟောပြော ချင်၊ ဆောင်ရွက်ချင်လိုက်တာဟု စိတ်ကူးယဉ်နေမိ၏။

"ဒီတော့ – ဦးစွာပထမ သရဏဂုံ မှော်သွင်းပုံရှင်းပြမယ်၊ လိုက်မှတ်ချင် လည်း စာအုပ်နဲ့ဘောလ်ပင်သွားယူခဲ့ပါ"

မောင်အောင်ကျော်ကပ္ပိယကြီးထဲမှခဲတံနှင့်စာအုပ်တစ်အုပ်ငှားလိုက် သည်။

"သေချာမှတ်လာပြီး ဖို့လည်း ပြန်ပေးနော်"



www.burmeseclassic.com

www.burmeseclassic.com

❝ သရဏာဂုံရွတ်ဆိုကာ လှေနာကို ရေတိုက်ခွင့်တောင်းပြီး ပိုးထိသောနေရာကိုလည်း ရေဖြင့်ဆေးလိမ်းသလို လိမ်းပေးလိုက်သည်။ ပိုးထိသောနေရာမှာ ရွာမှရေးဦးသူနာပြုနည်းနှင့် ကြိုကုပြီး ပတ်တီးစည်းထားသည်။ အောင်ကျော် ရေမန်းတိုက် ရေမန်းလိမ်းလိုက်သောအခါ လှေနာများလဲ့နေရာမှ ထထိုင်၏။ ပြီးတော့–လူကောင်းပကတိအတိုင်း မတ်တတ်ရပ်လိုက်သည် ❞



"ပေးရမှာပေါ့–ကိုယ့်ကျေးဇူးရှင်၊ ကိုယ့်ထက် သက်ကြီးဝါကြီးတွေကို မမေ့ပါဘူး"

"ကဲ–လိုက်မှတ်ပေတော့"

အမြူရောင်ဝတ် ပုဏ္ဏားကြီးမှာ လက်တစ်ဖက်တွင် ပုတီးကိုင်စိပ်နေသည်။

"ခေါင်းစဉ်တပ်လိုက်၊ သရဏဂုံ မော်သွင်းမုံ"



အဖွတာဝွေပါနပေတံ ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ အဖွေတာဝွေ ပါနပေတံ ဓမ္မသရဏံ ဂစ္ဆာမိ၊ အဖွတာဝွေပါကုပေတံ သံဃံသရဏံ ဂစ္ဆာမိ။ ဤကဲသို့ သုံးကြိမ်ဆို၊ ဤကဲ့သို့ အသက်ရှည်သမျှကာလပတ်လုံး သုံးပါးသော သရဏဂုံတို မကွာထက်ကြပ် ဆည်းကပ်ကိုးကွယ်ပါသည်။ ကိုးကွယ်ရသောကြောင့် ကောင်းသော သစ္စာမှန်စွာ စကားကိုဆိုပါသည့်အကြောင်းကြောင့် မနှောင့်သေးရန်ခပ်သိမ်း ကင်းငြိမ်းရှမ်းသော၊ မင်္ဂလာတိုးတက် ကျက်သရေဘုန်းတန်း၊ လွှန်မွှင့်လန်းလျက် အကြမ်းသရဲမှိုဝဲနေသည့်သူ၊ အမှုအဆော ဖျာပါနုတ္တရှိသမျှကို ဝါက ပျောက်စေ၊ ဆိုတွေစကား ကြားကမနေ မြေပျောက်စေ၍ ရွှေ ငွေ၊ ကြေး၊ သံ၊ ဒန်၊ ပြဒါး၊ သွပ်၊ ဂျုတ်စိန်ဆေးအန်း၊ ခဲယမ်း၊ ဒုတ္တာဓာတ်များစွာလည်း၊ ညိုပြာနီရွှေ ဝေ့ဝေ့လာလာ၊ ဆေးတကာနှင့်၊ ငါသာလုပ်လည်း၊ မယုတ်မသွေ၊ ရွှေငွေ ကျောက်သံဖြစ်စေသော၊ ဖမ္မုမြေပြင် မြင်မြင်သမျှ၊ ပင်ရကွလည်း၊ ကိနဇာလာ၊ များလှုစွာသည်၊ လက်သာအမိ၊ ငါတိုင်မိက၊ ဆေးထိမလွှတ်၊ အမြွတ်မွန်စွာ၊ စိတ်လိုရာကို၊ ပါစေသော။

ငါးတောင်ရှည်ကြာ၊ သာသနာကို၊ စောင့်ပါအညီ၊ ဒေဝီဒေဝ၊ စသည့်အများ၊ နတ်မင်းများလည်း၊ စကားနှတ်ဆက်၊ ငါ့ကိုဘက်၍၊ အသက်ထက်ဆုံးစေသော။ မကောင်းမရာ၊ ငါ့အား ဆိုးကြံ၊ ရန်လည်းလိုမူ၊ ထိုသူကိုသုံးလှူချစ်ရှင်၊ တန်ခိုးအင်နှင့် နတ်ရှင်တစ်စု၊ ဝန်းကျင်ပြုလျက်၊ တောင်းတုသတ်ရိုက်၊ ဖိလျှင်တိုက်လည်း၊ လိုက်လဆင်စေသော။ အဝေးအနီး၊ ခရီးတသ၊ တစ်ခြောစိတ်ပါကိုယ်ရောက်၊ အောက်ထက်တွင်းပြင်၊ တွက်ဝင်လူးလာ၊ နာနာဒီဝ၊ ရှပနိကာယ်၊ အသွယ်သွယ်ကို ရှယ်တိုင်ငါ့ဝယ်ပြီးစေသော။ ခြောင်း–ရှုခွမှာ သံယာအားကို၊ ငါအား ကိုးကွယ်လျှင်သတည်း၊ ကောင်းကျိုးချမ်းသာခဲ့လာသည်၊ မစွာနေ့တိုင်းလာစေတော့၊ သရဏဂုံသုံးပါးကို ထန်းရွက်မှာ ရေး၍ မီးရှို့ပြီးလျှင် ၎င်းပြာကို နံ့သာငါးပါးရေနှင့် ဖျော်ရည်သောက်၊ ၎င်းသရဏဂုံကိုပင် သက်စေ့စုတ်လေဟု ပြောဆိုသည်ကို မောင်အောင်ကျော် မှတ်သားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - မောင်အောင်ကျော် သေချာဆောင်ရွက်ပေတော့။ ပုဂ္ဂိုလ်တွေက အိပ်မက်ပေးရင်ပေး၊ တဲ့အတိုင်းပြုလုပ်ပါ၊ မှော်ပညာအောင်မြင်ပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ - အဘ"

မောင်အောင်ကျော်သည် သရက္ခဂုံသုံးပါး မှော်ပညာကို သေချာမှတ်သားလိုက်နာဆောင်ရွက်လေသည်။ တစ်နှစ်ခန့်အကြာတွင် အခြားရွာတစ်ရွာသို့သွားစဉ်လမ်းတွင် စောင်ကိုပုခက်လုပ်ထမ်းလာသောမြင်ကွင်းတစ်ခု မြင်တွေ့ရသည်။

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"ပိုးထိလာလို့ ဆေးရုံသွားပို့ကြမလို့"

လူတစ်ဦးမှ "ရှေ့မှာဇရပ်တစ်ခုရှိတယ်၊ ခေတ္တနားပြီးလူနာအခြေအနေ ကြည့်ကြဦး"

မောင်အောင်ကျော် စိတ်ဝင်စားသွားသည်။ သူလည်း ဇရပ်ပေါ်လိုက်ကြည့်သည်။ အနီးရှိ ရေအိုးစင်မှ ရေတစ်ခွက်ခပ်ပြီး သရက္ခဂုံရွတ်ဆိုကာ လူနာကို ရေတိုက်ခွင့်တောင်းပြီး ပိုးထိသောနေရာကိုလည်း ရေဖြင့်ဆေးလိမ်းသလို လိမ်းပေးလိုက်သည်။ ပိုးထိသော နေရာမှာ ရွာမှ ရှေးဦးသူနာပြုနည်းနှင့် ကြိုးကုပြီး ပတ်တီးစည်းထားသည်။ အောင်ကျော် ရေမန်းတိုက် ရေမန်းလိမ်းလိုက်သောအခါ လူနာများလှုပ်နေရာမှ ထထိုင်၏။ ပြီးတော့ လူကောင်းပကတိအတိုင်း မတ်တတ်ရပ်လိုက်သည်။

"ဘသိန်း - ဘာလုပ်ချင်လို့လဲ"

"ကျွန်တော် ဘာမှမဖြစ်တော့ဘူး။ မျက်လုံးတွေလည်း မပြာတော့ဘူး။ ခြေထောက်လည်း မနာတော့ဘူး"

"ဒီလူငယ် ရေမန်းနဲ့ ကုလိုက်လို့ ကောင်းသွားတာဖြစ်မယ်"

"စိတ်ချရအောင် ဆေးရုံသွားကြမယ်"

"ဆေးရုံသွားစရာမလိုပါဘူး၊ ကျွန်ုပ်အားမခံပါတယ်"



ထိုနေ့မှစ၍ အောင်ကျော် ရွာမှာ နာမည်ကြီး သွားသည်။ ရောဂါအမျိုးမျိုး ဆေးကုသသူတွေ ရောက်လာသည်။ လပြည့်နေ့ညတွင် ဘုရားစေတီ၌ ပုတီးစိပ်နေစဉ် အဓိဋ္ဌာန်ပြီးသောအခါ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီး "လက်ဝါးဖြန့်" ဟု ပြောပြီး လက်ထဲသို့ ရွှေရောင်ဓာတ်လုံး တစ်လုံး ထည့်ပေးသွားသည်။

"သတ္တဝါတွေကယ် ... လောဘမကြီးနဲ့ ...သစ္စာမဖျက်နဲ့" ဟုဆိုကာ အနားမှ ထွက်ခွာသွားသည်။ အောင်ကျော်နောက်မှ လိုက်ကြည့်သောအခါ ဘုရားအပေါ်မှ ဆင်း၍ မုခ်ဝအနီးတွင် ပျောက်သွားသည်။ အိမ်ရောက်သော အခါ ထိုဓာတ်လုံးကို သေချာကြည့်လိုက်သည်။ ဓာတ်လုံးမှာ ပြောင်လက်နေပြီး ထိပ်တွင်ဝလုံးကဲ့သို့ ဝိုင်းစက်နေသည်။ လက်ကိုင်ပဝါနှင့် သေချာ ထုပ်ပြီး ဘုရားကျောင်းဆောင်ပေါ်တင်ထားလိုက်သည်။

နံနက်စောစောတွင် အမျိုးသားတစ်ဦး ပြေးလာပြီး။

"မောင်အောင်ကျော် ကယ်ပါဦးကွာ၊ ငါ့မိန်းမ - ကလေးမမွေးနိုင်လို့"

ဖျတ်ခနဲ သတိရပြီး ဓာတ်လုံးကို ရေစိမ်ကာ ရေကို ဘူးနှင့်ထည့်ပေးလိုက်သည်။

"ရော့ - ဒီရေတိုက်လိုက်၊ ချောချောမောမော မွေးသွားမယ်"

မကြာမီ ထိုသူပြန်ရောက်လာလေ၏။

"ကျေးဇူးတင်လိုက်တာ - မောင်အောင်ကျော်၊ ဆရာအောင်ကျော်လို့ ခေါ်ပါရစေ၊ ကျေးဇူး မမေ့ပါဘူး။"

ညပုတီးစိပ်မေတ္တာပို့ပြီး အိပ်ရာဝင်သောအခါ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ရောက်လာသည်။ ပုံစံမှာ ဘုရားမှာတွေ့ခဲ့သောပုဂ္ဂိုလ်ပုံစံဖြစ်သည်။ ဘုန်းကြီးကျောင်းမှာ တွေ့ခဲ့သော အဘမျက်နှာနှင့် ခပ်ဆင်ဆင်။

"အိမ်ရှေ့မှာဆရာအောင်ကျော်သာလို့ဆိုင်းဘုတ်တင်ထားပြီးသတ္တဝါတွေ ကယ်တင်ကုသပေးကွာ၊ အများထက်သာတဲ့ အောင်ကျော်သာဖြစ်စေ"



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာတွင် "ဆရာအောင်ကျော်သာ" ဟူ၍ဆိုင်းဘုတ်တင်လိုက်သည်။ ရွာဦးကျောင်း ဆရာတော်ကို သွားရောက်ကန်တော့ပြီး ရွာသူရွာသားများတို့ကောက်ညှင်းပေါင်းကျွေးသည်။ ဆရာအောင်ကျော်သာသူ့နိမိတ်နှင့်သူ တစ်နေ့တခြား ကောင်းခြင်းမင်္ဂလာတွေ စုပေါင်းရောက်ရှိလာသည်။

(၇) နေ့သားသမီးတွေကိုကျန်းမာရေးကိစ္စဆောင်ရွက်ပေး၊ ဆေးကုသပေးရတာ အဆင်ပြေသည်။ အချို့ပယောဂအနှောင့်အယှက်များကို ဓာတ်လုံး၊ ရေမန်းတိုက်၊ ရေပက်ဖျန်းပေးလိုက်ရာ လူကောင်းပကတိဖြစ်သွားသည်။

"ဆရာအောင်ကျော် - ကျွန်တော့်အမျိုးသမီးဗိုက်အောင့်နေလို့ခေါ်လာတယ်။ ဆေးသောက်တာလည်း မပျောက်ဘူး"

"ဟုတ်ပြီ - ခေါ်လာခဲ့၊ ကျုပ် စမ်းသပ်စစ်ဆေးပြီး ကုသပေးမယ်"

အမျိုးသမီးတစ်ဦး ပွေ့ချီလာသည်၊ ဆရာအောင်ကျော်သာ ရှေ့ရောက်သောအခါ "ဗိုက်အောင့်တယ် - အား - အား - အမေရေ ကယ်ပါဦး။ ဆရာ ကျွန်မကို ပျောက်အောင် ဆေးကုပေးပါဆရာ" ဟု အော်ဟစ်လေတော့သည်။

"ငြိမ်ငြိမ်လေးထိုင်ပြီး ဘုရားကို အာရုံပြုထား"

"ပယောဂ အနှောင့်အယှက်ရှိတယ်၊ သူများ ပြုစားထားတာ"

ဓာတ်လုံးရေမန်း တိုက်ကျွေးပြီး ခေါင်းကိုပုတ်ကာ ပက်ဖျန်းပေးလိုက်သည်၊ နောက်ကျောကို တစ်ချက်နှစ်ချက် ပုတ်လိုက်သောအခါ ပါးစပ်ထဲမှ မည်းမည်းအရည်များ ထွက်လာသည်။ ထွေးခံတစ်လုံးခံ၍ ထွေးခိုင်းသည်။ ဆံပင်ချည်ထွေးများနှင့်တူသည်။ (၁၅) မိနစ်ခန့်အကြာတွင် လူကောင်းပကတိကဲ့သို့ သက်သာသွားလေသည်။ ခံစားနေရသော ဝေဒနာ လွင့်စဉ်သွားတော့၏။

"စကားပြော ဆင်ခြင်၊ သရဏဂုံ အမြဲ ပုတီးစိပ်ပါ"

"ဟုတ်ကဲ့ပါဆရာ"



တစ်နေ့ ဆရာအောင်ကျော် ဘုန်းကြီးကျောင်းသို့ တစ်ယောက်တည်း အေးအေးလူလူထွက်လာသောလမ်းတွင် တောင်ဝှေးတစ်ချောင်းနှင့်အဘိုးအိုတစ်ဦးတွေ့သည်။

"ဟာ - အဘ ဘယ်ကနေ ပြန်လာတာလဲ၊ မတွေ့ရတာကြာပြီ။ အဘနဲ့တွေ့ချင်နေတာ"

"မောင်အောင်ကျော် - အခု - ဆရာအောင်ကျော်သာဖြစ်နေပြီ မဟုတ်လား"

"ဟုတ်ပါတယ် အဘ - အဘ ဘယ်လိုလုပ်သိလဲ"

"မောင်ရင် အိမ်ရှေ့ကဆိုင်းဘုတ်ကို ကြည့်လာလို့ပါ"

"ဒီတစ်ခေါက် အဘ ကျွန်တော့်အိမ်မှာတည်းပါ"

"ကောင်းပါပြီ၊ လောလောဆယ်တော့ ဆရာတော်ကို ဦးတိုက်ရမယ်"

နှစ်ယောက်သား ဆရာတော်အား ဦးတိုက်ကန်တော့ကြသည်။ ဆရာတော်မှာ သူ့တပည့်ဆရာဖြစ်ပြီး အောင်မြင်နေ၍ ဝမ်းသာနေလေ၏။

"မောင်အောင်ကျော်က ရွာမှာတင်မကဘူး။ အခြားရွာတွေကလည်း လှည်းနဲ့ လာပင့်ကြရတယ်၊ သတင်းမွှေးနေပါပြီ၊ အားလုံးက အားကိုးကြတာ"

"ဝမ်းသာပါတယ် ဆရာတော်၊ တပည့်တော်လည်း အတတ်ပညာတွေ ပေးခဲ့ပါဦးမယ်"

"ပညာတတ်တာကောင်းပါတယ်၊ သူတစ်ပါး ဒုက္ခရောက်တဲ့ပညာဆိုရင်တော့ မကောင်းဘူး"

"မှန်ပါတယ် - အရှင်ဘုရား"

မောင်အောင်ကျော်မှ ဆရာအောင်ကျော်သာဖြစ်လာသူသည် အသက်နှစ်ဆယ်ကျော်သာရှိသေး၍ ထူးခြားဆန်းကြယ်သော ပညာကို လိုချင်နေ၏။ ညဘက်တွင် အာဂန္တုပုဂ္ဂိုလ်အား ရက္ခစိုးမှော်အကြောင်း ပြောပြပေးရန် တောင်းဆိုလေသည်။ အာဂန္တုပုဂ္ဂိုလ်လည်း "ဒီတစ်မျိုးတော့ အဘပေးခဲ့မယ် - မောင်ရင်နဲ့ ကျုပ်နောက်တစ်ကြိမ် ပြန်တွေ့ဖို့မလွယ်ဘူး။ ကျုပ် ဓမ္မဘောင်ကို စွန့်ပြီး ရသေ့ရဟန်းဘဝနဲ့ အရိယာဝိဇ္ဇာလမ်းကိုလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဘရှိတဲ့ နေရာရောက်အောင် လာခဲ့ပါမယ်"

"တကူးတက လိုက်မရှာပါနဲ့၊ ကျုပ်နေရာအတိအကျမသတ်မှတ်မရွေး ထားပါသေးဘူး"

"အဘပေးမယ့် ရက္ခစိုးမှော်နည်းလိုက်မှတ်ရတော့မလား"

"အဆင်သင့်ဖြစ်ရင် ပြောမယ်"

အာဂန္တုပုဂ္ဂိုလ်ကြီးသည် ရေနွေးတစ်ခွက်ငှဲ့သောက်လိုက်၏၊ လက်ထဲမှ ပုတီးကို လည်ပင်းချိတ်ဆွဲလိုက်သည်။ ကွမ်းတစ်ယာကိုယာ၍ ငုံထားလိုက်သည်။

"ဘုရားကျောင်းဆောင်ပေါ်က ခြတ်လုံးမပျောက်စေနဲ့နော်၊ အဋ္ဌိရုတ်သမားတွေတွေ့ရင် ဗိုတိုးရင်ဆက်ထိုးလို့ရတယ်၊ ရွှေဖြစ်နိုင်တယ် ဆရာအောင်ကျော်ရေ"

"မောင်အောင်ကျော်ပဲ – ခေါ်ပါအဘရယ်"

"အဘနာမည်လည်း မသိရဘူးနော်"

"မြေလျှောက်ဝိဇ္ဇာလို့ မှတ်ထားလိုက်လို့ကွာ"

"လိုက်မှတ်လို့ အဆင်သင့်ဖြစ်ရင် ခေါင်းစဉ်တပ်ထားကွာ"

## "ရက္ခစိုးမှော်သွင်းနည်း"

ငှက်ပျောသီးယို၊ အုန်းသီးယို၊ သခွော်သီးယို၊ ဇယောင်းသုံးတိုင်း၊ ကွမ်းသုံးရာ၊ လက်ဖက်သုံးထုပ်။ ၎င်းလက်ဖက်တွင် ကြက်သွန်ကြော်ထည့်၊ ဆီဆားထည့်၊ လက်နှင့်မနယ်ရ။ ဆားမပြည်းရ၊ ဆန်တစ်ခွက်ချက်၊ မုန်လှေး အထက်ပါခုနစ်မျိုးကို လင်ပန်းသုံးချပ်ကို စင်ကြယ်စွာဆေး၊ ငှက်ပျောဖက် ခင်း၍ သုံးပွဲပြင် (၇)ခွက်စီ ညီမျှအောင်ထည့်၍ မန္တန်ရွတ်ပါ။ ရွတ်ရမည့် မန္တန်မှာ ဥုံဘုမ္မဋ္ဌဒေဝတာ။ ရုက္ခပဒေဝတာ အာကာသဋ္ဌဒေဝတာ၊ ဒေဝတာ



သုံးပါး အရှင်များတို့ ကျုန့်ပ်အားကို၊ သနားချစ်ခင်၊ ကြင်နာစုံမက်၊ မေတ္တာသက်ဝင်တော်မူကြပါကုန်လော့။ ကောင်းကျိုးချမ်းသာမင်္ဂလာ၊ မဂ္ဂာနေ့ညပေးစေသော်။ ပေးရသောအရှင်များလည်းဘုရားမြတ်စွာ၊ မိတေယျာတို့ဦးစွာ ဖူးတွေ့ရပါစေသော်၊ ဖူးရသောအခါ ထိုမြတ်စွာက ဗျာဒိတ်ကျွတ်ဆုပေးစေသော်။ ပြောင်း – နမောဒေဝတာ။ ဝန္ဒာမိ – ဝန္ဒာမိ – ဝန္ဒာမိ။

၎င်းဂါထာ (၃၇) အုပ် ရွတ်၍ အိမ်ဝင်း၊ ခြံဝင်း၊ ကျောင်းဝင်းမှာ သန့်ရှင်းသော သစ်ပင်ရင်း၌ ညဦးက သန့်ရှင်းအောင် ပြုလုပ်ထားပါ။ နံနက်မလင်းမီ အရုဏ်တက်တွင် ၎င်းသစ်ပင်ရင်းတွင် ပွဲသုံးပွဲစလုံးတင်၊ နာရီဝက်ခန့်ထားပြီးရင် ထိုသစ်ပင်ရင်းတွင် ငှက်ပျောဖက်ခင်း၍ သုံးပွဲစလုံးစု၍ပုံပါ။ ၎င်းပုံပြီးပါက ရွတ်ရန် မန္တန်မှာ ဥုံသောဒေဝ၊ ဘုမ္မရုက္ခဝါ မမယော ဗဟုဇနာ။ ဒိဝါ တာလေ.ဝိမာကောဒေါ၊ အာကာသိပိ။ ကုဒ်ိစနံ၊ တိယာမယာဘိ၊ ကာလံမယုံ၊ တုယှဥ္စပေမုနံ၊ ပဗ္ဗာနာမေသမိဗ္ဗုတုး စတ္တဝါလေပိ စိန္တိတံ။ ၎င်းဂါထာ (၃၇)အုပ် ရွတ်ပြီးလျှင် စားနိုင်သမျှ စုံစေ့အောင်စားပါ။ မှော်သွင်းသောအခါ ဧည်သည့်နေ့ သားသမီးမဆို တနင်္ဂနွေနေ့ နံနက်ကစ၍ စနေနေ့ နံနက်ထိအောင် ခုနစ်ရက်စေ့အောင်သွင်း။ ခုနစ်ရက်အတွင်း ရှစ်ပါးသီလကို ထိန်းရမည်၊ သို့မှ – သူတစ်ပါးက မကောင်းကြံလျှင် သိနိုင်သည်၊ နားကြားမည်။ ထို့ပြင် ပေဒင်ဟောခြင်း၌ တစ်ထစ်ချ မှန်လိမ့်မည်၊ အထူးမှာ – အထက်ပါမှော်ကို တစ်လခြားဖြစ်စေ၊ နှစ်လခြားဖြစ်စေ သုံးကြိမ်တင်သ၍ ဤသို့ စားရမည်။ ထိုမှော်သွင်းသောအခါ ရှစ်ပါးသီလ မထိန်းရဲလျှင် မအောင်၊ မှော်သွင်းသောသူသည် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူတစ်ပါး သားမယား လွန်ကြူးခြင်း စသည်တို့ကို ရှောင်ကြဉ်ရမည်၊ ရှောင်ကြဉ်မှ အကျိုးတွေ့ခံစားရမည်။

"တဲ – မောင်အောင်ကျော် – သဘောပေါက်အောင် ဖတ်ပြီး လက်တွေ့ကျင့်ကြံပါကွာ၊ ဒီတစ်ခါတော့ ဆရာအောင်ကျော်သာကနေ မှော်ဆရာအောင်ကျော်သာဖြစ်မှာ သေချာပါပြီ"

"ဟုတ်ကဲ့ပါအဘ – ကြိုးစားကျင့်ကြံပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဆရာအောင်ကျော် သူကျင့်နေကျ ခရေပင်ကြီးအောက်တွင် ရုက္ခစိုး၊ မှော်ပညာကြိုးစားကျင့်ပါတော့သည်။ သုံးလခန့်ကြာပြီးသောအခါ ထူးခြားသော အိပ်မက်များ မြင်မက်လေ၏။

—◇—

အပေါ်ဖြူ အောက်ဖြူ ဝတ်ထားသော ပုဂ္ဂိုလ်ကြီးမှ -

"အောင်ကျော်သာလိုတာတောင်းပါ၊အဘိုးကူညီပေးမယ်" ဟုပြောဆို ပျောက်ကွယ်သွားသည်။

တစ်နေ့ ဗေဒင်ဟောဆေးကုရင်း မိတ်ဆွေတစ်ဦး ရောက်ရှိလာသည်။ ထိုသူသည် ဗေဒင်ဝါသနာပါပြီး ဆောင်လည်း ဆောင်ထားရန် ဝါသနာပါသူ ဖြစ်၏။ ဆရာအောင်ကျော်သာမှ "ဘိုးဘိုးကြီး စနေသားအတွက် ထိုက်တန်တဲ့အဆောင်တစ်ခု ချီးမြှင့်ပေးပါ" ဟုစိတ်အာရုံပြုပြီးလက်တစ်ဖက်မြှောက် တောင်းဆိုလိုက်သည်။ လက်ထဲသို့ တစ်စုံတစ်ရာ လာထည့်ပေးသောအခါ ဆုပ်ကိုင်ပြီး ထိုသူအားပေးလိုက်သည်။

"ဟာ - လက်စွပ်တစ်ကွင်းပါလား"

ကျောက်အနက်ရောင်ကို ငွေရောင်ကွင်းပြုလုပ်ထားသော လက်စွပ် တစ်ကွင်း တွေ့မြင်ရသည်။

"အဲဒါ ဆောင်ထားပါ ... စီးပွားရေးလာဘ်လာဘ အဆင်ပြေ တိုးတက် အောင်မြင်မယ်"

ထိုသူ့လက်ခလယ်တွင် စွပ်လိုက်ရာကွက်တိဖြစ်နေလေ၏။ စနေသား အတွက် အနက်၊ နက်ပြာရောင်သည် အကျိုးပေးအရောင်ဖြစ်သည်။

တစ်နေ့တခြား ဆရာအောင်ကျော်သာသည် နာမည်ထင်ရှားပြီး မှော် ဆရာဟု နာမည်ကျော်ကြားလာသည်။

"အောင်ကျော်သာ - အဘွား ပန်းသီးစားချင်တယ်"

သူ၏ အဘွားစားလိုရာကို ရုက္ခစိုး၊ နတ်မင်းအား တိုင်တည်တောင်း ဆိုလိုက်ရာ လက်ထဲသို့ ပန်းသီးတစ်လုံး ရောက်ရှိလာသည်။ မှော်ဆရာ အောင်ကျော်သာထံသို့ ရပ်ဝေးရပ်နီးမှ လူများ နေ့စဉ်ရောက်လာကြသည်။



"ဆရာအောင်ကျော်သာ - ဟိုနေ့က လေထဲကနေ ဘုရားတစ်ဆူဝင့် တာ အံ့သြစရာကောင်းလိုက်တာ"

"အဲဒါ - ရုက္ခစိုးမှော်အောင်ထားတာဖြစ်မယ်"

"အကြားအမြင်ဟောတာလည်း မှန်တယ်နော်"

"အိမ်မှာဖြစ်နေတာကို လိုက်ကြည့်ထားပြီး ပြောသလား အောက်မေ့ရ တယ်၊ ကွက်တိပဲ - တော်လိုက်တာနော်"

"စိတ်မနှံ့တဲ့ ဒေါ်မြမေကို စိတ်ပြန်ကောင်းအောင် ကုပေးတာလည်း အံ့ စရာပါပဲတော်"

ဆရာအောင်ကျော်သာ မှော်ပညာမှာ ကြားရ၊ မြင်ရသူတိုင်း အံ့သြရ သည်။ ပစ္စည်းပျောက်၊ လူပျောက်ဟောပြောလိုက်ပုံမှာ အလွန်မှန်လှပေ သည်။ တစ်နယ်လုံး အားကိုးကြလေပြီ။

ပစ္စည်းအမျိုးမျိုးယူပြပုံမှာမျက်လှည့်ပြသည်နှင့်တူလှပေသည်။ ဘုရား ရုပ်ပွားတော်၊ ရဟန္တာရုပ်ထုပုံ၊ ဓာတ်လုံး၊ လက်စွပ်၊ ပုတီး၊ အစားအစာယူပြ ပုံမှာ လွန်စွာမှ အံ့သြဖွယ်ကောင်းသော မှော်အတတ်ပညာစွမ်းဖြစ်သည်။ ဆန်းကြယ်သော ပညာရပ်ပေတကား။

သူ၏ နားတွင် လာပြောသောအသံ ကြားရသောအသံအတိုင်း ပြောဆို ရာမှာ အထူးမှန်သည်။

အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ် ရောက်လာပြီး -

"အောင်ကျော် - ဘုရားတည်ရမယ်၊ ဘုရား၊ စေတီတည်ပေးပါ"

ဆရာအောင်ကျော် ဆရာတော်အား ခွင့်တောင်းပြီး ခရေပင်ကြီးအနီး တွင် စေတီတစ်ဆူတည်ရန် ဆုံးဖြတ်လိုက်သည်။ တစ်နှစ်အတွင်းမှာ "အောင်စေတီ" တစ်ဆူ အောင်မြင်စွာ တည်နိုင်ခဲ့လေပြီ။

ယခုအခါ မှော်ဆရာအောင်ကျော်သာတစ်ယောက် ယောဂီဝတ်စုံဝတ် ကာ သာသနာပြုလုပ်ငန်းများကို မနားမနေဆောင်ရွက်လျက်ရှိပါသည်။

တစ်ချိန်က ဗေဒင်ဟော၊ ဆေးကု၊ မှော်အတတ်များကို စိတ်ဝင်စားပြီး အပတ်တကုတ် တစုတ်တရ မနားမနေဆောင်ရွက်ခဲ့သော မှော်ဆရာ



www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်သာမှာ ယခုအခါ ဘာသာရေးဆိုင်ရာ ကုသိုလ်ကောင်းမှုအထူး ပြုလျက်ရှိသည်။

"ဆရာအောင်ကျော်သာ ရုက္ခစိုးမှော်အတတ်တွေ လုပ်မပြတော့ဘူးလား"

"အချိန်ကာလအတိုင်းအတာတစ်ခုထိ ဆောင်ရွက်ပေးခဲ့ပါတယ်"

"အခု - လောကီလုပ်ငန်းတွေ စွန့်လိုက်ပြီလား"

"ဆေးကုသ၊ သတ္တဝါတွေကို ကယ်တင်တာကို မစွန့်ပါဘူး။ ပျော်ပြောတာတွေကိုတော့ စွန့်လိုက်ပြီလေ။ လူတွေက လောဘတက်ပြီး အကောင်းကစားကိစ္စတွေ လာမေးကြ။ ကျုပ်လည်း ပြောတာမှန်တော့ အုန်းအုန်းကျက်ကျက် ဖြစ်လာတာပေါ့ မကောင်းဘူးလေ"

"ဟုတ်ပါတယ် - ဆရာ၊ ဒီခေတ်မှာ လူတွေက ဘိုးတော်မယ်တော် နောက်လိုက်ပြီး ဂဏန်းတောင်းချင်သူက များနေတယ်"

"မှော်ပညာမှာ ဘယ်မှော်အကောင်းဆုံးလဲဆရာ"

"ရတနာသုံးပါး ဦးထိပ်ထားပြီး ဆောင်ရွက်တဲ့ သရဏဂုံမှော်၊ ဂါထာ ရွတ်ပြီး ဆောင်ရွက်ရတဲ့ လက်ဖက်မှော်တွေ ကောင်းတယ်။ အများအကျိုး ပြုတာ ပိုကောင်းတယ်။ လောဘကြီးလာရင် ဒေါသ၊ မောဟဖြစ်ရင် တတ်ထားတဲ့ မှော်အတတ်တွေပါဝါလျော့သွားတတ်တယ်"

ဆရာအောင်ကျော်သာ လောဘကို အတော်သတ်နိုင်ခဲ့သည်။ ရရှိလာသောငွေများကို ဘုရားတည်၊ သာသနပြုလုပ်ငန်းတွင် ထည့်သုံးပစ်လိုက်သည်။

မည်သို့ပင်ဆိုစေကာမူ အထက်အညာဒေသ၏ မြို့နှင့်မဝေးလှသော ရွာကလေးတစ်ရွာတွင် မှော်ဆရာအောင်ကျော်သာထင်ရှားကျော်ကြားခဲ့ရသည်မှာ ဂမ္ဘီရ ဇာတ်လမ်းတစ်ပုဒ်ကဲ့သို့ပင် ...။

◆◆ ဂမ္ဘီရ ဆရာလှမျိုး (B.Sc)



www.burmeseclassic.com

# ဂန္ဓာရ သစ္စာရှင်တို့ ဆုံ စည်း ခွင့်

ဤစာမူပါအကြောင်းအရာများသည်လွန်ခဲ့သော (၁၉၉၇) ခုနှစ်အချိန်ကာလက အာရှတိုက်စီးပွားရေး လောကတွင် ကမ္ဘာ့သူဌေးစာရင်းဝင် အဆင့် (၇) ဖြစ်ခဲ့ဖူးသော အာရှနွယ်ဖွား၊ ထိုင်ဝမ်နိုင်ငံဇာတိသား၊ ယခု စင်ကာပူနိုင်ငံသားအဖြစ် ခံယူထားသော...

"မစ္စတာမက်သယူး" ၏ အကြောင်းပဲ ဖြစ်ပါသည်။

ကျွန်မကလည်း အစိဋ္ဌာန်အကျင့်စခန်းများ ကျင့်ကြံရင်း အိပ်မက်ပေးလာသော ဆရာအရှင်အား စုံစမ်းရှာဖွေရင်း တစ်နှစ်မျှအချိန်ကြာခဲ့ပြီးမှ -

သက်ကယ်မိုး၊ ဝါးကျောင်းလေးမှာ သီတင်းသုံးပြီး ကျောင်းသခ်မ်းအဝင်အဝ လက်ဝဲမှာ "ဆီး" ပင်ပျို ရှိရမည်၊ လက်ယာမှာ တရုတ်စကားပင် ရှိရမည်၊



ကျောင်းအဝင်အဝမှာ ကျောက်စာကမ္ပည်းတိုင်ရှိခြင်း၊ သက်န်းအား ဦးခေါင်းပေါ်အမြဲတင်ထားခြင်း၊

မြေချောင်း၊ လက်ချောင်း ပုံသဏ္ဌာန်မှာ သာမန်လူထက် ထူးခြားခြင်း။

စသော အမှတ်သညာများ မှန်ကန်မှု၊ နီးစပ်သော ဆရာအရှင်ထံ ကျွန်မ သွားနိုင်ရန်စုံစမ်းရင်း ဆရာအရှင်၏ သာသနာ့နယ်မြေသို့ ကျွန်မတို့ထက် စောစွာရောက်ခဲ့ဖူးသည့်စာရေးဆရာမတစ်ဦးအားအကူအညီတောင်းကာ သာသနာ့မြေသို့ ရောက်ရှိခဲ့ပါသည်၊

ဆရာအရှင်မှာ တောတောင်ရှိရာ အလုပ်စခန်းဝင်သူဖြစ်၍ ဖူးတွေ့ခွင့် ရရန် (၃) ရက်မျှ စောင့်ခဲ့ရပါသည်၊ ဖွဲ့ရှိရှိ စောင့်စားရင်း -

တတိယမြောက်နေ့ ည (၉) နာရီတွင် ကျွန်မတို့ ဆရာအရှင်၏ကျောင်း သခ်မ်းအနီးစောင့်နေစဉ် တောင်တက်မော်တော်ဆိုင်ကယ် အကောင်းစား စီးကာ ဝင်လာသော လူနှစ်ဦးကို တွေ့ရပါသည်၊

သူတို့မှာ တရုတ်လူမျိုးရုပ်ရည်မျိုး ဖြစ်သည်၊ ဆိုင်ကယ်မောင်းလာသူမှာ မြန်မာနိုင်ငံသား၊ တရုတ်လူမျိုး (စကားပြန်) ဖြစ်ပြီး နောက်တစ်ဦးမှာ နိုင်ငံခြားသားဟု ဆိုပါသည်၊

ဆရာအရှင်ကျောင်းဝင်းထဲမှ ရသေ့ကပ္ပိယကြီးထွက်လာပြီး မေးမြန်းလာသည်၊ ကျောင်းသခ်မ်းသို့ ပြန်ဝင်၍ ပြောပြသည်ထင်၏၊ ခဏအကြာ ပြန်ထွက်လာပြီး ထိုနိုင်ငံခြား ဧည့်သည်များ လုံချည် (ပုဆိုး) လဲဝတ်နိုင်းပြီးမှ အထဲဝင်စေရာ ကျွန်မတို့လည်း ဝင်ခွင့်ရခဲ့သည်၊

ဆရာအရှင်ရှေ့မှောက်သို့ ရောက်ရှိသောအခါမှာ ကျွန်မတို့ ရှိခိုးဦးချ ထားကြည့်ပြီး သူ ကန်တော့ပါသည်၊ သူ၏ မျက်စိအမြင်မှာ ဆရာတော်၏ ကျောင်းသခ်မ်းအတွင်းရှိသာသနာနှင့်ဆိုင်သော ရုပ်ပွားဆင်းတုတော်များ၊ ချပ်တုများ၊ အခြားပစ္စည်းများကဖမ်းစားခြင်းခံရသူနယ်တအံ့တသြငေးမော ကြည့်လို့နေပါသည်၊

www.burmeseclassic.com

ဆရာတော် မေးသမျှ စကားပြန်မှတစ်ဆင့်ဖြေကြားရင်း ကျွန်မတို့လည်း သိရှိခွင့်ရခဲ့ပါတော့သည်။

ဂန္ထီရစာပေ၊ ဝါသနာပါသူ စာဖတ်ပရိသတ်အတွက် တကယ့်ဖြစ်ရပ်မှန်ဖြစ်၍ သိခွင့်ရစေရန် ဖွင့်ဖော်ပေးလိုက်ရပါတော့သည်။

—✧—

ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့လမ်းမကြီးရှိရာသို့ဖွန်မောင်းလျှောပိပ်လမ်းမှတစ်ဆင့် ဦးတည်သွားနေသော ခဲမင်ရောင်ကားလေးသည်ကျွဲရာလမ်းပေါ်ဝယ် တရိပ်ရိပ်ပြေးလို့ နေလေသည်။

ကားပေါ်မှာ လိုက်ပါလာသူသုံးဦးတွင် အရှေ့တောင်အာရှတစ်ခွင်ဝယ် သတ္တုမအဆင့် နေရာယူထားသော ဘီလျံနာစာရင်းဝင် "မစ္စတာ မက်သယူး" ကိုယ်တိုင် ကားမောင်းသူနေရာမှာ ထိုင်မောင်းကာ ဧည့်သည်များဖြစ်သည့် မြန်မာနိုင်ငံ မိုးကုတ်မြို့မှ အကြီးမားဆုံး ကျောက်မျက်ရတနာကုမ္ပဏီ "ရောင်စဉ်ခုနစ်သွယ်" ပိုင်ရှင် ဦးထင်အောင်နှင့် ဇနီးဖြစ်သူ ဒေါ်သီရိမိုတို့အား သွားရောက်ကြိုဆိုလာခဲ့ခြင်း ဖြစ်ပါသည်။

မစ္စတာ မက်သယူးနှင့် အင်တာနက်မှတစ်ဆင့် ကျောက်မျက်ရတနာတွင်းများ ဖက်စပ်အတူတူ လုပ်ကိုင်ခြင်းနှင့် "ရတနာ" ကုမ္ပဏီ အရောင်းခန်းမများ၊ နိုင်ငံတကာဈေးကွက်တွင် အတူတူပူးပေါင်း လုပ်ကိုင်ကြရန်အတွက် ထိုင်းနိုင်ငံရှိ ပါမ်စ်ရှိုင်ရွယ် ဟိုတယ်ကြီးတွင် တွေ့ဆုံကြရန် စကားပြောဆိုရန် Apointment ပြုလုပ်ထားသဖြင့် လာရောက်ရခြင်း ဖြစ်ပါသည်။

သူဌေးကြီးကိုယ်တိုင် လာကြိုလိမ့်မည်၊ ကားမောင်းပို့မည်ဟု မထင်ထားကြပါ။

ကားအနောက်ခန်းမှာထိုင်၍လိုက်ပါလာရင်းထိုင်းနိုင်ငံ၏ရှုခင်းရှုကွက်အလှအပများအား ငေးမောကြည့်ရှု၍မနေနိုင်ပဲ ဒေါ်သီရိမိုတစ်ယောက် မိမိဘာသာ မိမိစိတ်ဖြင့် စကားတွေ ပြောနေမိတော့သည်။



"ကြော် – စိတ်မှာ မစ္စတာ မက်သယူးဆိုလို့ အသက်ကြီးကြီးထင်ထားတာ မသကာရှိလှ သုံးဆယ့်ငါးအရွယ်လောက်ပဲရှိပေမယ့် ခုလိုငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလောကမှာ သူဌေးကြီးဘွဲ့ခံယူရတာ နည်းတဲ့ရှေးကုသိုလ် မဟုတ်ပေဘူး"

ဟု – စိတ်ထဲမှ ပြောရင်းကပင် သူဌေးကြီးသည် ကိုယ်စားလှယ်မလွှတ်ဘဲ မာန်မာနမရှိ၊ ကိုယ်တိုင်ကားမောင်း၍ လာကြိုသဖြင့် ပို၍လေးစားသွားရပါသည်။

ဒေါ်သီရိမို၏ အတွေးစများ မဆုံးသေးပါ။

"နာမည်ကသာ ဥရောပ စတိုင်မှည့်ထားတာ၊ လူက တရုတ်အနွယ်ဖြစ်ခယ်"

တွေးစရာများတွေး၍ ကောင်းနေဆဲမှာပင် ကားအရှိန်နှုန်းပြောင်းရန် စီသာမိုန်းလိုက်စဉ် ကားလမ်းအကွေ့ဝယ် ကားအရှေ့ဘက်ထဲမှ လျှောကျထွက်လာသော ပုတီးကုံးလေးကို မြင်တွေ့ရလေသောအခါမှာ ဒေါ်သီရိမို နှုတ်ဆိတ်နေလို့မရတော့။ မေးမြန်းချင်စိတ်၊ သိချင်စိတ်တို့ အားကောင်းမောင်းသန်ဖြစ်နေသည့်အတွက် ...

"ကျေးဇူးပြု၍ မေးခွင့်ပြုပါ – မစ္စတာမက်သယူး"

"မေးပါ ခင်ဗျာ ..."

"ခုနက စိပ်ပုတီးတွေ့လိုက်လို့ပါ၊ အဲဒါ ... လူကြီးမင်းက ဗုဒ္ဓဘာသာထားလို့ သိချင်လို့ပါ"

"ကြော် ... အဲဒါလား၊ ငါက တရုတ်နွယ်ဖွားဆိုပေမယ့် ဘာသာအတိအကျ ခုထိ မရေရာသေးပါဘူး"

"ဒါဆို – ဒီစိပ်ပုတီးက မင်းပစ္စည်းမဟုတ်ဘူးပေါ့"

"စိပ်ပုတီးက ငါ့ရဲ့ပုတီးပါ။ ဘာကြောင့် ငါပုတီးစိပ်ရတယ်ဆိုတာ သိချင်သေးလား၊ အင်း – ပြောပြရရင်တော့ အကြောင်းအရာက ရှည်လျားသွားမယ်။



www.burmeseclassic.com

www.burmeseclassic.com

ငါ့မှာ ခေါင်းစဉ်တပ်မရတဲ့ အာရုံကြောရှုပ်ထွေးမှု ဝေဒနာဆိုးကြီး အစဉ်အမြဲ ခံစားနေရပါတယ်။

ကမ္ဘာအနှံ့အပြားက စိတ်ပညာဆိုင်ရာ ပါရော်ဖက်ဆာကြီးတွေနဲ့ ပြကြည့်တာလည်းမပျောက်ပါဘူး။ သူတို့လည်းလက်လျှော့ထားရတဲ့ဝေဒနာပါ။ ဒါပေမဲ့ - တိဗက်လားမား ဘုန်းတော်ကြီးတစ်ပါးနဲ့ တွေ့ပြီးနောက်မှာ ဗုဒ္ဓံ (ဗုတ်ဓမ်)၊ ဓမ္မံ (ဓမ်မံ)၊ သံဃံ (သံဂမ်) လို့သင်ပေးတယ်။ အဲဒါဆိုရွတ်တော့မှ စောစောက ပုတီးကုံးလေး ပေးတယ်။

ပုတီးစိပ် သင်ပေးတယ်၊ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံဆိုပြီး ဒါပုတီးစိပ်နေရင် ငါ့ရဲ့ ဝေဒနာ သက်သာလာတာ"

"ဒါဆို - လူကြီးမင်းရဲ့ဝေဒနာက ပုတီးစိပ်တာနဲ့ ဆိုင်တာပေါ့"

"ဆိုင်မယ်ထင်တာပဲ - ငါ့ဝေဒနာကနှလုံးရောဂါ၊ ကင်ဆာရောဂါ၊ ဘရိန်းကျူမားရယ်လို့ ရောဂါအမည်တပ်မရတဲ့ စိတ်အာရုံဝေဒနာ ခံစားနေရတာပါပဲ။ ငါ့ဝေဒနာကို အစလို ပွင့်ပွင့်လင်းလင်းပြောပြလို့ စိတ်ကသိကအောက်ဖြစ်သွားရင် တောင်းပန်ပါတယ်"

"အို - သည်လို အတွေးမျိုး ရှိမနေပါဘူး။ လူကြီးမင်းရဲ့အကြောင်းအရာကို အလွန်ပဲ စိတ်ဝင်စားနေမိပါတယ်"

ဒေါ်သီရိမို၏ စကားကြောင့် မစ္စတာ မက်သယူးမျက်နှာမှာ ပြုံးရွှင်သွားပြီး...

"မင်းတို့တကယ် စိတ်ဝင်စားရင် ငါ့ရဲ့ဖြစ်စဉ်ကို သေသေချာချာ ပြောပြချင်ပါတယ်"

"ပြောပြမယ်ဆိုရင် ကျွန်မတို့ကလည်း သေသေချာချာ နားထောင်ပေးပါ့မယ်၊ လူကြီးမင်းကသာ အချိန်ပေးနိုင်မယ် ဆိုရင်ပေါ့လေ"

မစ္စတာမက်သယူးမျက်နှာ ပို၍တောက်ပသော အပြုံးမျက်နှာဖြင့် -

"အိုကေ - ငါ့ရဲ့စိတ်အာရုံလှိုင်းမှာ မင်းတို့ကို ပြောပြခဲ့ရင် ငါ့ရဲ့ခံစားရတဲ့ ဝေဒနာပျောက်အောင် ကုသပေးနိုင်မယ့် ဆရာသခင်ကို တွေ့ရှိခွင့်ရမယ်လို့ ယုံကြည်ပြီး သိနေတယ်"



"လူကြီးမင်းရဲ့ နှုတ်ထွက်စကားတွေက လွန်စွာထူးခြားဆန်းကျယ်နေပါတယ်။ ဟိုတယ်ရောက်ပြီး ခဏတော့ နားမယ်၊ ပြီးရင် စကားပြောကြတာပေါ့"

"ကောင်းပါတယ် - ငါက မင်းတို့နဲ့ အလုပ်ကိစ္စဆွေးနွေးဖို့ သုံးရက်၊ အလုပ်ကိစ္စတွေ လွှဲအပ်ထားခဲ့တာမို့ အေးအေးဆေးဆေး ပြောကြတာပေါ့"

မစ္စတာ မက်သယူး တစ်ယောက်၊ ယခုမှပင် စိတ်ရောလူပါ ပေါ့ပါးမှု အရှိဆုံးအချိန်ဟု ပြောရပေမည်။

တကယ်တော့...

တရုတ်နွယ်ဖွားဖြစ်သော်လည်း အမေရိကားမှာ ပညာသင်ပြီး ဥရောပလူကုံထံအသိုင်းအဝိုင်းတွင် ဝင်ဆံ့ခွင့်ရရန် အနောက်တိုင်းအမည်ကိုသာ မှည့်ခေါ်သုံးစွဲခဲ့ခြင်းဖြင့် "မစ္စတာမက်သယူး" တစ်ယောက် အရှေ့တောင်အာရှစီးပွားရေး လောကထဲသို့ ဝင်ရောက်လာခဲ့စဉ်...

မမျှော်လင့်သော တစ်နေ့ - အိပ်ပျော်စဉ် အိပ်မက်လေလား၊ စိတ်ဝေဒနာများလားဟု ခွဲခြား၍မရသော ထူးခြားဆန်းကြယ်သော မြင်ကွင်းဆန်းများ၊ ပုံရိပ်ရှင်များကို အစဉ်အမြဲလိုပင် တွေ့မြင်နေရခြင်း ဖြစ်ပါသည်။

တစ်ခါတစ်ရံမြင်တွေ့ရှုမြင်ကပုံရိပ်ရှင်များထံမှစကားများစွာပြောကြားလေရာ သူ၏ အသိစိတ်ဝယ် သူတို့မျိုးနွယ်စု၏ ရင်းနှီးကျွမ်းဝင်မှု မရှိသည့် ဘာသာစကားဖြစ်နေ၍ အဓိပ္ပာယ်ဖော်ဆောင်မရဖြစ်လို့နေပေသည်။

တစ်နေ့...

တစ်ရက်...

တစ်လ...

ကာလမျှမက အမြဲလို ခပ်စိပ်စိပ်ထင်ဟပ်လာသော ပုံရိပ်ရှင်အိပ်မက်ဆန်းများကြောင့် "မစ္စတာ မက်သယူး" မှာ အိပ်ပျက်ညများစွာ ကြုံတွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် …

ထိုအိမ်မက်မျိုးမက်တိုင်း ပုံရိပ်ရှင်များအား မြင်တွေ့ဆုံပြီးလေတိုင်း မွေတာ မက်သသယူး၏ စိတ်နှလုံးဝယ် ဝမ်းနည်းကြေကွဲမှုလား၊ အောက်မေ့တမ်းတမှုလား မခွဲမရ၊ သူ၏ နှလုံးသားအစုံအား ဆုပ်ကိုင်ခံရသည့်နှယ် ခံစားမှုများက တနင့်နင့်တသသ ကျန်ရစ်ခဲ့ရစမြဲ ဖြစ်လို့နေသည်။

အိပ်မက်ရိုပ်ထဲတွင် ရွှေရောင်တောက်ပနေသော စုလစ်မွန်းချွန်၊ အဆောက်အအုံများကြားမှာ "မက်သသယူး" ၏ ယခု ရုပ်ခန္ဓာမဟုတ်သော ပြီးခဲ့သော "မက်သသယူး" ဘဝတစ်ခု၏ လှုပ်ရှားသွားလာနေထိုင်မှုများက သူ့စိတ်ဘဝမှာ နာကျင်၊ တသ ဝေဒနာဖြစ်ခဲ့ရတာ အမှန်ပင် …။

မိတ်ဆွေ၊ သူငယ်ချင်းများအား ထိုသို့သော အရပ်ဒေသ ရှိလေမလားဟု မေးတော့လည်း မသိကြပေ၊ ရောက်သည့်အရပ်မှာ ရှာဖွေသော်လည်း ဆင်တူသယောင်နှင့် မသေချာမှုကိုသာ ခံစားရလေ၏။

ကြာလေ – အိပ်မက်ရှည်များက ခပ်စိပ်စိပ်မှ နေ့စဉ်ကြုံတွေ့လေသော အခါမှ "မက်သသယူး" ၏ စိတ်အာရုံတို့ နွမ်းနယ်ကာ လုပ်ငန်းခွင်မှာ မပျော်ရွှင်နှင့် အတော်ကြီးပင် စိတ်နှင့်လူ အိပ်မက်နှင့် နပန်းလုံးခဲ့ရတာ ကြာရှည်လာတော့သည်။

သူ၏မိဘများက သားဖြစ်သူ ခံစားနေရသော ဝေဒနာများ လျော့ပါးစေရေးအတွက် သူတို့ တိုင်းပြည်ရှိ စိတ်ကျန်းမာရေး၊ အတိုင်ပင်ခံများ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် တုသပေးသော်လည်း မပျောက်ကင်းခဲ့ပေ။

ဗြိတိန်၊ အမေရိကားရှိ ပညာရှင်များပါ အကူပေးလက်မြှောက်ခဲ့ရသည်။

"သားရေ – မားမားတို့ကတော့ သားအတွက် အိမ်ထောင်ဖက်ကောင်းရှာပြီး အိမ်ထောင်ပြုစေချင်ပြီ"

မိဘ၊ ဆွေမျိုးများအမြင်ဝယ် အိမ်ထောင်ပြုလိုက်မှသာ သူ၏ စိတ်အာရုံများ ပြောင်းလဲသွားမည်ဟုထင်ကာ အကြံပေးကြခြင်း ဖြစ်လေသည်။

နောက်ဆုံးတော့ …



"စိတ်ပြေလက်ပျောက် ခရီးထွက်ခွင့်ပြုပါ မားမား"

တကယ်တော့ – မွေတာမက်သသယူးတစ်ယောက် လုပ်ငန်းခွဲထွင်ခြင်းနှင့် စိတ်ပြေလက်ပျောက်၊ "ထိုင်း" နိုင်ငံဘက်သို့ ခရီးဆန့်ခဲ့တော့သည်။

ဗုဒ္ဓဘာသာ၊ အဆောက်အအုံများတွေ့လျှင် ဘုရားကျောင်းကန်များ မြင်ရလျှင် သူ၏ အိပ်မက်၊ အာရုံထဲမှ ပုံရိပ်များနှင့် ခပ်ဆင်ဆင်မှုသာတူပြီး ကွဲပြားခြားနားမှု ရှိနေတာကို ခံစားသိရှိရလေသည်။

မိသားစုလုပ်ငန်းဖြစ်သော စက်ရုံ၊ အလုပ်ရုံမှ လုပ်ငန်းခွဲထွက်ကာ ကျောက်မျက်ရတနာလုပ်ငန်းလုပ်ကိုင်ရန် အစပျိုးရင်း ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ ကူးသန်းသွားလာ၊ လုပ်ကိုင်ရင်း ထိုင်းနိုင်ငံသူ "ဆုမ်" နှင့် တွေ့ဆုံ ချစ်ကျွမ်းဝင်ပြီးနောက် လက်ထပ်ခဲ့သည်။

သူ၏ မိဘများမှာ လူမျိုးနွယ်မတူသော်လည်း သားဖြစ်သူ၏ စိတ်ဝေဒနာ တည်ငြိမ်စေရေးအတွက် သဘောတူ၊ ကြည်ဖြူခွင့်ပြုခဲ့လေသည်။

အိမ်ထောင်ကျခါစ လပိုင်းမျှသာ "မက်သသယူး" ၏စိတ်ဝေဒနာအိပ်မက်များက အေးချမ်းသွားသော်လည်း သူက ပြီးသွားပြီဟု ထင်ခဲ့သည်။

စင်ကာပူနိုင်ငံနေထိုင်ရင်း ကျောက်မျက်ရတနာ ကုမ္ပဏီဖွင့်လှစ်ခဲ့သည်။ မိတ်ဆွေတစ်ဦး၏ ဆက်သွယ်ပေးမှုဖြင့် ဂျပန်ဘုန်းကြီးတစ်ပါးနှင့် ဆက်သွယ်ပေးသဖြင့် "ဇင်" ကျင့်စဉ်တို့ လိုက်စားခဲ့ပါသည်။

တစ်နေ့ …

မက်သသယူး၏ ကုမ္ပဏီရုံးခန်းအတွင်းသို့ "ကနေဒါ" နိုင်ငံသားမှ ကျောက်မျက် အကဲဖြတ်ပေးရန် ချိန်းဆိုလာ၍ ရုံးခန်းမှထိုင်စောင့်ခဲ့လေသည်။

ထိုကနေဒါနိုင်ငံသား ကုမ္ပဏီအတွင်းဝင်လာပုံ၊ လှုပ်ရှားပုံ မျက်နှာသွင်ပြင်တို့ မြင်ရသည်နှင့် စ္တေန့်ပိုင်းအတွင်း အမြင်အာရုံများ ပြောင်းလဲကာ ထိုလူ၏ရုပ်ခန္ဓာမှာပြုလဲကျပြီး အနီရောင်ရှိသန်မာ ကှင်းဘဝရောက်ရှိခြင်း အာရုံမှာ တွေ့လိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကနေဒါရတနာကုန်သည်ကြီးမှာ စားပွဲပေါ်မှ ကျောက်မျက်ရတနာဝန်း အား စိတ်မဝင်စားဘဲ သူ့အား စူးစူးစိုက်စိုက်၊ မျက်တောင်မခတ်ကြည့်ရှုနေ သော "မက်သယူး"အား လှမ်း၍ သတိပေးစကားပြောရသည်အထိပင် ...

"မိတ်ဆွေ – သူဌေးမင်းက စိန်ကဲ၊ ကျောက်ကဲ အမြင် လူကဲပါလေ့လာ သုံးသပ် အကဲခတ်နေပါလား"

"ဟင်း – ဟင်း – ကျွန်ုပ်ရဲ့ စိတ်ထဲမှာ မိတ်ဆွေကြီးရဲ့ အနာဂတ်မှာ ကျန်း မာရေးဆိုးဝါးမှု ကြုံတွေ့တော့မယ်လို့ မြင်နေလို့ပါ"

"ဟား – ဟား – ဟား – ကြံကြံဖန်ဖန်ပါဗျာ၊ ကျုပ်ရဲ့ ကျန်းမာရေးက ခေါင် ခေါင်မြည်ပါဗျာ။ အခုတစ်ခေါက်ပြန်လို့ အရောင်းအဝယ်ဖြစ်ရင် မိန်းမချော ချောလှလှလေးထပ်ယူပြီး ခင်ဗျားဆီ လာကြွားပြဦးမယ် – ဟုတ်ပြီလား"

အမှန်တော့ ကနေဒါကုန်သည်ကြီးသည် မက်သယူး၏ စိတ်အာရုံစွမ်း အားရှိမှုကို သိထားခြင်းမရှိသဖြင့် မယုံကြည်သောအကြည့်ဖြင့် ပြောလာ သောစကားကို ပြက်လုံးသဖွယ် ပြန်လည်ချေပ ပြောဆိုလာသောအခါ –

"စိန်ကောင်း၊ ကျောက်ကောင်း ရောင်းဝယ်ပြောဆိုရာမှာ – တန်ဖိုးမဲ့ နောက်ပြောင်စကား ပြောစရာမရှိပါခင်ဗျာ။ မိတ်ဆွေကြီး သည်တစ်ခေါက် ဝင်ကာပူကိုလာတာ နောက်ဆုံးခရီးဖြစ်လိမ့်မယ်လို့ ကျွန်ုပ် သိနေသလိုပဲ"

"ကျွတ် – ကျွတ် – ခင်ဗျားက တယ်လည်းအတည်ပေါက်နဲ့ နောက်တတ် သကိုး"

ဟု – မယုံကြည်စွာပင် သရော်တော်တော်အကြည့်ပင်အကြည့်ခံလိုက် ရသေးသည်၊ သို့သော် – မက်သယူး အကဲဖြတ်ပေးသည့် အမြတ်အစွန်းရရှိ မည့် ကျောက်မျက်များစွာဝယ်ယူကာ ကနေဒါသို့ပြန်သွားလေတော့သည်။

သည့်နောက်ပိုင်းမှစ၍ မက်သယူး၏ဆဋ္ဌအာရုံဟုခေါ်ရမည်လားမသိ၊ နောက်တစ်နေ့ လုပ်ဆောင်ရမည့် အရေးကြီးလုပ်ဆောင်ချက်များကို ကြို တင်သိမြင်လာပြီး ဖြစ်လေသည်။



သူ၏စိတ်အာရုံပိုင်းဆိုင်ရာအပေါင်း။ပတ်ဝန်းကျင်ရှိလူများအထင်မြင် သေး လှောင်ပြောင်ခံရမည်စိုး၍ ဖွင့်လှစ်မဖော်ပြရဲသော်လည်း မက်သယူး ၏ ကိုယ်ပိုင်လုပ်ငန်း အနှောင့်အယှက်များအပေါ် များစွာကာကွယ်စောင့် ရှောက်နိုင်ခဲ့လေသည်။

"ညီမရေ – မနက်ဖြန် အစ်ကိုကုမ္ပဏီမှာမရှိတဲ့အချိန် ကျောက်ရောင်းချ တဲ့ သူများလာခဲ့ရင် လက်မခံပါနဲ့၊ မဝယ်ပါနဲ့၊ သတိထားပြီး ရောင်းဝယ်ကြ ပါ"

သေချာစွာ မှာကြားပြီးမှ အခြားအလုပ်ရှိရာသို့ ထွက်လာခဲ့သည်။ နေ့ လယ်ပိုင်းမှာတော့ ဖနီးဖြစ်သူ "ဆုမ်" ထံမှ ဖုန်းဆက်ပြောလာလေသည်။

"အစ်ကိုရေ – တကယ့်ကို ကံကောင်းတာပဲ သိလား။ မနက်က ဆိုင်ဖွင့် ဖွင့်ခြင်း၊ လူနှစ်ဦးရောက်လာတယ်။ ကျောက်ရောင်းချင်လို့ ပြောလာတယ်။ ညီမလည်း အစ်ကိုမှာထားတဲ့အတွက် လုံးဝမယူခဲ့ဘူး။ အဲဒီလူတွေ ဆိုင်တ ခြမ်းအထွက်မှာ ရဲတွေ စောင့်ဖမ်းပြီးခေါ်သွားတော့တာပဲ၊ တော်သေးတာပေါ့ ဆိုင်မှာ သက်သေအမှုပတ်တော့မလို့ – အစ်ကိုရဲ့ နှုတ်ထွက်စကားက အလွန် မှန်ပါပေတယ် ကျေးဇူးပါပဲ အစ်ကိုရယ်"

ဤကဲ့သို့ ဆိုးကျိုးများ မကြုံတွေ့စေခဲ့သလို အလွန်အဖိုးတန် ရှားပါး သော ကျောက်မျက်ရတနာများ ဘယ်နေ့၊ ဘယ်အချိန် လာရောင်းမည်ဟု မက်သယူး၏ ပုံရိပ်ရှင်များက အိပ်မက်နှင့် ကြိုတင်အာရုံပေးလာသဖြင့် တကယ်လက်တွေ့ ကြုံတွေ့ရကာ ပစ္စည်းကောင်းများရရှိခဲ့တာ အကြိမ်ကြိမ် ဝင်း၊

သည်လိုနှင့် ...

ခြောက်လခန့်အကြာမှာ ကနေဒါကုန်သည်ကြီးထံမှ Fax စာကြေးနန်း ရောက်ရှိလာပါသည်။

မိတ်ဆွေကြီး မစ္စတာ မက်သယူးခင်ဗျား –

ဝင်ကာပူကိုလာစဉ်က ကျွန်ုပ်အတွက် ကျန်းမာရေးသတိပေးခဲ့တာ ပြောခဲ့တာမှန်ပါပေတယ်။



www.burmeseclassic.com

www.burmeseclassic.com

မမျှော်လင့်ဘဲ ကျွန်ုပ်မှာ လေသင်တုန်း ဝေဒနာခံစားရပြီး ရုတ်ခြည်းပင် အိပ်ရာထက်မှာ လဲလျောင်းနေရပါပြီ။ မိတ်ဆွေကြီး ပြောကြားသကဲ့သို့ ဝင်ကာပူနိုင်ငံသို့ နောက်ဆုံးလာရခြင်း အချက်မှန်ပါပေတယ်။

ယခု စာကိုတော်င် အနီးနားရှိ ဘေးလူကို အားကိုးပြီး ရေးသားပို့နိုင်းရခြင်း ဖြစ်ပါတယ်။

ကျွန်ုပ်အားနီမိတ်များ၊ ပြောကြားပုံမှန်ကန်ပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေများ လာရောက်ပြီးတွေ့ဆုံခွင့်ပြုပါရန် Apointment တောင်းခံအပ်ပါသည်။

—◇—

"အဲဒီ ကာလကစပြီး ငါ့ရဲ့ဘဝမှာ ကမ္ဘာ့အရပ်ရပ်က သူဌေးကြီးတွေ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ နာမည်ကြီးတွေရဲ့ အနာဂတ်ရေး အကောင်း၊ အဆိုးမေးခွန်းတွေကို ဖြေကြားရတဲ့ အာရုံနိမိတ်ပြောကြားသူ ဖြစ်လာရတယ်။

မိနစ်၊ စက္ကန့်မခြား ပြောကြားရတဲ့ ဝင်ငွေဟာ ရတနာကုမ္ပဏီရဲ့ ဝင်ငွေထက် ဆယ်ဆသာပါတယ်။ ဒါပေမဲ့ – ငါ့မှာ ဒီလို ဘာလို့ဖြစ်လာရတာလည်း ဒီလိုအာရုံခံပြီး ပြောရ၊ ဆိုရတဲ့ အလုပ်ကို ငါမပျော်ပိုက်ပါဘူး"

မစ္စတာမက်သယူးတစ်ယောက် သူ တွေ့ကြုံခဲ့ရသမျှကို ပြောပြရင်း မျက်နှာပြင်ဝယ် စိတ်ကျဉ်းကျပ်စွာ ခံစားနေရမှုကို ပေါ်လွင်လို့နေသည်။

မစ္စတာ မက်သယူး၏ စကားအဆုံးသတ်မှာ ဒေါ်သီရိမို၏ အတွေးစတစ်ခု လျှပ်ခနဲ စီးဝင်လာပြီး …

"လူကြီးမင်း မြန်မာပြည်ကို ရောက်ဖူးပါသလား"

"ဟင့်အင်း – မရောက်ဖူးသေးပါဘူး"

"လူကြီးမင်း – လုပ်ငန်းလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်ပါစေ မြန်မာနိုင်ငံကို ရောက်အောင် သွားစေချင်ပါတယ်"



"မင်းတို့ အကြံဉာဏ်ပေးလာတော့ ငါတကယ် သွားချင်လာပြီ။ ဒါပေမဲ့ မင်းတို့ နိုင်ငံက ဝင်ရောက်ခဲ့ပါတယ်"

"ကိုယ့်ဘက်က မှန်မှန်ကန်ကန် အထောက်အထားရှိရင် မြန်မာပြည်က တံခါးဖွင့်ထားပါတယ်။ ကျွန်မဆီမှာ မြန်မာပြည်ရဲ့ ဒေသန္တရ အခွေပါလာတယ်။ ကြည့် – ကြည့်ပါ"

"ကောင်းသားပဲ – မရောက်ဖူးခင် လေ့လာခွင့်ရတာပေါ့"

သည်လိုနှင့် မစ္စတာမက်သယူးနှင့် စကားဝိုင်းမှာ အဲလုပ်ကိစ္စ စတား မပါသေးဘဲ အချိန်ကုန်ကာ နှုတ်ဆက်ခဲ့ကြလေတော့သည်။

နောက်တစ်နေ့ နံနက်အစောကြီး ရောက်ရှိလာပြီး မစ္စတာ မက်သယူး ကိုယ်တိုင် လက်ဖက်ဝိုင်းနှင့် ညှိခံကာ မြန်မာ့ရေ၊ မြေ ဒေသန္တရ အခွေပြန်ပေးရင်း –

"သိပ်ကို စိတ်နှလုံးအေးချမ်းစေတဲ့ မြန်မာပြည်ပဲ၊ ဒါကိုကြည့်ပြီး ငါ့အိပ်မက်က ပုံရိပ်ရဲ့အဖြေက မင်းတို့တိုင်းပြည်မှာ ရှိလိမ့်မယ်လို့ ယုံကြည်နေတယ်။ နောက်ပြီး – ငါ့ရဲ့ စိတ်အာရုံမှာ မင်းတို့တိုင်းပြည်မှာ မင်းတို့ရဲ့ ဆရာတောင်းရှိတယ်လို့ ခံစားနေရတယ်၊ ဖြစ်နိုင်ရင် ငါ့ကို အဲဒီဆရာနဲ့ တွေ့ဆုံပေးချင်ပါတယ်"

စကားများပြောဆိုရင်းမှ မစ္စတာမက်သယူး၏ မျက်ဝန်းများ ပိုမိုတောက်ပလာကာ အလေးအနက် ပြောဆိုနေခြင်းဖြစ်ကြောင်း အံ့အားသင့်ခဲ့ရသည်။

ချက်ချင်းကြီး ပြန်လည်ဖြေကြားပြောဆိုနိုင်ရန် စဉ်းစားချင့်ချိန်နေရလေသည်။

တကယ်လည်း ဒေါ်သီရိမိုတို့မိသားစု ဆည်းကပ်ကိုးကွယ်သော ဆရာတော်အရှင်သူမြတ်သည် အရှေ့ဝါသီ တောရပ်မိကာ ဝိပဿနာတတ်ပေါက်မြောက်၍ လောကတစ်ခွင် ခေါင်းဝင်၊ ဖြေဆန်နိုင်သည့် အရှင်သူမြတ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်…

အကြောင်းမသိ၊ ဓာတ်သက်မမိပါက တော်ရုံသူစိမ်း ဖူးမြော်ခွင့်မရကြပါ။ စည်းအထပ်ထပ်ရှိသော ဆရာတော်ဖြစ်၍ တွေ့ဆုံနိုင်ဖို့ဆိုတာ လွန်စွာပဋ္ဌာန်းဆက်ကြီးမားသူမှသာ ပါရမီဓာတ်ခံရှိလေမှ ဖူးခွင့်ရရှိကြပေသည်။

အနောက်တိုင်းသားဓာတ်ခံနှင့်ကြီးပြင်းလာပြီးလူမျိုးမတူ၊ ရွှေ့ရိုက်၊ ဘာသာအယူဝါဒ မတူညီသော လူမျိုးခြားတစ်ဦးအား ဆရာအရှင်မြတ်နှင့် တွေ့ဆုံပေးဖို့ရန် ခက်ခဲလှပေသည်။ ဆရာအရှင်မြတ်အား စိတ်အနှောင့်အယှက် ဖြစ်ပေါ်သွားမှာလည်း အလွန်ပင်စိုးရိမ်နေမိပြန်သည်။

မစ္စတာ မက်သယူးအား ဆရာတော်၏ သာသနာ့မြေ၊ စည်းမျဉ်းစည်းကမ်းများ၊ အယူဝါဒများ မတူညီသူအား နားလည်သဘောပေါက်စေရန် ရှင်းပြဖို့က အတော်ကြီးစားရှင်းပြနိုင်မှ တန်ကာကျပေမည်။

နားလည်သဘောပေါက်မှု၊ လွဲချော်သွားပါက အကျိုးတူပူးပေါင်း လုပ်ကိုင်မည့် လုပ်ငန်းအခွင့်အရေးများ ဆုံးရှုံးသကဲ့သို့ မြန်မာလူမျိုးများအပေါ် ဘာသာ၊ သာသနာအပေါ်အထင်မြင်လွဲသွားမှာတစ်မျိုးမြင်သွားမှာအစိုးရိမ်ပိုနေမိပါသည်။

ဦးထင်အောင်ကလည်း ဖနီးဖြစ်သူအား လှမ်း၍ကြည့်ပြီး အကဲခတ်မျက်ဝန်းဖြင့်…

"ဘယ်လို သဘောရသလဲ" ဆိုသည့် အကဲခတ် မေးခွန်းပါသော အကြည့်ဖြင့် ကြည့်နေပြန်ရာ…

အလွန်ပင် အာရုံထူးကဲစွာ မနောဓာတ်ခံရှိသော မစ္စတာမက်သယူး၏ နှုတ်မှ မင်းတို့မှာ အကျပ်အတည်း ဖြစ်နေပုံရတယ်၊ ငါ-မင်းတို့ဆရာရဲ့ တပည့်ရင်း ဖြစ်ခွင့်ရအောင် ညွှန်ကြားသမျှ နာခံပါ့မယ်လို့ ကတိပေးပါတယ်"

တောင်းခံသူကလည်း လိုလိုချင်ချင် တောင်းခံနေတော့သည်။ အမှန်ပင် မစ္စတာမက်သယူး၏ စိတ်အာရုံခံစားနေမှုက သူ့အတွက် ဝေဒနာတစ်ရ



ဆွယ် ဖြစ်ပေါ်နေသကဲ့သို့ ထင်မြင်ယူဆကာ စိတ်ဆင်းရဲခြင်းကြီးစွာ ရင်ဆိုင်ကြုံတွေ့နေပုံရသဖြင့် အချိန်မဆိုင်းဘဲ ရှင်းပြမှ ဖြစ်တော့မည်။

"ဒီလိုပါ လူကြီးမင်း - ကျွန်မတို့ရဲ့ဆရာသမားဟာ အခုလို လူကြီးမင်းတျှော်ဆောင်နေသည့် "ဖင်" ကျင့်စဉ်နှင့် နေလိုသော ဆရာသမားအကျင့်ပုံစံမျိုးနှင့် လုံးဝမတူ၊ ကွဲပြားခြားနားပါတယ်၊ ကျွန်မတို့၏ ဆရာသမားသည် မြတ်ဗုဒ္ဓ၏ သားတော်အဖြစ်ခံယူကာ ဝေနေယျသတ္တဝါ အားလုံးအပေါ်မှာ ဆင်းရဲဒုက္ခမှ ကင်းလွတ်စေခြင်းငှာ သူ ကျင့်ကြံအားထုတ်ခဲ့သော ပါရမီရှင်ဓာတ်သက်များဖြင့်တရားလိုသူအတွက်တရား၊ ဆေးလိုသူအတွက်ရေဆေးဖြစ်စေကာ သတ္တဝါအပေါင်း အသက်ချမ်းသာရာ ရခဲ့ကြပေတယ်"

ဒါပေမဲ့…

ဆရာအရှင်မြတ်က မြို့ရွာ၊ လူနေနဲ့ ဝေးကွာသော တော၊ တောင်အရပ်မှာသာ မှီတည်၍ သံသရာလွတ်မြောက်ရာ အကျိုးအတွက် သီလသိက္ခာ သမာဓိသိက္ခာ၊ ဆောက်တည်ရင်း အားထုတ်နေထိုင်သူမို့ မင်းတို့တိုင်းပြည်ရှိ ဘာသာ့နာပြုပုဂ္ဂိုလ်များလို တစ်ဆောင်၊ တစ်ပေါင် ခမ်းနားထည်ဝါစွာ နေတဲ့ သဘာဝအတိုင်း သစ်သား၊ ဝါးနဲ့ ဆောက်လုပ်ထားတဲ့ တစ်ပါးစံ ကျောင်းမှာ ဧကစာရီ ကျင့်သုံးနေပါတယ်"

"အို - မင်းတို့ပြောရုံမျှနှင့်ပင် ဆရာ့ကို တွေ့ချင်စမ်းပါဘိ"

"ကျွန်မတို့ရဲ့ဆရာသမားနှင့်တွေ့ဆုံရန် အခွင့်အလမ်းက လူကြီးမင်းနဲ့ ဆရာအရှင်မြတ်တို့ အတိတ်ဘဝများစွာက ပဋ္ဌာန်းဆက်ကြီးမားခဲ့ရင် ရတ်တိုင်း လပိုင်းအတွင်း တွေ့ဆုံခွင့်ရနိုင်ပါတယ်။ ဒါပေမဲ့ - ဆရာအရှင်မြတ်တာ သူ၏ ဓာတ်ပိုင်းဆိုင်ရာ စည်းကမ်းနှင့် မညီညွတ်သူဆိုရင်တော့ ဖူးတွေ့ခွင့်ရရန် လိုက်ရှာလည်း ဘယ်ခါမှမတွေ့ဆုံဖြစ်တဲ့ ထူးခြားမှုလည်း ရှိနေပါတယ်"

"အင်း - ပြောတာကြားသိရလေပို၍စိတ်ဝင်တစားမြင်တွေ့ချင်စိတ်တဖွားဖွား စိတ်အတွင်းပိုင်းမှာ နက်နက်ရှိုင်းရှိုင်း စီးဝင်နေတာမို့ မင်းတို့ဆရာ့ရဲ့ ဆင်ညွှန်ချက်အတိုင်း ငါတစ်သွေမတိမ်း တိကျစွာနဲ့ နာခံပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

အထပ်ထပ်အခါခါ တောင်းဆိုနေသော မစ္စတာမက်သယူး၏ မျက်ဝန်းများတွင် လေးနက်မှုအသွင်ဆောင်နေတာ သိသာထင်ရှားလို့နေသည်မို့ ဒေါ်သီရိမှ ဆက်လက်ရှင်းပြရန် ဆုံးဖြတ်လိုက်လေသည်။

"လူကြီးမင်းရဲ့စိတ်ဆန္ဒပြင်းပြမှုတော့ ကျွန်မတို့ရဲ့ဆရာအရှင်ရဲ့အခြေခံ စည်းမျဉ်းကို အကြမ်းဖျင်းပြောပြပါ့မယ်။ ဆရာအရှင်ဟာ သာသနာ့ပြုလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းကတည်းက ဝေနေယျ၊ သတ္တဝါအားလုံး အပေါ်မှာ မေတ္တာဗြဟ္မစိုရ် တရားနှလုံးသွင်းပြီး အသက်အသွေးပါတဲ့ အစာအာဟာရကိုမစားသုံးမှီဝဲဘူး။ နံပါတ်တစ်အချက် သက်သတ်လွတ်အစိုးသန် မဝင်ထားဘဲ ဆရာအရှင်နှင့် တွေ့ဆုံခွင့်ရရန် ခက်ခဲမှုတစ်ခု အပါအဝင်ပါပဲ"

ပြောနေရင်းမှ မစ္စတာမက်သယူးအား အကဲခတ်ရသေးသည်။ အနောက်တိုင်းယဉ်ကျေးမှုလေ့စရိုက်ဆန်ပြီး "ဝက်" သားကိုနှစ်သက်သော လူမျိုးစု အနေအထားမို့ သတိထား၍ ပြောပြရသော်လည်း တုံ့ပြန်စကားမဆိုဘဲ ရှုံ့မဲ့စိတ်ပိုက် နားထောင်လို့ နေသဖြင့် -

"နောက်တစ်ခုက မိမိကိုးကွယ်တဲ့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားအပေါ်မှာ ဘယ်အခါမှ မပြစ်မှားရဘူး။ နောက်ဆုံးတစ်ချက်က ငါးပါးသီလဆိုတဲ့ သူ့အသက်သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းခိုးယူခြင်း၊ အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်း၊ သူတစ်ပါးသားမယား၊ သားပျို သမီးပျိုစော်ကားခြင်း၊ စကားလိမ်ညာပြောဆိုခြင်းတွေ ပါဝင်တဲ့ မကောင်းမှုပြုခြင်း၊ ငါးမျိုးကို ရှောင်ကြဉ်နိုင်အောင် အကျင့်သီလ ဆောက်တည်နိုင်အောင် ကြိုးစားရမယ်"

"ဝှတ် - ဘဲရီးဝှတ် - ကောင်းလိုက်တဲ့ စည်းမျဉ်း။ ဒါတွေကို လိုက်နာနိုင်ရင် မင်းတို့ရဲ့ဆရာ အရှင်နဲ့ တွေ့ဆုံနိုင်ပြီလား"

လွန်စွာ စိတ်အား ထက်သန်နေသည့်အတွက် လမ်းကြောင်းပေါ်သို့ ရောက်အောင် ဆွဲတင်ပေးရန်သာ ရှိတော့သည်။



"လူကြီးမင်းထံမှာ ပြင်းပြတဲ့ ဆန္ဒရှိနေပြီမို့ ကျွန်မတို့ ဖေးမကောင်နေပြီမို့ ကူညီပါ့မယ်။ ဆရာအရှင်ကို ဖူးမြင်တွေ့နိုင်ဖို့ လူကြီးမင်းက ပထမဦးစွာ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူရပါမယ်။ ဒါကြောင့် "သရဏဂုံ" ဆောက်တည်ရပါမယ်။

"ကောင်းပါပြီ - ဘယ်လို ဆောက်တည်ရမလဲ"

"ဒီလိုပါ - ဗုဒ္ဓဘာသာဝင် မဖြစ်သေးသူကို ဘုရားရှင်ရဲ့ရှေ့မှာပဲဖြစ်ဖြစ် ရဟန်း၊ သံဃာရှေ့မှာပဲဖြစ်ဖြစ်၊ မိမိဘာသာပဲဖြစ်ဖြစ်၊ သရဏဂုံ ဆောက်တည်နိုင်ပါတယ်။ သရဏဂုံဆောက်တည်ဖို့ မရှင်းလင်းရင်၊ မဆိုတတ်ရင် ပြန်မေးပါ။ ဘုရားရှင် ချမှတ်ခဲ့တဲ့ သရဏဂုံကိုမှ မဆိုတတ်၊ မရှိနိုးတတ်လျှင် ဗုဒ္ဓ၏သားတော်အဖြစ် ခံယူထားတဲ့ ဆရာအရှင်နှင့်တွေ့ရင် လူကြီးမင်း ဘယ်ကဲ့သို့ ဂါရဝပြု ရှိခိုးဦးချနိုင်မှာလဲ"

"ဟုတ်ပါပြီ - တကယ့်ကို စံနစ်ကျ သေချာတိကျတဲ့ လမ်းစဉ်ပဲနော်။ ငါ ယုံယုံကြည်ကြည် လက်တွေ့ခံယူပါ့မယ်"

"ကောင်းပါပြီ၊ ဒါဆိုရင် - ဒီဘက်ကို ကြွပါ"

ဦးထင်အောင်မှ ဦးဆောင်ကာ ညွှန်ခန်းသို့ ခေါ်ဆောင်လာပြီး မြတ်စွာဘုရားရှင်၏ ပုံတော်ကားချပ် ပူဇော်ထားရာရှေ့တွင် ဖိနပ်ခြေအိတ်ချွတ်၍ သေချာစွာ ဆောင့်ကြောင့်ထိုင်ပြ၍...

"ဟောဒီလို - ကြောင့်အဖူးလို ဘုရားရှင်ရှေ့မှာ လက်အုပ်ချီပြီး ဒီလို အနေအထားနဲ့ထိုင်ပြီး သရဏဂုံဆိုပြီးရင် ဟောဒီလို ရှိခိုးဦးချပါမယ်"

ဦးထင်အောင်က ထိုခြင်းငါးပါးဖြင့် သေချာစွာ ဘုရားရှင်အား ကန်တော့ပုံကို အကြိမ်ကြိမ် သင်ကြားပေးပြီးမှ -

"ကောင်းပြီ - သရဏဂုံကို ပီပီသသ လိုက်ဆိုရပါမယ်။ လူကြီးမင်းဝတ်စားစိတ်တဲ့ ဗုဒ္ဓ၊ အဘိဓမ္မာ ပါပဲ ။ ဒါပေမဲ့ - အဓိပ္ပါယ်ကိုသိပြီး နှလုံးသားမှာ စွဲမြဲစွာ ဆောက်တည်နိုင်မှ ယုံယုံကြည်ကြည်နဲ့ ခံယူဆောက်တည်ရင် သရဏဂုံ စိတ်ကို မစွန့်လွှတ်သမျှ ဗုဒ္ဓဘာသာဝင် ဖြစ်နေပါတယ်။ လိုက်ဆိုတဲ့အခါမှာ ကျွန်တော်ရဲ့ ပါးစပ်၊ အဖွင့်၊ အပိတ်ကိုကြည့်ပြီး လိုက်ဆိုပါ။ အိုကေ - ရယ်ဒီ -"



www.burmeseclassic.com

www.burmeseclassic.com

"အို – ဓေ"

"ဗုဒ္ဓံ – သရဏံ – ဂစ္ဆာမိ"

ဒေါ်သီရိရှိမှအင်္ဂလိပ်စာလုံးပေါင်းဖြင့် စာရွက်မှာ ရေးပြကာ အသံထွက်လိုက်ဆိုစေ၏။

မစ္စတာ မက်သယူးတစ်ယောက် အခက်အခဲမရှိ ရွတ်ဆို၊ ရွတ်ဖတ်နိုင်တော့သည်။

"ဓမ္မံ – သရဏံ – ဂစ္ဆာမိ"

"သံဃံ – သရဏံ – ဂစ္ဆာမိ"

တပည့်နှင့် ဆရာတို့ စည်းဝါးကိုက်ညီစွာ ကြိုးစားသင်နေပုံက အတော်ကြီး တုတ်လို့နေသည်။

"ဗုဒ္ဓံသရဏံဂစ္ဆာမိရဲ့အဓိပ္ပာယ်တဗုဒ္ဓံ – မြတ်စွာဘုရားကိုသရဏံ – ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ – ယုံကြည် သိမှတ်၊ ကိုးကွယ်ပါ၏ အရှင်ဘုရား"

"ဓမ္မံ သရဏံ ဂစ္ဆာမိ" ဓမ္မံ – တရားတော်မြတ်ကို သရဏံ – ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ယုံကြည်သိမှတ် ကိုးကွယ်ပါ၏ အရှင်ဘုရား –

ဦးထင်အောင် ရှင်းပြခြင်းကို ဓေတ္တမျှနားပြီးမှ "ဗုဒ္ဓံဆိုတာ မြတ်စွာဘုရားရှင်ကိုပြောတာပါ။ ဟောဒီ – ဩကာသလောကတွင် နေထိုင်ကြသော သတ္တဝါအားလုံးတို့၏ တုနှိုင်းမရသော ဆရာတစ်ဆူဖြစ်ခြင်း "ဓမ္မံ" ဆိုတာ ဘုရားရှင်ဟောကြားဆုံးမခဲ့သည့်တရားကိုပြောတာပါ။ ကောင်းမြတ်သော အကျင့်ကိုဆောင်၊ မကောင်းသော အကျင့်ကိုရှောင်ရန်၊ ဟောကြားပေးခဲ့သော ဓမ္မတရားဖြစ်ပေတယ်၊ သံဃံဆိုတာ ဘုရားရှင်မျက်ကွယ်ပြုသောကာလတွင် ဘုရားရှင်ကဲ့သို့ တရား၊ ဓမ္မများ ဆက်လက် ရှင်သန် ပြန့်ပွားစေရန် သံဃာတော်ကို ဘုရားရှင်ရဲ့သားတော်လို့ သတ်မှတ်ခဲ့တာပါ။ ဒါကြောင့် ရတနာသုံးပါးဆိုတာ ဘုရား၊ တရား၊ သံဃာလို့ ဆိုခြင်းပါပဲ"

မစ္စတာမက်သယူးတစ်ယောက် ဗွီဒီယိုကင်မရာဖြင့် မှတ်တမ်းယူထားပြီး ဘုရားရှင်ရှေ့မှာ အကြိမ်ကြိမ်အခါခါ သရဏဂုံဆိုရင် ဝပ်တွားဦးချနေပုံ



ကြည့်ပြီး ဦးထင်အောင်နှင့် ဒေါ်သီရိရှိတို့မှာ ကြက်သီးမွေးညင်းထသည် အထိ ပီတိဖြစ်ပေါ်ခံစားနေရင်းမှ ယခုလို ပြည်ပခရီးမထွက်ခွာမီ ဆရာအရှင်မှိုရာသို့ သွားရောက်ကန်တော့စဉ် မိန့်ကြားခဲ့သည်ကို အမှတ်ရကာ တစ်ခန်း တစ်ခန်းပင် လက်ကိုင်အိတ်ထဲကို ဖွင့်၍ ရှာရတော့သည်။



"ညှို့သည်မှာ အစုပ်မြင့်မြင့်၊ အသားဖြူဖြူနိုင်ငံခြားသား ဖြစ်နေ၍ ပို၍အံ့ဩရလေသည်။ စကားပြန်မှတစ်ဆင့် ပြောသမျှ နာခံလုပ်ဆောင်နေပုံမှာ ကရုဏာသက်ဖွယ်ပင်။ လက်အုပ်လေးချီကာ ရိုကျိုးစွာ စံကျောင်းပေါ် တက်လာပြီး ဆရာတော်၏ရှေ့မှောက်မှာ ရှိခိုးဝပ်တွားရင်း စွဲစွဲနစ်နစ်ကြီး အထိန်းအကွပ်မရှိ အားရပါးရ ငိုရှိုက်ပါတော့သည်"



www.burmeseclassic.com

www.burmeseclassic.com

"အကာတို့ နိုင်ငံရပ်ခြားရောက်တဲ့အခါမှာ ထူးခြားတဲ့ လူနဲ့တွေ့ပြီ သရက်ာဝံ ထောင်းခံသူနဲ့ ကြုံဆုံခဲ့ရင် ကျွန်ုပ်ချိုးမြွှင့်လိုက်တဲ့ လက်စွပ်ကလေး ဝတ်ပေးလိုက်ပါ။ သူဟာတစ်ချိန်မှာသာသနာပြုပုဂ္ဂိုလ်ထူးဖြစ်လာဖို့မြန်မာ ပြည်ကို ရောက်လာလိမ့်မယ်၊ အကာတို့ ရည်ရွယ်ထားတဲ့ လုပ်ငန်းလည်း အောင်မြင်ပါလိမ့်မယ်"

ဆရာအရှင်၏ စကားကို ပြန်ကြားပေယာင်ရင်း - ကျောက်စိမ်းအသား ကို ထွင်းထု၍ ပြုလုပ်ထားသည့် လက်စွပ်အား မစ္စတာ မက်သယူး၏ လက် ယာဘက်၊ လက်ခလယ်မှာ ဦးထင်အောင်မှ ဝတ်ဆင်ပေးရင်း ဆရာအရှင် မိန့်ကြားခဲ့တာကို ပြန်ပြောပြစဉ် လက်စွပ်နှင့် လက်ချောင်းမှာ အံဝင်ခွင်ကျ ဝင်၊ မစ္စတာ မက်သယူး၏ မျက်ဝန်းတွင် ဝမ်းသာပီတိ မျက်ရည်များဝေ့သီ လို့နေလေသည်။

"လူကြီးမင်း၊ ဒါက - ဆရာအရှင်မြတ်ရဲ့ ဓာတ်ပုံပါ။ ဆရာအရှင်မြတ်ကို တွေ့ဆုံနိုင်ဖို့ သရက်ာဝံ ဆောက်တည်ပြီး ကိုးရက်သတ်သတ်လွှတ် အဓိဋ္ဌာန် ဝင်ကြည့်ပါ။ ဒါဆိုရင် ဆရာအရှင်မြတ်နဲ့ဆုံတွေ့ဖို့ ဝေးမဝေးတော့ဘူး"

"အိုကေ - အိုကေ - မင်းတို့ဓနီးမောင်နှံကိုမိုးနတ်မင်းကာငါ့ဆီပို့ဆောင် ပေးလိုက်သလိုပဲ၊ အစိုးအနဂ္ဂထိုက်တန်ပါပေတယ်၊ ဒါကြောင့် - မင်းတို့ ဒီ ထိုင်းနိုင်ငံမှာ ရောက်ရှိစဉ်ကာလရဲ့ နေထိုင်၊ သွားလာ၊ စားသောက်မှု စရိတ် အားလုံးကို ငါက လက်ဆောင်အဖြစ် ကုန်ကျခံပါရစေ"

"မဟုတ်တာဗျာ - ကျွန်တော်တို့ ဇနီးမောင်နှံက ဘယ်လိုမျှော်လင့်ချက် နဲ့မှ ပြောဆိုခဲ့တာ မဟုတ်ပါဘူး။ လူတစ်ဦးတစ်ယောက် ကောင်းကျိုးချမ်း သာ ရောက်ရှိခွင့်ရဖို့ မေတ္တာ၊ စေတနာထား ဆောင်ရွက်ပေးခြင်းပါပဲ"

"ဟုတ်ပါတယ် - မင်းတို့ မြန်မာပြည်သွား ဗုဒ္ဓဘာသာဝင်များရဲ့ နှလုံး သားလှပမှုအပေါ်မှာ ငါက ကျေးဇူးဆပ်တဲ့သဘောပါ။ ဘာမှ စိတ်အနှောင့် အယှက် မထားပါနဲ့၊ စိတ်ချမ်းသာ တည်းခိုပါ၊ စားသောက်ပါ၊ သွားလာပါ။ မင်းတို့နဲ့ အကျိုးတူပူးပေါင်းဖို့လည်း ရှင်းချက်မရှိ။ ငါ လုပ်ဆောင်ဖို့ ကတိ ပြုပါတယ်"



မစ္စတာမက်သယူး၏ စကားအဆုံးဝယ် ဦးထင်အောင်နှင့် ဒေါ်သီရိ တို့ ဝမ်းသာပျော်ရွှင်မှုတို့သည် ပြောစရာမရှိတော့၊ စိတ်မနောမှ ရည်မှန်း၍ ဆရာအရှင်မြတ်အား ဦးချရှိခိုးရင်း သားအပည့်များအပေါ် စောင့်ရှောက်မှု များ ဂါရဝပြု မေတ္တာပို့မိပါတော့သည်။

—◇—

"ဝေါ - ဝေါ - ဝူး - "

ပြာသိုလ၏ ညသည် သဘာဝရာသီဥတုအရ နှင်းစက်ငွေ့တို့ဖြင့် အေး စိမ့်လို့နေသည်၊ ယခုလို တောရိပ်၊ တောင်စွယ် လူသူဝေးကွာသော အရပ် ဒေသမှာ ညအမှောင်သည် နက်ရှိုင်းကာအေးစိမ့်မှုက ထူးကဲလှသည်ဟု ခံစားရပါသည်"

မထင်မှတ်သော ညချမ်းအချိန်ရောက်လေမှ တဝေါဝေါ မောင်းနှင် ထွက်လာသော ဆိုင်ကယ်သံကြောင့် ဆရာတော်အရှင်ပုညလက်ာရထံပါး ပေယျာဝစ္စပြုနေသည့် ကပ္ပိယကြီး အိပ်ပျော်ရာမှလန့်နိုးကာ ထကြည့်စဉ် -

ဆရာတော်သည် တစ်ပါးကျောင်း ကျက်သရေခန်းဝယ် ရောက်ရှိလာ သူအား တင်ကြိုသိထားသည့်နယ် အသင့်ထိုင်စောင့်တော်မူနေပုံရသည်၊

အမှန်တကယ်လည်း ဆရာတော်သည် ညဦးကာလအလုပ်စခန်းမဝင် သေးဘဲ ဓနီးဝေးမှရောက်ရှိလာမည့် ဘဝဆက် ပတ္ထာန်းဆက် ပါရမီဆက်ရှိ သူအား စောင့်ဆိုင်းနေတာ အမှန်ပင်၊

တောနေ သားကောင်များ ရန်မှ ကင်းဝေးစေရန် ဝါးစည်းရိုးများ၊ ကာရံ ထားသည့် တံခါးဝရှေ့မှာ ထိုးဆိုက်လာသော ဆိုင်ကယ်နှစ်စီးနှင့် လူလေး ယောက် မြွတံခါးဝမှ အတွင်းသို့ချောင်း၍ ကြည့်လိုက်ကြပြီး၊

"ခလောက် - ခလောက် - ခလောက်"



www.burmeseclassic.com

www.burmeseclassic.com

အရုက်ပေး "ခလောက်"ကြီးမှ မြည်သံကြောင့် ကျောင်းဝေးအစီတွင် အိပ်စက်နေသော ကပ္ပိယကြီး "ဦးတိုး"အား လှုပ်နှိုးအသံပြုလာသည်။

"ကပ္ပိယကြီး - မုဆိုးနှစ်ယောက် အဖိုးလူသွားဖြေး ညွှန်သည်တွေကို ဘောင်းဘီကို ပုဆိုးနဲ့လဲဝတ်စေပြီးမှ ခေါ်လာခဲ့ပါ။ ရွာခံဆိုင်ကယ်သမား နှစ်ယောက်အပြင်မှာ နေခဲ့ပါစေ"

ရုမှပဲ ကပ္ပိယကြီး သဘောပေါက်တော့သည်။ သည်မျှစကားနှင့် ဆရာတော် မိန့်ကြားပြီဆိုကတည်းက သာသနာအတွက် အလွန်အရေးကြီးသော ညွှန်သည်ဖြစ်ပေမည်ဟုတွေးရင်း ခပ်သွက်သွက်ပင် ဆရာတော်ထံသို့ ရှက်ဆောင်ပြီး ဆရာတော်၏ စံကျောင်းရှိရာသို့ ခေါ်ဆောင်လာခဲ့ပါသည်။

ညွှန်သည်မှာ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ နိုင်ငံခြားသားဖြစ်နေ၍ ပို၍ အံ့သြရလေသည်။ စကားပြန်မှတစ်ဆင့် ပြောသမျှ နာခံလုပ်ဆောင်နေပုံမှာ တရုဏာသက်ဖွယ်ပင်။ လက်အုပ်လေးချီကာ ရှိခိုးစွာ စံကျောင်းပေါ်တက်လာပြီး ဆရာတော်၏ ရှေ့မှောက်မှာ ရှိခိုးဝပ်တွားရင်း စွဲစွဲနစ်နစ်ကြီး အထိန်း အကွပ်မရှိ အားရပါးရ ငိုရှိုက်ပါတော့သည်။

ငိုကြွေးနေသော ညွှန်သည်၏ ဦးခေါင်းအား ဆရာတော်၏ လက်ဖြင့် သပ်တာ မေတ္တာပို့ပေးလို့နေသည်။ ယောက်ျားရင့်မကြီးတန်မဲ့ ငိုကြွေးနေပုံ ကား ဝေးမှမြင်ရသူပင် စိတ်မကောင်းမှုတို့ ကူးစက်ခံစားရလေသည်။

အတန်ကြာ ရင်ထဲပေါ့ပါးသွားအောင် ငိုစေပြီးမှ...

"သူဘာကြောင့် ငိုရသတည်း မေးကြည့်ပါ"

ဆရာတော်က မေးလေမှ မိတ်ဆက်လျှောက်ထားရန်ပင် မေ့လျော့ နေပြီးမှ သတိဝင်ကာ ကမန်းကတန်း မိတ်ဆက်လျှောက်ထားသည်။

"မှန်ပါဘုရား - တပည့်တော်က စကားပြန် မောင်ရှိုပါဘုရား။ သူကတော့ ဝင်ကာဂုနိုင်ငံက ကျောက်မျက်ရတနာ ကုမ္ပဏီသူဌေး မစ္စတာ မတ်ဘလူး ပါဘုရား"

မိတ်ဆက်ပေးအပြီးမှာ ဆက်လက်ပြီး...



"သူက - အင်္ဂလိပ်ဘာသာစကားမဟုတ်တဲ့ ဘာသာစကားတစ်ခုနှင့် အရှင်ဘုရားကို လျှောက်တင်ပါရစေတဲ့"

စကားပြန် မောင်ရှို၏ စကားအား ဆရာတော်မှ ခေါင်းညိတ်ပြလေ သောအခါမှာ -

မည်သူမျှ မထင်မှတ်ထားသည့် နှစ်ပေါင်းထောင်ချီမှ သဘ်ဏ္ဍမှီတ် ဘာသာစကားဆန်ဆန်း ဓာတ်၊ စကားများနှင့် ဆရာတော်နှင့် အပြန်အလှန် စကားပြောလို့နေကြသည်။

ကပ္ပိယကြီးနှင့် မောင်ရှိုတို့မှာ မျက်လုံးလေး ကလယ် ကလယ်နှင့်ဖြ ကာ ဆရာတော်ပြောလျှင် - ဆရာတော့်မျက်နှာကို ကြည့်လိုက်၊ ညွှန်သည် ပြောလျှင် ညွှန်သည်မျက်နှာကိုကြည့်ကာ နားတော့မလည်ပါ။ စိတ်ဝင်စား စီတာတော့အမှန်ပင်။

ဘာကြောင့် ငိုရသည်ကို ဆရာတော်မှသိပြီးသားပင်။ သို့သော် ကာယ ကံရှင်၏ နှုတ်မှဖွင့်ကာပြောမှ ပို၍သဘာဝကျသည် မဟုတ်ပါလား။

"ကျွန်ုပ် - ယခုလို အရှင်မြတ်ကို ဖူးတွေ့ရသည့်အခါမှာ ရှေးနှစ်ပေါင်း ကာလအတန်ကြာကြာ ခွဲခွာခဲ့ရပြီး ပြန်တွေ့ရသည့်အခါမှာ ဆွေမျိုးအရင်း အချာကို ပြန်တွေ့မြင်ရသကဲ့သို့ ခံစားရသဖြင့် မျက်ရည်ကျရပါသည် ဘုရား"

ဆရာတော်မှ ခေါင်းတညိတ်ညိတ် ပြုပြီး -

"ဘာကြောင့် - ကျုပ်ဆီ လာရတာလဲ"

"ကျွန်ုပ်မှာ အမျိုးအမည်မသိ စိတ်ဝေဒနာများ နှစ်ကာလကြာရှည်စွာ ခံစားခဲ့ရပါတယ်၊ ကျွန်ုပ်အား ဆရာအရှင်နှင့် တွေ့ဆုံခွင့်ရစေရန် ဦးထင် အောင် ဖနီးမောင်နံက ကူညီစောင့်ရှောက်ပေးခဲ့လို့ ဖြစ်ပါတယ်"

"ဒီလို - ရှိခိုးတတ်တာ အစကတည်းကလား"

"ဦးထင်အောင်တို့ထံမှ သရဏဂုံဆောက်တည်ခြင်းကို သင်ကြားပေး ခဲ့လို့ ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ရတာပါ"

"သူတို့က - ဆက်သွယ်ပို့ဆောင်ပေးတာလား"



www.burmeseclassic.com

www.burmeseclassic.com

"သူတို့က – အခြားဒေသသို့ ခရီးဆက်နေ၍ မဆုံဖြစ်သေးပါ။ မြေပုံဆွဲပေးထားသဖြင့် ဆရာတော်ထံသို့ လေယာဉ်ကွင်းမှ တိုက်ရိုက်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်"

"လမ်းမှာ – တစ်ခါမှ မရောက်ဘူးတဲ့ ဒေသကိုလာတာ လမ်းမှားတာ မရှိဘူးလား"

"မရှိပါဘူး – ကျွန်ုပ်၏ စိတ်အမြင်အာရုံမြင်ကွင်းမှာ ကျွန်ုပ် သွားလာနေထိုင်ခဲ့ဖူးသော နေရာဒေသပေါင်းသဖွယ်ဝင်စားပြီး လိုက်ပါပို့ဆောင်ပေးသူများကို လမ်းညွှန်ခဲ့တာပါ"

"ဟုတ်ပါပြီ – သင်ဟာ တကယ်ပါရမီဓာတ်ခံ ပဋ္ဌာန်းဆက်မှန်သူမို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပေပြီ။ ကျုပ်အပေါ်မှာ ဘယ်ကဲ့သို့ မြင်တွေ့ပါသလဲ"

"အားမနာတမ်း၊ မကွယ်မဝှက်တမ်းပြောကြားရရင် လွန်စွာတန်ခိုးပါဝါကြီးမားသော သူတော်စင်များ၏ စုတ်ရုပ်ထိုး၍ တံဆိပ်ခတ်နှိပ်ထားသော ဓာတ်စမ အမှတ်အသား၊ ဆရာအရှင်၏ နဖူးပြင်မှာ ရှိနေပါတယ်။ ဒါဟာ အရှင်မြတ်၏ ဂုဏ်ထူးဝိသေသ၊ လက္ခဏာ အထင်အရှားဖြစ်ပေတယ်။ ထိုအမှတ်အသားကို သာမန်လောကီမျက်စိဖြင့် မြင်ခွင့်မရတဲ့ ဝိဇ္ဇာဓာတ်စမ ဖြစ်ပါတယ်"

ထိုသို့ သက်သေပြ ပြောဆိုသော်လည်း ဆရာတော်မှာ တုန်လှုပ်ခြင်းမရှိ၊ တည်ငြိမ်စွာပင် နားထောင်လို့နေလေသည်။

ထိုအမှတ်အသားရှိကြောင်း စကားကို အင်္ဂလိပ်ဘာသာစကားဖြင့် စကားပြန်အား ပြောပြလေသောအခါမှာ သာမန်ကာလျှံကာမျှ တောနေဘုန်းကြီး အနေအစားမျှသာ ထင်ထားပြီး စကားပြန် ဝန်ဆောင်ခရလျှင်ပြီးရောသဘောဖြင့် ခပ်ပေ့ပေ့လိုက်လာခြင်းဖြစ်ရာ မောင်ချိုတစ်ယောက် လက်အုပ်ချီကာ ထိခြင်းငါးပါးဖြင့် ဆရာတော်အား ကန်တော့သဖြင့် ဆရာတော်မှ ကရုဏာသက်စွာ ပြုံး၍ မေတ္တာဖြင့် ကြည့်နေတော့သည်။



"ဒကာတို့ – ဒီမှာ ဘယ်နှစ်ရက်ကြာမှာလဲ"

"ဝီဇာက ငါးရက်ပဲရပါတယ်"

"အေးလေ – ရသမျှ အချိန်အတွင်းမှာ အကျိုးရှိတဲ့ အလုပ်လုပ်ရမှာဆိုတော့ မအိပ်ပဲ နေနိုင်ပါ့မလား"

"ဆရာ အရှင်ခိုင်းတာဆို အရိုးကြေကြေ၊ အရေညိခန်းခန်း လိုက်နာပါ့မယ်"

မစ္စတာမက်သယူး၏ပဋ္ဌာန်းဆက်မှန်ကိုသိမြင်ပြီးသော်လည်းသေချာစေရန် ထပ်မံမေးမြန်းခြင်း ဖြစ်ပါသည်။

"မင်း – လူဝတ်ကြောင်ဘဝ စွန့်ရမယ်"

အဝတ်လဲပြီး သီလခံယူ ဆောက်တည်ရမယ်၊ အဲဒါပြီးလျှင် မင်းနဲ့ကျုပ် သစ်တောတွင်း တစ်နေရာကို ခရီးထွက်ရမယ်၊ ဘယ့်နှယ့်လဲ"

"ဆရာအရှင်ရဲ့ ခိုင်းစေတဲ့အတိုင်း နာခံပါ့မယ်"

ရဲဝံ့စွာဖြေကြားလေပြီမို့ဆရာတော်သည်တစ်ခါတည်းသာသနာ့လမ်းကြောင်းပေါ်သို့ ဆွဲတင်ပေးရပါတော့မည်။

ညတွင်းချင်းပင်အသင့်ပြင်ဆင်ထားသောဖိုးသူတော်ဝတ်ရုံအားမစ္စတာမက်သယူးဘဝမှ ဖိုးသူတော်ဘဝသို့ ပြောင်းလဲသွတ်သွင်းလေတော့သည်။ ထိုတော့မှ ကပ္ပိယဦးတိုးတစ်ယောက် ခေါင်းတညိတ်ညိတ်ပြုကာ သဘောပေါက်တော့သည်။

"ပြီးခဲ့တဲ့ရက်က ဖိုးသူတော်ဝတ်စုံ အလှူခံခိုင်းတာ အခုမှ သဘောပေါက်တော့တယ်"

ဟု နှုတ်မှ ထုတ်ပြောမိတော့သည်။

ဖိုးသူတော်ဝတ်စုံဝတ်ပြီးတာနှင့်ဆရာတော်မှလှမ်းခေါ်ကာ "မောင်တိုး ထီးဖုတ်သုံးခုအဆင်သင့်ပြုထား၊ တို့ – တောင်ပေါ်က သစ္စာရှင်ဘုရား သွားရမြဲမယ်"

ဆရာတော် မိန့်၍သာ ဆောင်ရွက်ရပေမည်၊ စိတ်ထဲမှာ ကြားဖူးနားဝရှိ တောစိမ့်နေမိသည်။ ဆရာတော် တောထဲသို့ ကြွမည်ဆိုလျှင်သူတစ်



www.burmeseclassic.com

www.burmeseclassic.com

ဦးတည်း ကျောင်းသခ်မ်းတွင် မနေရဲပေ၊ မလိုက်ရဲလည်း လိုက်ပါရတော့မည်။

ဆရာတော်နှယ် ညကြီးမိုးချုပ်ရောက်ခါမှ တောနက်နက်ကြီးထဲသို့ ဘုရားဖူးသွားမယ်တဲ့၊ မတွေးရဲစရာပါ၊ ဆရာတော်၏အပါးမှာနှစ်ပေါင်းများစွာနေလာတာကြာလှပြီ၊ အခုလို - ညကြီးမိုးချုပ်ရောက်လာသည့်ဓိည့်သည်ကို ချက်ချင်းကြီး ဗိုးသူတော်ဝတ်ပေးပြီး တစ်မူထူးခြားစွာ ဆက်ဆံနေသော ဆရာတော်၏ အလုပ်ကိုမဝေဖန်ရဲသော်လည်း ထူးခြားမှုရှိနေသလာတော့ အမှန်ပင်။

"အပြင်ဘက်က ဆိုင်ကယ်သမားနှစ်ယောက် နေချင်နေခဲ့၊ လိုက်ချင်လိုက်ခဲ့"

ဆရာတော်မိန့်တာနှင့် ကျောင်းအပြင်မှာ စောင့်နေသော ဆိုင်ကယ်သမားများမှာ မည်သူမျှမနေခဲ့ရဲသဖြင့် ဆရာတော် ခြေလှမ်းရာနောက်သို့ လိုက်ကြပေမည်။

ဆရာတော်နှင့် ဗိုးသူတော်မှလွဲ၍ ကျန်လူများမှာ ညမှောင်မှောင်လမ်းခရီး၊ တောလမ်းခရီးကို ကြောက်ကြောက်နှင့် လိုက်ပါခဲ့ကြတော့သည်။

ညကလည်းမှောင်၊ အသံဗလံကလည်းတိတ်ဆိတ်၊ အေးကလည်းအေးနှင့် မီးတုတ်ကိုင်ကာ နှစ်ယောက်တစ်တွဲလိုက်ပါလာရင်း မီးတုတ်အလင်းရောင်ကြောင့် တောနေငှက်၊ ဒီးဒုတ်တို့ လန့်အော်ကာ ပျံကြသည်ကို ကြောက်လန့်တကြား တစ်ဦးကိုတစ်ဦး ဖက်တွယ်ထားမိသည်အထိပင်။

ဆရာတော်နှင့်ဗိုးသူတော်တို့သည် ဟိုးရှေ့ဆုံးမှာ ခြေလှမ်းကသွက်လှပါဘိ၊ သူတို့မီးရန် နောက်မှ မနည်းကြိုးစားလိုက်လို့ နေရပါသည်။

ဆရာတော်မှာ သည်တော၊ သည်တောင်အနေအစားဖြစ်၍လမ်းကျွမ်းကျင်၍ သွားသည်မှန်သော်လည်း တစ်မြေခြားက ဗိုးသူတော်ကပါ တောကျွမ်းသူနှယ်သွားနေပုံက အံ့ဩစရာပင်။



ကပ္ပိယကြီးငယ်စဉ်ကတည်းက သည်တောနက်ကြီးထဲမှာရှေးဟောင်းဘုရားတစ်ဆူရှိနေတာ တောချုံဖုံးလွှမ်းထားပြီး မည်သူမျှ မဖူးထိုက်ပါ၊ လွန်စွာနတ်ကြီးသောဘုရားဟု ပြောစမှတ်ပြုကာ လူပြော သူပြောများခဲ့သည်။

ယခုလိုပြာသိုလပြည့်ညအခါ တောထဲသို့ဘုရားဖူးထွက်တာ၊ ဘယ်သူမှရှိမည်မထင် -

"ကပ္ပိယကြီး ရောက်ခါနီးပြီလား"

လူတစ်ရပ်စာမျှ ချုံနွယ်ပိတ်ပေါင်းများကြားကမ်းမမြင်၊ လမ်းမမြင်ညည့်နက်နက်တောတိုးလျှောက်လာရသဖြင့် စကားပြန် မောင်ချိုချော မောလည်းမော၊ ချွေးလည်းရွှဲစိုလေပြီမို့ မေးရပြန်သည်။

"ကျုပ်လည်းတစ်ခါဖူးမျှမရောက်ဖူးဘူး၊ ကျောင်းမှာမနေရဲလို့လိုက်ခဲ့တာ"

"ဒုက္ခပါပဲဗျာ -"

"ဟာ - ဟောကောင်တွေ ရှူး - တိုး - တိုး - မင်းတို့ နတ်က ဝိဇ္ဇာတွေထွက်မလာကြပါနဲ့၊ ဆီး၊ ဝမ်း သွားချင်ရင်တောင်မှ ဆရာတော်ထံမှာ ခွင့်တောင်းပြီးမှ သွားကြပါ၊ တောကြီး၊ နတ်ကြီး၊ မြေကြမ်းပါဘိ"

ကပ္ပိယကြီး သတိပေးရလေ၏၊ နို့မို့ ခေတ်လူငယ်တွေဆိုတာ နတ်ကမြှောက်ရသည်မဟုတ်၊

"ကျုပ်တို့ နယ်တစ်ဝိုက်မှာ ဆိုင်ကယ် ကယ်ရီပို့တာ ကြာလှပေါ့၊ ဒီဆရာတော်ကိုခုမှဖူးမြင်ခွင့်ရပြီးကျုပ်တို့ကံထူးပုံများဘုရားထူးထူးခြားခြားဖူးရဦးမယ်ဆိုတော့ ဘယ်လောက်ဝေးဝေး လိုက်မယ်ဗျာ"

ကပ္ပိယကြီးကလည်းအားကျမခံပါ၊

"စိတ်ချ၊ လက်ချသာ လိုက်ခဲ့ပါ မောင်တို့ရယ်၊ အခုသွားနေတဲ့ ခရီးလမ်းမှာ ဆရာတော်ရဲ့ လက်ထဲက တောင်ဝှေးလေးကို လိုက်ကြည့်စမ်းပါ၊ အောက်ခြေမှာ စိန်ရောင်လို လင်းလက်သွားတာများ မြင်ကြရဲ့လား၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

လို တန်ခိုးဣဒ္ဓိပါတ်အစွမ်းနဲ့ လမ်းညွှန်ပြ ခရီးဆက်နေတယ်ဆိုတာ မြင်ကြရဲ့လား"

သည့်လိုနှင့် -

မောင်ချိုက စပ်စုပြန်သည်။

"ဆရာတော်က ငယ်ဖြူလား"

ကပ္ပိယကလည်း ပြောချင်ရက် လက်တို့မို့။

"တောထွက်ဖျ၊ လွန်ခဲ့တဲ့အနှစ်သုံးဆယ်က မိဘသားစုကိုရှာဖွေကျွေးရင်းကနေ အထက်ဝိုက်းပညာရပ်တွေ လေ့လာလိုက်စား ကျင့်ကြံခဲ့တယ်။ တောအကျင့် တောင်အကျင့်၊ ပါရမီရှင်လမ်းကြောင်းပေါ် လျှောက်လှမ်းရင်း လောကီစခန်း၊ အရှုးစခန်း၊ ဈာန်စခန်း၊ တပသသရသေ့စခန်းကနေ ရှင်ရဟန်းဘဝကူးပြောင်းပြီး အားထုတ်နေတာပဲ။

အခု - သွားဖူးကြမယ့် "သစ္စာရှင်" ဘုရားက ဆရာတော် မြန်မာပြည်သိုးဒယားပြည် (ထိုင်း) နယ် တရုတ်ပြည်နယ်၊ အိန္ဒိယ တစ်နံတစ်လျား၊ အဓိဋ္ဌာန်စခန်းကြီးတွေပြီးမြောက်ပြီး နောက်ပိုင်း၊ သိကြားမင်း ထားခဲ့တဲ့ ပေစာပုရပိုက်ကို ဖတ်ခွင့်ရခဲ့တယ်။

ဒီနေရာဒီဒေသဟာ တောကြမ်း၊ မြေကြမ်း၊ နိုးဆိုး၊ လူယက်စရိုက်ကြမ်းတဲ့မြေမို့ စည်းဝင်ပေါင်ဝင် ကျင့်ကြံပြီး သာသနာပြုပေးခဲ့တာ တောထဲတောင်ထဲ နေပူပူ၊ မိုးရွာရွာ၊ တစ်ပါးတည်း ဧကစာရီ ခရီးလျှောက်နေတာကြည့်ရင် သိနိုင်ပါတယ်"

"ဒါဆိုရင် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ ဓာတ်ပိုင်း၊ သိုက်ပိုင်းဆိုင်ရာတွေရဲ့ စောင့်ရှောက်တဲ့အစွမ်းတော့ ရှိရမယ်"

"ဟော့ကောင်တွေ - ပြောပြရင် ယုံနိုင်ဖွယ်မရှိဘူး။ မင်းတို့ အနီးကပ်နေကြည့်၊ လောကမှာ နေတဲ့လူတွေ မကြုံတွေ့ဘူးတာမျိုးတွေ မြင်တွေ့ရစေမယ်"

ကပ္ပိယကြီး၏ စကားများ နားထောင်ရင်း ခရီးအတန် လျှောက်နိုင်ခဲ့ကြပေပြီ။



ဆရာတော်၏ မီးတုတ်အလင်းရောင် ရှိရာသို့ မှန်းဆ၍ အသိလျှောက်နေကြစဉ်...

"ဘွား" ခနဲ မြင်တွေ့လိုက်သော အရာကြောင့် အားလုံးခန္ဓာကိုယ်လေးတွေ ကြံ့ခင်သွားသကဲ့သို့ပင် ခြေလှမ်းများ ရပ်တန့်ကုန်ကြရသည်။

အဝတ်မပါ၊ ပုပ်ပွရုပ်ယောင်နေသော ရောမအတွဲသော ခန္ဓာကိုယ်ကြီးနှင့် သူတို့သွားမည့် လမ်းကြောင်းမှာ တုံးလုံးလဲ့ကာ မိတ်ဆိုထားလေသည်။

ခပ်လှမ်းလှမ်းရပ်ဟောင်းဆီမှလည်း ဘီးဆံထုံးမှာ ပန်းအနီရောင့်ပန်ထားပြီး ပြောင်းဖူးဖက်လိပ် ဆေးလိပ်မီးတရဲရဲ ဖွာလျက် အရိုးစုနာနာဘာဝကြီးကလည်း ဥဒဟိုသွားလာပြနေသည်။

"အီး - ဟီး - ဟီး - ကပ္ပိယကြီး ကယ်ပါဦးဗျား ကျွန်တော် ဘုရားစာရွတ်တတ်ဘူးဗျ"

မောင်ချိုနှင့် ဆိုင်ကယ်သမားတို့ ကပ္ပိယကြီး ကိုယ့်ကို အားကိုးတကြီးဖက်တွယ်ထားကြလေသည်။

"ဟော့ - ဟော့ - ကောင်တွေ - ငါ - ငါလည်း သ - သရဲကြောက်တတ်တယ်ကွ၊ ဒါ - ဒါ - တောကြီး မြို့ဗွာထင်တယ်။ ဆရာတော် - ဆရာတော် ဘုရားကယ်တော်မူပါဘုရား"

သွေးရူးသွေးတန်း အော်နေသဖြင့် -

"ကပ္ပိယကြီးကလည်း ဘုရားစာရွတ်ပါဆိုမှ"

"အေး - အေးပါကွာ။ ဣတိပိ - ဗုဒ္ဓေါ - အဲ - ဗုဒ္ဓေါ - ဣတိပိ - ဘဝေါ - အဲ - ဟို - ဘုရားစာတွေ မေ့ - မေ့ကုန်ပြီ"

"အောင်မယ်လေးဗျ - သူတို့ နီးလာပြီ - လာကြပါဦး - ကယ်ကြပါဦး"

ရှေး၊ ဒေါသပင်မနိုင်အောင် ကြောက်ရွံ့နေကြသည်။ ငယ်သံပါအောင်အော်ဟစ်အကူညီတောင်းရင်း မျက်စိကို စုံမှိတ်ထားဆဲမှာ ကပ္ပိယကြီး၏ နားဆီသို့ မာကြောသော အရာတစ်ခု လာတို့ထိမှန်း သိရသဖြင့်...



www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ်လေး – တောင်ပိုင်ဘိုးဘိုးကြီး ကယ်တော်မူပါ။ ကျွန်တော် မလိုက်ပါရစေနဲ့"

အော်ဟစ်နေရင်းမှ စူးရှသော အလင်းရောင်ကြောင့် မျက်လုံးမဖွင့်ရဲ ဖွင့်ရဲအသာဖွင့်ကြည့်စဉ်ဝါလွင်လွင်သင်္ကန်းအရောင်မြင်တော့မှ ဆရာတော် မှန်းသိလိုက်ရသဖြင့်ဝမ်းသာအားရလူးလဲထထိုင်ကာ လက်အုပ်ချီကန်တော့ ရင်း "ဆရာတော်ဘုရား ရောက်လာပေလို့သာပဲ – တပည့်တော်တို့ ဒုက္ခ ရောက်တော့ မလို့ပါ ဘုရား"

"ဘယ့်နှယ် – ကျုပ်ရဲ့ ကပ္ပိယလုပ်နေပြီး ဘုရားစာ၊ တရားမှတောင်မှ မှန်အောင်မရွတ်တတ်တော့ တပည့်အသုံးမကျတော့ ဆရာ့ခေါင်းဖြစ်ပြီပေါ့။ အိန်း – တောကနက်လေပရိယာယ်ကများလေပဲ။ ဘယ်အချိန်ခါမဆိုသတိ၊ ဝီရိယ ရှိရမှာပေါ့။ ပွဲကြီးပွဲကောင်းနဲ့ တိုးနေတာပဲ။ ကိုင်း – တခြားစကားတွေ ပြောဆိုမနေကြနဲ့၊ ကျုပ်နဲ့ (၁၀) ပေအကွာ စည်းဝိုင်းအတွင်းကနေ မီအောင် ကြိုးစားလိုက်ခဲ့ကြတော့၊ ဝိဇ္ဇာခရီးလမ်းမှာ မိမိကြောင့် သူတစ်ပါး အနှောင့် အယှက်မဖြစ်စေနဲ့ ကြားလား။ ကဲ – ရှေ့တိုးပြီး အကြောက်ပြေသွားအောင် ဝိဇ္ဇာဆေးမှုးတိုက်မယ်၊ ပါးစပ်ဟကြစမ်း"

ဆရာတော်၏ စကားအဆုံးမှာ အားလုံးပြိုင်တူပါးစပ်ဟပေးလိုက်တော့ သည်။ မွှေးပျံ့သင်းကြိုင်သော ဆေးလုံးလေးများက လျှာပေါ်ရောက်တာနှင့် အေးခနဲခံစားရပြီး လျှာကြောပေါ်မှာတင် စိမ့်ဝင်ပျောက်ကွယ်သွားတော့ သည်။

ခဏအကြာမှာ စောစောက ခရီးပန်းသဖြင့် ကုန်ခန်းသွားသည့် အား အင်တို့ ပြန်လည်လန်းဆန်းလာကာ ခရီးဆက်နိုင်ကြလေသည်။

အတန်ကြာခရီးဆက်လာရာ တောင်သုံးလုံး ဗိုခနောက်ဆိုင်သော တောင်ကုန်းမြေပေါ်မှာ ပြိုကျနေသည့် ရှေးဟောင်းဘုရားရင်ပြင်တို့ပေါ်မှာ ချေညိုပင်များက ထူးထဲစွာပေါက်လို့နေသည်။



ဆရာတော်သည် ရှေ့ကဦးဆောင်ခေါ်ကာ စေတီရင်ပြင် အုတ်ဖိနပ် အနီးအထိ ဆရာတော်တို့ လျှောက်လှမ်းသွားသလို ဖိုးသူတော်ကလည်း ထက်ကြပ်မကွာ လိုက်ပါလာခဲ့လေသည်။

ဆရာတော်သည်ရှေ့မှဦးဆောင်သွားသည်ကိုရပ်လိုက်ပြီးကပ္ပိယကြီး တို့ဘက် ပြန်လှည့်ကြည့်လာ –

"ကပ္ပိယကြီးတို့လူစု အဲဒီနေရာကနေထိုင်ပြီး မထတမ်း ဘုရားအာရုံပြု နေကြပေါ့"

"တင်ပါ့ဘုရား"

အားလုံးလက်အုပ်ချီကာ တုတ်တုတ်မျှမလှုပ် ကျန်ရစ်ခဲ့ကြလေတော့ သည်။

ဆရာတော်နှင့် ဖိုးသူတော်တို့မှာ ဓာတ်သက်ဘာသာဗေဒ စကားများ ဖြင့် ယခု ဘုရားစေတီနှင့် ဆက်နွယ်မှုကို ပြောဖြစ်ကြလေသည်။

"ဆရာ – ခင်ဗျား၊ ဒီဘုရားဟောင်း ကုန်းမြေပေါ်မှာ မြေချတာနဲ့ ကျွန်ုပ် ရင်ထဲ သိတဲ့အသိက ကျွန်ုပ်နဲ့ ပတ်သက်နေတယ်လို့ ခံစားသိရှိနေပါတယ်"

ဖိုးသူတော်၏ စကားအဆုံးမှာ ကျေနပ်ရိပ်မျက်နှာနှင့် ပြုံးလို့နေသည်။

"ကောင်းပြီ – သင်ကိုယ်တိုင် ဘုရားရှင်ရှေ့မှာ အာရုံပြုပြီး ဝင်သက်၊ ထွက်သက် အမှတ်မပျောက်စေပဲ အာရုံမှာထင်မြင်လာသမျှ ပြောကြားပါ"

ဆရာအရှင်မြတ်၏ နှုတ်ဖွင့်ပေးလိုက်သဖြင့် ဖိုးသူတော်မှာ စိတ်ဓာတ် တက်ကြွစွာ ဘုရားရှင်အား သဒ္ဓါကြည်ညိုစွာ အာရုံပြု ရှိခိုးပူဇော်လေတော့ သည်။

ပင်လယ်ရေဖွေးဖွေးနှင့် ထိစပ်နေသော ကျွန်းမြေ၊ ကျောက်တန်းကျိုး မြင့်နေရာကား သုဝဏ္ဏဘုမ္မိမြေဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာသာရောင်၊ သာသနာရောင် ထွန်းလင်းပြောင်ရှိန် မြတ်စွာဘုရား ပွင့်တော်မူပြီး (၅နှစ်)ဝါ၊ အရ အချိန်ကာလတွင် ...

ဗုဒ္ဓသာသနာအစမှ ဆက်ခံပွင့်ထွန်းမည့်မြေသို့ ဒေသစာရီကြွ ချီတော်မူလာခဲ့ပေသည်။ နောင်လာနောင်သားကျွတ်ထိုက်သူဝေနေယျများအတွက် ဖူးမြော်ခွင့်ထိုက်စေရန် ဗုဒ္ဓကိုယ်တိုင် ဆံတော်မြတ်မွေတော်အား ရိုးမြှုပ်ခဲ့လေသည်။

ဗုဒ္ဓ၏နှုတ်တော်မှ နောင်နှစ်ထောင်ပေါင်းများစွာ ကာလကြာမြင့်ကြာမှာ သာသနာပွင့်ထွန်းရန် ဤအရပ်ဒေသမှာ ဘာသာ သာသနာ ထွန်းကျော်ပြန့် စည်ကားမည်ဟု။

ဘုရားရှင်၏ အမွေအနှစ်ဖြစ်၍ ဤဒေသရှိ မင်းဆွေ၊ မင်းမျိုးမှန်သမျှ လူအင်အားများစွာဖြင့် လူတစ်ရပ်စာမျှရှိသော 'ကျောက်သေတ္တာပဓာ ကျောက်လွှာချပ်ကြီးများကို အဆင့်ဆင့်စီရီကာ လုံလုံခြုံခြုံထားရှိပြီး မန္တန်ယန္တရား၊ အတတ်ပညာများ စီရင်၍ ဘုရားရှင်ကိုယ်စား "သစ္စာ" ပြု ဌာပနာ စေတီတည်ခဲ့ကြလေသည်။

ထို လူစုထဲတွင် သာသနာပြုစစ်သူကြီး ညီနောင်နှစ်ဦးတို့ လက်မောင်းသွေးဖောက် သစ္စာပြုကာ ဗုဒ္ဓသာသနာ ပွင့်ထွန်းမည့် နောင်နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလာရောက်လျှင် အတူဆုံ၍ သစ္စာရှင်စေတီအား ပြန်လည် ဖွင့်ဖော်တည်ထားကြရန် သစ္စာတိုင်တည် ပြုခဲ့ကြပေသည်။

ဖိုးသူတော် မြင်သမျှအာရုံကို ပြောကြားလေသမျှ ဆရာအရှင်မှ ခေါင်းတညိတ်ညိတ် နားထောင်လို့ နေပြီးမှ -

"စိတ်ထဲမှာရှင်းပြီး အေးချမ်းပေါ့ပါးသွားရင် တစ်နေရာသွားကြရအောင် ဖိုးသူတော်ရေ"

အတန်ကြာမျှငြိမ်သက်စွာထိုင်နေရာမှ မည်သည့်အာရုံမှမထက်သွယ်၊ မမြင်ရမှ ဖိုးသူတော် ထိုင်ရာမှထလာတော့သည်။

"တဲ-ဖိုးသူတော် မြင်သိတဲ့ အာရုံမှန်မမှန် ရာဟုထောင့်ဘက်သွား ကြည့်ကြရအောင်"



နိုင်ငံရပ်ခြားမှာ ဘွတ်ဖိနပ်၊ ရှူးဖိနပ်စီးကာ နနယ်သော ခွေတာခေတ် သယုံး၏ ခြေဖျောင်းများတွင် ယခုအခါ ဖိုးသူတော်ဘဝနှင့် ဘိနပ်မပါ။ မညီညာမြေသားပေါ်မှာ လျှောက်ရလည်း ခံနိုင်ရည်ရှိလို့နေတာ အံ့စရာဝင်။

တဖြည်းဖြည်းချင်း ဆရာအရှင်နောက်မှလိုက်၍ လျှောက်လာကြရင်းက ဖိုးသူတော်၏ စိတ်မနောတွင် အင်္ဂတေမပါ၊ သစ်စေးမပါ၊ အခုလောက်နှစ်ကာလကြာရှည်စွာ ကျောက်ချပ်လွှာများထပ်ကာ စီကာပြုထားရုံမျှနှင့် ချောက်စီး၊ မပျောက်ပျက်တာ လွန်စွာအံ့ဩစရာဟု တွေးမိသလို။

ရှေးဟောင်းသုတေသီ ပညာရှင်များသာ မြင်တွေ့ခွင့်ရလျှင် ဒေါ်လာသန်းပေါင်းများစွာ တန်ပေတယ်ဟု လောကီအမြင်နဲ့ မှတ်ချက်ချမှာ သေချာဝင်။

သူ၏ အတွင်းမနောဓာတ်ကို သိပုံရသော ဆရာအရှင်မှ -

"အခု သွားမယ့်နေရာက ပိုပြီးတန်ဘိုးကြီးလိမ့်မယ်။ ဖိုးသူတော်ရေ - သေသေချာချာ အာရုံခံကြည့် - ကြည့်ပါဦး"

ရာဟုထောင့်အရပ်မှာ လူ့တစ်ရပ်စာမျှ တောရိုင်းပင်များက ရှင်သန်လို့နေသည်။ ဆရာအရှင်မှာ တောင်ဝှေးနှင့် ဖယ်ရှားပေးရင်း သွားလိုက်ရာ ကျောက်သားပကာတိ ရေတွင်းပျက်တစ်ခု၊

တွင်းထဲသို့ ငုံ့ကြည့်ကြရင်း -

"သည်ရေတွင်းရဲ့ အနက်ကို သင့်အာရုံနှင့် ခံစားကြည့်စမ်းပါ"

"တိုင်းဆမရအောင် နက်ရှိုင်းလှပါတယ်"

"မှန်ပေတယ် (၉၀-၃၀၀) လောက်များဆက်ကြည့်တာတောင်တွင်းရဲ့ အနက်ကို မသိနိုင်သေးဘူး"

"ဆရာအရှင် သာမန်မျက်စိနဲ့ကြည့်ရင် သာမန်ရေတွင်းပေါ့လေ။ ဒါတသဘာဝကျောက်စိုင်၊ ကျောက်သားက သူ့ဘာသာပေါ်ပေါက်နေတဲ့ ဝိဇ္ဇာအရှင်မြတ်တို့၏ ဝိဇ္ဇာသော့ချောင်းထားရာ ဝိဇ္ဇာသော့တွင်းဖြစ်ပါတယ်"

တကာယ့်ပါရမီရှင်များ လမ်းစဉ်တတ်ရာမှာ ဝိဇ္ဇာဓာတ်သက်၊ ဓာတ်ဝန္တတ် ပါရမီစွမ်းအားမြင့်၍ အကျင့်မှန်၊ အလုပ်မှန်ပါ၊ ဝိဇ္ဇာသော့အိမ်ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com

တတ်မနေရာဖြင့် ယူဆောင်သွားပြီး ပါရမီရှင်လမ်းကြောင်းပွင့်စေရန် ဖွင့်နိုင်တဲ့သူဖြစ်ပါမှပေါ့ဒီ "သစ္စာရှင်" စေတီမြတ်အသစ်တစ်ဖန်ပွင့်ပေါ်ထွန်းလင်းအောင်မြင်မှာပါ"

ဖိုးသူတော်၏ အမြင်အာရုံတတ်သက်၊ စကားများ မှန်ကန်နေ၍ ဆရာအရှင် နားထောင်ကာ နှုတ်ဆိတ်နေလေ၏။ ပြီးမှ ...

"တနင်္လာထောင့်ဘက် သွားရအောင်"

တနင်္လာထောင့်အရပ်တွင် ယခင်က လှူတို့ရှိနိုင်ရန်အတွက် အဆောက်အအုံရှိခဲ့ဟန်တူသည်။ မြေပြင်မဟုတ်ပဲ အုတ်ချပ်လွှာများ စီရီထားလေ၏။

ဆရာအရှင်က – ရှေ့မှ။

ဖိုးသူတော်က နောက်မှထိုင်ကာ –

စေတီဟောင်းအား ရှိခိုးဦးချစဉ်မှာ စေတီအောက်ခြေ အုတ်ဖိနပ်ကျောက်လွှာတစ်ချပ်မှာ အသက်ဝင်သကဲ့သို့ လှုပ်ရှားလာလေသည်။

မြေလျှင် လှုပ်တာများလားဟုစောင့်ကြည့်ရာ မြေလျှင်မလှုပ်ပါ။ ထိုအနီးသို့သွားကာ မီးတုတ်ဖြင့်အလင်းရောင် အားဖြင့်ကြည့်လိုက်သောအခါ –

"စောစောက ဝိဇ္ဇာသော့ချောင်းနဲ့ ဖွင့်ယူရမယ့် ဝိဇ္ဇာသော့အိမ်ပါလား"

ဖိုးသူတော် အံ့အားတသင့် စကားဆိုစဉ် –

ဆရာအရှင်မှ မှတ်ချက်ချစကား မိန့်လေသည်။

"မှန်ပေတယ် – ဒကာရဲ့၊ ဘဝဟောင်းပဋ္ဌာန်းဆက် ပါရမီဓာတ်ခံမှန်လို့ မြင်တွေ့ခွင့်ရတာ။ ကျုပ်က ဒါတွေ သိမြင်နိုင်ဖို့အနှစ်သုံးဆယ်ကျော် ဆင်းရဲဒုက္ခခံပြီး တောတောင်အနှံ့၊ နေရာအနှံ့၊ ကြိုးစားကျင့်ကြံခဲ့ရတာပါ။ အတိတ်ဘဝရဲ့ပါရမီဓာတ်ခံကောင်းခဲ့လို့ လူမျိုးခြားဘဝဝင်စားလည်း ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ရတာ ယုံပြီမို့လား"

"ယုံပါပြီ"

ဘုရားရှင်အား အာရုံပြုရှိခိုးပြီး ဆရာအရှင်မှ မေတ္တာဘာဝနာ ပွားများနည်းကိုသင်ကြားပေးလေသည်။ ထို့နောက်စနေထောင့်အရပ်သို့ရောက်ရှိ



လာပါသည်။ ထိုနေရာတွင် ကျောက်တုံးကို နဂါးတစ်ကောင်သဏ္ဌာန် ထုဆစ်ထားသောရှေးလက်ရာအနုပညာကအံ့မခန်းစရာပင်။ ရေညှိများအထပ်ထပ်တက်နေသဖြင့်နဂါး၏ကိုယ်ဟန်မှာမည်းနက်နေသော်လည်း မျက်လုံးမှာ ပတ္တမြားရှင်တဲ့သို့ အရည်လဲ့ကာ အသက်ဝင်လုပေသည်။

တော်တန်ရုံလူဆိုရင် ထိုနဂါးမင်းရုပ်တုအား စေ့စေ့ကြည့်ရဲမည် မထင်ပါ။

နဂါးမင်း၏ ရုပ်တုအောက်ဝယ် ရောမ ကျောက်သားသေတ္တာသဖွယ် အောက်ခံမြှုပ်ထားပါသည်။ ဆရာအရှင်သည် မတ်တတ်ရပ်၊ လက်အုပ်ချီကာ ဂါထာမန္တန်တစ်ခုကို နာရီဝက်ခန့် အဆက်မပြတ် ရွတ်ဆိုနေသည်။ ဂါထာရွတ်ဖတ်ခြင်း စွမ်းအားကြောင့်ထင်သည်။ နဂါးမင်းရုပ်၏ အောက်ခြေမှ ကျောက်ချပ်လွှာတချို့ တံခါးချပ်သဖွယ် ပွင့်လို့လာတော့သည်။ တံခါးပေါက်များ ကျယ်ပြန့်စွာပွင့်လာတော့သည်။ ဆရာအရှင်မှ ရွတ်ဖတ်ခြင်းရပ်တာ ထိုတံခါးပေါက်မှ ကျောက်ချပ်လိုဏ်အတွင်းသို့ဝင်ရန်၊ ခေါ်ဆောင်လေ၏။ တဖြည်းဖြည်းချင်း လှမ်းဝင်ကြည့်ရာ ကျောက်ချပ်စားပွဲ ကုလားထိုင်စားပွဲများ၊ ခင်းကျင်းထားမှုက တအံ့တဩ ငေးစရာပင်။

ဓကာအကြားမှာ စားပွဲရှည်မျောမျော၏အပေါ်လွှာ ကျောက်ချပ်အား တွန်းဖယ်ရှားလိုက်သောအခါမှာ ကျောက်တလားတစ်ခု ဖြစ်လို့နေသည်။ ကျောက်ဖြစ်ရုပ်ကြွင်းပမာ မပုပ်မသိုးသော အစီအမံဖြင့် စီရင်ထားသည့် နှယ် ယောကျ်ားနှစ်ဦး၏ ရုပ်အလောင်းနှစ်လောင်း ယှဉ်လျက်မြင်တွေ့ရလေသောအခါမှာ ဖိုးသူတော်တစ်ဖြစ်လဲ မစွတာမက်သယုးတစ်ယောက် ဝမ်းနည်းကြေကွဲစွာ ရှိုက်ကြီးတငင် ငိုကြွေးလို့နေပြန်သည်။

ဆရာအရှင်သည် ဖိုးသူတော်၏ ပခုံးပေါ်သို့ လက်တစ်ဖက်တင်၍ ငြိမ်းချမ်းစွာမိန့်လေသည်။

"ဝမ်းနည်းပူဆွေးနေပြီလား – ဒကာ"

သံသရာ တစ်လျှောက်လုံး ဒီလိုရုပ်ခန္ဓာပေါင်းများစွာ ကျုပ်တို့ စွန့်ခဲ့ခဲ့ကြတယ်လေ။ ခုလို နှစ်ပေါင်းနှစ်ထောင်ကျော်က စွန့်ခွာခဲ့ရတဲ့ မိမိရဲ့



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကလာပ်ကိုကြည့်ပြီး သတိသံဝေဂနဲ့ နလုံးသွင်းကြည့်ပါ ဒကာ၊ ရုပ်ခန္ဓာကို မိမိက မစွန့်ချင်လည်း မရပါဘူး။ စွန့်ခွာပစ်ချင်လည်း မရပါဘူး။ သူ့သဘောသူဆောင်ပြီး သူ့သဘာဝ၊ တရားအလုပ်ကို လုပ်ဆောင်နေတဲ့ အခါမှာ ဉာဏ်နဲ့ယှဉ် သတိကပ်ပြီး လျှောက်လှမ်းခါမှ တော်ကာကျပေမယ်။ ကိုယ်ပြုချင်တိုင်း၊ ဖြစ်ချင်တိုင်းပြု၍မရ၊ ဖြစ်၍မရ၊ မတည်မြဲခြင်းတရားသဘောက ချယ်လှယ်နေတဲ့ သံသရာစက်ဝန်းထဲမှာ ကောင်းသောအကျင့်သီလနဲ့ လမ်းမှန်လျှောက်နိုင်ဖို့အတွက် ဒီနေရာ ဒီရုပ်ဝတ္ထုကို ပြသရခြင်းဖြစ်တယ်။

အကြောင်းနဲ့ အကျိုးတရားမျှတစွာ ဆင်ခြင်တုံတရား၊ လက်ကိုင်ထားနိုင်ဖို့ပါပဲ၊ ပစ္စုပ္ပန်အကျိုးကို တည့်တည့်ကြည့်ပြီး လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်ကာလကညီနောင်နှစ်ယောက်သစ္စာပြုခဲ့တဲ့သာသနာ့စာချုပ်သက်တမ်းမစေ့ခင် ကျုပ်နဲ့ ဒကာအတူလက်တွဲပြီး တာဝန်ကျေဖို့ လိုပေတယ်။

အခု - မြင်ရတွေ့ရတာတွေ သဘောပေါက်ပြီနော်။ ဒကာက မိမိပြုခဲ့တဲ့အတိတ်ကံစွမ်းအားကြောင့် တိုင်းတစ်ပါးမှာ လူမျိုးခြားသွားဖြစ်ပေမယ့်လည်း ဆိုင်ရာပုဂ္ဂိုလ်ပိုင်းဆိုင်ရာက ငါ့ဝမ်းပူဆာ မနေသာဆိုသကဲ့သို့ မနောဓာတ်အာရုံများ တိုက်ခတ်နှိုးဆော်ပြီး ဓာတ်နှိုးပေးခဲ့လေတယ်။

ဒီလိုဖြစ်စဉ်မျိုးကို အနောက်တိုင်းအယူအဆရ စိတ်ဝေဒနာလို့ ယူဆထားကြမယ်။ တစ်နည်းတစ်ဖုံ သွယ်ဝိုက်သော ဓာတ်ခံများနဲ့ မကြုံ ကြုံအောင် ၊ မဆုံ ဆုံအောင် တွေ့စေပြီး သာသနာနဲ့အကြောင်းဆက်ဖို့ မြန်မာပြည်ကို မရောက် ရောက်အောင် ဓာတ်နှိုးဓာတ်လှုပ်ပြီး ခေါ်ဆောင်လာတာသဘောပေါက်ပါပြီလား။"

ရှည်လျားစွာ သူနားလည်အောင် ရှင်းပြလေသော ဆရာအရှင်၏ နူးညံ့သည့် ကရုဏာ စကားအဆုံးဝယ် ဗိုးသူတော်၏ ပါးပြင်ပေါ်မှ မျက်ရည်စက်များ သုတ်သင်လိုက်စဉ်၊



ကျောက်တလား။ အဖုံးလည်း အလိုလို ပကတိအတိုင်း စေ့စပ်ပြီးဖြစ်သွားတော့သည်။ အံ့ဩစရာပင်။

"ဆရာအရှင် ဂုဏ်ကျေးဇူးကြောင့် နားလည်သဘောပေါက်ပါပြီ" - ဗိုးသူတော်မှ ပြောစရာပြောပြီး ဦးသုံးကြိမ်ကို ဆရာအရှင်၏ ခြေစုံထိအောင် ကန်တော့လေ၏။

"ကောင်းပါပြီ - ဒကာနဲ့ ကျုပ် သုံးနှုန်းပြောဆိုသော ဓာတ်ပိုင်းဆိုင်ရာစကားများကို လောကီသားတွေရှေ့မှာ မသုံးပါနဲ့၊ ရူးသွပ်သူလို့ ထင်ကြပေမယ်၊ ယခုဒကာနဲ့ကျုပ်ဆက်သွယ်ခွင့်ရစေရန် ဆိုင်ရာအစောင့်ရှောက်များက ဒကာနတ်မှာအကြားအာရုံမှာ စီးပေးထားတာပါ။ ဒကာရဲ့မနောဓာတ်မှာ လာရောက် တိုက်ခတ်နေတဲ့ အာရုံလှိုင်းများလည်း သူ့အလိုလို ပျော့ပါးသွားပါလိမ့်မယ်။ ရောက်သင့်တဲ့ စည်းဝိုင်းကို ရောက်မလာခင်တော့ စိတ်ညစ်ခဲ့ပေမပေါ့။

ခုတော့ - အစစအရာရာ အဆင်ပြေပါပြီ၊ ဒကာနဲ့ ကတိတစ်ခုတော့ သစ္စာပြုရပါမယ်၊ ဒီသစ္စာရှင် ဘုရားမြတ်စေတီ ပြန်လည်ဖွင့်ဖော်နိုင်ရန်အတွက်က အစစ တာဝန်ကျေအောင် ကူညီဆောင်ရွက်ပေးရလိမ့်မယ်၊ ပေးနိုင်ပါ့မလား"

ဗိုးသူတော်လည်း မဆိုင်းမတွပင် -

"စိတ်ရောကိုယ်ပါ ငွေကြေးကအစ ထောက်ပံ့ကူညီပေးပါ့မယ်၊ ကတိသစ္စာပြုပါတယ်"

"သာဓု - သာဓု - သာဓု"

ဗိုးသူတော်၏ ရင်ထဲမှာ လေးလံနေမှုတို့ လျှော့ကျသွားသကဲ့သို့ ခံစားရလသည်မို့ မျက်နှာမှာ လန်းဆန်းလာရသည်၊ အိပ်ရေးပျက်၊ ပင်ပန်းသည်း ညှိုးနွမ်းနယ်မှုမခံစားရပဲ၊ ခန္ဓာကိုယ်မှာပို၍ ပေါ့ပါးသွက်လက်လို့လာပါသည်။

"ဒကာ - ခုလို သစ္စာရှင်စေတီမြတ် ပွင့်ထွန်းဖို့ဆောင်ရွက်စဉ်မှာ ဒီသာသနာ့မြေနဲ့ဆက်နွယ်တဲ့ ဂမ္ဘီရနွယ်ဝင်သားယောကျ်ားကလေးမင်းခဲ့သား



www.burmeseclassic.com

www.burmeseclassic.com

ရှာ ဝင်စားလိမ့်မယ်၊ အဲဒီအခါကျရင် ဒီဂမ္ဘီရလူသားလေးကြောင့် မင်းတို့တစ်မိသားစုလုံး ချွေမျိုးများ၊ ဒီဘုရားကို လာကန်တော့ကြပြီး ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကုန်ကြမယ်။

မင်း ခံစားနေရတဲ့ မနောလှိုင်းဝေဒနာလည်း လုံးဝပျောက်ကင်းသွားမယ်၊

အဲဒီကလေးကိုတော့ မင်း သေသေချာချာ စောင့်ရှောက်ပါ၊

"နုလို - ကြားသိရတာ ကျေနပ်ဝမ်းသာလှပါတယ်"

ဖိုးသူတော်မှာ ဆရာအရှင်အား ဦးချ၍ မဆုံးတော့ပေ။

"အခု - ဘယာနဲ့ကွပ်ပြီး ခေါ်ဆောင်ရတာက ဂမ္ဘီရဆန်တဲ့ သာသနာ့အကြောင်း ဆက်မှန်ဖို့လုပ်ကြရတာပါ။ ကဲ - ဟဲ - ဒကာနဲ့ ကျုပ်တို့ ရန်ကုန်ရွှေမြို့တော်ကြီးမှာရှိတဲ့ လေးဆူဓာတ်ပုံ ရွှေတိဂုံဘုရားမှာ သစ္စာရှင်စေတီဖွင့်ဖော်ဖို့ အဓိဋ္ဌာန်ပြု လျှောက်ထားကြရမှာမို့ အချိန်မနှောင်းမီ ခရီးဆက်ကြစို့"

ဖိုးသူတော်ကတော့ လက်အုပ်ကလေးချီကာ ဆရာအရှင်၏ညွှန်ကြားမှုကို နာခံလျက် "သစ္စာရှင်" စေတီပြိုအား တစ်ပတ်ပြည့်အောင် လှည့်လည်ဖူးမြော်ခဲ့ပြီး -

စောစောက တက်ခဲ့သော ဘုရားကုန်းတော်ပေါ်အရောက်တွင် ကဗ္ဗိယကြီးနှင့်စကားပြန်မောင်ချိုဆိုင်ကာယ်သမားနှစ်ဦးတို့လက်အုပ်ချီကာဘုရားဖူးနေကြဆဲပင်။ ဆရာအရှင်မှ သူတို့အပါးသွားရပ်ကာ မဟိဒ္ဓိဝင် တောင်ဝှေးနှင့် တို့ခတ်လိုက်လျှင် -

"ဟဲ့ကောင်တွေ - လာ - လာ - ကျုပ် အာရုဏ်ဆွမ်းဘုဥ်းပေးအခါကျောင်းကိုကြွမှ ဖြစ်မယ်လေ"

ဆရာအရှင်သည် ပြောလည်းပြော၊ ရှေ့မှ စပ်သွက်သွက် ကြွသွားသဖြင့် မီအောင် နောက်မှလိုက်ကြရလေသည်။

သို့သော် -



အပြန်လမ်းခရီးစဉ်သည် လေအဟုန်တွင် မျောလိုက်ပါရသကဲ့သို့ မြန်မြန်လွန်းလှပေသည်။

သွားနေရင်းမှ တောင်ခြေလမ်းအတိုင်း တွေ့ရှိက်ဆင်းရင်း တောနက်နက်ကုန်းကမှုပေါ်ဝယ် ကျောက်သေတ္တာများ စီစီရီရီထားသကဲ့သို့ အင်္ဂတေသားတွဲဆက်ခြင်းမပါ၊ သစ်စေးကပ်ခြင်းမရှိ၊ အစီစဉ်တကျ "သစ္စာ" အဓိဋ္ဌာန်ဖြင့် စီရင်ကာတည်ထားခဲ့သော ဂမ္ဘီရဓာတ်သက်များ ဝန်းရံနေသည့် စေတီအပြိုအပျက်အား မခွဲချင်မခွာချင်သော စိတ်နှလုံးဖြင့် တစ်ဖန်ပြန်လှည့်ကာ ဖိုးသူတော်မှာ ငေးမောကြည့်ရင်း ကျောင်းသင်္ခမ်းသို့ အရောက်လှမ်းခဲ့ရလေတော့သည်။

◆◆◆◆ မြနန်းရှင်

**စာရူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။


www.burmeseclassic.com

www.burmeseclassic.com

ခွေမြင့်



ထိုညသည် ပြာသိုလ ည (၉)နာရီအချိန် ဖြစ်သည်။ မြူဆိုင်းနေသောကြောင့် ထက်ရပ်ဝန်းကျင်တစ်ခုလုံး အရာခပ်သိမ်းသည် မှုန်ရီဝိုးတဝါးဖြစ်နေသည်။ ကျွန်ုပ်သည် အမှတ်ကျွန်းသို့ရောက်နေခိုက် ဘိုတဲတွင် တစ်ယောက်တည်း ညစာစားသောက်ပြီး၍လရောင်ရွှန်းမြသော ညတွင်လမ်းလျှောက် ထွက်ခဲ့သည်။ ထို့နောက် လဲကျနေသော ရေသဖန်းပင်ကြီး၏ ပင်စည်ပေါ်တွင် ခေတ္တထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ပြေးရေးခက်ခက်

ထို့နောက် ချမ်းမြေဆိတ်ငြိမ်သော ပတ်ဝန်းကျင်၏ ဆွတ်ပျံ့ဖွယ်ရာ ခံစားမှုတစ်ခုကို ခံစားနေမိသည်၊ ကျွန်ုပ်သည် ဤကျွန်းပေါ်သို့ ရောက်ရှိနေရခြင်းမှာ တစ်ချိန်က ဤကျွန်းပေါ်တွင် ထူးခြားဆန်းကြယ်သော ဂမ္ဘီရဖြစ်ရပ်တစ်ခုနှင့် ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မာလိန်မှူးကိုဒီပါတမပြည့်မစုံ ပြောပြခဲ့သည်။

ထို့ကြောင့် သူပြောခဲ့သော ဖြစ်ရပ်တွင် လိုအပ်နေသော အချက်အလက်အကြောင်းအရာတို့ကို ပြည့်ပြည့်ဝဝ ဖြည့်စွက်နိုင်ရန်အတွက် ကျွန်ုပ်ကိုယ်တိုင် ဤကမုတ်ကျွန်းသို့ ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်၊ တမုတ်ကျွန်းသို့ရောက်ခါစ ပထမရက်ဖြစ်သည်၊ ကျွန်ုပ်၏ လက်စွဲတော် (တစ်နည်းအားဖြင့်) လူယုံတော်ကြီးဦးရွှေသိုက်သည်လည်း လိုက်ပါလာခဲ့သည်။ ဦးရွှေသိုက်တရက်သတ္တသုံးပတ်စာ စားနပ်ရိက္ခာ လိုအပ်သမျှ အရာခပ်သိမ်းပြည့်စုံစွာ သယ်ဆောင်လာသည်၊ ဦးရွှေသိုက်သည် ကျွန်ုပ်၏ အသက်ထက် (၂)ဆကြီးသူ ဖြစ်သည်၊ ထိုစဉ်အခါက ကျွန်ုပ်သည် အသက်သုံးဆယ်ကျော်ဖြစ်သောကြောင့် ဦးရွှေသိုက်၏ အသက်သည် ခြောက်ဆယ်ကျော်မျှ ရှိလေပြီ၊ ကျွန်ုပ်၏ဖခင်လက်ထက်ကတည်းက ဖခင်၏ယုံကြည်စိတ်ချရသော လူယုံတော်ကြီး ဖြစ်ခဲ့သည်၊ ကျွန်ုပ် မိခင်ဖြစ်သူသည် ကျွန်ုပ်ကို မွေးဖွားပြီးနောက် ရက်သတ္တတစ်ပတ်အကြာတွင် ကွယ်လွန်ခဲ့သည်၊ ထို့ကြောင့် ကျွန်ုပ်သည် ဦးရွှေသိုက်နှင့်သူ့ဇနီးဒေါ်ရွှေမှုန်တို့ လက်ပေါ်တွင် ကြီးပြင်းခဲ့ရသည်၊ ကျွန်ုပ်၏ ဖခင်သည် တစ်ချိန်က မှူးမျိုးမတ်နွယ်ဖြစ်သောကြောင့် မြန်မာဘုရင်နှင့် မိဖုရားပါတော်မူပြီးကာလတွင် တောင်တန်းဒေသသို့ ထွက်ခွာသွားခဲ့သည်၊ နယ်ချဲ့ဗြိတိသျှတို့အား ပြန်လည်တိုက်ခိုက်ရန် မျိုးချစ်စိတ်ရှိသူ တိုင်းရင်းသားများကို စည်းရုံးကာ အတူတကွလက်တွဲလျက် တိုက်ပွဲဝင်ခဲ့သည်၊

ထိုအတောအတွင်း ကျွန်ုပ်သည် ဖခင်၏ ကြိုတင်စီစဉ်ချက်အရ ဦးရွှေသိုက်တို့လင်မယားနှင့်အတူ နေခဲ့ရသည်၊ ဖခင်ကြီးသည် မျိုးချစ်တိုင်းရင်းသားတို့နှင့်အတူ ဗြိတိသျှတို့အား ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ရင်း အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ တောတောင်ဒေသတွင် ငှက်ဖျားရောဂါစွဲကပ်လာသောကြောင့် ကျန်းမာရေး ချို့ယွင်းလာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်ထံသို့ ပြန်လည်ရောက်ရှိလာသည်၊ ဖခင်၏ နောက်ဆုံးအချိန်တွင် ဘုရင်ခံမှုထမ်းဘဝတစ်လျှောက်လုံး စုဆောင်းထားခဲ့သော ရွှေငွေ၊ ကျောက်သံပတ္တမြားတို့ကို ကျွန်ုပ်လက်သို့ ပေးအပ်ခဲ့သည်၊ ဦးရွှေသိုက်တို့ လင်မယားသို့လည်း ကျွန်ုပ်နှင့်မခွဲမခွာ အတူတကွ နေထိုင်စောင့်ရှောက်ရန် မှာကြားပြီးနောက် ဖခင်ကြီးသည် စိတ်ချလက်ချဖြင့် တမလွန်ဘဝသို့ မျက်မှောက်ပြုသွားတော့သည်။

ကျွန်ုပ်သည် ဦးရွှေသိုက်တို့လင်မယားထံတွင် သားအရင်းအခြာတစ်ယောက်ပမာ အစစအရာရာ လိုလေးသေးမရှိ ပြည့်စုံကြွယ်ဝစွာ အရွယ်ရောက်ခဲ့ရသည်၊ အထက်တန်းပညာကို ဆုံးခန်းတိုင်အောင် သင်ယူခဲ့ပြီးနောက် ဖခင်ကြီး၏ အမွေအနှစ်များဖြင့် အရင်းအနှီးပြုလျက် ကျောက်မျက်ရတနာတို့ကို အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခဲ့သည်၊

ကျွန်ုပ် ဤအသက်အရွယ်သို့ ရောက်သောအခါ အရောင်းအဝယ်လုပ်ငန်းမှ ရရှိသောအကျိုးအမြတ်ငွေကြေးများကို ဘဏ်တိုက်တွင် အပ်နှံထားခဲ့သည်၊ နှစ်စဉ်ရရှိသော ဘဏ်တိုးသည်ပင်လျှင် ကျွန်ုပ်နှင့်





www.burmeseclassic.com

www.burmeseclassic.com

ဦးရွှေသိုက်တို့လင်မယားအတွက် ဖူလုံရုံမျှမက ဖောဖောသီသီ ပိုပိုလျှံလျှံ သုံးစွဲနိုင်ခဲ့သည်။

ကျွန်ုပ်နှင့် ဦးရွှေသိုက်တို့သည် ဆွေမျိုးရင်းခြာ မတော်စပ်သည့်တိုင်အောင် ဆယ်စုနှစ်သုံးစုစာမျှ သူတို့၏ ပြုစုစောင့်ရှောက်မှုဖြင့် ကြီးပြင်းခဲ့ရသောကြောင့် မိဘနှင့်သားသမီးသဖွယ် သံယောဇဉ် တွယ်ခဲ့ရသည်။



"ကျုပ်နဲ့ခင်ဗျား–ဘယ်တုံးက ဘယ်မှာသိခဲ့ဖူးတယ်ဆိုတာ အရေးမကြီးပါဘူးဗျာ။ ကျုပ်က ထင်ပေါ်ကျော်ကြားခဲ့တဲ့ လူတစ်ယောက်လည်း မဟုတ်ပါဘူး။ လူတွေက ကျုပ်ကို တွေ့ပြီးရင် ပြန်မေ့သွားကြတယ်။ တချို့က ကျုပ်ဟာ ဝိညာဉ်တစ်ခုလို့ ထင်ကြတယ်။"



ကျွန်ုပ်သည် ဝါသနာအလျောက် စာပေရေးသားပြုစုခြင်းကိုသာ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ယခုအခါတွင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကိုရေးသားရန် ဝါသနာထုံသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ တိုဒီပါထံမှ တစ်စွန်းတစ်စ ကြားသိခဲ့ရသောဖြစ်ရပ်ကို အခြေခံ၍ စုံစမ်းလေ့လာရန် ဤကမုတ်ကျွန်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။

---

ကျွန်ုပ် ရောက်ရှိနေသောနေရာသည် ပင်လယ်ကမ်းခြေသဲသောင်စပ်နှင့် ကိုက်နှစ်ရာနီးပါးမျှသာ ကွာလှမ်းသောကြောင့် တိတ်ဆိတ်သောညဥ့်ယံတွင် လှိုင်းပုတ်သံ၊ လေတိုးသံနှင့် ပုစွန်လုံးအများအပြား၏ စုပေါင်းမြည်တွတ်သံတို့ကို ကျယ်လောင်စွာကြားနေရလေသည်။ ကမ်းစပ်တွင်ကျွန်ုပ်ကိုယ်တိုင်ခေါင်းလာခဲ့သော မော်တော်ဘုတ်တစ်စင်း ဆိုက်ကပ်ထားသည်ကို မြင်ရသည်။ ကျွန်ုပ် တစ်ကိုယ်တည်းပင်လျှင် ရေမျောကမ်းတင် ဖြစ်ဟန်တူသည့် သစ်ပင်ကြီး၏ကြီးမားသောပင်စည်ပေါ်တွင်ထိုင်နေသည့် အနိုက်အတန့်တွင် တုံးလုံးလဲကျနေသော ပင်စည်ကြီး၏တစ်ဖက်ထိပ်၌ အခြားလူတစ်ယောက်လည်း ပင်စည်ပေါ်တွင် ထိုင်နေသည်ကို မြင်လိုက်ရသည်။

ရုတ်တရက်အားဖြင့် အံ့အားသင့်သွားမိသည်။ ထိုသူသည် မည်သည့်အချိန်က ရောက်ရှိထိုင်နေသည်ကို ကျွန်ုပ် သတိမထားမိသည်မှာ ထူးဆန်းနေသည်။ ကျွန်ုပ်သတိမထားမိသည်မှာထူးဆန်းနေသည်။ ကျွန်ုပ်၏ အမြင်အာရုံသည် ပင်လယ်ကမ်းခြေနှင့် ပင်လယ်ရေပြင်သို့ ငေးမောနေစဉ် ထိုသူ ရောက်ရှိဝင်ထိုင်လိုက်ခြင်း ဖြစ်တန်ရာသည်။

ရေသဖန်းပင်ကြီးသည် မည်သည့်ကျွန်းက မျောပါလာသည်မသိ၊ အတိုင်းအခက်များမရှိတော့ပါချေ။ ပင်လယ်ဒီလှိုင်း၏ သယ်ဆောင်တွန်းပို့မှုကြောင့် ကမ်းစပ်နှင့်ကိုက်တစ်ရာသာသာ ကုန်းမြေပေါ်တွင် သစ်လုံးကြီးသဖွယ် ရောက်ရှိနေခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊

www.burmeseclassic.com

ထိုသစ်တုံးကြီးပမာ ဖြစ်နေသော ပင်စည်၏တစ်ဖက်ထိပ်တွင် ကျွန်ုပ် ထိုင်နေသည်။ ကျန်တစ်ဖက်စွန်းတွင် လူစိမ်းတစ်ယောက် ထိုင်နေသည်။ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံလိုက်သောအခါ မပီမပြင် မထင်မရှား ပိုးတစ်ဝါးအလင်းရောင်ထဲတွင် သူ့မျက်နှာကို ကျွန်ုပ် မြင်ဖူး သလိုလို ဖြစ်နေသည်။

ထိုသူနှင့် ကျွန်ုပ်၏ အကွာအဝေးမှာ တစ်လံသာသာမျှ ရှိလိမ့်မည်။ ထိုသူက ကျွန်ုပ်အား ပြုံးရွှင်စွာဖြင့် စကား စတင်ပြောဆိုသည်။

"ကျုပ်နာမည်ချိုတူး ဖြစ်ပါတယ်။ ခင်ဗျားနဲ့ကျုပ် တစ်ခေါက်လောက်တွေ့ ဖူးပါလိမ့်မယ်"

"ဟုတ်လိမ့်မယ်၊ ဒါပေမဲ့ - လောလောဆယ် အစဖော်လို့ မရသေးဘူး။ ကျုပ်နာမည်ကတော့ စွမ်းထက်အောင်။ ခင်ဗျားနဲ့ ဘယ်မှာတွေ့ဖူးတာလည်း ခင်ဗျား သိလား"

ထိုသူက ဦးခေါင်းကို ဖြည်းညင်းစွာ ခါပြသည်။

"ကျုပ်နဲ့ခင်ဗျား - ဘယ်တုံးက ဘယ်မှာသိခဲ့ဖူးတယ်ဆိုတာ အရေး မကြီးပါဘူးဗျာ၊ ကျုပ်က ထင်ပေါ်ကျော်ကြားခဲ့တဲ့ လူတစ်ယောက်လည်း မဟုတ်ပါဘူး။ လူတွေက ကျုပ်ကို တွေ့ပြီးရင် ပြန်မေ့သွားကြတယ်၊ တချို့က ကျုပ်ဟာ ဝိညာဉ်တစ်ခုလို့ ထင်ကြတယ်၊ ဘာကြောင့်လည်းဆိုတော့ ကျုပ် က နေရာတစ်ခုပြီးတစ်ခု လျင်မြန်စွာရောက်သွားလေ့ရှိတယ်၊ နောက် ပြီး - တချို့လူတွေကိုလည်း ထူးထူးခြားခြားဖြစ်စဉ်နဲ့ ပတ်သက်လို့ သတိ ပေးလေ့ရှိတယ်။ ဒါကြောင့် - ကျုပ်ကို ဝိညာဉ်တစ်ခုလို့ ကောက်ချက်ချကြ တာ ဖြစ်မှာပါ"

"ဒါလည်း ဖြစ်နိုင်တာပဲ၊ ခင်ဗျားကို ရုတ်တရက် ဟောဒီသစ်တုံးပေါ်မှာ မြင်လိုက်တော့ အတော်အံ့ဩသွားတယ်၊ ခင်ဗျား - ကျွန်းရဲ့အတွင်းပိုင်းက ထွက်လာတာကို ကျွန်ုပ် သတိမပြုမိခဲ့ဘူး"

"ကျုပ်က ကျွန်းအတွင်းပိုင်းက ထွက်လာတာ မဟုတ်ပါဘူး။ ပင်လယ် တမ်းစပ်က တက်လာတာလည်း မဟုတ်ဘူး၊ ကျုပ် သွားချင်တဲ့ နေရာတစ်ခု



ခုကို စိတ်ထဲက ဆန္ဒဖြစ်လိုက်တာနဲ့ အလိုအလျောက် ရောက်လာနိုင်တယ်၊ ကျုပ်က လူတစ်ယောက်ချင်းရဲ့ အနာဂတ်နဲ့ အမှတ်မထင် သိမြင်ရတယ်၊ အဲဒီအခါမျိုးမှာ အဲဒီလူကို မတွေ့တွေ့အောင်ရှာပြီး ပြောပြလေ့ရှိတယ်"

ထိုသူက စကားကို ခေတ္တရပ်၍ကျွန်ုပ်ကို စူးစူးရဲရဲတစ်ချက်ကြည့်သည်။ ကျွန်ုပ်က ထိုသူ၏ မျက်လုံးထဲသို့ ငွေလရောင်ခြည်ကျရောက်သွားသည့် ဓာ ဖျတ်ခနဲအလင်းရောင်တစ်ခု ဖြတ်သန်းသွားကြောင်း သတိပြုမိလိုက် သည်။

ထိုအခိုက်အတန့်တွင် ကျွန်ုပ်ဝန်းကျင်၌ ဝေ့နေသောမြူနှင်းငွေ့များ တစ်စ တစ်စ ပါးလျားလာသည်ဟု ထင်ရသည်။ ချိုတူးဆိုသူသည် သူ့ဟာသူ ပြောလက်စ စကားကို ထပ်မံ၍အဆက်အစပ်ဖြစ်အောင် ပြောနေသည်။

စစ်စစ်အားဖြင့် သူ့စကားကိုကျွန်ုပ်နားထောင်သည်ဖြစ်စေ၊ နားမထောင် သည်ဖြစ်စေ သူ့ဟာသူ ပြောနေမည့် အသွင်သဏ္ဌာန်မျိုးဖြစ်သည်။

"တစ်ခါတုန်းက ခင်ဗျားနဲ့ ရုပ်ချင်းဆင်ဆင်တူတဲ့ လူတစ်ယောက်ဟာ ဟောဒီကမ်းခြေနဲ့သုံးမိုင်ခန့်ကွာဝေးတဲ့ ကျွန်းအတွင်းပိုင်းကိုလျှောက်သွား ရင်း ဘယ်ရောက်သွားတယ်၊ သူ ဦးတည်သွားနေတဲ့ လမ်းဆုံးမှာ ဘယ်လိုစိတ် လှုပ်ရှားစရာတွေ ရှိမှာလည်းလို့ သူ လုံးဝမသိဘူး"

ကျွန်ုပ်သည် ထိုသူပြောသော စိတ်လှုပ်ရှားစရာ ဆိုသည်မှာ ဤကမ္ဘာ ကျွန်းပေါ်တွင် အမှန်တကယ်ရှိ မရှိဟူ၍ဖဝေဖဝါတွေးလိုက်မိသည်။ ထိုသူက ရှေးဟောင်းအဏ္ဏာရီတစ်ပုဒ်ကိုပြောနေသည့်အလား ပတ်ဝန်းကျင်ကိုအလေး အနက်ထားပုံမရပါချေ။ အရှိန်ရလာသည့်ပမာ ဆက်လက်ပြောဆိုနေသည်။ ကျွန်ုပ်က အင်းမလှုပ် အဲမလှုပ်ဖြင့် သူ့စကားကို ထောက်ခံခြင်း ကန့်ကွက် ခြင်းမရှိဘဲ ငြိမ်သက်တိတ်ဆိတ်စွာ နားစွင့်နေသည်။

ချိုတူးဆိုသောသူသည် မိုးကောင်းကင်ကို အမှတ်မထင်တစ်ချက် မော့ကြည့်လိုက်သေးသည်။ ယင်းသို့သော အခိုက်အတန့်တွင်လည်း သူ့ စကားကို အဆုံးမပြတ် ပြောနိုင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလမ်းအတိုင်း တစ်မိုင်သာသာလောက်သွားတဲ့အခါမှာ လမ်းသုံးခွဆုံတဲ့နေရာကို ရောက်ခဲ့တယ်။ သူ လျှောက်လာတဲ့ လမ်းရယ်၊ မျက်နှာမူရာ ရှေ့မှာ လမ်းနှစ်လမ်းရယ် လမ်းသုံးခွဖြစ်နေတယ်။

တကယ်လို့ သူက နောက်ကြောင်းပြန်လှည့်သွားရင် လာလမ်းအတိုင်း ဟောဒီပင်လယ်ကမ်းခြေကို ပြန်ရောက်နိုင်တယ်။ ဒါပေမဲ့ - သူက ရှေ့ကို ဆက်သွားဖို့ ဆန္ဒပြင်းပြနေတယ်။ စွမ်းအားတစ်ခုခုက သူ့ကို အရှိန်အဟုန်နဲ့ တွန်းအားပေးနေသလိုမျိုး ခံစားနေရတယ်။

မျက်နှာမူရာ လမ်းနှစ်သွယ်မှာ လက်ျာဘက်ကတစ်လမ်း၊ လက်ဝဲဘက်ကတစ်သွယ်၊ ဘယ်ဘက်ကို လိုက်ရမလည်း သူ ခဏ စဉ်းစားလိုက်တယ်။ သူ့ရှေ့တူရူမြင်ကွင်းကို လှမ်းမျှော်ကြည့်လိုက်တဲ့အခါမှာ -

လက်ျာဘက်ကလမ်းဟာ ကုန်းကမူတွေကိုကျော်ပြီး မတ်စောက်တဲ့ တောင်ပေါ်ကို ကျော်ဖြတ်သွားတယ်။ အဲဒီလမ်းတစ်လျှောက်လုံး အရိပ်ခိုနိုင်တဲ့ သစ်ပင်တစ်ပင်မှ မတွေ့ရဘူး။ တောင်ပေါ်လမ်းအဆုံးမှာ ချောက်ကမ်းပါး ကြီးထဲကို ဆင်ခြေလျှောလမ်းကြောင်းနဲ့ နိမ့်ဆင်းသွားတယ်။ သည်းထိတ်ရင်ဖိုလမ်းကြောင်းပါပဲ။

လက်ဝဲဘက်လမ်းကတော့ ခပ်ပြေပြေ ဖောက်ထားတယ်။ လမ်းဘေး တစ်ဖက်တစ်ချက်မှာလည်း အရိပ်ရပင်တွေ စီတန်းပြီး လမ်းပေါ်မှာမိုးထား သလိုမျိုးဖြစ်နေတယ်။ အဲဒီသစ်ပင်ကြီးတွေဟာ အမျိုးအမည်အားဖြင့် နံ့သာ နီပင်တွေနဲ့ ခပ်ဆင်ဆင်တူတယ်။ သစ်ပင်ပေါ်မှာ ငှက်ကလေးတွေရဲ့တေးဆို သံဟာ တီတီတျာတျာနဲ့ စိတ်ချမ်းမြေ့ဖွယ် ခံစားရတယ်။

အဲဒီလမ်းနှစ်လမ်းကို တွေ့တဲ့လူတိုင်းဟာ လက်ဝဲဘက်လမ်းအတိုင်း သွားဖို့ ရွေးချယ်မိမှာပဲ။ ဒါကြောင့် - လူတိုင်းထဲက သာမန်လူတစ်ယောက် ဟာ လက်ဝဲဘက်လမ်းအတိုင်း လျှောက်သွားတော့တာပါပဲ။

ငွေလသာတဲ့ မိုးကောင်းကင်ဟာ ပကတိပြာလဲ့နေပေမယ့် တိမ်မြွှာ တွေဟာ အဆုပ်လိုက် အဆုပ်လိုက် နေရာအနှံ့အပြား တည်ရှိနေတယ်။



ဒါကြောင့် အဲဒီတိမ်မြွှာကြီးတွေက သာနေတဲ့ငွေလကို အချိန်မရွေး ဖုံးအုပ် လွှမ်းမိုးနိုင်တဲ့ အနေအထားမျိုး ဖြစ်နေတယ်"

ချိုတူးဆိုသူက စကားကို ခေတ္တရပ်၍ ကျွန်ုပ်ကို အကဲခတ်သည်။

"အခု ပြောပြခဲ့တာတွေဟာ မလွဲမသွေ သိနေသင့်တယ်။ ဒါကြောင့် - ပြောခဲ့ရတာ။ ပျင်းစရာ ငြီးငွေ့စရာ ဖြစ်နေရင်လည်း သည်းညည်းခံပြီး နား ထောင်လိုက်ဦး။ စိတ်ဝင်စားစရာ အခန်းကဏ္ဍ ရောက်တော့မယ်။

သူက ခေတ္တရပ်လိုက်ပြီးမှ ဆက်လက်ပြောပြန်သည်။

"ဒီလို ကျွန်းကြီးပေါ်မှာ ဒါမဖြစ်နိုင်ဘူးလို့ ထင်မိလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် နားထောင်ရင်းနဲ့ သဘောပေါက်လာမှာပါ။ စံအိမ်ကြီးတစ်လုံးကို ပတ်ပတ် လည် ချုံနွယ်တွေ ဝန်းရံနေတဲ့တစ်နေရာမှာ ဘွားခနဲ မြင်လိုက်ရတယ်။ သူ့ တာသူ စိတ်ကူးယဉ်နေတာလားထင်ပြီး မျက်စိနှစ်ဖက်ကို သေချာပွတ် ကြည့်မိတယ်။

တကယ်တော့ ငွေလသာသာ ညတစ်ညမှာ ထီးထီးမားမား စံအိမ်ကြီး တာ သူ့အဖို့ အကြီးအကျယ် စိတ်လှုပ်ရှားစရာ ဖြစ်နေတာ သေချာပါတယ်။ လွန်ခဲ့တဲ့ ရာစုနှစ်တစ်ခုက အသွင်သဏ္ဍာန်မျိုး လုံလုံခြုံခြုံ ထုနဲ့ထည်နဲ့ နိုင်နိုင် ခန့်ခန့် ဆောက်ထားတယ်။ တောရိုင်းပန်းနွယ်တွေဟာ စံအိမ်ကြီးရဲ့နံရံတွေ ကို တွယ်တက်နေကြတယ်။ ဒီလိုနေရာမျိုးမှာ တွေ့လိုက်ရတဲ့ စံအိမ်ကြီးထဲ မှာ လူသူကင်းမဲ့နေမှာပဲလို့ သူ ထင်လိုက်တယ်။

ဒါပေမဲ့ - စံအိမ်ကြီးရဲ့အပေါ်ထပ်က ပြတင်းပေါက်တစ်ပေါက် ပွင့်နေပြီး အဲဒီထဲက မီးအလင်းရောင်ဟာ အပြင်ဘက်ကို ထိုးကျနေတယ်။ ဒါနဲ့ စံအိမ်ထဲ မှာ တစ်စုံတစ်ယောက်တော့ ရှိနေတာသေချာပြီလို့ သူ စိတ်ချလက်ချ ဆုံး ဖြတ်ချက်ချလိုက်တယ်။ အဲဒီ မီးထွန်းထားသူဟာ စံအိမ်နဲ့ပတ်သက်နေသူ ဖြစ်လေသလား၊ ဒါမှမဟုတ် မသူတော် တစ်စုံတစ်ယောက်ဟာ ရှေးဟောင်းစံအိမ် ကြီးထဲမှာ အဖိုးထိုက်တန်တဲ့ ပစ္စည်းတစ်ခုခုကို ရှာဖွေနေတာများလား။

သူက ဇဝေဇဝါအတွေးနဲ့ စံအိမ်ကြီးနားကို ခြေလှမ်းရောက်ရှိသွားတယ်။ စံအိမ်ကြီးရဲ့အောက်ထပ် ရှေ့ဘက်အဝင်ပေါက်တံခါးဟာ လုံးလုံးလျားလျား



www.burmeseclassic.com

www.burmeseclassic.com

ပွင့်နေတယ်၊ သူ့ခြေလှမ်းများဟာ ရပ်တန့်ခြင်းအလျဉ်းမရှိပဲ အိမ်ထဲကိုလှမ်းဝင်သွားခဲ့တယ်၊ အောက်ထပ်ဧည့်ခန်းထဲမှာ ကျောက်ဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းညှိထားတဲ့အတွက် အရာခပ်သိမ်းကို သဲသဲကွဲကွဲ မြင်နိုင်တယ်၊

ဧည့်ခန်းထဲက ရှေးခေတ်လက်ရာမြောက် အိမ်ထောင်ပရိဘောဂတွေဟာ မဟော်ဂနီရောင် တောက်ပြောင်ပြီး ထုနဲ့ထည်နဲ့ ကနုတ်ပန်းတွေ အပါအဝင် သားသားနားနား ထည်ထည်ဝါဝါ ဖြစ်နေတယ်၊ ဧည့်ခန်းနံရံပေါ်မှာ ပန်းပွားတပ် အဲမောင်းလုံတစ်လက်ဟာ ကျောက်စီလက်ကိုင်ရှိတဲ့ ငုက်ကြီးတောင်ဓားတစ်လက်နဲ့ကြက်ခြေခတ် ချိတ်ဆွဲထားတယ်၊ သမင်ချိုတစ်စုံဟာလည်း အောက်ခံဒိုင်းသဏ္ဌာန်ကျွန်းသားပေါ်မှာ နေသားတကျတည်ရှိတယ်၊ ကျောက်ဖြူသားနဲ့ ထုဆစ်ထားတဲ့ သက်ရှိလူသားအရွယ် မြန်မာစစ်ကဲကြီးတစ်ယောက်ရဲ့ ရုပ်ထုဟာ လက်ရာမြောက်စွာနဲ့ လှေကားရင်းလက်ျာဘက်ထိပ်မှာရှိပြီး အမျိုးသမီးတစ်ယောက်ရဲ့ အသွင်သဏ္ဌာန် ပန်းပုလက်ရာတစ်ခုကလည်း လှေကားရဲ့ လက်ဝဲဘက်ထိပ်မှာ တည်ရှိတယ်၊ ကျယ်ပြန့်တဲ့ လှေကားထစ်တွေရဲ့ အလယ်မှာ ကြက်သွေးရောင်ကော်ဇောတစ်ချပ်ကို တောက်လျှောက်ခင်းထားတာ တွေ့ရတယ်၊

သူ့ရဲ့ခြေလှမ်းတွေဟာ ရပ်တန့်လို့မရဘဲ အဲဒီလှေကားထစ်တွေပေါ်က ကော်ဇောနီကိုနင်းပြီး အပေါ်ထပ်အထိ တစ်လှမ်းချင်း တက်သွားခါနီးအချိန်မှာ လှေကားရင်းက ကျောက်ဖြူသားရုပ်ထုနှစ်ခုကို အလိုအလျောက် တစ်လှည့်စီ ကြည့်မိလျက်သား ဖြစ်သွားတယ်၊

ကျောက်ဖြူသားရုပ်ထုနှစ်ခုရဲ့ အေးစက်မာကြောတဲ့မျက်လုံးနှစ်စုံရဲ့ အကြည့်ဟာ သူ့ရင်ထဲကို နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်သွားသလိုမျိုး ခံစားလိုက်ရတယ်၊ ဒါပေမဲ့ - သူက စိတ်တိုပြီး ဆက်တက်သွားခဲ့တယ်၊

လှေကားထိပ်ရောက်တော့ လှုသွားစင်္ကြံတစ်လမ်းကို တွေ့လိုက်ရတယ်၊ အဲဒီလှုသွားစင်္ကြံကိုလည်း ကြက်သွေးရောင် ကော်ဇောခင်းထားတယ်၊ ထူးခြားတာက လှုသွားစင်္ကြံတစ်လျှောက်လုံးမှာ သဇင်ပန်း၊ စံပယ်ပန်း



သစ်ခွပန်းလိုမျိုး တော်ဝင်တဲ့ပန်းရနံ့ သင်းသင်းမြမြ မွှေးကြိုင်နေတယ်၊ သူတလှုသွားစင်္ကြံအဆုံးရောက်တော့ စေ့ထားတဲ့တံခါးရွက်နဲ့ အခန်းရှေ့မှာ ရပ်လိုက်တယ်၊

တကယ်တော့ - သူ့အနေနဲ့ စေ့ထားတဲ့ တံခါးရွက်ကို အလွယ်တကူ တွန်းဖွင့်ဝင်သွားလို့ ရနိုင်ပါတယ်၊ ဒါပေမဲ့ - မဝံ့မရဲ ဖြစ်နေတယ်၊ ဒါကြောင့် အခန်းတံခါးကို ညင်သာစွာ ခေါက်လိုက်မိတယ်၊

"ဝင်လာခဲ့ပါ"

ဆိုတဲ့ အခန်းတွင်းက ဗိတ်ခေါ်သံကို ကြားလိုက်ရတယ်၊ အဲဒီဗိတ်ခေါ်တဲ့ တေးသံမျိုးကို ကျုပ်တို့ လူသားတွေဟာ သက်တမ်းတစ်လျှောက်လုံး အကြိမ်ပေါင်းများစွာ မရေမတွက်နိုင်အောင် ကြားဖူးကြမှာပါ၊ ဒါပေမဲ့ - သူကြားလိုက်ရတဲ့ ဗိတ်ခေါ်သံထဲမှာ မယုံကြည်နိုင်လောက်အောင် ညှို့ငင်မှုစွမ်းအား ပါနေတယ်၊ ချိုသာတယ်၊ ကြည်လင်တယ်၊ မွှန်မွှန်ရည်ရည်နဲ့ ဆွဲဆောင်မှု အပြည့်အဝ ပါရှိနေတယ်၊

"အခန်းထဲက ဗိတ်ခေါ်သူဟာ ဘယ်သူလည်း၊ အမျိုးသမီးတစ်ယောက်လား"

ကျွန်ုပ်က စိတ်ဝင်စားစွာဖြင့် လွှတ်ခနဲ ကြားဖြတ်ကာ မေးလိုက်မိသည်၊

"ပြောပြမှာပေါ့ဗျာ သူဝင်သွားတဲ့အခါ အခန်းထဲမှာ မှန်ပြတင်းက တိုးဝင်နေတဲ့ ငွေလရောင်ခြည် ထွန်းပနေတယ်၊ အဲဒီငွေလရောင်ခြည်ဟာ ကျယ်ပြန့်တဲ့ နှစ်ယောက်အိပ် ကုတင်ကြီးပေါ်ကို ကျရောက်နေတဲ့အတွက် ရှည်ရှောမျော စတုရန်းပုံစံ အိပ်ရာခင်းအဖြူရောင်ကို ထင်ထင်ရှားရှား မြင်နေရတယ်၊ အခန်းထောင့်မှာရှိတဲ့ ဖယောင်းတိုင်စင်ပေါ်မှာ ကျောက်ဖယောင်းတိုင်ကြီးတွေ ထွန်းညှိထားတယ်၊ နှစ်ယောက်အိပ်ခုတင်ကြီးရဲ့အစွန်းမှာ ခုံတိုင်ကိုမှီပြီး ကျောရှင်းစွာထိုင်နေတဲ့ မိန်းမပျိုတစ်ယောက်ကို သဲသဲကွဲကွဲ ပီပီပြင်ပြင် မြင်လိုက်ရတယ်၊ တွေ့လိုက်ရတာနဲ့ တစ်ပြိုင်နက် အဲဒီသူဟာ ဒူးတွေတဆတ်ဆတ်တုန်ရင်လာပြီး အသက်ရှူမှားသွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com

မျက်တောင်ခတ်ဖို့တောင် သတိမရနိုင်တော့ဘူး။ သူ့မျက်လုံးအစုံဟာလည်း အစွမ်းကုန် ပြူးကျယ်သွားတယ်။

သူ့ဘဝ သက်တမ်းတစ်လျှောက်မှာ ဒီလောက်စွဲမက်စရာကောင်းတဲ့ မိန်းမပျိုကို တစ်ကြိမ်တစ်ခါမှ မမြင်ဘူးခဲ့တာ အမှန်ပါ။

"ပိတုန်းရောင်ကေသာဖြေချလို့ ရှုမဝနိုင်တဲ့သူ" ဆိုတဲ့ စာထဲက အတိုင်း ဒူးကောက်ကွက်အထိ ရှည်လျားနက်မှောင်တဲ့ ဆံပင်တွေဟာ စိမ်းလဲ့လဲ့ အရောင်ထွက်နေသလား မှတ်ရတယ်။ မျက်လုံးညိုညိုကြီးတွေဟာ သူ့ကို စူးစူးရဲရဲ ကြည့်နေတဲ့အတွက် ပင့်ကူမျှင်နဲ့ငြိနေတဲ့ ယင်ကောင်တစ်ကောင်လို အဲဒီအကြည့်ထဲက ရုန်းမထွက်နိုင်တော့ဘူး။ နီစွေးစွေး နှုတ်ခမ်း ပြည့်ပြည့်ဖူးဖူးလေးဟာ တစ်စုံမေးတော့မယ့် အသွင်သဏ္ဌာန်မျိုး တရွရွ လှုပ်ရှားနေတယ်၊ မိန်းမပျိုရဲ့မေးခွန်းဟာ သူမရဲ့နှုတ်ခမ်းဖျားက ထွက်မလာခင်မှာဘဲ သူက အရင်ဦးအောင် ဖြေလိုက်တော့တာပါပဲ။

ကျွန်တော် တစ်ယောက်ထဲ လမ်းလျှောက်သွားရင်းနဲ့ ဒီစံအိမ်ကြီးအနီးကို ရောက်လာခဲ့ပါတယ်၊ အပေါ်ထပ်မှာ မီးလင်းနေတော့ လူစိမ်းသူစိမ်းတွေဟာ အိမ်ပိုင်ရှင်မရှိခိုက် ကျူးကျော်ဝင်ရောက် ဖောက်ထွင်းခိုးယူနေကြမှာပဲဆိုတဲ့အတွေးနဲ့ တတ်နိုင်သမျှ အကူအညီပေးဖို့ ရောက်လာခဲ့တာပါ ခွင့်လွှတ်ပါ ခင်ဗျာ။

သူက အတတ်နိုင်ဆုံး မွန်မွန်ရည်ရည်နဲ့ ချိုချိုသာသာ ပြောပြတယ်၊ သူရပ်နေတဲ့နေရာနဲ့ အမျိုးသမီးထိုင်နေတဲ့ အကွာအဝေးက ခြေနှစ်လှမ်းစာလောက်ရှိပါတယ်။ ဒါပေမဲ့ - ပြတင်းပေါက်က တိုးဝင်နေတဲ့ ငွေလရောင်ရယ်၊ အခန်းထောင့်မှာရှိတဲ့ ဖယောင်းတိုင်တင်စင်ပေါ်မှာ ထွန်းညှိထားတဲ့ ဖယောင်းတိုင်တွေက အလင်းရောင်တွေဟာ မိန်းမပျိုရဲ့ - အမို့အမြင့်၊ အပြေအလျှောတွေနဲ့ ရှိက်ဖိုကြီးငယ်အသွယ်သွယ်ကို သိသာထင်ရှားစွာ ဖော်ပြထားသလို ဖြစ်နေတယ်။

အဲဒီအချိန်မှာ မျက်တောင်မခတ် ကြည့်နေသူဟာ ရှေ့ဆက်တိုးရကောင်းနိုးနိုး၊ နောက်ပြန်လှည့်ဆုတ်သွားရကောင်းနိုးနိုး ဘာလုပ်ရမှန်းမသိ လူစင်စစ်က ကျောက်ရုပ်ထုကြီးတစ်ခုလို တောင့်တောင့်ကြီး ရပ်နေတယ်။



ဒါကိုကြည့်နေတဲ့ မိန်းမပျိုက အပြုံးသဲ့သဲ့နဲ့ ပြုံးလိုက်ပြီး ထိုင်နေရာတခါကိုဆန့်ပြီး ထလိုက်တယ်။ မိန်းမပျိုရဲ့ အရပ်အမြင့်ဟာ သူမရဲ့ကိုယ်လုံးနဲ့ လိုက်လျောညီထွေ အဆင်ပြေနေတယ်။

မိန်းမပျိုက မျဉ်းဖြောင့်တစ်ကြောင်းပေါ်မှာလျှောက်လာသူတစ်ယောက်လို တင့်တယ်လှပစွာ လျှောက်လာတယ်၊ သူနဲ့ လက်တစ်ကမ်းအကွာမှာ ရပ်လိုက်တယ်၊ ပွင့်နေတဲ့ပြတင်းပေါက်က တစ်ဆင့် တသုန်သုန်တိုက်ခတ်နေတဲ့လေဟာ မိန်းမပျိုရဲ့ ချိုနံ့သင်းကို သူ့နှာဝအထိ အရောက်ပို့ပေးနေတယ်။

မိန်းမပျိုရဲ့ အပြုံးဟာ ကျယ်ပြန့်ရွှန်းလဲ့လာတယ်။ ဒါကို တွေ့လိုက်ရတဲ့သူဟာ သူ့စိတ်ကို သူ မထိန်းနိုင်တော့ဘူး။

"ကမ္ဘာပေါ်မှာ အလှဆုံး၊ အချောဆုံး၊ မိန်းမပျိုတစ်ယောက်ကို အခုလို မျှော်လင့်ပဲ တွေ့လိုက်ရတဲ့အတွက် ကျွန်တော် ဒီနေရာက မခွာနိုင်တော့ဘူး။ နောက်ပြီး ညီမဟာ ဘယ်သူလည်းဆိုတာ မသိရပေမဲ့ ကျွန်တော့်အချစ်စိတ်ကို တားမနိုင်ဆီးမရ ဖြစ်နေမိပြီ။ ညီမကို ချစ်ရဖို့အတွက်ဆိုရင် ကျွန်တော့်အသက်ကို ပေးရ ပေးရ"

သူ့နားထဲမှာ တဟီးဟီး တဟားဟား ရယ်မောသံကြီးတစ်သံ ကြားလိုက်ရတဲ့အတွက် သူ စကားမဆုံးမီ ရပ်တန့်သွားတယ်။ ရယ်သံဟာ သူ့နောက်တည့်တည့်က ပေါ်လာတာပါ။ ဒါကြောင့် - သူက နောက်ကျောဘက်ကို ချာခနဲလှည့်ကြည့်လိုက်မိတယ်။

လူထွားကြီးတစ်ယောက်ဟာ သူ့ကို မီးဝင်းဝင်းတောက်နေတဲ့မျက်လုံးအစုံနဲ့ ကြည့်နေတယ်။ အရပ်က ခြောက်ပေကျော်တယ်။ အဲဒီလူကြီးရဲ့ခန္ဓာကိုယ် အဆောက်အပေါက်ဟာ သူ့လိုလူကို တစ်ချက်ထဲနဲ့ တုတ်က ချွဲမပြီး ကိုင်ပေါက်နိုင်တဲ့ အနေအထားမျိုး ဖြစ်နေတယ်။

သူက မိန်းမပျိုကို လှည့်ကြည့်လိုက်တဲ့အချိန်မှာ မိန်းမပျိုရဲ့မျက်နှာပေါ်မှာ အပြုံးတွဲဝမ်းနည်းတဲ့ အသွင်သဏ္ဌာန် ဖြစ်ပေါ်နေတာကို မြင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် - သူ့ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရတယ်၊ မိန်းမပျိုဟာ သူ့ကို ကျောခိုင်းလျှောက်သွားပြီး ခုတင်စွန်းမှာ သွားထိုင်တယ်၊

"ဒီအမျိုးသားကြီးက ညီမနဲ့ ဘာတော်သလည်းဟင်၊ သူ့ ညီမကို စိတ်ထိခိုက်အောင် ဖန်တီးနေသူဆိုရင် ညီမအတွက် ကျွန်တော်အသက်နဲ့လဲပြီး တိုက်ခိုက် ဖယ်ရှားပေးပါ့မယ်"

သူက မစဉ်းမစား မဆင်မခြင် တစ်ဖွတ်ထိုး ပြောလိုက်တယ်၊ ဒါပေမဲ့ - တကယ်တမ်းပြောရရင် လူထွားကြီးဟာ သူ့ကိုယ်ခန္ဓာနှစ်ဆမကကြီးမားပြီး ခွန်အားလည်း အပြည့်အဝရှိတာ သေချာပါတယ်၊ ဒါကြောင့် စိတ်ဓာတ်အားဖြင့် သူကသာပေမယ့် တိုက်ရည်ခိုက်ရည်ချင်း ယှဉ်ရရင် သူ့ဘက်က အနိုင်ရဖို့ အခွင့်အလမ်း အင်မတန် နည်းပါးပါတယ်၊

"အဲဒီ စိတ်ထားကိုတော့ သဘောကျတယ်ဟေ့၊ ကဲ - လာ မင်းပြောတဲ့ အတိုင်း အသက်နဲ့လဲပြီး တိုက်ခိုက်နိုင်မလားဆိုတာ ကြည့်ရသေးတာပေါ့၊ လာ - ငါနဲ့လိုက်ခဲ့"

လူထွားကြီးက ရှေ့ကဦးဆောင်ထွက်သွားတယ်၊ လူထွားကြီးနောက်တလိုက်ခါနီးမှာ သူက မိန်းမပျိုလေးကို တစ်ချက် လှည့်လိုက်သေးတယ်၊ မိန်းမပျိုဟာ မျက်နှာလေးကို လက်ဝါးနှစ်ဖက်နဲ့ အုပ်လိုက်တယ်၊ တစ်ကိုယ်လုံးတသိမ့်သိမ့် တုန်ရင်စွာနဲ့အသံမထွက်ဘဲကြိတ်ပြီး ရှိုက်နေတာ မြင်လိုက်ရတယ်၊

အခန်းထဲကထွက်သွားတဲ့လူထွားကြီးနောက်ကလိုက်ခဲ့သူဟာလှေခါးထိပ်ကြီးအဆုံးက လှေကားထိပ်ရောက်သွားတယ်၊ သူ့ရှေ့က သွားနှင့်တဲ့လူထွားကြီးဟာ လှေကားအောက်ဆုံးထစ် ရောက်သွားပြီ၊

သူက စိတ်လိုက်မာန်ပါနဲ့ လှေကားထစ်တွေကို တစ်ထစ်ပြီး တစ်ထစ် ဆင်းနေချိန်မှာ ရုတ်တရက် မှောင်အတိကျသွားတယ်၊ သူ့ပတ်ဝန်းကျင်တစ်ခုလုံး သိပ်သည်းနက်ရှိုင်းတဲ့အမှောင်ထုက လွှမ်းခြုံလိုက်သလိုမျိုးခံစားလိုက်ရတယ်၊ အဲဒီအမှောင်ကို လက်နဲ့စမ်းကြည့်ရင်တောင် ကိုင်လို့ ယူလို့ရမတတ် ထူထပ်သိပ်သည်းတဲ့ အမှောင်မျိုး ဖြစ်နေတယ်၊



ဒါကြောင့် - သူဟာ လှေကားထစ်တွေကို တစ်ထစ်ချင်းစမ်းတဝါးဝါးနဲ့ တရွေ့ရွေ့ ဆင်းနေရင်းနဲ့ သူနားထဲမှာ သေနတ်သံတစ်ချက်မြည်ဟိန်းသွားတယ်၊ တစ်စုံတစ်ယောက်က သေနတ်မောင်းခလုတ်ကို ဆွဲညှစ်လိုက်တာ ဒါ့တော်ဒိုက်ယမ်းပေါက်ကွဲသွားပြီး ကျည်ဆန်ထိပ်ဖူးဟာ ပြောင်းရစ်အတိုင်း လည်ထွက်လာပြီး ခန္ဓာကိုယ်တစ်ခုထဲကို ထွင်းဖောက်သွားတာ ဖြစ်ပါလိမ့်မယ်၊

—◇—

ကျွန်ုပ်၏ရင်ဘတ်တွင် အောင့်ခနဲ ဝေဒနာတစ်ခုဖြစ်သွားသည်၊ ကျွန်ုပ်သာ အလန့်တကြားနှင့်ပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်၊ ကျွန်ုပ်သည် ရေမျောကမ်းတင် အကိုင်းအခက်မရှိသော သစ်ပင်ကြီးတစ်ပင်၏ ပင်စည်နှင့်တပ်လျက် မြေပြင်ပေါ်သို့ မှောက်လျက်သားကျ နေလျက်သား ဖြစ်နေသည်၊

မူလက ထိုပင်စည်ကြီးပေါ်တွင် ကျွန်ုပ် ထိုင်နေခဲ့ခြင်းဖြစ်သည်၊

ပင်စည်၏တစ်ဖက်စွန်းတွင်ထိုင်လျက် ထူးခြားဆန်းကြယ်သည့်ဖြစ်ရပ်တစ်ခုကို ပြောပြနေသော ရျိုတူးဆိုသူကိုလည်း မတွေ့ရတော့၊ ကျွန်ုပ်သည် အံ့ဩခြင်းမှကပျာကယာထလိုက်သည်၊ ကျွန်ုပ်၏ခန္ဓာကိုယ်နှင့်ဝတ်ထားသော အဝတ်အစားတို့တွင် ကပ်ငြိနေသည့် သဲမှုန့်မြေမှုန့်တို့ကို ပွတ်သပ်ခါချလိုက်ရသည်၊

ရျိုတူးဆိုသူသည် ဝိညာဉ်တစ်ခုဆိုသည်မှာ မှန်နေပြီလားမပြောတတ်၊ သို့တည်းမဟုတ် ကျွန်ုပ်သည် သစ်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်နေလျက်နှင့် အိပ်ပျော်သွားစဉ် တစ်စုံတစ်ယောက်နှင့် တွေ့ခြင်း၊ ထိုသူက ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တစ်ခုကို ပြောပြခြင်းဟူ၍ ကပေါက်တိ ကပေါက်ချာ အတွေးအိပ်မက်ကဲ့သို့သော အဖြစ်တစ်ခုမျှသာ ဖြစ်ပေလိမ့်မည်ဟု မှတ်ချက်ချလိုက်မိသည်၊

ထို့ကြောင့် သစ်တုံးကြီးပေါ်မှ မြေပြင်ထက်သို့ ခြေလွတ်လက်လွတ် ကျချိန်တွင် ရင်ဘတ်နှင့်မြေကြီးဆောင့်မိခြင်းကို အတွေးအိပ်မက်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

သေနတ်ပစ်ခံရသည့် အဖြစ်မျိုးဟု၍ တိုက်တိုက်ဆိုင်ဆိုင် ထင်မြင်ယူဆမိခြင်း ဖြစ်တန်ရာသည်။

ထို့ကြောင့် - ကျွန်ုပ်၏အဖြစ်ကို ကျွန်ုပ်ဘာသာ တစ်ယောက်တည်း ပြန်လည်သုံးသပ်၍ပြုံးလိုက်မိသည်။ ထို့နောက် ဘိုတဲရှိရာသို့ ခြေဦးမလှည့်သေးပဲ တစ်ယောက်တည်းကျွန်း၏ အတွင်းပိုင်းသို့ လျှောက်သွားချင်သော ဆန္ဒ ဖြစ်ပေါ်နေသည်။

မကြာမီ ကျွန်ုပ်သည် ကျွန်းအတွင်းဘက်သို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့မိသည်။ ကျွန်ုပ်၏ ခြေလှမ်းများက တစ်လှမ်းပြီးတစ်လှမ်း ခွန်အားမစိုက်ရပဲ သူ့အလိုအလျောက် ရွေ့လျားနေသည်။ မကြာသေးမီက တစ်စုံတစ်ယောက်ပြောခဲ့သည့်ပမာ အိပ်မက်ဆန်ဆန် ဖြစ်ရပ်က ကျွန်ုပ်ရင်ထဲတွင် စိုးမိုးနေသေးသည်။

—⟡—

အချိန်မည်မျှ ကြာသွားသည်မသိ။ ကျွန်ုပ်၏ခြေလှမ်းများ သယ်ဆောင်ရာသို့ လိုက်ပါသွားရသည့် သဘောမျိုး ဖြစ်နေသည်။ ထူးခြားသည်မှာ တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသော တောအုပ်ထဲတွင် အလင်းရောင် မပီသေ မှုန်ရီဝိုးတဝါးဖြင့် လျှောက်လှမ်းလာသော်လည်း ကြုံတွေ့ရတတ်စမြဲအနှောင့် အယှက် အဟန့်အတားများ၊ ပိုးကောင်မွှားကောင်များဖြစ်စေ၊ ခလုတ်တိုက်မိခြင်း၊ နွယ်ဖြင့်ငြိခြင်း စသည်တို့နှင့် မကြုံတွေ့ခဲ့ရပါချေ။

များမကြာမီ ထူထပ်သိပ်သည်းသော ချုံနွယ်ပိတ်ပေါင်းများနှင့် သစ်တင်များ ကြဲသွားပြီးလျှင် လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်ရှိလာသည်။ သို့ရာတွင် ရိုးတူးဆိုသူ ပြောသကဲ့သို့လက်ျာဘက်လမ်းသည် မတ်စောက်သော တောင်ပေါ်အထိ အတက်လမ်းဖြစ်နေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အနည်းငယ် ပြေသော လူသွားလမ်းအတိုင်း ဆက်လျှောက်သွားသည်။

ယင်းသို့ သွားနေစဉ် အဝေးအတွင်း စံအိမ်ကြီးတစ်အိမ်၊ မိန်းမချော လေးတစ်ယောက်၊ ထို့နောက် ထွားကြိုင်းသော လူကြီး၏ သေနတ်သံ တစ်



❝ ဒီလိုနေရာမျိုးမှာ မင်းကို ဘယ်သူမှ ကယ်နိုင်စရာ အကြောင်းမရှိတော့ဘူး။ နားလည်လား ရုပကလျာ-မင်းကို ရက်သတ္တပေါင်းများစွာ ငါ စိတ်ရှည်ရှည်ထားပြီး တစ်နေ့ စိတ်ပြောင်းလာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်စားခဲ့တာ။ အခု ငါ ဆုံးဖြတ်ချက်ကို ပြင်ရတော့မယ် သိရဲ့လား ❞



ချက်၊ စသည်တို့ကို စိတ်ထဲတွင် မှန်းဆထင်ယောင်မြင်ယောင် ဖြစ်နေရသည်။ ကျွန်ုပ်အနေနှင့် လူယုံတော်ကြီးရွှေသိုက်ကို အဖော်ခေါ်လာသင့်သည်တု စဉ်းစားမိသည်။ သို့ရာတွင် ပြန်ခေါ်ရန် မလွယ်ကူတော့ပါချေ။ သစ်ရိုးလမ်းကွေ့သို့ အရောက်တွင် ရုတ်တရက် ချက်ချင်းတောင်ပူစာ တစ်လုံးကို ကျွန်ုပ်၏မြင်ကွင်းရှေ့တွင် မြင်လိုက်ရသည်။

တောင်ပူစာ၏အမြင့်မှာ ခန့်မှန်းခြေအားဖြင့် အတောင်ကိုးဆယ်သာ ရှိမြင့်သည်။ တစ်စ တစ်စအနီးသို့ ရောက်ရှိသွားသောအခါ ထိုတောင် ပူစာကြီးသည် သက်ရင့်ပံ့သု အမျိုးအစားဖြင့် ကျောက်သားပမာ ကျောက်ချ



www.burmeseclassic.com

www.burmeseclassic.com

မာကျောနေသည်။ နှစ်ကာလရှည်လျားကြာမြင့်စွာ တည်ရှိနေခြင်းကို ဖော်ပြသည့်ပမာ ရေညှိများဖုံးလွှမ်း၍ ထုတက်နေလေပြီ။

မျှော်လင့်ထားခြင်းနှင့် လုံးလုံးလျားလျားကွဲပြားခြားနားသွားလေသည်။ ကျွန်ုပ် ကြိုတင်မျှော်မှန်းထားသော စံအိမ်ကြီး တွေ့ရမည့်အချိန်တွင် မြင့်မားသော တောင်ပူစာကြီး တွေ့လိုက်ရခြင်းဖြစ်သည်။ စစ်စစ်အားဖြင့် ကျွန်းတစ်ကျွန်းပေါ်တွင် စံအိမ်ကြီးတစ်အိမ်ရှိခြင်းထက် ကျစ်လျစ်သိပ်သည်းနေသော တောင်ပူစာတစ်ခု ရှိနေသည်မှာ ပိုမို၍ ယုတ္တိဆန်သည်။

မည်သို့ပင်ဖြစ်စေ ချိုတူးဆိုသူ ပြောကြားခဲ့သည့်ပမာ အိပ်မက်ဆန်ဆန် ဖြစ်ရပ်သည် ဤနေရာမှစ၍ ပထမဆုံး အံချော်နေလေပြီ။ ကျွန်ုပ်သည် နေရောင်ခြည်အောက်တွင် နေရာစိမ်းတစ်ခုတွင် လျှောက်ကြည့်နေမည့်အစား မှုလတည်းမိုရာ ဘိုတဲရှေ့မျက်နှာစာကွက်လပ်ရှိ မီးပုံဘေးတွင် ထိုင်လျက် ဦးရွှေသိုက်နှပ်ပေးသော ကော်ဖီတစ်ခွက်နှင့် စည်းစိမ်ခံနေသင့်သည်။ သို့ရာတွင် ယခုအခါတွင် ကျွန်ုပ်ရောက်ရှိနေသော တောင်ပူစာရှေ့မှ ပြန်လည်ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။

စံအိမ်ကြီးနှင့်မိန်းမချောဟူသော စိတ်တူးယဉ်အိပ်မက်ဆန်ဆန် ယုတ္တိယုတ္တာကင်းမဲ့သော အကြောင်းအရာကို ကျွန်ုပ်၏ဦးနှောက်ထဲမှ ဖယ်ရှားလိုက်သည်။ လာလမ်းအတိုင်း နောက်ကြောင်း ပြန်လှည့်ရန် ခြေလှမ်းသုံးလှမ်းမျှ လှမ်းမိသော အခိုက်အတန့်တွင် –

ကျွန်ုပ် နားထဲ၌ နက်ကျောသော ရယ်သံကြီးတစ်သံကို ရင်ခုန်လှုပ်ရှားဖွယ် ကြားလိုက်ရလေသည်။ အစပထမတွင် အမှန်တကယ် ကြားရခြင်းမျိုး မှ ဟုတ်ပါလေစ" ဟူ၍ သံသယ ဝင်လိုက်မိသေးသည်။ သို့ရာတွင် –

"ဒီလိုနေရာမျိုးမှာ မင်းကို ဘယ်သူမှ ကယ်နိုင်စရာ အကြောင်း မရှိတော့ဘူး။ နားလည်လား ရှပကာလျာ – မင်းကို ရက်သတ္တပေါင်းများစွာ ငါ စိတ်ရှည်ရှည်ထားပြီး တစ်နေ့ စိတ်ပြောင်းလာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်ခဲ့တာ။ အခု ငါ့ဆုံးဖြတ်ချက်ကို ပြင်ရတော့မယ် သိရဲ့လား"



ဝမ်းခေါင်းသံကြီးနှင့် ကျယ်လောင်မာကျောစွာ ပြောသံကို ဆက်လက်ကြားလိုက်ရသည်။ ထို့ကြောင့် ကျွန်ုပ်ကြားရခြင်းမှာ စိတ်ထဲတွင် ကြားယောင်ခြင်း မဟုတ်ကြောင်း သဘောပေါက်လိုက်သည်။

ထိုရယ်သံနှင့်စကားသံသည် ကျောက်သားထုပမာ တည်ရှိနေသော တောင်ပူစာတစ်နေရာမှ ထွက်လာခြင်းဖြစ်တန်ရာသည်။ ထို့ကြောင့် တောင်ပူစာ၏ဘေးမှကပ်လျက် ပတ်လျှောက်ရန် ဆုံးဖြတ်လိုက်သည်။ အသံကြားရသော နေရာကို နားစွင့်၍ လျှောက်ခဲ့စဉ် –

"အောင်မာ – ရာရာစစ – မိလက္ခုသားက လူပါးဝလို့ ငါ့မိဘတ ရွှေနန်းတော်မှာ အကာနဲ့ ဖျော်ဖြေရတဲ့ မျိုးရိုးဟဲ့၊ နင်နဲ့ တန်သလား၊ နင့် ကိုယ်မှာပေါက်နေတဲ့ ကျွန်မွေးတွေ၊ ကျွန်နံ့တွေ မပျောက်သေးဘူး"

"တော် – တိတ် အခုအချိန်မှာ သင်ဟာ ရွှေနန်းတော်မှာ ဆိုရတာရတဲ့ ရွှေခင်းသမီးမဟုတ်တော့ဘူး။ ငါ့ပြသမျှ နရတော့မယ့်သူ ဖြစ်သွားပြီဆိုတာ သဘောပေါက်"

ဟူသော အချီအချ ပြောနေကြသံတို့ကို ကြားရသည်။

ကျွန်ုပ်၏ ခြေလှမ်းသုံးလှမ်းစာအကွာတွင် လိုဏ်ဂူပေါက်အတွင်းမှ အလင်းရောင်သဲ့သဲ့မျှ ထွက်ပေါ်နေသည်။ ထို လိုဏ်ဂူအတွင်း၌ မိန်းမပျို တစ်ယောက်နှင့် ယောကျ်ားတစ်ယောက်ရှိနေကြသည်။ မိန်းမပျိုတ အတော်အတန် စိတ်ကြီးဝင်ကာ ဘဝင်မြင့်ဟန်တူသည်။ ယောကျ်ားတစ်ယောက်တဆို မိန်းမပျိုကို နိုင့်ထက်စီးနင်းပြုတော့မည့် အခြေအနေမျိုး ဖြစ်နေသည်။

ကျွန်ုပ်သည် အားနွဲ့သော မိန်းမသားများအပေါ်တွင် စော်ကားမော်ကား ပြုလုပ်တတ်သူ လူစားမျိုးကို အစဉ်သဖြင့် ရွံရှာစက်ဆုပ်လေ့ရှိသည်။ လာလောဆယ် အခြေအနေတွင် မိန်းမပျိုဘက်မှ ကူရပေတော့မည်။ သို့ရာတွင် ကျွန်ုပ်ထံတွင် လက်နက်ဟူ၍ တစ်စုံတစ်ရာမှ ပါမလာ၊ ထို့ကြောင့် လိုဏ်ဂူပေါက်ဝမှ ထွက်ကျနေသော အလင်းရောင်၏ အကူအညီဖြင့် အနီးပတ်ဝန်းကျင်တွင် လက်နက်အဖြစ်အသုံးပြုနိုင်မည့် တစ်ခုခု ကြည့်ရှာရသည်။ ကံအားလျော်စွာ လိုဏ်ဂူအပြင်ဘက်၌ နှစ်တောင့်ထွာခန့်ရှည်



www.burmeseclassic.com

www.burmeseclassic.com

လျှာ၍ လုံးပတ်အားဖြင့် ထွာဆိုင်သာသာမျှရှိသော ဝါးရင်းတုတ်တစ်ချောင်းကို မြင်လိုက်ရသည်။

ကျွန်ုပ် ထိုဝါးရင်းတုတ်ကို ကောက်ယူ ဆုပ်ကိုင်လိုက်ပြီးနောက် လိုက်ဂူပေါက်ဝဆီသို့မှ ဦးခေါင်းငုံ့ကာ လိုက်ဂူတွင်းသို့ ကြည့်လိုက်သည်။

လိုက်ဂူတွင်း၌ ကညင်ဆီ၊ မီးတုတ် ဖြစ်ဟန်တူသော မီးတုတ်နှစ်ချောင်းကို အဝင်ပေါက် ဘေး၊ ဘယ်၊ ညာတွင် ထောင်လျက်သား ထွန်းညှိထားသည်။ ထို အလင်းရောင်ထဲတွင် ထောင်ထောင်မောင်းမောင်း ထွားထွားကြိုင်းကြိုင်း လူကြီးတစ်ဦးနှင့် လုံးဝဆန့်ကျင်ဖက်ဖြစ်သော သွယ်သွယ်လျလျ၊ ကျစ်ကျစ်လျစ်လျစ်၊ မိန်းမပျိုတစ်ယောက်တို့ ခြေတစ်လှမ်းစာအကွာတွင် မျက်နှာချင်းဆိုင် ရပ်တည်လျက်ရှိသည်။ သူတို့နှစ်ယောက်စလုံး ကျွန်ုပ်၏ မြင်ကွင်းထဲ၌ ဘေးတိုက်အနေအထား တည်ရှိနေကြသည်။

မိန်းမပျို၏ လက်ထဲတွင် ရှမ်းဓားမြှောင်တစ်လက်ရှိသည်။ မိန်းမပျိုက ထိုဓားမြှောင်ကို အရိုးဘက်မှ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားသည်။ ဓားသွားသည် မီးတုတ်မှ အလင်းရောင်ဖြင့် လက်ခနဲ တောက်ပနေသည်။

ထွားကြိုင်းတုတ်ခိုင်သော လူကြီး၏လက်ထဲတွင် တစ်လုံးထိုးမားစကတ် သေနတ်၊ ပြောင်းရှည်တစ်လက်ရှိသည်။ သူသည် မိန်းမပျိုကို အရိုန်မရွေး အနိုင်ယူနိုင်သည်ဟူသော မထေမဲ့မြင် အမူအရာမျိုးဖြင့် ဘီလူးကြီးတစ်ကောင်အလား ပါးစပ်ကြီးဖြဲလျက် ရယ်မောနေသည်။

"နင့်လိုကောင်မျိုးရဲ့လက်ထဲတော့ အရောက်မခံဘူးဟေ့ - အသက်ရှင်းလဲပစ်လိုက်မယ်။ ဘာမှတ်သလဲ - သတ္တိရှိရင် ရှေ့တစ်လှမ်းတိုးကြည့်လိုက်စမ်း။ အကြောင်းသိသွားစေမယ်"

မိန်းမပျိုက ရဲရဲတောက် ရင်ကော့လိုက်ပြီးနောက် ဦးခေါင်းအနည်းငယ်မော့လျက် တင်းမာစွာ ပြောလိုက်သည်။

ထိုအခိုက်အတန့်တွင် မထင်မှတ်သော ဖြစ်ရပ်တစ်ခုက စတ္တန့်ပိုင်းအတွင်းအပြောင်းအလဲဖြစ်သွားသည်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် မိန်းမပျိုသည် -



"ဟိတ်"

ဟူ၍ မာန်တင်းသံဖြင့် အော်လိုက်သည်။ ကျွန်ုပ်သည် လိုက်ဂူတွင်းဆီသို့ ပြေးဝင်သွားမိသည်။ စစ်စစ်အားဖြင့် မိန်းမပျိုအား အကူအညီပေးလိုသော ဆန္ဒဇောကြောင့်ဖြစ်သည်။

မိန်းမပျိုသည် လိုက်ဂူအတွင်းဘက် အထက်မျက်နှာကြက်မှ လျောတွဲလာသော ရှည်မျောမျော အကောင်တစ်ကောင်ကို ရိပ်ခနဲ မြင်လိုက်ရသောကြောင့် အော်လိုက်သည့် တစ်ချိန်တည်းမှာပင် သူမ၏ လက်ထဲမှ ရှမ်းဓားမြှောင်ဖြင့် ခန္ဓာကိုယ်ရှေ့တွင် လက်ပြန်တစ်ချက်ပင့်၍ ကာကွယ်လိုက်သည်။

ထိုင်နံးမြွေသည် မိန်းမပျို၏ ဓားချက်ဖြင့် လေထဲတွင် ထက်ပိုင်းပြတ်သွားတာ မိန်းမပျို၏ရှေ့မျက်နှာချင်းဆိုင်တွင် ရပ်နေသော လူထွားကြီး၏ခန္ဓာကိုယ်နှစ်ခုနေရာသို့ လျှပ်တစ်ပြက် ရောက်ရှိသွားသည်။ ဦးခေါင်းပိုင်းမှာ ထိုသူ၏ လည်ပင်းသို့ ထိမှန်သွားသည်။ အမြီးပိုင်းက ထိုသူ၏ ရင်ဘတ်နှင့်ထိကာ အောက်သို့ကျသွားသည်။ အမြီးပြတ်က တဆတ်ဆတ်တုန်ခါနေသည်။

လည်ပင်းသို့ထိမှန်သော မြွေဦးခေါင်းသည် ဒေါသတကြီးဖြင့် နောက်ဆုံးထွက်သက်နှင့်အတူ သူ၏အစွယ်ကို အသုံးပြုလျက် ထိမိထိရာကို ကိုက်ခဲလိုက်လေသည်။ လူထွားကြီး၏ လည်ပင်းတွင် မြွေဦးခေါင်းပိုင်းသည် အစွယ်ထန်းလန်းဖြင့် စက္ကန့်ပိုင်းအတွင်း တစ်ကိုယ်လုံးမြွေဆိပ်များ ပြန့်နှံ့သွားသော လူထွားကြီးသည် ဒူးထောက်လျက်သားကျသွားသည်။ တစ်ချိန်တည်းမှာပင် သူ၏လက်ထဲမှမတ်စကတ်ပြောင်းရှည်သေနတ်မောင်းကို ညှစ်ဆွဲလိုက်မိသေးသည်။

"ဒိုင်း" ခနဲ မြည်ဟိန်းသွားသော သေနတ်သံတစ်ချက်နှင့်အတူ လိုက်ဂူ မြေပြင်ပေါ်သို့ မှောက်သွားလေသည်။ မတ်စကက်သေနတ်ပြောင်းမှ ထွက်သွားသော ကျည်ဆန်ထိပ်ဖူးသည် မျက်နှာချင်းဆိုင် ရှိနေသော မိန်းမပျို၏လက်ဝဲဘက်ခြေသလုံးထဲသို့ စူးဝင်နစ်မြုပ်သွားလေတော့သည်။

"အ - အ - အား"



www.burmeseclassic.com

www.burmeseclassic.com

ဟူသော အသံသည် မိန်းမပျို၏ နှုတ်ဖျားမှ တုန်ရင်စွာ ထွက်ပေါ်လာသည်။

ကျွန်ုပ်က မိန်းမပျိုထံသို့ ပြေးသွားစဉ် သူမသည်လက်ထဲမှ ရှမ်းဓားမြှောင်ကိုလွှတ်ချလိုက်သည်။ ထို့နောက် ဒဏ်ရာအနာတရ ဖြစ်သွားကာ ခြေသလုံးကိုလက်ဝါးနှစ်ဖက်ဖြင့် ဖိအုပ်ညှစ်ကိုင်ကာ ဖင်ထိုင်လျက်သား ကျသွားသည်။

ကျွန်ုပ်သည် ကပျာကယာ သူမ၏ ဘေးသို့ ထိုင်ချလိုက်ပြီး ကျည်ဆန်ထိပ်ဖူးထိမှန်ရာ ဒဏ်ရာကို ငုံ့ကြည့်လိုက်သည်။

"ကျွန်ုပ်က အကူအညီပေးမှာပါ ခဏလေး သည်းခံပါ။ အဲဒီ့သေနတ်ဒဏ်ရာကို စစ်ဆေးကြည့်ပါရစေ"

ကျွန်ုပ်သည် ပြောပြောဆိုဆိုဖြင့် သေနတ်ဒဏ်ရာပေါ်တွင် ဖိအုပ်ထားသော မိန်းမပျို၏ လက်ဝါးနှစ်ဖက်ကို ဆွဲယူဖယ်ရှားလိုက်သည်။ ထို့နောက် သေနတ်ဒဏ်ရာကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုလိုက်သည်။ ထို့နောက် မိန်းမပျိုကို အကဲခတ်သည်။ သူမ၏မျက်လုံးအစုံနှင့် အကြည့်ချင်းဆုံမိသောအခါ ကျွန်ုပ်၏ နှလုံးခုန်နှုန်းများ ရပ်တန့်သွားလုနီးပါး ခံစားလိုက်ရသည်။ ကျွန်ုပ်က စိတ်ကို ထိန်းချုပ်လိုက်ရသည်။ သူမထံမှ ကိုယ်နံ့သင်းမြမြ ထွက်ပေါ်နေသည်။

"မိန်းကလေး ... သိပ်ကံကောင်းတယ်"

ကျွန်ုပ်က မှတ်ချက်ချလိုက်သည်။

သူမ၏မျက်နှာက တင်းခနဲ ဖြစ်သွားသည်။

"လူဆိုးတစ်ယောက်ရဲ့လက်ထဲမှာ ရောက်နေပြီး သေနတ်ဒဏ်ရာရနေတာကို သင်က ကံကောင်းတယ်လို့ ပြောသေးတယ်။ သင်က ဘယ်သူလည်း ယက္ခရဲ့အပေါင်းအသင်းတစ်ယောက်ပဲ မဟုတ်လား"

မိန်းမပျိုက မာရေကျောရေဖြင့် မေးသည်။

"မဟုတ်ပါဘူး ... ယက္ခဆိုတာ ဘယ်သူလဲ။ အခု - မြွေဆိပ်တက်ပြီးသေတဲ့လူထင်တယ်။ ကျွန်ုပ်က မနေ့ကမှ ဒီကျွန်းကို ရောက်လာခဲ့တာ။



ကံကောင်းတယ်ဆိုတာက ကျည်ဆန်ဟာ အရိုးကို မထိဘူး။ အသားကိုပဲရှပ်ပြီး ဖဲ့သွားတဲ့အတွက် မကြာခင် ပျောက်နိုင်တယ်။ ကျည်ဆန်ဟာ အရိုးကို မထိဘူး။ လောလောဆယ် ဒဏ်ရာအနာပျောက်အောင် ဆေးရှာသွားရှာလိုက်ဦးမယ်။ ခဏလေးစောင့်"

ကျွန်ုပ်သည် သူ၏ အပြောကို မစောင့်တော့ဘဲ လိုဏ်ဂူအဝင်ပေါက်၏ အတွင်းဘက်၌ထွန်းညှိထားသော ကညင်ဆီမီးတုတ်ကြီးနှစ်ခုအနက် တစ်ခုကို ဆွဲယူ၍ လိုဏ်ဂူအပြင်ဘက်သို့ ခပ်သွက်သွက် ထွက်လာခဲ့သည်။ ထို့နောက်အနီးပတ်ဝန်းကျင်တွင် လှည့်ပတ်ရှာဖွေသည်။ များမကြာမီ တစ်နေရာတွင် ပိစပ်ပင်အချို့ကို ကံအားလျော်စွာ တွေ့လိုက်ရသည်။

ထို့ကြောင့် ကမန်းကတန်းဖြင့် ပိစပ်ရွက်များကို လက်တစ်ဆုပ်ခန့်ခူး၍ ဂူထဲကိုပြန်ဝင်ခဲ့သည်။ မိန်းမပျိုကို မူလနေရာတွင် ထိုင်လျက်သား တွေ့ရသည်။ ပိစပ်ရွက်များကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖိချေ၍ ကျည်ဆန်ထိပ်ဖူး ရှပ်ထိသွားသော ဒဏ်ရာတွင်းသို့ အရည်ညှစ်ချသည်။

ကျွန်ုပ်အံ့ဩမိသည်မှာ မည်သူမဆို အလားတူ ဒဏ်ရာအနာတရ ဖြစ်သောအခါ ပိစပ်အရည်ဖြင့် ညှစ်ထည့်လိုက်လျှင် ထွန့်ထွန့်လူးဖြစ်၍ ညည်းတွားလေ့ရှိကြသည်။ သို့ရာတွင် ဤမိန်းမပျိုသည် တစ်ချက်မျှမတွန့်၊ နှုတ်တစ်ချက်မှမသဲ၊ အံကိုကြိတ်၍ တင်းခံနေသည်။

"တစ်ရက်၊ နှစ်ရက်ဆိုရင် ဒဏ်ရာ ကျက်သွားမှာပါ။ လောလောဆယ်ခင်း ဒီလိုဏ်ခေါင်းထဲမှာပဲနေခဲ့မှာလား။ ဒါမှမဟုတ် - ကျွန်ုပ်နဲ့အတူ လိုက်ခဲ့မလား"

"သင်က ... ဘယ်မှာ နေတာလဲ"

"ပင်လယ်ကမ်းစပ်နဲ့ မလှမ်းမကမ်းမှာဘိုတဲ တစ်ခုရှိတယ်။ အဲဒီ့မှာ ကျွန်ုပ်ရဲ့အဖော်တစ်ယောက်ရှိတယ်။ အဲဒီ့လူက အစားအစာချက်ပြုတ်တာ အင်မတန် စားလို့ အရသာရှိတယ်"

"သင်က ဒီကျွန်းကို ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ဤကျွန်းကို ရောက်လာရခြင်း အကြောင်းနှင့် ချီတူးဆိုသော လူတစ်ယောက် ပြောပြသော အကြောင်းကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။ ကျွန်ုပ်၏ စကားအဆုံးသတ်တွင် -

"စံအိမ်ကြီးတစ်လုံး၊ မင်းသမီးတစ်ပါးနဲ့ကိုယ်ရံတော်တစ်ယောက်ဆိုတဲ့အဲ့ဩရာရီဆန်ဆန် ဖြစ်ရပ်ကလေးကို စိတ်ဝင်စားလို့ လေ့လာဖို့ရောက်လာခဲ့တာ။ စံအိမ်မတွေ့ရဘဲ ဟောဒီလိုက်ဂူအနားရောက်တော့ မိန်းကလေးနဲ့ ကိုလူကြီးတို့ ပြောနေသံတွေ ကြားရတယ်၊ မိန်းကလေးတစ်ယောက်ကို ယောက်ျားရင့်မကြီးတစ်ယောက်က အနိုင်အထက်ပြုဖို့ကို လုံးဝခွင့်မလွှတ်နိုင်ဘူး။ ဒါကြောင့် - ဝင်ကူဖို့ ကြိုးစားတုန်း မြွေတစ်ကောင်ကြောင့် ကျွန်ုပ်တူစရာမလိုပဲ၊ မိန်းကလေးကို အန္တရာယ်ပြုမယ့်သူ ဇာတ်သိမ်းသွားတာပါပဲ။ ကျွန်ုပ်ရဲ့အဖော်ကို စေလွှတ်ပြီး တွင်းတူးခိုင်းရမယ်၊ ဟောဒီမြွေဆိပ်တက်လို့ ဖီဝိနိကြေသွားတဲ့ ပုဂ္ဂိုလ်ကို မြေမြှုပ်သင်္ဂြိုဟ်ခိုင်းလိုက်မယ်၊ လူတစ်ယောက်ဟာ ဆိုးသည်ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ၊ သူ့အကုသိုလ်နဲ့ သူ့အကျိုး ပေးသွားတာကို တိရစ္ဆာန်အသေတစ်ကောင်လို ဒီအတိုင်းထားပစ်ဖို့ မသင့်ဘူး။ ဒါကြောင့် - မြေမြှုပ်သင်္ဂြိုဟ်ဖို့ ကျွန်ုပ်အဖော်နဲ့ စေခိုင်းဖို့ ဆုံးဖြတ်လိုက်ရတာပါ။

ကျွန်ုပ်က ရေလည်စွာ ရှင်းပြလိုက်သည်။

"ရှင်ဆုံးဖြတ်တာ မှန်ပါတယ်၊ ဒါပေမဲ့ - ကျွန်မ ဒီလိုက်ခေါင်းထဲမှာ နေခဲ့ရတာ စိတ်ဓာတ်ကျစရာ ဖြစ်နေပါပြီ။ ရှင့်ကို ကြည့်ရတာ စိတ်ကောင်းရှိတဲ့ လူတစ်ယောက်နဲ့ တူပါတယ်၊ ကျွန်မ ရှင်နဲ့ လိုက်ပါ့မယ်၊ ဒါပေမဲ့ - ကျွန်မရဲ့ အကြောင်းကို ရှင် - ဘယ်လောက်သိလို့လဲ"

မိန်းမပျိုက မေးသည်။

"ကျွန်ုပ်ရဲ့ ဘဝသက်တမ်းတစ်လျှောက် မြင်ဖူးတွေ့ခဲ့ဖူးခဲ့သမျှ မိန်းမချော မိန်းမလှလေးတွေဟာ မင်းရဲ့အလှနဲ့ ယှဉ်လိုက်ရင် ငွေလစန္ဒာနဲ့ ပိုးစုန်းကြူးရဲ့အဆင့်လောက် ဖြစ်သွားတယ်။ နောက်ပြီး - မင်းနဲ့ အဲဒီ့ယက္ခတို့ ပြောနေသံကြားရတဲ့အတိုင်းဆိုရင် မင်းဟာ ဘုရင်ထီးဘုရားရဲ့ ရွှေနန်းတော်မှာ အဆို အကနဲ့ ဖျော်ဖြေရတဲ့ မင်းသမီးလို့ သိထားတယ်၊ ဘယ်လိုဖြစ်ပြီး



ဒီကျွန်းပေါ်ကိုရောက်နေခဲ့တာလဲ၊ နောက်ပြီး - ယက္ခနဲ့မင်းနဲ့ ဘယ်လိုဆုံတွေ့ခဲ့ကြတာ လဲ"

ဘုရင်ထီးဘုရားကို ဖြေဖျော်တယ်ဆိုတာထက် မိဖုရားခေါင်ကြီးရဲ့ နန်းတော်ထဲမှာကျွန်မကအဆိုအကထူးချွန်လို့မိဖုရားခေါင်ကြီးရဲ့မြှောက်စားခံရသူပါ။ ဒါပေမဲ့ - (၁၂၄၇) ခုနှစ်၊ တန်ဆောင်မုန်းလဆန်းမှာ ရွှေနန်းတော်ကို မျက်နှာဖြူတွေ ရောက်လာကြတယ်။ မိဖုရားခေါင်ကြီးက ကျွန်မကို သူနဲ့ လိုက်စေချင်တယ်။

ဒါပေမဲ့ - နောက်ဆုံးအနေနဲ့ ကျွန်မရဲ့ မိခင်ကို ကန်တော့ချင်သေးလို့ မိဖုရားခေါင်ကြီးရဲ့ခွင့်ပြုချက်အရပြီတ်ကိုရယောဉ်နဲ့ပြန်လာခဲ့တယ်။ ယက္ခကို အစောင့်အရှောက်အဖြစ် ထည့်ပေးလိုက်တာပါ။ ဒါပေမဲ့ - တံကြမ္မာ အလှည့်အပြောင်းမကောင်းခဲ့တဲ့အတွက် ရေကြောင်းခရီးမှာ မုန်တိုင်းမိပြီး ယက္ခရဲ့ စောင့်ရှောက်ကာယ်ဆယ်မှုကြောင့် သက်ကယ်လေ့နဲ့ ဟောဒီကမုတ်ကျွန်းကို ရောက်ခဲ့ရတယ်၊ ကမုတ်ကျွန်းမှာလည်း တစ်ချိန်က လေ့သင်းမင်းကြီး ဘိုးမြတ်စံပိုင်တဲ့ စံအိမ်ကြီးရှိတယ်၊ ဒါပေမဲ့ - ယက္ခနဲ့ အတူ စံအိမ်ကြီးကို ရောက်လာခဲ့ကြတဲ့အခါမှာ စံအိမ်စောင့်အဘိုးအဘွား နှစ်ယောက်ပဲရှိတယ်၊

အဲဒီ့အဘိုးနဲ့အဘွားဟာ အသက်အရွယ် အိုမင်းပြီး ကွယ်လွန်သွားခဲ့ကြတယ်၊ အစကတော့ ယက္ခဟာ ကျွန်မအပေါ်မှာ လေးလေးစားစားနဲ့ ဆဲပါးကျွန် ဝီသစွာဆက်ဆံခဲ့တယ်၊ ဒါပေမဲ့ - စံအိမ်စောင့်အဘိုး အဘွားတွေ ကွယ်လွန်ပြီးချိန်မှာ သူ့ကိုယ်သူ ဘဝင်မြင့်ပြီး ကျွန်မရဲ့ဘဝကို အဓွေ့လွှမ်းမိုးချင်တယ်၊ ကျွန်မက လုံးဝ အလစ်မပေးဘူး၊ အဲဒီလိုနဲ့ ရက်သတ္တပတ်အနည်းငယ်အကြာမှာ စံအိမ်ကြီးဟာ မီးသင့်ပြီး ပြာပုံဘဝရောက်ခဲ့ရတယ်၊ ကျွန်မနဲ့ ယက္ခလည်း လွတ်ရာလွတ်ကြောင်း ပြေးခဲ့ရာက လောလောဆယ် ဟောဒီ့လိုက်ခေါင်းလေးထဲမှာ ကျယ်ကျယ်ဝန်းဝန်း အန္တရာယ်ကင်းပေမယ့် ယက္ခရဲ့အန္တရာယ်ကိုတော့ မျက်ခြေမပြတ် စောင့်ကြည့်နေရတာပေါ့ရှင်၊ အခုတော့ သစ္စာတရားမစောင့်သိ၊ တဏှာရာဂစိတ်ကို ဦးစားပေးတဲ့ယက္ခဟာ သူ့ကုသိုလ်နဲ့သူ့အကြောင်း ကံဖန်လာတဲ့အတိုင်း အပါယ်ဆီကို ရောက်သွားပါပြီ"

www.burmeseclassic.com

မိန်းမပျိုက စကားအဆုံးတွင် သက်မတစ်ချက် ချလိုက်ပါတော့သည်။

"ဒါဖြင့် ကျွန်ုပ်အနေနဲ့ယကွရဲ့ခနွာကိုယ်ကြီးကို အပြင်ဘက်သစ်ပင်ကြီး တစ်ပင်အောက်ကို ရွှေ့ထားခဲ့မယ်၊ မိန်းကလေးရဲ့ဆန္ဒက ဘယ်လိုလဲ၊ တစ်ခါတည်းကျွန်ုပ်နဲ့လိုက်ခဲ့မှာလား၊ လူယုံတော်ကြီးတော့စိတ်ပူပင်သောက ဖြစ်နေလောက်ပြီ၊ ဒါကြောင့် ကျွန်ုပ် မပြန်လို့ မဖြစ်ဘူး"

ကျွန်ုပ်က မိန်းမပျို၏ အမူအရာကို အကဲခတ်၍ မေးသည်။

"ကျွန်မ ဟောဒီလိုဏ်ဂူထဲရောက်ခါစကတည်းက အပြင်ဘက် မိုးတောင်းကင်ယံမှာ ရုပ်လုံးပေါ်လာတဲ့ ရွှေရောင်တဝင်းဝင်း တပြောင်ပြောင်နဲ့ စေတီသဏ္ဌာန်တစ်ဆူကို အရက်တက်ချိန်တိုင်း ဝိုးဝိုးဝါးဝါး ကြည်ကြည် လင်လင် ထင်ထင်ရှားရှား ဖူးတွေ့လိုက်ရတယ်၊ ကျွန်မ နားထဲမှာလည်း အသံ တစ်သံကိုလည်း သည်းသည်းကွဲကွဲ ကြားရသေးတယ်၊ အဲဒီစေတီအသွင် သဏ္ဌာန်ဟာ တာဝတိံသာနတ်ပြည်မှာရှိတဲ့ စူဠာမဏိ စေတီတော်မြတ်ကြီး ဖြစ်တယ်လို့ တစ်စုံတစ်ယောက်ကအနီးကပ်ပြီး သတိပေးနေသလိုပဲ၊ ဒါကြောင့်ကျွန်မရက်ပေါင်းတစ်ရာ့ရှစ်ဆယ်ပြည့်အောင် အာနာပါနကမ္မဋ္ဌာန်းကို အဓိဋ္ဌာန်ပြုပြီး နံနက် အရက်တက်ချိန်တိုင်း မပျက်မကွက် ပြုလုပ်ခဲ့ပါတယ်၊ မနက်ဖြန်မနက် အရက်တက်ချိန်တစ်ချိန်ဆိုရင် အဓိဋ္ဌာန်ပြည့်ဖို့ တစ်မနက်မျှသာ လိုတော့တဲ့အချိန်မှာ အပျက်မခံနိုင်ပါဘူးရှင်"

မိန်းမပျိုက လေးနက်စွာ ပြောနေသည်။

"စူဠာမဏိစေတီတော်မြတ်ကို ဖူးတွေ့ရလို့ မိန်းကလေးရဲ့စိတ်သဏ္ဌာန်မှာ နိုင်မြဲနေတာကို မပျက်မကွက် ဆက်ပြီးဆောင်ရွက်ပါ၊ တခြားဘယ်လို အသွင်သဏ္ဌာန်တွေ ဖူးတွေ့ရသေးသလဲ"

ကျွန်ုပ်က မိမိဖတ်ရှုလေ့လာထားချက်နှင့်ညီ၊ မညီလေ့လာစူးစမ်းသော မေးခွန်းကို မေးဖြစ်အောင် မေးလိုက်လေသည်။

"တာဝတိံသာနတ်ပြည်မှာရှိတဲ့ သုဓမ္မာဇရပ်ကြီးကိုလည်း မြင်ရတွေ့ရ ပါသေးတယ်၊ အဲဒီသုဓမ္မာဇရပ်ကြီးဟာ အရှေ့ဘက်မှာ မုခ်ဦးပေါက်၊ တောင်ဘက်မှာ မုခ်ဦးပေါက်တစ်ပေါက်နဲ့ မြောက်ဘက်မှာ မုခ်ဦးပေါက်တစ်ပေါက်၊ စုစုပေါင်းမုခ်ပေါက် (၃) ပေါက်တွေ့ရပါတယ်၊ အဲဒီအဆောက်အအုံရဲ့အထွတ်မှာ ထီးတော်ငါးဆင့်ဟာ ရွှေရောင်တဖျတ်ဖျတ်နဲ့ လင်းလက်နေပါတယ်၊

သူမက မျက်စိအစုံကို မေးမှိတ်လျက် အာရုံယူကာ ပြောနေခြင်းဖြစ်သည်၊ သူမ၏ အမြင်အာရုံထဲတွင် တွေ့မြင်ခဲ့ရသော သဏ္ဌာန်များကို ပြန်လည်မြင်ယောင်နေဟန်တူသည်၊

"သုဓမ္မာဇရပ်ကြီးထဲမှာ ဘယ်သူတွေ ရှိနေကြသလဲ"

ဤတစ်ကြိမ်သည် ကျွန်ုပ်၏နောက်ဆုံးမေးခွန်း ဖြစ်သည်၊

"ကျွန်မတွေ့ရတဲ့ နတ်သားတွေဟာ ရွှေရောင်၊ ငွေရောင်၊ စိမ်းပြာရောင်၊ ဇုလဲရောင်စတဲ့ ရောင်စုံဝတ်စားတန်ဆာတွေကို ဝတ်ဆင်ထားကြတယ်၊ အဲဒီနတ်သားတွေရဲ့ ရှေ့မှာတော့ သိကြားမင်းလို့ ယူဆရတဲ့ ပုဂ္ဂိုလ်ကြီးတဦးခေါင်းပြီး နတ်သားများနဲ့အတူ တရားသဘင် ဆင်ယင်ကျင်းပ နေကြတယ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တဲ့ တရားတော်မြတ်များကို ပြန်လည်ဟောကြားကြတယ်၊ နာကြား ဆွေးနွေး နေကြတယ်"

"ကောင်းပြီလေ - ဒါဆိုရင် အဓိဋ္ဌာန်မပျက်အောင် နောက်ထပ် အရက်တစ်ချိန် ဆောင်ရွက်လိုက်ပါဦး၊ မနက်ဖြန်မနက် မိုးစင်စင်လင်းတော့မှ ကျွန်ုပ်ရဲ့လူယုံတော်ကြီးလက်ရာ စားသောက်ဖွယ်ရာတွေနဲ့ လာခဲ့ပါဦးမယ်၊ ဘိုတဲမှာလည်း မိန်းကလေးအတွက် သင့်တင့်လျောက်ပတ်မယ့် နေရာထိုင်ခင်း စီစဉ်ထားပါ့မယ်"

"ကောင်းပါပြီ.... ဒါပေမဲ့ - ကျွန်မ အဓိဋ္ဌာန်ရက်တွေမှာ သစ်သီးဝလံတွေကိုသာ စားသုံးလေ့ရှိပါတယ်၊ ဒါကြောင့်တကယ်လို့ အသားငါးစတဲ့စားသောက်ဖွယ်ရာတွေဆိုရင်တော့ ကျွန်မအတွက် အသုံးမဝင်ပါဘူးရှင်"

ဟူသော စကားအဆုံးတွင် ကျွန်ုပ်သည် ယကွ၏သက်မဲ့ခနွာကိုယ်ကြီးကို အရှက်ဆွဲ၍ ဂူပြင်သို့ ထုတ်လိုက်သည်၊ သစ်ပင်ကြီးတစ်ပင်အောက်တွင်





www.burmeseclassic.com

www.burmeseclassic.com

ချထားခဲ့သည်။ နောက်တစ်နေ့ နံနက်ကျမှ ဦးရွှေသိုက်ကိုပါ ခေါ်လာ၍ ထိုယက္ခအတွက် မြေမြှုပ်သင်္ဂြိုဟ်ရန် ဆောင်ရွက်ရတော့မည်။

—◇—

နောက်တစ်နေ့ နံနက်မိုးသောက် အလင်းရောက်လေပြီ။

ကျွန်ုပ်လွန်ခဲ့သော ညဥ့်ယံအတွင်း၌ တွေ့ခဲ့ကြုံခဲ့ ဆိုခဲ့သမျှ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်အချို့ကို အကျဉ်းချုံးလျက် ဦးရွှေသိုက်အား အထိတ်အလျောက် ပြောပြခဲ့ပြီး ဖြစ်သည်။

ဦးရွှေသိုက်သည် ကျွန်ုပ်ပြောပြခဲ့သော အကြောင်းအရာဖြစ်ရပ်များကို ရာနိုင်နှုန်းပြည့် လက်ခံ ယုံကြည်ဟန် မတူပါချေ။ အဘယ်ကြောင့်ဆိုသော် လိုဏ်ခေါင်းရှိရာသို့ စားသောက်ဖွယ်ရာများကို ဘိုတဲမှထွက်ခါနီးအချိန်တွင် -

"ကျုပ်တော့ အမောင်ပြောတဲ့ မိန်းကလေးကို ကိုယ်တိုင်ကိုယ်ကျတွေ့ရတော့မှပဲ၊ လောကကြီးမှာ ဒီလောက် ထူးခြားဆန်းကြယ်တာတွေ ရှိနေပါလားဆိုတာ မျက်မြင်ကိုယ်တွေ့ သိရတော့မယ်"

ဟူ၍ ပြောလိုက်သောကြောင့် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်ဦးဆောင်လျက် လိုဏ်ခေါင်းရှိရာတောင်ပူစာသို့ ဦးတည်ခဲ့ကြသည်။ တောင်ပူစာကို ခပ်လှမ်းလှမ်းမှမြင်တွေ့လိုက်ရသောအခါ ဦးရွှေသိုက်က အဲဒီတောင်ပူစာမှာ လိုဏ်ခေါင်းရှိနေတာလား" ဟူ၍မေးသည်။ သူ့အနေနှင့်ပထမဆုံး မျက်မြင်ကိုယ်တွေ့ ပထမဆုံး ယုံကြည်ချက်ဖြစ်ပေါ်နေလေပြီ။

တောင်ပူစာကိုပတ်၍ လိုဏ်ခေါင်းပေါက်ဝရှိရာသို့ လျှောက်ခဲ့ကြသောအခါ လိုဏ်ခေါင်းနှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီးအောက်တွင် နေရာချထားခဲ့သော ယက္ခ၏သက်မဲ့ခန္ဓာကိုယ်ကြီးကို မတွေ့ရတော့ချေ။ မိန်းမပျို အနေနှင့်လည်း သူမတစ်ယောက်တည်း ယက္ခအလောင်းကို တွင်းတူးမြှုပ်ရန် စိတ်ကူးထဲသို့ပင် ထည့်စရာအကြောင်းမရှိ။



ထို့ကြောင့် မိန်းမပျိုကို တွေ့ရသောအခါကျမှ မေးကြည့်တော့မည်ဟု အနှီအတွေးဖြင့် ချလိုက်မိသည်။ ကျွန်ုပ်က ဦးရွှေသိုက်၏ မျက်နှာကို စေ့စေ့ကြည့်လျက် -

"ဦးရွှေသိုက် လိုဏ်ဂူအပြင်မှာစောင့်နေ၊ အဲဒီမိန်းကလေးကျွန်ုပ်ခေါ်လာခဲ့မယ်"

ဟူ၍ပြောပြီးလျှင် လိုဏ်ဂူတွင်းသို့ ဝင်ခဲ့သည်။ ဂူတွင်း၌ ဟာလာဟင်းလင်း ဖြစ်နေသည်။ မည်သည့်အရာမှ မရှိ။ သက်ရှိလူသားတစ်ယောက်အလေမှမရှိ၊ သို့ရာတွင် ကျွန်ုပ်အနေနှင့် သက်သေအထောက်အထားဆစ်ခုသာ ပြနိုင်သည်။ မိန်းမပျို၏ကိုယ်မှ မွှေးပြသော သဇင်၊ သစ်ခွ၊ အိုဟာတ် ဂမုန်းပန်းရနံ့သည် ယခုထက်တိုင် သင်းပျံ့နေဆဲပင် စင်စစ်အားဖြင့်ဤအချက်သည်လည်း ခိုင်လုံသော အထောက်အထားမဟုတ်ပါချေဟု ပြောနိုင်ပါမည်နည်း။

◆◆◆ ဆွေမြင့်

## စာပူရှင်များသို့

www.burmeseclassic.com

www.burmeseclassic.com



# ပညာသည် ဆိုသည်မှာ

ညောင်ညိုပင် ကျော်ဝ

ပညာသည် ဆိုသည်မှာ

၁၉၇၀ - ခုနှစ်၊ ဖေဖော်ဝါရီလ အတွဲ(၂)၊ အမှတ်(၆) မြန်မာနိုင်ငံပြည်ထောင်စုဖွဲ့စည်းပုံ... 

၁၉၇၀ - ခုနှစ်၊ ဖေဖော်ဝါရီလ အတွဲ(၂)၊ အမှတ်(၆) မြူနီညီပြာမဂ္ဂဇင်းတွင် ပြင်သစ်ပြည်မှ စုန်းပူးနတ်တိုက်ဝိုက်းကြီးများ ခေါင်းစဉ်ဖြင့် ရေးသားထားသော ဆောင်းပါးတစ်ပုဒ်ကို စိတ်ဝင်စားဖွယ် ဖတ်လိုက်ရသည်။

ခေတ်မီနိုင်ငံကြီးဖြစ်တဲ့ ပြင်သစ်နိုင်ငံမှာ စုန်းနှင့် အောက်လမ်းပညာ အကြောင်း ရေးသားထားတာ တွေ့ရပေသည်။ ၎င်းနိုင်ငံတွင် စုန်းပူးနတ်တိုက်များ များပြားလျက်ရှိကြောင်း ဆောင်းပါးရှင်က ဖော်ပြထားသည်။ အောက်လမ်းဆရာကြီး(မောရစ္စဂီရန်)အကြောင်းနှင့် လောကီပညာပိုက်ေခါင်း (၂၀၀၀)ကျော် ရှိသည်။ ဆက်၍ ရေးသားထားသည်ကို စိတ်ဝင်တစားဖတ်မိသည်။ စိတ်ကိုစိတ်ဖြင့် ကုသပေးသောဆရာများ တွင်ကျယ်နေကြောင်း ဆရာများလည်း အလုပ်ဖြစ်နေကြောင်း ဖော်ရှုရပါသည်။

ပါရီမြို့လယ်ခေါင်ရှိ စိန့်မြစ်ကမ်းနဖူးမှ စာအုပ်ဆိုင်တွင် (၁၃)ရာစုနှစ်က ပြင်သစ်ဘုန်းကြီးတစ်ပါး ရေးသားခဲ့သည့် စာအုပ်တစ်အုပ်မှာ ယနေ့ခေတ်တိုင်အောင် အရောင်းရသွက်နေဆဲဖြစ်သည်။

www.burmeseclassic.com

"ကျွန်မသိတယ်။ ကျွန်မကိုပတ်ပြီးထားတဲ့အချိန်မှာ မြွေရဲ့ပတ်အားဟာ ဘယ်လောက်ထိ ပတ်ထားနိုင်သလဲ ဆိုတာ ကျွန်မသိတယ်။ ပတ်ထားတဲ့အချိန် ကျွန်မ မြွေဘဝ ရောက်သွားသလို ခံစားရတယ်"



ထိုစာအုပ်ထဲတွင် သင်၏ဇနီးဖြစ်သူကို မယုံသင်္ကာစိတ်ဝင်နေခဲ့သော သူမ အိပ်ပျော်နေစဉ် ဗိုက်ပေါ်သို့ နိဂုက်၏နလုံးသားနှင့် ဖားပြုပ်ဦးခေါင်းတို့ကို ပူးတွဲတင်ပြီး စစ်ဆေးမေးမြန်းကြည့်လျှင် အိပ်ပျော်လျက်နှင့်ပင် အမှန်တွေကို ဝန်ခံဖွင့်ဟလိမ့်မည်ဟူသော အတတ်ပညာတွေ ပါ၏။

ကျွန်တော်သည် အထက်ပါဆောင်းပါးများအား ဖတ်ရှုရင်း မြန်မာနိုင်ငံမှ ကိုယ်တွေ့ထူးဆန်းအံ့ဩဖွယ် စုန်းဖြစ်ရပ်ဆန်းများကို သတိရပြီး ရေးသားလိုစိတ်ပေါ်လာကာ ပညာသည်ဆိုသည်မှာဟူသောစာမူကို ရေးသားလိုက်ရပါသည်။

—◇—



လောကကြီး၌ မရှိဘူးဆိုတာရှိ၊
မသိဘူးဆိုတာ သိ၊
မဖြစ်နိုင်ဘူးဆိုတာ ဖြစ်။

အထူးသဖြင့် နာနာဘာဝလောကနှင့် မမြင်ရဘဲရှိနေသည်ဟု စိတ်ထင်စွဲများလည်း ရှိနေပေသည်။ ထိုအထဲမှ ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ရသော စုန်းမအကြောင်း ရေးပြမည်ဖြစ်ပါသည်။ မရေးမီ ထူးဆန်းအံ့ဩဖွယ်ရာအတွေ့အကြုံများလည်း ဖောက်သည်ချချင်ပါသည်။

မြွေမ

ကန်တော်ကြီး မျှော်စဉ်ကျွန်းမှာ ကျွန်တော်တို့ စာအုပ်ဈေးပွဲတော်လုပ်တော့ ဆိုင်ပေါင်းရာကျော်ရှိသည့်အထဲ ကျွန်တော်ရဲ့စာအုပ်ဆိုင်လည်း ပါဝင်ပါသည်။ ဖွင့်လှစ်ရောင်းချချိန်မှာ နံနက်(၈)နာရီမှည(၉)နာရီအထိဖြစ်ပါသည်။ ဈေးပွဲတော်မှာလာတဲ့အထဲမှ ကားအကောင်းစားတစ်စီး ကျွန်တော် စာအုပ်ဆိုင်မျက်စောင်းထိုးလောက်မှာ ရပ်ပြီး ကားပေါ်မှ အမျိုးသမီး(၃)ဦးနဲ့ အမျိုးသားတစ်ဦး ပါလာပါသည်။ အမျိုးသမီး(၃)ဦးမှာ ကျွန်တော့်ဆိုင်ရှိရာသို့ တစိုက်မတ်မတ်လာပြီး ၎င်းတို့နှင့်ပါလာသော အမျိုးသားမှာ အခြားဆိုင်သို့ ဝင်သွားပြီး အမျိုးသမီး(၃)ဦးထဲမှ (၃၅)နှစ်အရွယ်အမျိုးသမီးက မြွေအကြောင်း ရေးထားတဲ့စာအုပ်ရှိလားလို့မေးတော့ ကျွန်တော်က မြွေအကြောင်းပါတဲ့ ဘီပီအိုင်ထုတ် သော မြွေပုံပါစာအုပ်ကလေးထုတ်ပြတော့ –

"ဒီစာအုပ်ကျွန်မမှာရှိတယ်။ ကျွန်မလိုချင်တာက မြွေအမျိုးအစားထဲမှာမှ စပါးကြီးမြွေအကြောင်းရေးတဲ့စာအုပ်ကို လိုချင်တာပါ။

မြွေတို့ရဲ့အကြောင်း ကာမစိတ် ဘယ်လောက်အစွမ်းရှိတယ်ဆိုတာရယ်၊ နောက် 'ကျွန်မသိထားတာ စပါးကြီးမြွေမှာ အရေခွံအကွက်တွေ တစ်နှစ်ကို တစ်ရစ်တိုးပြီး တစ်ရစ်ရှည်တယ်၊ ဒါကို ကျွန်မသိတယ်"

လို့ပြောတော့ ကျွန်တော်က စိတ်ဝင်တစား နားထောင်နေမိပြီး အမျိုးသမီးက ဆက်ပြောတာကတော့ –



www.burmeseclassic.com

www.burmeseclassic.com

"သိပ်ကြီးလာရင် ပိုင်ရှင်ကို ပြန်မျိုတယ်ဆိုတာ ကျွန်မသိတယ်"

ကျွန်တော်က -

"ဒါဆို - အန္တရာယ်လွယ်ထားသလို မဖြစ်ဘူးလား"

လို့မေးတော့ -

"ကျွန်မ အန္တရာယ်မကြောက်ဘူး။ ကျွန်မမြွေကို အရမ်းချစ်တာ၊ အထူးသဖြင့် ကျွန်မ မြွေနဲ့အတူအိပ်ရတာ သိပ်မက်မောတယ်၊ လိုလားတယ်"

လို့ပြောတော့ ကျွန်တော် ပို၍စိတ်ဝင်စားသွားပါတယ်၊ အဲဒီအမျိုးသမီးကပဲ ဆက်ပြောတယ်၊

"ကျွန်မသိတယ်၊ ကျွန်မကိုပတ်ပြီးထားတဲ့အချိန်မှာ မြွေရဲ့ပတ်အားဟာ ဘယ်လောက်ထိ ပတ်ထားနိုင်သလဲဆိုတာ ကျွန်မသိတယ်၊ ပတ်ထားတဲ့အချိန် ကျွန်မ မြွေဘဝရောက်သွားသလို ခံစားရတယ်"

"ဒါဆို - ဒီမြွေကို ဘယ်လိုအချိန်မှာ သိတာလဲ"

ထပ်မေးတော့ -

"သိတာပေါ့ - သိစ်သိတာပေါ့။ အန္တရာယ်ပေးနိုင်မယ့် အချိန်ကျရင် ကျွန်မ သူ့ကို တောထဲသွားလွှတ်တယ်၊ နောက်သေးသေးစပါးကြီးမြွေကလေးတွေ ထပ်မွေးတယ်၊ နောက် - သူတို့ ဘာကြိုက်တယ်ဆိုတာလည်း ကျွန်မ သိတယ်"

ဟု ပြောနေရင်း အမျိုးသမီးရဲ့မျက်လုံးများ တောက်ပလာသည်ကို ကျွန်တော် သတိထားကြည့်မိသည်၊ သူ့ရဲ့ထူးခြားတဲ့အနံ့ပါရလာပါသည်၊ စိမ်းရွှေရွှေမြွေအနံ့ ဖြစ်သည်၊ အမျိုးသမီးက -

"ကျွန်မဆိုလိုချင်တာက ဒီစပါးကြီးမြွေဟာ ဘယ်နရက်ရှိရင် လူကိုမျိုတယ်ဆိုတာရယ်၊ ဘယ်အရွယ်ထိ မွေးထားလို့ရတယ်ဆိုတာရယ်၊ ဘယ်လောက်အစွမ်းပြတယ်ဆိုတာပါတဲ့စာအုပ် သိချင်တယ်၊ လိုချင်ပါတယ်"

ဟု ပြောစဉ် စောစောက ကားအကောင်းစားထဲမှ ပါလာသူ အမျိုးသားက -

"ကဲ - သွားကြမယ်" ဟု



ပြောပြီး ၎င်းအမျိုးသမီးက "ဒါ - ကျွန်မခင်ပွန်းပါ" လို့ မိတ်ဆက်ပေးရင်း အခြားဆိုင်များဘက်သို့ ထွက်သွားကြလေသည်၊ သူတို့တွေ ထွက်သွားပြီး ကျွန်တော် အတွေးနယ်ချဲ့ကျန်ရစ်ခဲ့ပြီး ဒီအမျိုးသမီးဟာ မြွေဝင်စားများလား၊ သူ့ရုပ်သဏ္ဌာန်သွင်ပြင်က မြွေတစ်ကောင်လို ခံစားရတယ်ဟု ရေရွတ်နေမိသည်၊

—◇—

စုန်းမအကြောင်းရေးရင်း ဗဟုသုတအဖြစ် ထည့်သွင်းဖော်ပြပါသည်၊ စုန်းဆိုတာနဲ့ လူတိုင်း စိတ်ဝင်စားကြပါသည်၊ စုန်းအကြောင်း သီးခြားရေးသော စာပေနည်းလှသည်၊ ယခုလို စုန်းအကြောင်း ရေးရခြင်းမှာ စုန်းကိုမြင်ဖူး၍ စုန်းကို တွေ့ဖူး၍ ရဲရဲရေးဝံ့ခြင်းဖြစ်ပါသည်၊ ဖဝေဖဝါ မသေချာပဲ မရေးပါ။ အချို့က ရုပ်ထဲ ရွာထဲ၌ အပြောကြမ်းပြီး တုတ်ထိုးအိုးပေါက်ပြောတတ်တဲ့ အပြင် အရုပ်ကလည်းဆိုး၊ ကိုယ်အမူအရာကလည်း ကြမ်းတမ်းသူကို စုန်းမကြီးဆိုပြီး ဝိုင်းပယ်ကြလေသည်၊ ကျွန်တော်တွေ့ဖူးသော စုန်းမနှစ်ယောက်ကတော့ ရုပ်ရည်လှပပြီး အရွယ်ကောင်းကလေးများဖြစ်သည်၊ သွက်သွက်လက်လက်ကလေးများလည်း ဖြစ်သည်၊

အချို့ပယောဂဆရာများက တောရွာများတွင် လူမမာအမျိုးသမီးကို သွေးပယောဂ၊ လေပယောဂမသိပဲ စုန်းမကို ခန္ဓာကိုယ်ထဲ စွဲရင်းအတိုင်း ရောက်စမ်းဆိုပြီး ကြိမ်နဲ့ရိုက်ကြလေသည်၊ ကျွန်တော် မုံရွာခရိုင်၊ ဘုတတင်မြို့နယ်၊ ရွာတစ်ရွာရောက်တော့ စုန်းမပြုစားထားသည်ဆိုပြီး စုန်းမ၏လိပ်ပြာကို ခေါ်၍ စွဲရင်းအတိုင်း ဝင်စေ၍ ဆရာက အမိန့်ပေးသောအခါ ပယောဂလူနာ တ မိန်းကလေးဖြစ်ပြီး မိန်းကလေးက ဆရာ့ကို မျက်လုံးအပြူးသားနဲ့ ပထမ ထမိချွတ်ချလိုက်ပြီး ဆရာ့ကို နပန်းလုံးတော့သည်၊ ဆရာလည်း ရှက်ရှက်နဲ့ စီးထားသောဖိနပ်ဖြင့် ချွတ်ရိုက်ရာ နောက်ဆုံးပယောဂလူနာ အမျိုးသမီးမှာ ဓါးတစ်ဖက်ရှိ၍ ကျန်ရစ်ခဲ့ရှာလေသည်၊ စုန်းလား၊ သွေးလား၊ ပယောဂလား ဆိုတာဆရာကိုယ်တိုင် မသိရှာပေ၊ ဒီအကြောင်း နောက်မှ ရေးပြပါဦးမည်၊

—◇—



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အညာဒေသ၌ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ နတ်တော်လပြည့်၊ ပြာသိုလပြည့်၊ လပြည့်များတွင် ရာသီဥတုကြည်လင်၍ ကြယ်များ တောက်ပစုံလင်ပြီး လထွက်သော လပြည့်ညများဆိုလျှင် မီးပုံးပျံများနှင့်ရောလျက် မီးသီး၊ မီးလုံးများ ပျံဝဲနေသည်ကို ကိုယ်တိုင်တွေ့မြင်ရသည်။ ကျွန်တော်တို့ငယ်စဉ်က မီးပုံးပျံများကြည့်ရင်း မီးလုံးကြီးများတွေ့လျှင် ဟိုမှာ - ဟိုမှာ ဆိုပြီး လက်ညှိုးထိုးလိုက်လျှင် ၎င်းမီးလုံးကြီးများ အောက်သို့လျှောထိုးကျပြီး ပျောက်ကွယ်သွားတတ်လေသည်။ ဒါကို လူကြီးသူမများက စုန်းတောက်စားသည်လို့ ပြောကြပါသည်။

ကျွန်တော် အသက်(၁၃)နှစ်သားအရွယ်၌ ကျွန်တော်နေထိုင်သော ရွာကလေးမှာ ဘုတလင်မြို့အပိုင် ဆင်ဝင်ကျေးရွာမှဖြစ်ပြီး ကျွန်တော့်ဖခင်က သနပ်ကျင်းရွာသို့ ကိစ္စတစ်ခုဖြင့် သွားရန်လွှတ်လိုက်ပါသည်။ ကျွန်တော်ပြန်လာသောအခါ မှောင်ရီသမ်းနေပါသည်။ ကျွန်တော်တို့ရွာနဲ့ သနပ်ကျင်းရွာအကြားတွင် ရေကန်ကြီးတစ်ကန် ရှိပါသည်။

၎င်းရေကန်ကြီးကို ဦးကောင်းသင်းကန်ဟု နာမည်ပေးထားသည်။ ဘာကြောင့်ဆိုသော် ဦးကောင်းသင်းက ကန်တူး၍ လှူဒါန်းထားခဲ့သောကြောင့်ဖြစ်ပြီး ကျွန်တော်တို့ လူငယ်ဘဝတွင် ဦးကောင်းသင်း မရှိရှာတော့ပါ။ ဦးကောင်းသင်းကန်နှင့်မလှမ်းမကမ်းတွင်ညောင်ပင်ကြီးတစ်ပင် ရှိပါသည်။ ညောင်ပင်ကြီးမှာ ကန်ပေါင်ပေါ်မှကြည့်လျှင် ညို့ဆိုင်းနေပြီး ကိုင်းတစ်ကိုင်းမှာ ခြောက်နေတာ တွေ့ရပါသည်။ ကျွန်တော်တို့ အညာဒေသတွင် နွားရိုင်းသွင်းချိန် ခေါ်လေမလား မသိ၊ လွယ်လွယ်ပြောရရင် မှောင်ရီသမ်းချိန်ရောက်ရှိမည်။ ကျွန်တော်က ဦးကောင်းသင်း ကန်ပေါင်ပေါ်မှ ရွာဘက်သို့ လှမ်းကြည့်ရင်း ကျွန်တော်၏ညာဘက်မှ အထက်ပါ ညောင်ပင်ကြီးဆီသို့ မျက်လုံးရောက်ပြီး ကြည့်မိပါသည်။

ထိုညောင်ပင်ကြီးရဲ့ခြောက်နေသောကိုင်းမှ မီးတန်းကြီးတစ်ခု ရုတ်တရက်ထွက်လာတာတွေ့လိုက်ရသည်မီးရောင်ထဲမှ အနီ၊ အဝါ၊ အပြာများနှင့်



ရောင်စုံရော၍ တွေ့ရပြီး မီးတန်းမှ တလူးလူး တလိမ့်လိမ့် လိပ်တာ လိပ်တာနှင့် မီးလုံးအသွင်ပြောင်းပြီး အပေါ်သို့တက်သွားသည်ကို တွေ့လိုက်သည်ကိုယနေ့ထိ သတိရဆဲပင် ဖြစ်သည်။ ၎င်းမီးစုန်းမှ မီးလုံးတန်းကြီး မြင်လိုက်ရပါသည်။ အလွန်လှပပါသည်။

⟡

ကျွန်တော် အညာဒေသတွင် နှစ်သီးစားလုပ်ကိုင်စားသောဒေသ ဖြစ်ပါသည်။ နှမ်းဆိုလျှင် မိုးဦးနှမ်း၊ မိုးနှောင်းနှမ်းဆို တစ်နှစ်ကို နှစ်ကြိမ်စိုက်ကြသည်ကို အညာဒေသနေသူ အားလုံးသိပြီးဖြစ်ပါသည်။ မြေပဲကို မိုးနှောင်းကာလတွင် စိုက်ပျိုး၍ မြေနကျွန်းပေါ်ဒေသများတွင် မြေပဲကို နွေပေါက်မှ စိုက်ကြပါသည်။

ကျွန်တော်တို့နေထိုင်သောရွာကလေးမှာ မြေပြန့်ဖြစ်၍ မြေပဲအစိုက်များကြပါသည်။ နွေရာသီမြေနကျွန်းပေါ် စိုက်ပျိုးသော ၎င်းမြေပဲကိုပင် ထောင်မြေပဲလို့ ခေါ်ပါသည်။ မြေပဲစိုက်ပြီး ရင့်ပြီဆိုလျှင် အပင်ကို ဆွဲနုတ်ရသည်။ မြေနုဖြစ်၍မြေပဲများမှာ ဆွဲနုတ်လျှင်အစုလိုက်အပြုံလိုက်ပါလာသည်။ ကျွန်တော်တို့ မြေပြန့်မှစိုက်သော မြေပဲများမှာ တန်ဆောင်မုန်း၊ နတ်တော်လတွင် အပင်များဖြစ်ထွန်းပြီး ပြာသိုလနောက်ဆုံးထား၍ မြေပဲဥများကို နွားနှင့်ထွန်၍ မြေပဲဥများကို ဖော်ရပါသည်။ ဒါကို မြေပဲဖော်သည်ဟု ခေါ်ပါသည်။

မြေပဲကောက်ဆိုသည်မှာ မြေပဲများ မြေကြီးထဲမှ သန်လျက်ပုံစံသစ်သားဖြင့်ပြုလုပ်သော လက်ကိုင်ကလေးဖြင့်ယက်၍ ယက်၍ ပေါ်လာသော မြေပဲများအား လက်တစ်ဖက်မှ ကောက်ယူကာ တောင်းကလေးထဲ ထည့်သည်ကို မြေပဲကောက်သည်ဟု ခေါ်ကြပါသည်။ မြေပဲကောက်သူများမှ အများဆုံးမြေယာမရှိသူ၊ အမျိုးသမီးများ လူငယ်ကလေးများ ပြုလုပ်လေ့ရှိပါသည်။ အထက်ပါ မြေပဲကို ပေါ်လွင်အောင် ဖော်ပြရခြင်းမှာ စုန်းမနှင့် ဆက်နွယ်နေ၍ ပေါ်လွင်အောင် ဖော်ပြနေရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မြေပဲပေါ်ချိန်၌ ကျွန်တော်တို့ရွာမှာ မြေပိုင်တောင်သူများပြားပြီး မြေပဲပေါ်ချိန်၌ အခင်းရှင်များသည် တစ်ပြိုင်နက်ဖြစ်နေ၍ ရွာမှ မြောက်သူများနှင့် မလုံလောက်ဘဲ တခြားတစ်နယ်မှ မြေပဲကောက်ရန် ကျွန်တော်တို့ရွာသို့လာပြီး နီးစပ်ရာအိမ်တွင် အဆက်အသွယ်ပြု၍ ရွာထဲမှာနေပြီး မြေပဲပေါ်ချိန်မပြီးမချင်း မြေပဲကောက်ကြလေသည်။

မြေပဲကောက်လာကြသည့်အထဲတွင် အခြားရွာမှလာသော အမျိုးသမီးနှစ်ဦးသည်ကျွန်တော်၏အစ်မတို့ထန်းရွက်တဲလေးတွင်နေပြီးစောစောထ၍တောထဲတွင်စားရန် ထမင်းဟင်းချက် ထကြသည်ကို ကျွန်တော် တွေ့ရပါသည်။ မြေပဲလာကောက်သော အမျိုးသမီးသည် ထိုအချိန်၌ ဘုန်းကြီးကျောင်းမှ တုံးမောင်းခေါက်သံ ကြားရပြီးလျှင် ကျွန်တော် အိပ်ရာမှထ၍ တောထဲသို့သွားရန် ပြင်ဆင်ရသည်။ ထို့နောက် အိမ်နောက်ဖေးနွားတဲဘက်ရောက်စဉ် မြေပဲလာကောက်သော အမျိုးသမီးညီမနှစ်ယောက် မီးမွှေးနေသည်ကိုတွေ့ရသည်။ ကျွန်တော်လည်း သူတို့လုပ်ရိုးလုပ်စဉ်တောထဲသွားလျှင် စားသောက်ရန် ထမင်းဟင်းချက်သည်ဟု ထင်နေမိပါသည်။

မကြာခင်မှာ အကြီးမဖြစ်သူက ဒီမှာကြည့်စမ်းဆိုပြီး စောစောကမီးမွှေးထားသောမီးဖိုအထက် မီးလျှံမီးတောက်များပေါ်သို့ အကြီးဖြစ်သူက ထိုင်ပြလေသည်။ မီးညွန့်၊ မီးလျှံများပေါ်တွင် ခန္ဓာကိုယ်ထိုင်လျက်နှင့် နီမှိန်ညှို့မြင့်ချည် လွင့်မြောက်နေပုံမှာ အလွန်အံ့ဩစရာကောင်းလှပါသည်။ မျက်လှည့်ပြနေသည်နှင့်ပင် တူနေပါသည်။

ဓါးဝက်ခန့်မြင့်သောမီးလျှံပေါ်တွင် ထိုင်နေခြင်းဖြစ်ပါသည်။ နောက်ညီမဖြစ်သူကလည်းအစ်မကြီး မီးလျှံပေါ်ထိုင်ပြသည်ကို အားကျ၍ "ဒီမှာကြည့်-အစ်မကြီး" ဆိုပြီး အခြားမီးဖိုတစ်ဖိုမှ မီးတောက်ပေါ်တွင် အထက်ပါအတိုင်း ထိုင်ပြလေသည်။ ညီမနှစ်ယောက်နဲ့ ပညာပြိုင်နေခြင်းဖြစ်သည်ကို ကျွန်တော် နွားတဲဘက်သွားစဉ် ရပ်တန့်ပြီး အံ့ဩတကြီး ငေးမောကြည့်နေမိသည်။

ညီမနှစ်ယောက်လုံး မီးလျှံမီးတောက်များအပေါ် ထိုင်ပြသော်လည်း မီးစွဲခြင်း၊ ကိုယ်ခန္ဓာကိုယ်လောင်မြိုက်ခြင်းမရှိဘဲ မျက်လုံးများ ကြောတ်ဖွယ်ဝင်းတောက်ပြီး ပျော်ရွှင်နေကြပုံပေါ်သည်။ ကျွန်တော်က ထူးခြားဖြစ်ရပ်များကိုဖခင်ဖြစ်သူအား ပြောပြမိသည်။ ကျွန်တော်၏ဖခင်က ဒါသူတို့မီးကိုတွေ့တာနဲ့ မနေနိုင်လို့ ဇာတိပြတာပေါ့။ အဲဒါ - မျိုးရိုးနဲ့လာတဲ့ ဝမ်းတွင်းစုန်း၊ မီးစုန်းလို့ခေါ်တယ်။ ကျွန်တော်က စုန်းမဆိုတာ အရုပ်ဆိုးဆိုး ရုပ်ကြမ်းကြမ်း ကြောက်မက်ဖွယ် ပုံသဏ္ဌာန်ရှိမည်ထင်ပြီး အခုတော့ အချိုအရွယ် ရုပ်ချောချော သနပ်ခါးဘဲကျားနဲ့ တင့်တယ်သည့် သဏ္ဌာန်ဖြစ်နေတယ်လို့ ဖခင်ကိုပြောတော့ ဖခင်က အချို့စုန်းတွေထဲမှာ ပြုစားတဲ့စုန်း၊ မီးစားစုန်း၊ ရေစားစုန်း၊ ဝမ်းတွင်းစုန်းတွေ အမျိုးအစား ကွဲပြားကြသည်ဟုပြောပါသည်။

တချို့စုန်းမတွေဟာ သူတို့ကိုယ်သူတို့ စုန်းလို့ မထင်ကြပါ။ ဘယ်မှာ ဇာတိပြသလဲဆို သည်းမခံနိုင်ဖြစ်ပြီး ဒေါသဖြစ်တဲ့ကိစ္စမျိုးပေါ်လာရင် မျက်လုံးများ တောက်ပလာပြီး (ဝေပါဝါ)ခေါ်မည်ထင်သည်။ လူများထက်မတူတဲ့ စွမ်းအားတွေ ထွက်လာပြီး လူတစ်ယောက်ကို စူးစိုက်ကြည့်လိုက်ပြီး သူဖြစ်စေချင်တဲ့ရောဂါတစ်ခုခု ရစေချင်ရင် အဲဒီလူက ဗိုက်အောင့် ကယောင်ချောက်ချားဖြစ်ပြီး ရောဂါတစ်ခု ရတော့တာပဲ။ အဲဒါ - မွေးရာပါဝမ်းတွင်းစုန်းလို့ခေါ်ပါတယ်။ စုန်းရင့်တော့ ကဝေဖြစ်တယ်ဟု ဖခင်က ရှင်းပြပါသည်။

စုန်းမညီမနှစ်ယောက်သည် မြေပဲနုတ်ခြင်း အတိုင်းအတာတစ်ခု တုန်ထိုး၍ လုပ်ငန်းပြီးသွားသောအခါ သူတို့နေထိုင်သော စုန်းကုန်းရွာသို့ ပြန်သွားကြလေသည်။ ကျွန်တော်တို့ဒေသတွင် စုန်းများ ပျော်သည့်နေရာကို စုန်းကုန်း(သင်းခွေချပ်)များဟု ခေါ်၍ ကျတ်များပျော်စံရာနေရာကို ကျတ်ကုန်း၊ ကျတ်ရွာ၊ ကျတ်တောလို့ခေါ်ကြလေသည်။

ပရလောကနှင့် နာနာဘာဝအကြောင်း၊ စုန်းအတွေ့အကြုံများ သိသမျှ ဆုံသမျှ ဆက်လက်ရေးသားတင်ပြသွားပါဦးမည်။

◆◆◆◆ ညောင်ညိုပင် ကျော်ဝင်း

www.burmeseclassic.com




# သွေးမျက်တဲ့ လပြည့်ည

စာရေးသူသည် ငယ်စဉ်တောင်ကျေးကလေးဘဝကပင် ပုံပြင်များကို ထောင်ရမည်ဆိုလျှင် အလွန်ကြိုက်နှစ်သက်ခဲ့သည်။ စာရေးသူ၏ ဖခင် မှာ မိုးလင်းသည်နှင့် အလုပ်သွား၊ မိခင်မှာ အိမ်ထောင်ပြုပြီးသော်လည်း ဘွဲ့သိုလ်တက်နေဆဲ ကျောင်းသားတစ်ပိုင်း၊ အိမ်ထောင်သည်တစ်ပိုင်း နေသည့်အတွက် စာရေးသူ၏မိခင် ကျောင်းသွားနေချိန်တွင် လသား ရွယ်လေးဖြစ်သည့် စာရေးသူအား ဘိုးအေ ဘွားအေထံ အပ်နှံထားခဲ့ပြီး ကျောင်းသို့ သွားရသည်။ စာရေးသူ၏မိခင် ဘွဲ့ရ၍ကျောင်းပြီးသွားသော် ည်းလုပ်ငန်းခွင်သို့ ဝင်နေရ၍ မအားလပ်သဖြင့် စာရေးသူအရွယ်အတော် ကြီးသည့်တိုင် အဘိုးအဘွားနှင့်သာ ကြီးပြင်းခဲ့ရပါသည်။

စာရေးသူသည် စာကို ကိုယ်တိုင် ရေးတတ် ဖတ်တတ်သည့် အရွယ်သို့ ရောက်သောအခါ အဘိုးအဘွား၊ အဖေ အမေတို့နှင့်အတူ ရွှေတိဂုံဘုရားသို့ တိုင်းဘုရားစောင်းတန်းတွင် ရောင်းချသော နိပါတ်တော်များ၊ မွေ့နှင့်

www.burmeseclassic.com

ပုံပြင်စာအုပ်များကို ဝယ်ပေးရန် ပူဆာတတ်လေသည်။ တစ်ဦးတည်းသာရှိပြီး မွေးချင်းမရှိဘဲ အထီးကျန်စွာ နေရသည့်အတွက် ကလေးပီပီ ပုံပြင်စာအုပ်လေးများကိုသာ အဖော်ပြု ဖတ်ရှုနေရသဖြင့်လည်း ပုံပြင်များနှင့် ရင်းနှီးကာ နှစ်သက်စွဲလမ်းခဲ့ခြင်း ဖြစ်မည်ဟုလည်း ထင်မိလေသည်။

ထိုပုံပြင်စာအုပ်လေးများကို ဖတ်နေရလျှင် စာရေးသူမှာ ထမင်းမေ့ဟင်းမေ့ပင် ဖြစ်တတ်သည်။ မိဘနှစ်ပါးမှာ စာရေးသူ ငယ်စဉ်ကတည်းက စာရေးသူအား အဘိုး အဘွားများထံ အပ်နှံခဲ့ပြီး စီးပွားရှာရသူများ ဖြစ်သဖြင့် စာရေးသူ၏ အဘိုးအဘွားမှာ သူတို့၏ မြေးမလေး စာရေးသူ မပျင်းရလေအောင်၊ ပုံပြင်လေးများကို တစ်နေ့တစ်မျိုး မရိုးရလေအောင် တစ်ယောက်တစ်လှည့်စီ ပြောပြရှာလေသည်။ တစ်နေ့တွင် စာရေးသူသည် အဘိုးအဘွားကို အတွန့်တက်မိလေသည်။

"အဘိုးနှင့်အဘွား ပြောပြနေတဲ့ပုံပြင်တွေက ရိုးနေပြီ၊ တခြားပုံပြင် ဆန်းဆန်းလေးတွေ မရှိဘူးလား"

ဟု စာရေးသူက ပူဆာမိလေရာ အဘိုးက အတန်ငယ် စဉ်းစားပြီးလျှင်"

"ဪ – ဪ ငါ့မြေးက ပုံပြင်ဆန်းလေး ကြားချင်နေတာကိုး ၊ တဲ့ဟော့ – အဘွားရေ၊ ငါ – ဟိုဆိုင်းသမားညီအစ်ကိုအကြောင်းပြောပြလိုက်မယ်နော်" ဟု အဘွားအား ပြောလိုက်လေရာ အဘွားက –

"အဲဒါပုံပြင်မဟုတ်ဘူး – ပဲခူးတိုင်းအတွင်းက ရွာလေးတစ်ရွာမှာ အမှန်တကယ်ဖြစ်ပွားခဲ့တဲ့ တကယ့်ဖြစ်ရပ်မှန်လေး မဟုတ်လား – အဘိုးရဲ့ ကျွန်မမြေးမလေး ကြောက်ပြီး ညဘက်ထလန့်ပြီး ငိုယိုနေပါဦးမယ်" ဟု အဘိုးနှင့် အဘွား အပြန်အလှန်ပြောနေသည်ကို စာရေးသူက ကြားရာ –

"ဟာ – မရဘူး။ အခုပဲ ပြောပြရမှာပဲ ပြောပြ၊ အဘိုးနဲ့အဘွား အဲဒီလို ကြောက်စရာကောင်းတဲ့ ပုံပြင်မှကောင်းမှာပေါ့ အဘွားရယ်၊ ပြောပြနော် အဘိုး"

ဟု အတင်းပူဆာလိုက်လေတော့သည်။



ထိုအခါ အဘိုးနှင့်အဘွားသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ပြုံးလိုက်ကြပြီးလျှင် –

"ကဲ – ကဲ ဒီလောက်နားထောင်ချင်နေမှတော့ အဘိုးပြောပြပါ့မယ်။ ပြီးမှ ကြောက်တယ်လို့ မပြောရဘူးနော်" ဟုပြောပြီး ဇာတ်လမ်းလေးအား စတင်ပြောပြရန် ပြင်ဆင်လိုက်လေရာ စာရေးသူမှာ အဘွား၏ရင်ခွင်ထဲသို့ တိုးနှပ်ကာတိုးဝင်ရင်း နားစွင့်လိုက်လေတော့သည်။

—◇—

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေသည့်အချိန် မြန်မာနိုင်ငံ၌ နေရာအနှံ့အပြား တိုက်ပွဲများဖြစ်ပွားနေချိန် သူတစ်လူငါတစ်မင်း တစ်တိုင်းပြည်လုံး ဒုက္ခလန့်တစ်စားဖြစ်ပြီး တောင်မင်းကို မြောက်မင်းက မကာယနိုင်သည့် အချိန်ကာလတစ်ခု။

ဂျပန်များ အရေးနိမ့်လာ၍ နောက်သို့ပြန်ဆုတ်နေကြချိန် မဟာမိတ်တပ်များလည်း ရောက်မလာကြသေးသော အချိန်အခါမို့ ဆိုးသွမ်းရိုင်းစိုင်းသော လူတချို့မှာ လက်နက်ပုန်းများကိုင်ဆောင်ပြီး ပစ္စည်းလု၊ လူသတ်၊ စာမြတိုက်စသည်ဖြင့် တောမီးလောင်၊ တောင်ကြောင်လက်ခမောင်းခတ်ဆိုသည့် စကားအတိုင်း အရှိုးသောမြို့နယ်၊ ကျေးလက်တောရွာများတွင် အုပ်ချုပ်မှု ကင်းမဲ့နေသဖြင့် မင်းမဲ့စရိုက် လွှမ်းမိုးနေသော အချိန်ကာလဆိုးတစ်ခု ဖြစ်သည်ဟု ဆိုရပေမည်။

မြန်မာပြည်သူပြည်သားတချို့သည် ကောင်းကင်မှ လေယာဉ်ပျံဖြင့် စက်သေနတ်ပစ်ခတ်သည့်ဒဏ်၊ ဗုံးကြဲချခြင်းဒဏ်၊ မြေပြင်တိုက်ပွဲများကြောင့် သေကြေပျက်စီးပြီး မိသားစုများ တကွဲတပြား ဖြစ်ရသည့်အဖြစ်ဆိုးမျိုးနှင့် ကြုံနေရကြလေသည်။ စစ်အတွင်းကာလ အုပ်ချုပ်မှုကင်းမဲ့နေချိန်လည်း ဖြစ်ပြီး လေယာဉ်များ၏ ဗုံးမိုးရွာခြင်း၊ စက်သေနတ်နှင့် မွှေတက်ခြင်းကြောင့် မြို့ပေါ်တွင် အဆောက်အအုံများ အကြီးအကျယ် ပျက်စီးကာ မြင်မကောင်း။

www.burmeseclassic.com

ရှမကောင်းဖြင့်အလွန်ကြောက်မက်ဖွယ်ကောင်းလှသည့်အနီရှာရုံမြစ်ကွင်းများဖြစ်သည်။

တရုတ်ပြည်နေလူများသည် မိမိတို့၏စစ်ဘေးစစ်ဒဏ်ကြောင့် အိုးအိမ်များကိုစွန့်ပစ်ပြီး စစ်ဘေးစစ်ဒဏ်လွတ်ကင်းနိုင်မည်ထင်ရသော ဘုရားပုထိုးများ သံဃာတော်များရှိသည့် ဘုန်းကြီးကျောင်းများအတွင်းနှင့် ချောင်ကျလှသော ကျေးလက်တောရွာများတွင် ပြေးလွှားပုန်းအောင်း မှီခိုနေရရှာလေသည်။

ထိုကဲ့သို့ စစ်ဘေးသင့်သည့်ဒဏ်ကို အဆိုးဝါးဆုံး ခံခဲ့ရသူများထဲတွင် မောင်ဘမောင်လည်း ပါဝင်လေသည်။ မောင်ဘမောင်တို့ ကံဆိုးမိုးမှောင်မကျခင်တွင် မောင်ဘမောင်မှာ သူ၏ အစ်မကြီးနှင့်အတူ ထမင်းချက်ရန် ထင်းရှာနေစဉ် ကျွဲညီနောင်ဆိုသည့် တစ်စင်းလုံး မည်းမှောင်နေသော လေယာဉ်မည်းမည်းကြီးများနှင့် ဗုံးကြဲချရန်လာနေသည့် အသံ၊ အချက်ပေးဥသြသံကြောင့် လူအများ ဘေးလွတ်ရာ ဗုံးခိုကျင်းအသီးသီးသို့ရှောင်ပြေးကြရလေသည်။

"ပြေးကြဟေ့ - ပြေးကြ"

"လာပြီ - ကျွဲညီနောင်လာပြီ"

မောင်ဘမောင်၏ အစ်မကြီးသည် မိဘများနှင့်အတူ ဗုံးခိုကျင်းထဲသို့ အတင်းဝင်ပြေးသော်လည်း မောင်ဘမောင်မှာ အချိန်မရသဖြင့် နီးရာရာဇဝင်အိုးကြီးတစ်လုံးထဲသို့ဝင်ပြေးလေသည်။ ထိုအချိန်တွင် ကျွဲညီနောင်လေယာဉ်ပေါ်မှ စက်သေနတ်ပစ်သံ၊ ဗုံးကြဲချသံများ၊ ပေါက်ကွဲသံများကို နားကွဲလုမတတ်ရှုညံစွာကြားရပြီး အသံများတိတ်ဆိတ်သွား၍ ကျွဲညီနောင်လေယာဉ်အဝေးသို့ ထွက်ခွာသွားသည့်အချိန်တွင် မောင်ဘမောင်လည်း စဉ့်အိုးကြီးထဲမှ ပြန်ထွက်လာခဲ့လေသည်။ မိဘများ ခိုအောင်းနေသည့် ဗုံးခိုကျင်းအနား သို့ အပြေးအလွှားသွားကြည့်ရာ မောင်ဘမောင်မှာ တုန်လှုပ်ချောက်ချားသော မေ့လဲမတတ် ဖြစ်သွားသည်။



ထိုနေရာ၌ကြီးမားစွာ ပျက်စီးနေသည့်မြင်ကွင်းတစ်ခုက မောင်ဘမောင်အား ဆီးကြိုနေလေသည်။ အတုံးအရုံး လဲကျသေဆုံးနေသော အလောင်းများ၊ အပျက်အစီးများ၊ ဗုံးဒဏ်ကြောင့် ကျင်းချိုင့်ကြီးများ ကြားတွင် မောင်ဘမောင်လည်း ဟိုလှန်ဒီလှန်နှင့် မိဘ မောင်နှမများကို အော်ခေါ်ရှာ ဖွေသော်လည်း ပြန်လှန်ထူးမည့်သူ မရှိ၊ ထွက်လာမည့်သူ မရှိဘဲရှိရာ တစ်သောက် တည်း အထီးကျန်စွာဖြင့် ခြေဦးတည့်ရာသို့ ထွက်လာခဲ့လေတော့သည်။

—⟡—

မိသားစုမှာ မျက်စိရှေ့တွင် တစ်ခဏချင်း ပျောက်ကွယ်ဆုံးပါးသွားသော်လည်း မောင်ဘမောင်မှာ အသက်ဆက် ရှင်သန်ရပ်တည်ရန်အတွက် ရောက်မိရောက်ရာ လျှောက်သွားရင်း ဝမ်းကလည်းဟာ၊ မောကလည်း မောပန်းလာသဖြင့် လှည်းလမ်းကြောင်း၏ဘေးတွင်ရှိသော သစ်ပင်ကြီး တစ်ပင်အောက်တွင် စိတ်ဓာတ်ကျသောကြီးစွာ ငွေ့ငွေ့လေး လဲလျောင်း နေစဉ် နွားချူသံ တညံညံကြောင့် ခေါင်းထူပြီး ကြည့်လိုက်မိသည်။ နွားလှည်း လေးမှာ မောင်ဘမောင်နံဘေးအရောက် တုံ့ခနဲရပ်သွားပြီး လှည်းပေါ်တွင် ထိုင်လိုက်လာကြသော အသက်(၅၀)ကျော်ခန့်အမျိုးသမီးနှင့် (၈၀)ကျော် အရွယ် အဘွားအိုတစ်ဦးသည် မောင်ဘမောင်အား ကရုဏာသက်သည့် မျက်ဝန်းအစုံဖြင့် သေသေချာချာကြည့်ရှုပြီး သူတို့နှင့်အတူ လိုက်နေရန် ခေါ်ဆောင်လာခဲ့လေသည်။

စစ်ဘေးဒုက္ခသည် မောင်ဘမောင်လေးမှာ ကယ်တင်ရှင်သားအမိ နှစ်ယောက်နှင့်အတူ နေထိုင်ရင်းနှင့် မိသားစုပိုင် ကျွဲ နွားများကိုထိန်းကျောင်း ပေးရင်း စိတ်ပြေလက်ပျောက်ပလွေမှုတ်နေတတ်လေသည်။ မောင်ဘမောင် ၏ ပလွေသံသည် နားထောင်၍ နားဝင်ချိုလှပေသည်။

ထိုအချိန်တွင်မြန်မာပြည်ကြီးသည် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်မှုဖြင့် လွတ်လပ်ရေးပင် ရယူခဲ့လေပြီ။ လွတ်လပ်ရေးမှာ ရွှေရည်စိမ် လွတ်လပ်ရေး

www.burmeseclassic.com

ဗင် ခြစ်ဆော်လည်း တိုင်းပြည်မှာ စစ်ဘေးစစ်ဒဏ်မှလွတ်၍ အနည်းငယ် ငြိမ်သက်စ ပြုနေပေပြီ။

တစ်နေ့ မောင်ဘမောင်တို့ နေထိုင်သော ရွာလေးတွင် အလှူရှိသဖြင့် ရွှေမောင်း၊ငွေမောင်းဟုခေါ်သော ဆိုင်းသမားအမြွှာညီအစ်ကိုနှစ်ယောက် တို့ငှားရမ်းကြလေသည်။ ဂီတတွင်ဝါသနာကြီးလွန်းလှသော မောင်ဘမောင် သည် ပလွေမှုတ်ကို ဝါသနာပါသူဖြစ်ရကား ကျေးဖူးရှင်မွေးစားသားအမိ နှစ်ယောက်ထံ ခွင့်ပန်၍ ဆိုင်းအဖွဲ့ ပြန်သောအခါ ဆိုင်းအဖွဲ့နှင့်အတူ လိုက် ပါသွားလေတော့သည်။

မောင်ဘမောင်သည် ထိုဆိုင်းအဖွဲ့ကပေးတာယူ ကျွေးတာစားဘဝ နှင့် နေထိုင်လုပ်ကိုင်ပေးရင်း ဆိုင်းပညာကို ကျူးနှံစွာ လေ့လာ သင်ယူခဲ့ရ လေသည်။ မောင်ဘမောင် ပါဝင်သော ဆိုင်းအဖွဲ့သည် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ အလှူပွဲ၊ဘုန်းကြီးပျံ၊အသုဘရှေ့စသည်ဖြင့်ငှားရမ်းသမျှကိုလိုက်လံတီးမှုတ် ပေးလေရာ တစ်နေ့သော ညနေစောင်းလောက်တွင် မောင်ဘမောင်တို့ ဆိုင်းအဖွဲ့တည်ရှိရာနေရာနှင့်အနည်းငယ်အလှမ်းကွာသော ရွာလေးတစ်ရွာ တွင် လူတစ်ဦးသေဆုံးသဖြင့် အသုဘရှင်များမှာ ငွေကြေးအတော်အတန် ချမ်းသာသူများဖြစ်ကြရာ ရွှေမောင်း၊ ငွေမောင်းဆိုင်းအဖွဲ့အား -

"အသုဘရှေ့ရန်" လာရောက် ငှားရမ်းကြခြင်း ဖြစ်လေတော့သည်။

---

မောင်ဘမောင်တို့ ဆိုင်းအဖွဲ့လည်း ဆိုင်းတီးဖို့အတွက် လိုအပ်သည့် အစီအစဉ်များ ဆောင်ရွက်ပြီး နွားလှည်းများဖြင့်ဆင်၍ ထိုဆိုင်းငှားရာ ရွာသို့ ခရီးထွက်ခဲ့ကြလေသည်။ ဆိုင်းငှားသောရွာနှင့် အတန်ငယ် ဝေးလေရာ ခရီး မရောက်ခင် မှောင်စ ပျိုးလာသဖြင့် နေရာကောင်းတစ်ခုရှာပြီး လှည်းဖြုတ်၍ ခရီးတစ်ထောက် နားရသည်။

ဆိုင်းအဖွဲ့တွင်ပါလာသော ဆိုင်းအဖွဲ့သားတွေမှာ နွားများကို လှည်းများ ၏ အလယ်တွင်နားစေပြီး လူများမှာ (၄)ယောက်၊ (၁)ဖွဲ့ ဖွဲ့၍ ပီးလုံ့ရင်း



စက်ဝိုင်းသဏ္ဍာန် ဝိုင်းပတ်ထားလိုက်ကြလေသည်။ သို့မှသာ သားရဲတိရစ္ဆာန် ဘေး၊ သူခိုး၊ ဓားပြဘေးမှ ကာကွယ်နိုင်ပေမည်။

မနက်မိုးလင်းသည်နှင့် နွားများကိုအစာကျွေး၊ ဆိုင်းသမားများအတွက် မောင်ဘမောင် စီစဉ်ထားသော ကောက်ညှင်းပေါင်းနှင့်ငါးကြော်လေးတို့ ရေနွေးပူပူလေးနှင့် မနက်စာကို ဖြည့်အပြီး နွားများကို လှည်းတွင်တပ်၍ ခရီးဆက် ထွက်လာခဲ့လေရာ မနက် မွန်းမတည့်ခင်ပင် ဆိုင်းငှားသည့်ရွာသို့ ရောက်ခဲ့ကြလေသည်။

ရွှေမောင်း၊ ငွေမောင်း ညီအစ်ကိုနှစ်ယောက် ညဘက်သို့ ရောက်သည် နှင့် ဆိုင်းစတီးလေပြီ။ ရွှေမောင်း၏ဖနီး အဆိုတော် မလှသွေးကလည်း အဆိုကောင်း၊ အဝိုကောင်း၊ အလွမ်းကောင်းလေရာ ရွာရှိသက်ကြီးရယ်အို လူငယ်များပါမကျန် တစ်ရွာလုံး မီးမိုးတိတ်ငြိမ်သက်ပြီး အုန်းအုန်းကျွတ် ကျွက် လာရောက်အားပေး ကြည့်ရှုနားထောင်ကြလေသည်။

မသာရှင်နှင့်အမျိုးသမီးတစ်စုမှာလည်း မနက်မိုးလင်းလျှင် ဈွမ်းကပ် ရန်နှင့် ရက်လည်လာမည့်သူများအတွက် ထမင်းနှင့်ဟင်းတို့ အားကြိုး မာန်တက်ချက်ပြုတ်နေကြရင်းဆိုင်းသံကိုနားထောင်နေကြသည်မှာသေဆုံး သွားသည့် သူ့ကိုပင် ဝမ်းနည်းမနေအားပဲ အလုပ်ရှုပ်ကာ တဒင်္ဂ မေ့လျော့ သွားစေသည်။

သို့ဖြင့် - ညအတော် နက်လာပေပြီ။

ဆိုင်းသမားများလည်းခရီးပန်းလာသည်ကတစ်ကြောင်း၊တီးမှုတ်သီဆို ရသဖြင့် မောလာသည်က တစ်ကြောင်းကြောင့် မသာရှင် စီစဉ်ပေးသော နေရာ၌ တန်းစီ၍ အနားယူကြပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားကြ လေသည်။ ချက်ပြုတ်ကြော်လှော်သည့် သူများလည်း ထမင်းအိုး၊ ဟင်းအိုး များကို သေချာစွာ ချက်ပြုတ် ဖုံးအုပ်ခဲ့ပြီး ကိုယ့်အိမ်ကိုယ်ရာသို့ အသီးသီး အနားယူ အိပ်စက်ရန် ပြန်သွားကြတော့သည်။ မနက်မိုးလင်းမှ အသုဘ အိမ်သို့ လာရောက်ကြရမည် ဖြစ်ပေသည်။

www.burmeseclassic.com

မသာထည့်ထားသောအခေါင်းစင်မှာဆိုင်းတီးသည့်နေရာနှင့်မနီးမဝေး တွင် ရှိလေသည်။ ထိုညသည် လပြည့်ည ဖြစ်သဖြင့် တစ်ရွာလုံး လင်းထိန် နေသည်။ လူအားလုံးမှာ မောမောနှင့် အိပ်မောကျနေသဖြင့် အပ်ကျသံပင် မကြားရ၊ ရွာတစ်ရွာလုံးအိပ်မောကျနေကြခြင်းဖြစ်လေသည်။လရောင်သည် ထိန်ထိန်သာနေကာ သစ်ရွက်သစ်ခက်များပေါ်သို့ လှပစွာ ဖြာကျနေလေ သည်။



“အိပ်ပျော်နေရာမှ လာနိုးသောသူမှာ လူအရိုင်မဟုတ်ဘဲ မသာခေါင်းထဲမှ ဖုတ်ဝင်ပြီး ထလာသော သေသွားပြီးဖြစ် သည့် မသာကြီးဖြစ်နေခြင်းပင်။ မောင်ဘမောင်အား ဖုတ် တစ္ဆေကြီးကထရန် အချက်ပြပိုက်လေရာ မောင်ဘမောင်က အနီးတွင် အိပ်ပျော်နေသော သူ၏ဆရာငွေမောင်းအား လှုပ်နိုးလေတော့သည်”

ထိုအချိန်တွင် မည်းသည့် အသွေးအမျှင် အရောင်မှ စရောစင်ဆဲ တစ်ကိုယ်လုံး မည်းမှောင်ပြီး အမွေးများ မည်းပြောင်နေသည့် ကြောင်နက် ကြီးတစ်ကောင်မှာ အလှူရှင်များ ချက်ပြုတ်ထားသည့်နေရာမှ အကြွင်း အကျန်များကို လိုက်လံ စားသောက်ရင်း အသုဘအခေါင်းပေါ်သို့ “ဗျောင်” ခနဲ စပ်စုစုအသံဖြင့်အော်ပြီး ခုန်တက်လိုက်လေတော့သည်။

ကြောင်ခုန်ချလိုက်ပြီး မကြာသောအချိန်တွင် အခေါင်းထဲမှ တုတ်ခြစ် သံကြားလိုက်ရပြီးအခေါင်းကြီးသည် ဒုတ်ဒုတ်မြည်ကာ လှုပ်လာလေတော့ သည်။ ထို့နောက် အခေါင်းအဖုံးပျဉ်သည်ရုတ်တရက် ဝုန်းခနဲမြည်ကာ ပွင့်တက်လာသည်။

“အလို”

အခေါင်းထဲရှိ အလောင်းကြီးမှာ မြေလက်မျက်လုံးများ လှုပ်လာပြီး အခေါင်းအဖုံးအား အသာအရာတွန်းမ၍ ရုတ်တရက် ထထိုင်လေတော့ သည်။အလောင်းကောင်ကြီးမှာထထိုင်ရာမှအပြင်သို့ထွက်လာတော့သည်။ ထို့နောက် တောင်ကြည့်မြောက်ကြည့်ကြည့်ပြီး အနီးရှိ နံနက်စာအတွက် ချက်ပြုတ်ထားသော ထမင်းဟင်းအိုးများကို လှန်လှောရှာဖွေကာ အားပါး တရ စားသောက်လေတော့သည်။

စားသောက်ပြီးသည်နှင့်ရွှေမောင်းငွေမောင်းဆိုင်းအဖွဲ့ဝင်များအိပ်စက် အနားယူနေသည့် ဆိုင်းတီးသည့်စင်ပေါ်သို့ဝုန်းခနဲ ခုန်တက်လာလိုက်လေ တော့သည်။ အိပ်မောကျနေသော ဆိုင်းသမားများအား တစ်ယောက်ချင်း ရှာတ်နှာသေကြီးနှင့် လိုက်ကြည့်ပြီး ဆိုင်းဝိုင်းကြီးဘေးတွင် ပင်ပန်း၍ ခွေခွေ လေး အိပ်မောကျနေသော မောင်ဘမောင်အား ခြေထောက်နှင့်ကန်ပြီး နှိုး လေတော့သည်။

မောင်ဘမောင်သည်သူ့အား စပ်ပြင်းပြင်းကန်ချက်ကြောင့်အအိပ်ဆတ် သူပီပီ အိပ်ချင်မူးတူးဖြင့် မျက်စိကိုလက်နှင့်ပွတ်ရင်း လန့်နိုးလာလေသည်။ သူ့ကို နှိုးသည့်သူအား မော့ကြည့်လိုက်လေရာ မောင်ဘမောင်မျာ လိပ်ပြာ လွင့်စဉ်မတတ် ကြောက်လန့်သွားပြီး ကြက်သေသေ၍ သတိလက်လွတ် ငေးကြောင်ကြည့်နေမိလေသည်။

www.burmeseclassic.com

"အင် - မလေးရှ - အား - မသာကြီး"

အိပ်ပျော်နေရာမှ လန့်နိုးသောသူမှာ လူအရှင်မဟုတ်ဘဲ မသာခေါင်းထဲမှ ဖုတ်ဝင်ပြီးထလာသော သေသွားပြီဖြစ်သည့်မသာကြီး ဖြစ်နေခြင်းပင်။ မောင်ဘမောင်အား ဖုတ်တစ္ဆေကြီးကထရန် အရျက်ပြလိုက်လေရာ မောင်ဘမောင်ကအနီးတွင် အိပ်ပျော်နေသော သူ၏ ဆိုင်းဆရာငွေမောင်းအား လှုပ်နှိုးလေတော့သည်။

"ဆရာ - ဆရာ - ကယ်ပါဦး - အသုဘကြီးအသက်ဝင်ပြီး ထလာပြီ လုပ်ပါဦး"

သို့သော် - ဆိုင်းဆရာငွေမောင်းကား တုတ်တုတ်မျှပင် မလှုပ်တော့။ မောင်ဘမောင်သည် ဆရာ့ ခန္ဓာကိုယ်တစ်ခုလုံး သိမ့်သိမ့်တုန်ခါသွားသည်ထိ ကိုင်လှုပ်သော်လည်း ဆရာသည် ငုတ်ပျောတုံးကဲ့သို့ ငြိမ်သက်ကာ နှစ်ခြိုက်စွာ လဲကျအိပ်ပျော်နေခြင်း ဖြစ်ပေသည်တကား။ ဘယ်လိုမှ နိုး၍ မရတော့၊ ခက်ပြီ - ဘယ်လိုလုပ်ရပါ့။ အလောင်းကောင်ကြီးက မောင်ဘမောင်ကို မလွှတ်တမ်း စိုက်ကြည့်နေသည်။ ဘုရား - ဘုရား - ကယ်တော်မူကြပါ။

မောင်ဘမောင်က ကြိုးစား၍ နှိုးပါသေးသည်။ တုတ်တုတ်မျှ မလှုပ်ပေ။

"ထ - ထ - ဆရာ - ထပါဦး - ဒီမှာ"

စကားပင် မဆုံးသေး၊ မသာကြီးက ကြောက်စရာ သွေးဆုတ်နေသော မျက်နှာဖွေးဖွေး၊ မျက်လုံးနီရဲရဲကြီးနှင့် ဘမောင်အား လှည့်ကြည့်ပြီး ဆိုင်းဝိုင်းထဲသို့ဝင်ရန် လက်ညှိုးထိုးပြနေတော့ မောင်ဘမောင်လည်း ကြောက်အူများ တဆတ်ဆတ်ပင်တုန်လာရင်း ဆိုင်းဝိုင်းပေါ်သို့ တက်ထိုင်လိုက်ရလေတော့သည်။ ဆိုင်းဝိုင်းထဲသို့ ရောက်ပြီး ထိုင်လိုက်သည်နှင့် မောင်ဘမောင်အား ဆိုင်းစတီးရန် အမူအရာနှင့် လုပ်ပြလေသည်။ အသုဘအိမ်တွင် ရှိသူအားလုံးနှစ်ခြိုက်စွာ မနိုးတမ်း အိပ်ပျော်နေသည်မှာ ထူးဆန်းလှပေသည်။

မောင်ဘမောင်သည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဆိုင်းစတင် တီးခတ်လေပြီတည်း။ ဖုတ်ဝင်နေသည့် အလောင်းကောင်ကြီးကလည်း ဆိုင်းအသံ



နှင့်အညီ မျက်လုံး စူးစူးရဲရဲကြီးမှာ မျက်တောင်မခတ်၊ ပါးစပ်မှာ ထမင်းတင်းများ ပေကျံနေပြီး မျက်နှာကြီးအဖွေးသားနှင့် ကွေးနေအောင် က,နေတော့သည်။

ထိုညကား လပြည့်ညတစ်ညဖြစ်ရကား လမင်းကြီး၏ အလင်းရောင်များပင် အလင်းရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေလေသည်။ ခွေးဟောင်သံ၊ ညငှက်အော်သံများပင် မကြားရဘဲ တစ်ရွာလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။ အကာလ ညချမ်းတစ်ခွင်၌ ထိုကဲ့သို့ လူသေကြီး ဖုတ်တစ္ဆေဝင်ကပ်ပြီး က,နေသည်ကို မောင်ဘမောင်မှာ ဆိုင်းထိုင်တီးနေရသည့် အဖြစ်ကား ဆိုးရွားလှပေသည်တကား။

မောင်ဘမောင်မှာ သူ၏မိသားစုလို ငိုသံ၊ သေနတ်သံများကြားထဲတွင် သေဆုံးသွားရသည်မှ ကောင်းသေးတယ်ဟု ဆိုင်းတီးရင်း စဉ်းစားမိလေသည်။ လက်နက်ဘေးနှင့်မသေဘဲ ဘာမဟုတ်သည့် ဖုတ်တစ္ဆေလက်ချက်ဖြင့် သေရမည့်အရေး မတွေးရဲလောက်အောင် ထိတ်လန့်တုန်လှုပ်ချောက်ချားနေလေသည်။

တစ်ညလုံး လူသေကြီးက ထမင်းနှင့်ဟင်းတွေကိုလှန်စားလိုက်၊ ဆိုင်းတီးခိုင်းလိုက်၊ ကလိုက်။ တစ်ဖန် လူသေကြီးက မောင်ဘမောင်အားက,ခိုင်း၍ သူက ဝင်တီးဖြင့် မောင်ဘမောင်မှာ အရှင်လတ်လတ် ငရဲတွင်းသို့ သက်ဆင်းနေရသလို ကြောက်ရွံ့ခြင်းအတိဖြင့် စိတ်ဒုက္ခကြီးစွာ ခံစားနေရလေသည်။ မောင်ဘမောင်ကရသည့်အလှည့်တွင် မောင်ဘမောင်မှာ အိပ်နေသည့် လူများအား နိုးစေရန် က,နေရင်း တမင်ခြေထောက်နှင့် ဖိကြိတ်၍တက်နင်းပြီး နှိုးလေသည်။

ထူးဆန်းလှသည်မှာ မည်သူတစ်ဦးတစ်ယောက်မှ နိုးလာခြင်း မရှိပေ။ မောင်ဘမောင်သည် စိတ်ဓာတ် ကြံ့ခိုင်သည့်သူ ဖြစ်ရကား ဒီဖုတ်ဝင်နေသည့် မသာလက်ထဲမှ အလစ်တွင် ထွက်ပြေးနိုင်ရန် ကနေရင်း ပုဆိုးကို တင်းကျပ်စွာ ဝတ်နေသော်လည်း ဖုတ်ကောင်ကြီးက မောင်ဘမောင်အား မျက်တောင့်နီကြီးနှင့်ကြည့်ရင်း တီးနေလေသည်။ ဆိုင်းတီးနေသည့် ဖုတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com

မသာကြီးသည် မောလာသဖြင့် မောင်ဘမောင်အား တစ်လှည့်စီတီးစေရန် ဝိုင်းထဲမှ ထွက်လာစဉ် မောင်ဘမောင်လည်း ရှိသမျှ အားအင်များ စုစည်း၍ ဆိုင်းဝိုင်းစင်ပေါ်မှ အားကုန် ဆင်းပြေးလေတော့သည်။

လသာသောည ဖြစ်နေသည့်အတွက် အရာခပ်သိမ်းအား ထင်ရှားစွာ မြင်ရ၍ မောင်ဘမောင်အတွက်ကား ကံကြမ္မာက မျက်နှာသာပေးလေသည်။ မောင်ဘမောင်သည် ပြေးရင်းလွှားရင်း ရွာထဲရှိ အိမ်တစ်အိမ်သို့ ဝင်ပြေးရန် တောင်းနီးနီး စဉ်းစားမိသေးသည်။ သို့သော် အသုဘကောင်ကြီးနှင့် သူ တီးမှုတ် ကခုန်နေကြသည်မှာ အခုလို တိတ်ဆိတ်နေသည့်အချိန်တွင် နိုးနေသည့် လူတစ်ဦး တစ်ယောက်ရှိလျှင် လာကြည့်မိမည်မှာ အမှန်ပင်။ သို့သော် မည်သူတစ်ဦးမှ မနိုး၍ လာပြီးကြည့်မည့်သူ မရှိသည့်အတွက် ရွာထဲသို့ ဝင်ပြေးလျှင် မသင့်တော်၊ လွတ်လမ်းမမြင်သဖြင့် ရွာအပြင်လမ်းကြောင်း အတိုင်း အတင်းထွက်ပြေးလေတော့သည်။

မောင်ဘမောင်သည် ရွာအပြင်ရှိ လယ်ကွင်းပြင်သည် ပြောင်ရှင်းနေပြီး မိုးဦးစလေးမို့ မြေကြီးမှာ အနည်းငယ် စိုစွတ်နေလေသည်။ သို့အမှတ်မထင် လှည့်ကြည့်လိုက်လေရာ မသာကြီးမှာ အခေါင်းကြီးထမ်း၍ ကမူးရှူးထိုး လိုက်လာသည်ကို လသာသော အလင်းရောင်ကြောင့် ထင်ထင်ရှားရှားကြီး မြင်တွေ့ရလေသည်။ ထိုမြင်ကွင်းမှာ သွေးမျက်စရာ ကောင်းလောက်သည့် မြင်ကွင်းဖြစ်နေသောကြောင့် မောင်ဘမောင်၏ ခေါင်းတစ်ခုလုံး ဆံပင်မွေး များပင်ထောင်သွားသည့်အထိ ထိတ်လန့်ချောက်ချားမိလေသည်။ အားတုံ့ ပြေးရင်း -

"ငါသည် ဝုံးကြ၍ မသေ - ဒီမသာကြီးသတ်လို့ သေရတော့မှာပါလား" ဟု တွေးရင်း မျက်ရည်များ စီးကျလာပြီး "ဘုရား - ကယ်ပါ - ဘုရားကယ်ပါ" ဟု နှုတ်မှ ရေရွတ်မိလေသည်။ ပြေးလွှားရသည်မှာ လယ်ကွင်းများပင် ကျော် လွန်လာပြီး ရွာထိပ်သို့ပင် ရောက်လုနီးပေပြီ။

ထိုစဉ် ရွာထိပ်တွင် ဖယောင်းတိုင်မီး အလင်းရောင်လေးဖြင့် လင်းထိန် နေသည့် အိမ်တစ်အိမ်ကို မောင်ဘမောင်တစ်ယောက် ဝမ်းသာအားရ တွေ့ မြင်လိုက်ရလေသည်။ မီးလင်းနေသည့်အိမ်အရောက် အားကုန်ပြေးရင်း -



"ကယ်ကြပါ - အိမ်ရှင်တို့ ကျွန်တော့်ကို ကယ်ကြပါ၊ ဒီမှာ ဖုတ်မသာကြီး ကျွန်တော့်ကို လိုက်သတ်နေလို့ ကယ်ကြပါဗျာ"

ဟု အားယူ ချစ်ညှစ်ပြီး အသံကုန်အော်၍ အိမ်အဝသို့ အရောက် နိတ်ဝင် ပစ်ထိုး၍ မှောက်ရှုလိုက်လေသည်။

မောင်ဘမောင်လည်း အားတင်းထားသည့် သတ္တိများကို ဖြေလျှော့ လိုက်ပြီး သတိလစ် မေ့မြောသွားလေတော့လေသည်။

ထိုအခါ အခေါင်းကြီး ထမ်း၍ လိုက်လာသော ဖုတ်ဝင်နေသည့် မသာ ကြီးမှာ "တောက်" ဟုပြင်းထန်စွာ တစ်ချက်ခေါက်၍ လှည့်ပြန်သွားလေတော့ သည်။

⸻◇⸻

မိုးစင်စင် လင်းပေပြီ၊ သစ်ပင်ပေါ်ရှိ ကျေးငှက်များပင် တကျစ်ကျစ်ဖြင့် အော်မြည်ထွန်ကျူးနေကြပေပြီ။ မောင်ဘမောင် သတိရလာ၍ မျက်စိဖွင့် ကြည့်လိုက်လေရာ ရွာထိပ်ရှိ ကြီးမားစွာပေါက်နေသော ညောင်ပင်ကြီး တစ်ပင်အောက်ရှိ နတ်ကွန်းစင်ကြီးအောက်တွင် ရောက်နေသဖြင့် တုန်းရုန်း ထလိုက်လေသည်။ တစ်ကိုယ်လုံးလည်း တစ်ညလုံး ပြေးလွှားထားသည့် အကြောင့် နာကျင်ကိုက်ခဲနေသည်။ ညက တွေ့ခဲ့သည့် မီးလင်းနေသည့် နေရာမှ အိမ်မဟုတ်ပေ၊ နတ်ကွန်းသာ ဖြစ်သည်။

ကယ်တင်ရှင် နတ်စင်ရှိ နတ်မင်းအား ထိုင်ကန်တော့ပြီး စိတ်တိုတိုဖြင့် ရွာထဲသို့ ထပြန်လာရင်း ရွာထဲသို့ ဝင်လာသော လှည်းတစ်စီးအား တွေ့သည် နှင့် အကျိုးအကြောင်းပြော၍ တက်စီးကာ အလှူအိမ်သို့ မောင်ဘမောင် ပြန်လာလေသည်။ သူ၏ ဆိုင်းအဖွဲ့ဝင်များနှင့်တကွ အသုဘရှင်အား ညက ဖြစ်ပျက်သမျှအားလုံးကို အကျိုးအကြောင်း ရှင်းပြလေရာ အသုဘရှင်များက မောင်ဘမောင်၏ စကားကို မယုံကြည်ဘဲ မဖြစ်နိုင်ဟုငြင်းဆိုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်ဘမောင်က သူ၏စကားကိုမယုံလျှင် အသုဘအားပြန်ကြည့်ရန် ပြောလေရာ အသုဘရှင်များနှင့်တကွ ရွာသားများအားလုံး ဖဲ့အားသင့်သွားကြလေသည်။ အလောင်းကောင်ကြီး၏ ပါးစပ်မှာ ထမင်းဟင်းများ ပေကျံနေပြီး ခြေထောက်မှာလည်း ရွှံ့ဖွက်များ ပေကျံနေသည်ကို အံ့သြထိတ်လန့်ဖွယ်တွေ့ကြရလေသည်။ ထို့အပြင် အလှူအတွက် ချက်ပြုတ်ထားသော ထမင်းနှင့်ဟင်းများလည်း လျှော့ပါးပျောက်ဆုံးနေသည်။ မောင်ဘမောင်တို့ ဆိုင်းသမားအားလုံးလည်း ဆိုင်းဗိုင်းသိမ်း၍ ထိုရွာမှ ကသော်ကမျော အလျင်အမြန် ပြန်ပြေးခဲ့ကြလေတော့သည်။

မိမိနေထိုင်သည့် ရွာသို့ ပြန်ရောက်သည့်တိုင် မောင်ဘမောင်အား အတိတ်က အဖြစ်အပျက်ဆိုးများက အရိပ်လို သွေးလန့်ချောက်ချားနေဆဲပင်။ မောင်ဘမောင် စဉ်းစားမိသည်မှာ ကြောင်မည်းကြီးတစ်ကောင်သည် အမှတ်မထင် လူသေထည့်ထားသည့် အခေါင်းကြီးအား ကျော်မိရုံနှင့် မသာကြီးမှာ အသက်ဝင်လာပြီး ထလာသည့် ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်ဆန်းအား မယုံနိုင်ဖွယ်ရာ အံ့သြမိခြင်းဖြစ်လေသည်။

သို့သော်လည်း သူ အမှန်တကယ် ကြုံတွေ့ခဲ့ရသော သည်းထိတ်ရင်ဖိုစွာ ခံစားခဲ့ရသည့် သွေးပျက်ဖွယ်ရာ လပြည့်ညလေး တစ်ညကိုတော့ သူ၏ဘဝတစ်သက်လုံး မမေ့တော့သလို ရွှေမောင်းငွေမောင်း ဆိုင်းအဖွဲ့သည်လည်း ဘယ်တော့မှ မသာဆိုင်းတီးရန် ဘယ်သောအခါမှ လိုက်တော့မည်မဟုတ်ပေ။

◆◆◆ အေသင်ဇာသက်ဇေ



မောင်သင်းကျော်

# အစားကြီးသော ဝန်တောက်သမားမြွေ

www.burmeseclassic.com

www.burmeseclassic.com

# အစားကြီးသော ထန်းတက်သမားငမြ

ပဉ္စဝဂ္ဂ အဟံဝန္တာမိ၊

ဆရာငြိမ်းသည် ပခုက္ကူ ဒိစတြိတ်၊ ရေစကြိုမြို့မှ ခရီးလေးတိုင်မျှ ကွာဝေးသော သမ္ဘုရာချောင်းရွာသို့ ဆေးကုသရန်ကိစ္စနှင့် သွားရောက်ရလေ၏။ ထိုရွာမှအပြန်တွင် ၎င်းရွာမှ ခရီးငါးတိုင်မျှကွာဝေးသော အနောက်မြောက်ထောင့် ခပ်ယွန်းယွန်းကျသော ကုဏ္ဍိုစုရွာသို့ ဆရာငြိမ်းသည် သူ၏နမစ်မယ်ရှိသဖြင့် တွေ့ဆုံရန် ခရီးဆက်လက်၍သွားရာ လမ်းခရီးအကြားတွင် ရေငတ်သဖြင့် ထန်းတောတစ်တော၏အောက်တွင် ထန်းလျက်ချက်နေသော တဲတစ်တဲကို မြင်သောအခါ ရေသောက်ရန်ဝင်သွားလေ၏။

ထိုတန်းလျက်တဲထဲတွင် ထန်းလျက်ချက်၍နေသော မိန်းကလေးအား "ကလေးမ – ရေတစ်ပေါက်လောက် ဘကြီးကို ပေးပါကွယ်" ဟု တောင်းရာ မိန်းကလေးသည် ထန်းလျက်ချက်ရာမှထ၍ ရေခပ်ပေးပြီးလျှင် "ဘကြီးရဲ့ ထန်းလျက်များ စားပါဦးလား" ဟု လောကဝတ်ပျူငှာပြောဆိုရင်း ထန်းလျက်များကို ယူ၍ ကျွေးမွေးလေ၏။

ထိုအခါ ဆရာငြိမ်းက "ကလေးမ – နေပါစေကွယ် –၊ ထန်းလျက်တော့မြင်ဘကြီး မစားလိုဘူး၊ ထန်းရည်ချိုကလေးများ ရလျှင်တော့ ဘကြီး တစ်ချိုက်နှစ်ချိုက်လောက် သောက်ချင်တာပဲ" ဟု ပြောလေလျှင် "ဘကြီးရဲ့ ထန်းရည်ချိုက အခုကလေးတင်ပဲ ခွင်ပေါ်မှာချောင်စေးဖြစ်သွားတယ်၊ ခဏကလေးစောင့်ပါဦးလားရှင်၊ ကျွန်မရဲ့ အစ်ကိုကြီး ထန်းပင်ပေါ်မှာ ရှိပါသေးတယ်၊ အောက်ဆင်းလာတော့ ကျွန်မ သွားယူပေးပါ့မယ်" ဟု ပြောဆိုသဖြင့် ဆရာကြီးမှာ ထန်းလျက်တဲပေါက်ဝတွင် မတ်တတ်ရပ်ရင်း စောင့်ဆိုင်းကာ နေလေ၏။

ထိုအခိုက်တွင် ထန်းပင်ပေါ်မှ ထန်းတက်သမားသည် အောက်သို့ မြူအိုးနှစ်လုံးကို ခါးတွင်တပ်ဆင်ထားသော ချိတ်မှာချိတ်လျက် ဆင်းလာသည်ကို မြင်ရလေ၏။ ထိုအခါ ဆရာကြီးသည် ထိုထန်းသမားကို ခပ်လှမ်းလှမ်းမှ တွေ့မြင်ရလျှင် မသင်္ကာသောမျက်လုံးများဖြင့် စူးစိုက်ကာ အတော်ကြာအောင် ကြည့်ရှုလေ၏။

ထန်းလျက်ချက်သော ကလေးမသည် ထန်းလျက်အိုးများက ခွင်ပေါ်မှာ ဆူဝေတက်နေသဖြင့် မအားလပ်နိုင်အောင်ဖြစ်နေ၍ ပါးစပ်မှ "အစ်ကိုကြီးရေ – အစ်ကိုကြီးဆီက ထန်းရည်အိုးနှစ်လုံးကို တဲသို့ယူခဲ့စမ်းပါ" ဟု လှမ်း၍ ခေါ်လေ၏။ ထိုအခါ ထန်းတက်သမားသည် တဲဆီကို ထန်းရည်ချိုအိုးနှစ်လုံးကို ယူလာရာ ဆရာကြီးကို ရုတ်တရက်မြင်သဖြင့် မျက်နှာကိုအောက်ချကာ ကြောက်ရွံ့ဟန်ဖြင့် ခေါင်းငုံ့၍ ထန်းရည်ချိုအိုးကို လှမ်းပေးလိုက်ပြီးသကာလ ထန်းပင်ဆီသို့ ပြန်ထွက်သွားလေ၏။





www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးသည် ထိုတန်းတက်သမားကို အကဲခတ်ရင်း ကျန်ရစ်ခဲ့လေ၏။ ထန်းလျက်ရျက်သောကလေးမက "ကဲ - ဘကြီးသောက်ပါရှင်၊ သဘော ရှိသလို ဝအောင်သာသောက်ပါ။ ကျွန်မလည်း ဘကြီးကိုစကားမပြောအား လို့ သည်းခံပါ"ဟု ပြောဆို၍ ထန်းလျက်အိုးကိုသာ ဂရုစိုက်ကာနေလေ၏။ ဆရာကြီးသည် ထန်းရည်ချိုများကို သောက်ချင်စိတ် လုံးလုံးမရှိတော့သဖြင့် ဟန်ဆောင်သာ သောက်ချင်ယောင်ပြု၍ တစ်ခွက်မျှစပ်ပြီးလျှင် တစ်ဖက်သို့လှည့်၍ သွန်ပစ်ပြီးလျှင် မိမိ၏လွယ်အိတ်ထဲ၌ ပါလာသော ကွမ်းအစ် ကလေးကိုသာထုတ်၍ တဲစွန်းမှာထိုင်ကာ ကွမ်းစားရင်း စဉ်းစားမိသည်မှာ "ထန်းတက်သည့်သူဟာ လူယောင်ဆောင်နေတဲ့ဖုတ်ကောင်ပဲ၊ သိရအောင် ဒါ - ကလေးမကို မေးကြည့်ဦးမှပဲ"ဟု တွေးတောကာ -

ဆရာကြီး ။ ။ "ဟေ့ - ကလေးမရဲ့ ဘကြီးကိုပြောစမ်း၊ တောတောင်ကန်က လာတဲ့လူဟာ ကလေးမနှင့် ဘာတော်သလဲ"

ကလေးမ ။ ။ "ကျွန်မနှင့် အစ်ကိုတော်ပါတယ် - ဘကြီးရဲ့၊ ဘာဖြစ်လို့လဲ"

ဆရာကြီး ။ ။ "ဘာမှမဖြစ်ပါဘူး၊ ဘကြီးက သိချင်လို့မေးတာပါ၊ ဒါနဲ့ ကလေးမ ဘကြီးမေးတာကို သေသေချာချာ ပြောစမ်းပါ၊ ဒီလူဟာ မင်းရဲ့အစ်ကိုအရင်းပဲလား"

ကလေးမ ။ ။ "အရင်းပါပဲရှင်"

ဆရာကြီး ။ ။ "နေ့နေပါဦးကွယ် - ဘကြီးမေးလက်စနဲ့ မေးပါရစေတော့၊ ဒီလူဟာ မင်းရဲ့ အစ်ကိုအရင်းဖြစ်လျှင် ဒီလူ၏ အကျိုးအကြောင်း၊ အဖြစ်အပျက်ကို ကလေးမအကုန်သိမှာပေါ့နော်"

ကလေးမ ။ ။ "သိပါတယ် ဘကြီးရဲ့၊ ကျွန်မ အစ်ကိုဘာဖြစ်လို့လဲရှင်"



ဆရာကြီး ။ ။ "ဘာမှဖြစ်လို့မဟုတ်ပါဘူး၊ ဘကြီးက သိချင်လို့မေးတာပါ၊ ဒါထက် - နေပါဦးကွယ်၊ မင်းအစ်ကိုဟာ မောကျန်းမာရေး ဖြစ်ဖူးသလား"

ကလေးမ ။ ။ "ကျွန်မမြင့် ဘာရောဂါမှ ဖြစ်တာမမြင်ဖူးပါဘူး ဘကြီးရဲ့"

ဆရာကြီး ။ ။ "အိုး - ဒီလိုလည်း မပြောနဲ့ - ကလေးမရဲ့၊ ဘကြီးဟာ သိလို့မေးတာ၊ တစ်ခုခုရောဂါတော့ ဖြစ်ဖူးမှာပဲ၊ ကလေးမ နည်းနည်းလောက်စဉ်းစားပြီး ပြောစမ်းပါ၊ အခုတလော ကလေးအတွင်းမှာ မဖြစ်ဘူးပေမဲ့ နောက်လွန်ခဲ့တဲ့ (၁) နှစ်၊ (၂)နှစ်လောက်ကတော့ ဖြစ်ဖူးသလား"

ကလေးမ ။ ။ "ဒီတုန်းကလည်း ဘာရောဂါမှဖြစ်တာလည်း ကျွန်မဖြင့် မတွေ့မမြင်ဖူးပါဘူး ဘကြီးရယ်"

ဆရာကြီး ။ ။ "စဉ်းစားဦး - စဉ်းစားဦး၊ ကလေးမ - ဘကြီးအထင်ဖြင့် ကလေးမအစ်ကိုဟာ ရောဂါအနာတစ်ခုခုတော့ ဖြစ်ဖူးလိမ့်မယ်လို့ ဘကြီး အတပ်စွဲချင်တာပဲ"

ကလေးမ ။ ။ "ဘကြီးအထင်ရှိလျှင်တော့လည်း ကျွန်မ မပြောတတ်တော့ဘူးရှင့်၊ ကျွန်မတို့ အစ်ကိုကြီးဟာ ဘာရောဂါမှ ဖြစ်ထားတာ မတွေ့ဘူး၊ မကြားဖူးပါဘူး"

ဆရာကြီး ။ ။ "နို့ - နေပါဦး ကလေးမရယ်၊ ဘကြီးမေးတဲ့အတွက်တော့ ဘကြီးကို စိတ်လည်း မဆိုးနဲ့နော်"

ကလေးမ ။ ။ "ကျွန်မ စိတ်မဆိုးပါဘူး၊ ကျွန်မ မသိကြောင်းကိုသာ ဝန်ခံတာပါ"

ဆရာကြီး ။ ။ "ကဲ - ဒါဖြင့်လည်း ရှိပါစေတော့ ကလေးမရယ်၊ သည့်အပြင်အကြောင်းများကို ဘကြီးမေးပါရစေဦး ကလေး



www.burmeseclassic.com

www.burmeseclassic.com

မရဲ့ အစ်ကိုဟာ အစားအသောက်များစားတဲ့အခါမှာ မင်းတို့နှင့်အတူပဲ စားသောက်ကြပါသလား"

ကလေးမ ။ ။ "ဟုတ်ကဲ့ - ဘကြီးရဲ့ ထမင်းစားတာ အိပ်တာတော့ တစ်အိမ်သားထဲမို့ အတူစား၊ တစ်အိမ်ထဲအိပ်ဆိုပါတော့။ အဲဒါ - ဘာဖြစ်လို့လဲ ဘကြီးရဲ့"

ဆရာကြီး ။ ။ "ဩော် - ဘာဖြစ်လို့မှ မေးတာမဟုတ်ပါဘူး။ သိချင်တာကလေးများ သိရမလားလို့ မေးမြန်းကြည့်တာပါ။ ကဲ - ကဲ - ဟုတ်ပြီ - ဟုတ်ပြီ၊ ကလေးမအစ်ကိုဟာ ထမင်းစားသောက်တဲ့အခါ ရိုးရိုးသားသား သူလိုငါလိုပဲ စားသောက်သလား၊ သို့မဟုတ် ငမ်းငမ်းတက် အစားကို နှံ့နှံ့မင်မင်နှင့် မဝနိုင်၊ တင်းမတိမ်နိုင်၊ မရောင့်ရဲနိုင်လောက်အောင်ပဲ စားသောက်သလား။ အဲဒါကိုတော့ ပြောစမ်းပါဦး"

ထိုအခါ ထန်းလျက်သော မိန်းကလေးသည် ဆရာငြိမ်း၏ မျက်လုံးမျက်ဆံများကို သေသေချာချာကြည့်ရှုပြီးလျှင် အားတက်သရော ပြောမည့်အမူအရာမျိုးကို ပြောင်းလဲသွားပြီးလျှင် -

ကလေးမ ။ ။ "ဟုတ်တယ် - ဘကြီးရေ။ ဒီဟာတော့ ကျွန်မအစ်ကိုကြီးဟာ ထူးခြားပြီး စားသောက်ပုံများ ပြောင်းလဲလာတာ အတော်ပဲ ကြာသွားပြီ ရှင့်"

ဆရာကြီး ။ ။ "ဘယ်လို စားလို့လဲ - ကလေးမရဲ့ သေသေချာချာ ပြောစမ်းပါဦး"

ကလေးမ ။ ။ သည်လိုဘကြီးရဲ့ ကျွန်မတို့နှင့် ထမင်းတစ်ဝိုင်းထဲစားတဲ့အခါမှာ သူဟာ ထမင်းအစားအကြီးဆုံးပါရှင့်။ ကျွန်မက ထမင်းချက်တဲ့လူမို့သိတာဘကြီးရဲ့ ဟိုအရင်



တုန်းကတော့ ကျွန်မတို့ တစ်အိမ်လုံးအတွက်မနက်မှာ ဆွမ်းတော်၊ ပန်းတော်နှင့် တစ်ပြည်တစ်ခွက် ချက်တယ်ဆိုရင် ထမင်းကြမ်းတောင် နေ့လယ်စာဝိုနေသေးတယ်။ အခုတော့ မနက်ကို နှစ်ပြည်၊ ညကို သုံးခွက်ချက်တာတောင် ထမင်းကြမ်း မကျန်ဘူး။ ကျန်တယ်ဆိုရင်လည်း သူ နောက်ထပ်ယူစားတာနဲ့ ကုန်တာပါပဲ။ ဒီ့အပြင် အကြောင်းထူးတာ တစ်ခုကတော့ ဟိုအရင်ဝယ်ငယ်ကတည်းက အစ်ကိုကြီးဟာ ငါး၊ သား၊ ပုစွန်တောင်မှ သေးသေးမွှားမွှားကလေးတွေကို ဝယ်ချက်လျှင် တို့ကာ၊ ပင့်ကာ စားတတ်တယ်၊ အမဲသား၊ ဝက်သားဆိုလို့ လုံးလုံးမစားဘူး။

အိမ်မှာ တခြားလူတွေစားချင်လို့ ဝယ်ချက်တာတောင် အိုးခွက်၊ ယန်းကန်၊ ရောစပ်လျှင် မကြိုက်ဘူး။ သူ့ဘာသာသူ တခြားခွဲ၍ စားတယ်၊ အခုတော့ မဟုတ်တော့ပေါင်၊ အမဲသား၊ ဝက်သားကိုမှ စားချင်တယ်ဆိုပြီး အသည်လာလျှင် တစ်ပိဿာ၊ နှစ်ပိဿာ ဝယ်ချက်ရတယ် ဘကြီးရဲ့ ချက်တဲ့အခါလည်း သူများစားသလို မဟုတ်ဘူး။ တစ်ပိဿာဝယ်ချက်လည်း တစ်နပ်တည်းနဲ့ ကုန်အောင် စားပစ်တာပဲ နှစ်ပိဿာဝယ်ချက်လည်း ဒီလိုပါပဲ ဘကြီးရယ်။

နည်းနည်းပါးပါး ကျန်တောင်မှ သူနောက်ထပ်စားတာနဲ့ ကုန်တာပါပဲ ဘကြီးရဲ့ ဒီပြင်ဟင်းထက် ဒီဟင်းများကို သာပြီး သူစားတယ်၊ ထမင်းစားလျှင် ဒီဟင်းမပါမဖြစ် သူကြိုက်မ်းတာ မောင်းတာနဲ့ အိမ်ကလူတွေမှာ ခုစရာ



www.burmeseclassic.com

www.burmeseclassic.com

မရှိအောင် ကြောက်ကြရတယ်၊ အဲဒါဘာဖြစ်လို့ ဒီ
စိတ်မျိုးပြောင်းလဲပြီးလာတယ်ဆိုတာ ကျွန်မတို့ဖြင့်
မပြောတတ်အောင် ရှိတော့တာပဲ”

ဆရာကြီး ။ “အေး-အေး၊ ဟုတ်ပြီ-ဟုတ်ပြီ၊ ဘကြီးက အဲဒါကို သိ
ချင်လို့ သဲတွဲအောင် ကလေးမကို မေးကြည့်တာ၊ နို့နေ
ပါဦးကွယ်၊ ဒီလို-အစားအသောက် ထူးထူးခြားခြား



“ဖုတ်များကပေမယ့်ပေါ့ လူယောင်ဖန်ဆင်းပြီး
လူလို လုပ်ကိုင်ပေါင်းသင်း၍ သားနှင့်မယားနှင့်
နေတာမြင်ရတော့ မင်းတို့မပြောနဲ့
ငါတောင်မှ အံ့သြမိတယ်ကွ”



ဖြစ်လာတာ ကလေးမအထင်နှင့် ပြောစမ်းပါဦး၊ ဘယ်
လောက်များ ကြာပြီလို့ထင်သလဲ”

ကလေးမ ။ “ကျွန်မ၏အထင်ဖြင့် (၃)နှစ်လောက်ရှိမလား၊ (၂)နှစ်
ကျော်ကျော်လောက် ရှိမလားဆိုတာကိုတော့ သေသေ
ချာချာ ကျွန်မ မပြောနိုင်ဘူး ဘကြီးရဲ့”

ဆရာကြီး ။ “ကဲ-ကဲ ဒီလို သေသေချာချာ မသိတာတော့ ရှိပါစေ
တော့၊ သူ့မှာ သားများ၊ မယားများကော ရှိသလား”

ကလေးမ ။ “ရှိတယ် ဘကြီးရဲ့၊ ယခု အစ်ကိုကြီး၏မိန်းမမှာ ကလေး
ကငယ်တာနဲ့ ထန်းလျက်မချက်နိုင်လို့ ကျွန်မလိုက်ပြီး
ချက်ရတာ၊ အရင်ကတော့ ကျွန်မ ထန်းလျက်မချက်
ပါဘူး၊ အိမ်မှာပဲ ထမင်းချက်၊ ရေခပ်နှင့် နေရစ်ခဲ့ရပါ
တယ်၊ ဪ-ဒါထက် ဘကြီးအခု ဘယ်ကိုသွားမလို့
တုံး၊ ကျွန်မနှင့်စကားပြောနေတာ အတော်ပဲ မိုးချုပ်
သွားပြီ”

ဆရာကြီး ။ “ကိစ္စမရှိပါဘူး ကလေးမရယ်၊ ဘကြီးသွားရမှာ ဒီ
အနားက ကုက္ကိုစုရွာထဲတွင်ပါပဲ”

ကလေးမ ။ “ဘယ်သူ့အိမ်ကိုလဲ ဘကြီးရဲ့၊ ကျွန်မတို့လည်း ကုက္ကိုစု
ရွာထဲကပါပဲ”

ဆရာကြီး ။ “ဪ-ဟုတ်ကဲ့လား၊ ဘကြီးရဲ့နှမ စံမယ်တို့၊ မောင်
ဘိုးစိန်တို့ အိမ်များနှင့် နီးသလား”

ကလေးမ ။ “ဪ-ဘကြီးက ဒေါ်စံမယ်နှင့် မောင်နမတော်သ
လား၊ ဒေါ်စံမယ်နှင့် ကိုဘိုးစိန်တို့ အခုရွာမှာမရှိဘူး
ထင်တယ်”

ဆရာကြီး ။ “ဘယ်ကို ပြောင်းသွားကြသလဲ”



www.burmeseclassic.com

www.burmeseclassic.com

ကလေးမ ။ ။ "ပြောင်းရွှေ့သွားကြတာတော့မဟုတ်ပါဘူး၊ ၂ ရက်၊ ၃ ရက်လောက်တော့ရှိပြီ၊ တောင်ဦးရွာမှာ အလှူရှိလို့ သူတို့ ဝိုင်းဝန်းပြီး ကူညီလုပ်ကိုင်ကြရအောင် သွားကြတယ် ဘကြီးရဲ့၊ နို့ပေမဲ့ – ကနေ့ပဲရောက်မလား၊ မနက်ဖြန်ခါမှပဲ ရောက်ကြမလားဆိုတာတော့ ကျွန်မလည်း သေသေချာချာ မပြောတတ်ဘူး"

ဆရာကြီး ။ ။ "ကဲ – ကဲ – ဒါကိုတော့ ရှိပါစေ၊ ကလေးမများတော ဒီထန်းလျက်တဲမှာပဲ အိပ်ကြသလား၊ အိမ်မှာပဲ ပြန်အိပ်ကြသလား"

ကလေးမ ။ ။ "ကျွန်မတို့လည်း မိုးချုပ်မှပဲ အိမ်ကိုပြန်အိပ်တယ်၊ တဲမှာတော့ မအိပ်ပါဘူး ဘကြီးရဲ့"

ဆရာကြီး ။ ။ "ကဲ – ဒါဖြင့် ကလေးမအလုပ်ရှိတာကို လုပ်ဦးလေ၊ ဘကြီးလည်း ရွာထဲရောက်မှပဲ နားဦးမယ်၊ အခု အေးအေးဆေးဆေးလုပ်နေလို့ မဖြစ်သေးဘူး၊ ဒါထက် ကလေးမ – ဘကြီးမေးမြန်းသည့်အကြောင်းများကို ကလေးမရဲ့အစ်ကိုကိုလည်း ပြောမပြလိုက်နဲ့ဦး၊ ဘကြီးက ကလေးမကို ပြောပြသည့် အတွက် ကျေးဇူးဆပ်ရဦးမှာပေါ့၊ ရော့ – ရော့ – ဟောဒီလက်ဖွဲ့ကလေးကို ကလေးမရဲ့လည်ပင်းမှာ ဝတ်ဆင်ထားပါ၊ ဘယ်တော့မှ မဖြုတ်လေနှင့်၊ ဒီလက်ဖွဲ့ရှိရင် စုန်း၊ မှင်စာ၊ တစ္ဆေ၊ သရဲ၊ ဖုတ်၊ သဘက်၊ ကျတ်တို့ မကပ်မဝင်နိုင်ဘူး၊ ရော့ – ယူထား၊ ဒါနဲ့ – နေပါဦး ကလေးမရဲ့ – သွားခါနီးမှ သတိရတယ်၊ ကလေးမရဲ့နှာမည်က ဘယ်လိုခေါ်သလဲ၊

ကလေးမ ။ ။ "ကျွန်မနာမည်ကတော့ အေးတုတ်လို့ ခေါ်ပါတယ်"

ဆရာကြီး ။ ။ "ကလေးမ၏ အစ်ကိုနာမည်ကကော ဘယ်လိုခေါ်သလဲ"



ကလေးမ ။ ။ "ကိုမြလို့ ခေါ်ပါတယ်"

ဆရာကြီး ။ ။ "သူ၏ မိန်းမနာမည်က ဘယ်လိုတဲ့လဲ"

ကလေးမ ။ ။ "အစ်ကို မိန်းမနာမည်က မညာလို့ ခေါ်ပါတယ်"

ဆရာကြီး ။ ။ "အေး – အေး၊ တော်ပြီ – တော်ပြီ၊ ဒီလောက် သိရရင် ဘကြီးလည်း ကလေးမတို့အိမ်ကို တစ်ခေါက်တော့ လာခဲ့ရဦးမယ်" ဟု ပြောပြောဆိုဆိုနှင့် ဆရာကြီးသည် ထွက်ခွာ၍ လာခဲ့လေ၏။

## ကုက္ကိုရွာစုထဲ၌

မစံမယ်သည် မိမိအစ်ကို ဆေးဆရာကြီး ဆရာငြိမ်းနှင့် ကွဲကွာ၍နေသည်မှာ (၃)နှစ်မျှကြာရှိပြီဖြစ်သဖြင့် အလွန်ပင်ဝမ်းမြောက်ဝမ်းသာခြင်းဖြစ်လေ၏၊ ဆရာငြိမ်းသည် ထိုစဉ်အခါက ပုခန်းကြီးမြို့မှာပင် နေသည်ဟု ပြောပါသည်၊ ညမိုးချုပ်သောအခါ ဆရာငြိမ်းနှင့် နှမ မစံမယ်၊ ယောက်ဖမောင်ဘိုးခန့်တို့သည် အခြားသောအကြောင်းအရာစကားများကို ပြောဆိုကြပြီးနောက် ဆရာငြိမ်းကစ၍ "ဟော့ – မောင်ဘိုးခန့်၊ ငါတစ်ခုမေးစမ်းပါရစေကွာ၊ မင်းတို့ရွာထဲမှာ ဖုတ်ဝင်နေတဲ့ လူတစ်ယောက် ငါတွေ့ခဲ့ရတယ်၊ မင်းတို့ကော သိကြရဲ့လား" ဟု မေးမြန်းသောအခါ ယောက်ဖဖြစ်သူ မောင်ဘိုးခန့်မှာ ဆရာကြီး ဆရာငြိမ်းမေးသောစကားကို ကြားရလျှင် အံ့အားသင့်၍ နေလေ၏။

နောက် မိနစ်ဝက်ခန့်ကြာမှ ဆရာကြီးက ဆက်လက်၍ "ဖုတ်များတဲ့ မယ့်ဟော့ – လူယောင်ဖန်ဆင်းပြီး လူလို လုပ်ကိုင်ပေါင်းသင်း၍ သားနှင့်သားနှင့် နေတာမြင်ရတော့ မင်းတို့မပြောနဲ့ ငါတောင်မှ အံ့ဩမိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

မောင်ခန့် ။ ။ "ဘယ်နေရာမှာလဲ ဆရာကြီးရဲ့"

ဆရာကြီး ။ ။ "မင်းတို့ရွာရဲ့ တောင်ဘက်က ထန်းတောကြီးကို ထန်းတက်နေတဲ့လူဟာ ဘယ်လိုနာမည်ခေါ်သလဲ ပြောစမ်း"

မောင်ခန့် ။ ။ "ခြော် - ဆရာကြီး တွေ့ခဲ့တာ ထန်းသမားမောင်မြနဲ့တူတယ်၊ ဒီလူ ဘာဖြစ်လို့လဲ ဆရာကြီးရဲ့၊ ဒီလူဟာ လူသူတော်ကောင်း ကလေးပါ"

ဆရာကြီး ။ ။ "ဟဲ - ဟဲ၊ မင်းနဲ့ငါနဲ့ ငြင်းလုံးထုတ်နေလို့တော့ မဖြစ်သေးဘူး၊ ဟော့ - စံမယ်၊ မောင်မြမိန်းမ မယ်ညွှာကို လက်တို့ပြီး ခေါ်ခဲ့စမ်း၊ ငါ သေသေချာချာမေး ကြည့်စမ်းမယ်" ဟု ပြောဆိုပြီး နမ - စံမယ်ကို မယ်ညွှာအားအခေါ်လွှတ်လိုက်ရာ မကြာမီအတွင်း မယ်ညွှာနှင့် မစံမယ်တို့သည် အိမ်သို့ ရောက်လာကြလေ၏။

စံမယ် ။ ။ "တဲ - ကဲ - မယ်ညွှာ၊ ဆရာ့ အနားကိုသွားပြီး ထိုင်ပါ၊ ဆရာက တခြားက ဆရာမဟုတ်ပါဘူး၊ ကျွန်မရဲ့အစ်ကို အကြီးဆုံးပါပဲ" ဟု ပြောဆိုသဖြင့် မညွှာသည် ဆရာပြိမ်း၏ အနီးသို့ ရဲတင်းစွာသွား၍ ထိုင်ပြီးလျှင် -

မညွှာ ။ ။ "ဆရာရယ် - ကျွန်မဖြင့် ဆရာမေးလို့သာ ရောဂါဝေ နာဆိုတာ ကြားဖူးတယ်၊ ကျွန်မ ခင်ပွန်းသည် ကိုမြအာ တစ်ခါမှ ဖျားနာဖူးတယ်လို့ မရှိပါဘူးရှင့်"

ဆရာကြီး ။ ။ "မဟုတ်ဘူး - တူမရဲ့၊ သေသေချာချာလဲ စဉ်းစားပြီး သူ တောထဲသွားတဲ့အခါများ ထိတ်ခနဲ၊ လန့်ခနဲများ လိပ်ပြာလွင့်စဉ်လောက်အောင်များ မဖြစ်ဖူးဘူးလား"



မညွှာ ။ ။ "ခြော် - ဆရာရေ၊ ဆရာပြောမှ အခု သတိရတယ်၊ ဒီလိုဆရာရဲ့ ဟိုအရင်လွန်ခဲ့တဲ့ (၃)နှစ်လောက်တုန်းက ထန်းတောမှာ ကျွန်မနဲ့ နေစဉ်သွားပြီး ထန်းတက်ကြရတယ်ဆရာရဲ့၊ ဒီတုန်းက တစ်ခါတော့ဖြင့် ထန်းလျက်တဲအနီးရှိ ထန်းပင်နိမ့်နိမ့်က တစ်ခါကျဖူးတယ်၊ ဒီတုန်းကလည်း ကျွန်မထန်းလျက်တဲထဲမှာ ရှိပါတယ်၊ ဒါနဲ့ပဲ "ဂုန်း" ခနဲဆိုကျတဲ့ အသံကြားတာနဲ့ ကြားကြားချင်း သူ့ဆီကို ကျွန်မပြေးပြီးသွားကြည့်တော့ သူမှာ ဘာမှလည်း ဖြစ်တာကိုမတွေ့ရပါဘူး၊ ဒါနဲ့ ကျွန်မက ကိုမြ - ကိုမြလို့ ခေါ်ကြည့်တော့ သူကလည်း အထူးသားပဲ ဆရာရဲ့၊ ဘယ်မှာ နာသွားသလဲလို့ မေးတော့လဲ "ဘယ်မှာမှ မနာ၊ ဘာမှမဖြစ်ဘူး" လို့ သူကပြောတာပဲ၊ ကျွန်မလည်း သူ့ကိုယ်မှာကြည့်တော့ ဘယ်နေရာမှ အနာအဆာမတွေ့ဘူးဆရာရဲ့၊ အဲဒါ ဘာဖြစ်လို့လဲ ဆရာရှင့်"

ဆရာပြိမ်း ။ ။ "ဒီလိုကွိုး - တူမရဲ့၊ မနေ့က ဒီရွာကို ဆရာအလာမှာ ထန်းတောနားရောက်တော့ ရေသောက်ချင်တာနဲ့ ထန်းလျက်တဲထဲကို ရောက်သွားတော့ တူမရဲ့ ခင်ပွန်းနှင့်အခန့်သင့် ထန်းလျက်တဲပေါက်မှာ တွေ့ဆုံတော့ ဆရာတလည်း သူ့ကို ကြည့်မိတာပေါ့၊ ကြည့်မိရင်လည်း တူမရဲ့ ခင်ပွန်းဟာ ဗုတ်ဝင်နေတယ်လို့ ဆရာထင်တာပဲ၊ အဲဒါကြောင့် တူမကို ဆရာက သေသေချာချာ မေးကြည့်နေတာ၊ ဆရာ့အပေါ်မှာ တူမ စိတ်မဆိုးနဲ့ဦး" ဟု ပြောပြလျှင် မညွှာမှာ အံ့ဩသော မျက်နှာဖြင့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကို စိုက်ကြည့်ပြီး ကြက်သီးများ ထသကဲ့သို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ငိုမလို၊ ရယ်မလိုဖြစ်နေရာမှ "ဒါဖြင့်ရင် ကျွန်မတို့ ဘယ်လိုမှလည်း မလုပ်တတ်ဘူး ဆရာရယ်။ ဆရာသာ ကြည့်ပြီးတော့ ဒီဖုတ်ကောင် ထွက်အောင် လုပ်ပေးပါတော့ ဆရာရဲ့။ ဖုတ်ထွက်သွားအောင်တော့ မလုပ်နိုင်ဘူးလား"

ဆရာကြီး ။ ။ "အို - တယ်ခက်ပါကလား။ ဆရာလုပ်နေမှဖြင့် ဒီဖုတ်လောက်တော့ ထွက်အောင်လုပ်ဖို့ရာ မခဲယဉ်းပါဘူး။ သို့သော်လည်း ဒီအတိုင်းနေတာဟာ ကောင်းလိမ့်မည်ထင်တယ်" ဟုပြောလျှင် ...

"အို - မဟုတ်တာပဲ ဆရာရဲ့၊ ကျွန်မတို့ ဒီလိုဖုတ်ဝင်နေမှန်းသိရင် သူနဲ့အတူ မနေဝံ့ဘူး ဆရာရဲ့၊ အဲဒီဖုတ်ကို မြန်မြန်ထွက်အောင်သာ လုပ်ပေးစမ်းပါ ဆရာရယ်။ ဆရာ့ကျေးဇူးကို ကျွန်မ မမေ့ပါဘူး။ ကျွန်မဖြင့် ဒီအတိုင်းသာမှန်ရင် သူနဲ့အတူနေဖို့ဝေးရော၊ သူ့မျက်နှာကိုတောင် ကျွန်မ မကြည့်ရဲတော့ဘူး" ပြောပြောဆိုဆိုနှင့် ငိုလေ၏။

"ကဲ - ငါတော့ဖြင့် သူ့ကို ပြောမိတာ ခက်နေပြီ" ဟု တွေးပြီး "ကဲ - တဲ - ငါ့တူမ စိတ်ချမ်းသာအောင်သာနေပါ၊ ဆရာ အဲဒီဖုတ်ကိုထွက်အောင် လုပ်ပေးပါ့မယ်၊ ဒါပေမဲ့လည်း အဲဒီဖုတ်ထွက်သွားရင် လူနာမှာ သူညှဉ်းပန်းနှိပ်စက်ထားလို့ ဘယ်လိုအဖြစ်မျိုးကို ရောက်နေမယ်မပြောတတ်ဘူး။ အတယ်၍ တူမ၏ခင်ပွန်းမှာ ဖုတ်ညှဉ်းဆဲခြင်းနည်းပါးလို့ လူနာမှာ အသက်ရှင်ကျန်ရစ်သေးလျှင် ဆရာက ဒီလူနာကို ရောဂါကင်းပျောက်အောင် ကုသ၍ပေးပါမည်။ သို့သော်လည်း ဆရာအထင်ဖြင့် တူမ၏ ခင်ပွန်းသည်မှာ (၃) နှစ်တိုင်တိုင်



ဖုတ်ညှဉ်းဆဲခြင်းက ကြာလွန်းသဖြင့် ဆရာက အဲဒီဖုတ်ထွက်သွားအောင် ပြုလုပ်၍ပေးနိုင်သော်လည်း တူမ၏ခင်ပွန်းမှာ ဖုတ်ထွက်လျှင်ထွက်ခြင်း အရှင်းပင် အသက်ရှိလိမ့်မည်ဟု ဆရာမထင်ဘူး။ သို့အတွက် ယခုလို သေသေနေလျှင် သူ့လူနာကို မှီနိုင်သမျှကာလပတ်လုံး တူမတို့၏ နိုင်းစေခြင်းကို ယခုကဲ့သို့ ပြုလုပ်၍ ပေးနေလိမ့်ဦးမယ်။ အဲဒါ တူမက ဘယ်လိုသဘော ရသလဲပြောစမ်း" ဟုမေးရာ မညာမှာ အင်မတန်ပင် အကြံရခက်သည့်လက္ခဏာဖြင့် "ကျွန်မတော့ ဆရာရယ် - ဘယ်လိုမှ မပြောတတ်နိုင်အောင် ရှိတော့တာပါပဲ၊ သို့ပေမဲ့ - ကျွန်မ အရင်ကလို သူနဲ့အတူ မနေဝံ့တော့ဘူး။ ကျွန်မ ကုသိုလ်ကံ၊ ကျွန်မယောက်ျား၏ ကုသိုလ်ကံအတိုင်းပဲ အသက်သေ ရှိကြဲ့ရင်လည်း သေပါစေတော့၊ ရှင်ဖို့ ကုသိုလ်ကံပါရင်လည်း ရှင်ပါစေတော့၊ အဲဒီ ဖုတ်ဝင်နေတဲ့ လူနဲ့ဖြင့် ကျွန်မ မနေဝံ့တော့ဘူး၊ ဆရာတသသာ ကြိုးစားပြီး ဖုတ်ထွက်အောင်သာ လုပ်ပေးပါတော့၊ ကျွန်မ တောင်းပန်ပါတယ်"

ဟု ပြောဆိုတောင်းပန်သဖြင့် ဆရာငြိမ်းမှာ မညာကိုလည်း သနား၊ လူနာ မောင်မြကိုလည်း ကရုဏာဖြစ်သဖြင့် "ကဲ - ဒီလိုဖြင့် တူမတို့ရဲ့ ကုသိုလ်ကံ ရှိသေးလျှင်လည်း ဖုတ်ထွက်သွားရင် အသက်ကျန်ရစ်ဦးမှာပေါ့" ဟု အားပေးစကားပြောဆိုပြီး မိမိ၏ လွယ်အိတ်အတွင်းမှ မှိုင်းခံစက္ကူ တစ်ချပ်ကိုအင်းချပြီးလျှင် "ကဲ - ငါ့တူမ အဲဒီအင်းကို သူ့ရဲ့ ခေါင်းရင်းတ အမြင့်မှာ ဆွဲပြီးအဲဒီဆေးမှုန့်ကို သူ့ရဲ့အိပ်ရာမှာ သူမသိအောင် ဖြူးထားလေ၊ ပြီးတူမကဒီနေ့တစ်ညတော့ တခြားမှာ အိပ်ပါ၊ နံနက်ကျရင် ဘယ်တဲ့သို့ နေတယ်ဆိုတာ ဆရာ့ဆီကို အကြောင်းပြန်ပါ" ဟု မှာထားပြီးလျှင် အင်းနှင့်ဆေးမှုန့်များကို ပေးလိုက်လေ၏။

မညာမှာ ဆရာပေးလိုက်သော အင်းနှင့်ဆေးမှုန့်များကို ဆရာမှာသည့် အတိုင်းပြုလုပ်ပြီး နံနက်မိုးသောက်၊ အလင်းရောက်သောအခါ မိမိ၏ ယောက်ျား အိပ်သောနေရာသို့ သွားရောက်ကြည့်ရှုရာ "ကိုမြ" ဟုအထင်

www.burmeseclassic.com

ရှိသောဗုတ်သည် မည်သည့်အချိန်ကာလက ထွက်ခွာ၍သွားသည်မသိ ကာယသက်ရှင်ကိုမြှမှာ အသက်မရှိတော့ဘဲ အိပ်ရာပေါ်တွင် တုံးလုံးပက်လက်သာ တွေ့ရတော့၏။

ထိုအခါ မညာမှာ တအားကုန်ဟစ်အော်၍ ငိုသဖြင့် ရွာသူရွာသားအားလုံးတို့မှာ တအုန်းအုန်း၊ တကျွတ်ကျွတ်၊ သူ့ထက်ငါပြောဆိုကြသော အသံများကိုကြားရမှ ဆရာငြိမ်းသည် မောင်မြ၏အလောင်းကိုသွားရောက်ကြည့်ရှုရာ အလောင်းမှာ အရိုးပေါ်တွင် အရေဖုံးလျက် တွေ့မြင်ခဲ့ရကြောင်းနှင့် ဆရာငြိမ်းက ကျွန်တော့်အား လွန်ခဲ့သော ရှစ်နှစ်လောက်အခါက ပုခန်းငယ်မြို့ ကျောင်းတော်ကြီးအနီး ဦးတုတ်ဖြူ၏ကျောင်းပေါ်တွင် တွေ့ရာလေးယံစပ်မိစပ်ရာ စကားပြောဆိုကြားနာဖူးသည့်အတိုင်းပင် အဆင်ပြေအောင် ရေးသားပေးပို့လိုက်ရပါသတည်း။

(မှတ်ချက်)

*အရုဏ်တက်လင်းအားကြီး အချိန်၊ မွန်းတည့်ချိန်၊ နေဝင်ရီတရော ငှက်ငြိမ်ရှိင်းသွင်းချိန်၊ သန်းခေါင်ယံ အချိန်များတွင် မကောင်းဆိုးဝါးခေါ်သော ဗုတ်ပြိတ္တာ၊ ကျတ်၊ တစ္ဆေ စသည်တို့ သွားလာကျက်စားသော အချိန်ဖြစ်သည်ဟူ၏။ တစ်နည်းလည်း တိုက်ဆိုင်သည့်အခါ နာတာရှည်များကိုလည်းကောင်း၊ ရှုတ်ခြည်းသေသူများကိုလည်းကောင်း ပူးကပ်၍နေသည်ကို "ဗုတ်ဝင်သည်" ဟု ပြောစမှတ်ပြုကြ၏။ အစားကြီး၏၊ သားစိမ်း၊ ငါးစိမ်းကြိုက်တတ်၏။ ဗုတ်ဝင်သူ၏ အိပ်ရာအောက်သို့ ပြဒါးရှက်ခင်းခြင်း၊ ဘုရားအဂ်ဝတေများ ခင်းခြင်း၊ ခေါင်းအုံးအောက်တွင် လှံ့ဘိနှပ်ထိုးခြင်း၊ လက်ချည်ပေးခြင်း စသည်တို့ကိုပြုလုပ်ကာ တစ်နာရီအတွင်း ဗုတ်ထွက်၍ အသက်ကုန်သည်ဟူ၏။*



*"မဟာဝစ်ကျမ်းအလိုအားဖြင့်ဆိုသော် – ပါတလီပုတ်ပြည် ရှေ့ဝင်းကြီးသည် နန်း၏ ၂၄ နှစ်၌ ဖောက်ဖောက်ပြန်ပြန်ရှိသောကြောင့် ထည့်ရှိအရောပတိတ်တို့ အချင်းချင်း ဆွေးနွေးစုံစမ်းရာ မင်းကြီးအမှတ်မဲ့ အနီးရောက်သည့် အချိန်တွင်အသက်ရှင်သကဲ့သို့ ရှိရာသည်။ စင်စစ်သော်ကားမင်းကြီး၌ အသက်မရှိပြီ" ဟု သားတော် ဗိန္ဒုသာရမင်းသားအား လျှောက်ထားမှ မင်းချင်းနှစ်ယောက်အား စားလုပ်ပန် လုပ်စေ၍ မင်းကြီးအနီးတရားလ ငှင်းခြားနှင့် ခုတ်၍ လုပ်ကြံရသည်ဟူ၏။*


◆◆◆◆ မောင်ခင်ကျော်

**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကျွင်းမိုင်

ထိုစဥ်က ရောင်စုံသောင်းကျန်းသူများထဲတွင် ကရင်သောင်းကျန်းသူများက ပို၍ဆိုးသည်၊ ဧရာဝတီတိုင်းအတွင်းတွင် ကရင်သောင်းကျန်းသူများ သောင်းကျန်းလျက်ရှိရာ ကျုံ့ပျော်မြို့နယ်တွင်လည်း ကရင်သူပုန်တောက်ထိန်နှင့်အဖွဲ့မှာ ဆိုးသွမ်းထကြွလျက်ရှိသည်၊

ကရင်သူပုန်ဗိုလ်တောက်ထိန်ကား မျိုးချစ်စိတ်ဓာတ်အရသောင်းကျန်းသူစစ်စစ်မဟုတ်ဘဲ ကရင်သောင်းကျန်းသူအယောင်ဆောင်သူပုန်ထ ဓားပြတိုက်ခြင်း၊ နီးစပ်ရာကျေးရွာများသို့လာ၍နှက်အားကိုးဖြင့်ဆက်ကြေးတောင်းခံမှုများပြုလုပ်၍ သူ၏အမိန့်ကိုမနာခံပါက ရက်ရက်စက်စက်သတ်ပစ်လေ့ရှိရာ ဗိုလ်တောက်ထိန်ဆိုလျှင် ကျုံ့ပျော်မြို့နယ်တစ်ခွင်လုံး ကြောက်ကြရလေသည်၊

"ဒိုင်း – ဒိုင်း – ဒိုင်း"

"ဗိုလ်တောက်ထိန်အဖွဲ့လာပြီဟေ့ – ပြေးကြ၊ ပုန်းကြဟေ့"



ဖလူးတိုက်ရွာထဲသို့ ဗိုလ်တောက်ထိန်အဖွဲ့ဝင်လာသည်နှင့် ရွာသူရွာသားများ အရှင်းရှင်း အသံပေးကာ နီးစပ်ရာသို့ ပြေးလွှားပုန်းရှိကြသည်၊

"ဟဲ့ – ခုန်းကြည်မ – ညည်းကလည်း ဗိုလ်တောက်ထိန်ကို မကြောက်ဘူးပေါ့ – ဟုတ်လား၊ ညည်းနော် – ဗိုလ်တောက်ထိန်အကြောင်း သိထားရဲ့သားနဲ့၊ ဒုက္ခရောက်သွားမယ်နော်၊ သွားပုန်းလေ – ဟဲ့ကလေးမ – ပြောနေတာကို အရေးမလုပ်နဲ့ – ဒုက္ခပါပဲ"

ခုန်းကြည်မ၏ အရီးဖြစ်သူ ဒေါ်မြမေက တူမဖြစ်သူကို ပြောဆိုနေရင်းမှ အားမရသဖြင့် ညည်းညူရင်း အိမ်အတွင်းဘက်သို့ ဝင်သွားသည်၊ ခုန်းကြည်မက အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ရင်း ကြိမ်သင်နေရသည့်အတိုင်း ဆက်၍ကြိမ်သင်နေလိုက်သည်၊

အိမ်ရှေ့လမ်းမတစ်လျှောက်တွင် ရွာသူရွာသားများအပြေးအလွှားသွားလာနေကြပြီး မကြာမီ ကြက်ပျောက်ငှက်ပျောက်ဖြစ်သွားကာ တစ်ရွာလုံးထိတ်ဆိတ်ငြိမ်သက်သွားသည်၊ ထိုခဏ –

"ဒိုင်း – ဒိုင်း – ဒိုင်း"

သေနတ်သံများ ဆက်လက်ထွက်လာပြီး မကြာမီ ရွာထဲသို့ ဝင်လာသည့်မြင်းခွာသံများကို ခုန်းကြည်မကြားလိုက်ရသည်၊ ခုန်းကြည်မအသံကြားရာသို့ ကြည့်လိုက်ရာ သူမ၏ အိမ်ရှေ့ခြံဝတွင် မြင်းကိုယ်စီ စီးလျက်လူသုံးယောက်ရပ်နေသည်ကို တွေ့ရသည်၊ ထိုသုံးယောက်ထဲမှ ခေါင်းဆောင်ဟု ထင်ရသည့်လူက သူနှင့် မနီးမဝေးမှ မြင်းကိုယ်စီ စီးလျက်လာနေသည့် လူသုံးယောက်ကို အမိန့်ပေးလိုက်သည်၊

"အောင်ဘ – မင်းတို့အဖွဲ့က သူကြီးအိမ်ကို သွားပြီး ဆက်ကြေးယူလာခဲ့၊ ဆင်မပြေရင် ပြေလည်အောင် ပညာပေးခဲ့ – ကြားလား၊ ငါ – ဒီမှာ မျက်စိဒေသာဖြစ်လို့ ခဏအလှကြည့်လိုက်ဦးမယ်၊ သွားကြ – ပြီးရင် ပြန်ဆုံမယ်"

မြင်းစီးသုံးယောက်အဖွဲ့က ချက်ချင်းလှည့်ထွက်သွားသည်၊ အိမ်ရှေ့တွင် ရပ်နေသည့် မြင်းစီးသုံးယောက်ထဲမှ ဓားဓားက အမိန့်ပေးသည့်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်က မြင်းပေါ်မှ ဆင်းလာကာ အုန်းကြည်မရှိရာသို့ တည့်တည့် လျှောက်လာသည်။ အုန်းကြည်မ အနီးသို့ ရောက်သောအခါ–

"ဟေ့–မင်းနာမည်–ဘယ်လိုခေါ်လဲ"

"အုန်းကြည်မ"

"ဒီရွာသူစစ်စစ်နော်"

"ဟုတ်တယ်"

"အေး–ငါက အဲဒီလိုပြတ်ပြတ်သားသားရဲရဲဝံ့ဝံ့မှ ကြိုက်တာ။ ပြော– ဒါနဲ့–မင်း–ငါဘယ်သူလဲဆိုတာ–သိလား"

"သိတယ်။ ရှင်က ဒီနယ်မှာ နာမည်သတင်းကြီးတဲ့ သူပုန်ဗိုလ်တောက် ထိန် မဟုတ်လား"

"ဟား–ဟား–ဟား–ဟား–ဟား"

အုန်းကြည်မစကားကြောင့် ဗိုလ်တောက်ထိန်အားပါးတရ ရယ်မော လိုက်သည်။ အုန်းကြည်မက ဗိုလ်တောက်ထိန်၏ အပြုအမူဟန်ပန်တို့ကို ငေးကြည့်နေသည်။ အုန်းကြည်မ၏ စူးစူးရဲရဲအကြည့်ကြောင့် ဗိုလ်တောက် ထိန်ရယ်မောရာမှ ခေတ္တရပ်ကာ အုန်းကြည်မနှင့် လက်တစ်ကမ်းအကွာသို့ သွား၍ ကွပ်ပျစ်ပေါ် သူ့ခြေတစ်ဖက်ကို တင်ပြီးနောက် အုန်းကြည်မ ပခုံး တစ်ဖက်ကို ဖမ်းကိုင်လိုက်သည်။

"ဖျန်း"

အုန်းကြည်မက လျှင်မြန်စွာ သူမ ပခုံးကို ကိုင်ရန် ဟန်ပြင်လာသည့် ဗိုလ်တောက်ထိန်၏လက်တစ်ဖက်ကို သူ့လက်ဖြင့်အလျှင်အမြန်ဖယ်ထုတ် ရိုက်ပစ်လိုက်သည်။

"အေး–ငါက အဲဒါမျိုးမှ ပိုပြီးသဘောကျတာ။ မင်းကို ငါ–ဒီနေ့ မြင်မြင် ချင်းပဲ ကြိုက်သွားပြီကွာ။ အေး–ဒီတော့–မင်းဆီကို ငါ မကြာ မကြာလာရ သေးတာပေါ့။ မင်းမှာ ရည်းစားမရှိသေးပါဘူးနော်။ ဟား–ဟား–ဟား– အေးလေ–ရှိရင်လည်း ကိစ္စမရှိပါဘူး။ ဗိုလ်တောက်ထိန်နဲ့ တွေ့သွားမှာပေါ့



ဟား–ဟား–ဟား–ဒီရွာလေးကတော့–မင်းကြောင့် ချစ်စရာလေးဖြစ်သွား ပြီ။ ကဲ–ငါသွားမယ်။ မင်းဆီကို ငါ–နောက်အကြိမ်ပေါင်းများစွာ ထပ်လာခဲ့ ဦးမယ်–ကြားလား"

ဗိုလ်တောက်ထိန်–အုန်းကြည်မအနီးမှ ထထွက်သွားပြီးနောက် ခြံဝရှိ မြင်းပေါ်သို့ ခုန်တက်ကာ သူ၏ အဖွဲ့သားနှစ်ဦးဖြင့် မြင်းစီး၍ ထွက်သွားကြ သည်။ ထိုမြင်ကွင်းကို အစအဆုံးလိုက်ကြည့်ပြီးနောက် အုန်းကြည်မ နှုတ်စောင်းထိုးကာ မကျေမနပ်ဖြင့် သူမ၏ညာနှုတ်ခမ်းလေးကိုဖိကိုက်ထား လိုက်တော့သည်။ မကြာမီ ဖလူးတိုက်ရွာကလေးသည် လှုပ်လှုပ်ရှားရှား ဖြစ်ကာ အသက်ပြန်ဝင်လာလေသည်။

ညီမောင်တစ်ယောက် ရွာလယ်ပိုင်းရှိ မန်ကျည်းပင်ကြီးအောက်တွင် အုန်းကြည်မအလာကို စောင့်နေသည်။ သည်အချိန် အုန်းကြည်မတစ် ယောက် ရွာအရှေ့ပိုင်း ရွာဦးကျောင်းဆီသို့ ဆွမ်းချိုင့် သွားပို့နေကျမှန်း ညီမောင် သိထားပြီးဖြစ်သည်။ ထို့ကြောင့် အလုပ်အားသည့်နေ့တိုင်း ညီမောင်သည် အချိန်တိုင်း အုန်းကြည်မကို လာစောင့်နေကျ ဖြစ်သည်။ မကြာမီ အုန်းကြည်မ ဆွမ်းချိုင့်လေးဆွဲကာ ရွာဦးကျောင်းမှ ပြန်လာသည် ကို လှမ်းမြင်နေရသည်။ ညီမောင်အနားသို့ ရောက်လာသည်တွင်–

"အုန်းကြည်မ–ဆွမ်းချိုင့်ပို့ခဲ့ပြီးပြီလား"

"အေး–ဆွမ်းချိုင့် ပို့ခဲ့ပြီး ပြန်လာတာ။ နင်–ဘာလုပ်နေတာလဲ။ ငါ့ကို စောင့်နေတာလား"

"ဟုတ်တယ်–နင့်ကို မေးစရာရှိလို့"

"နေပါဦး–ဘာများ မေးစရာရှိလို့လဲ။ နင်ကလေ–အမြဲတမ်း ထူးထူး ဆန်းဆန်းကြီးပဲ ..."



www.burmeseclassic.com

www.burmeseclassic.com

အုန်းကြည်မစကားကြောင့် ညိုမောင် အုန်းကြည်မကို သေရာစွာ စိုက်ကြည့်လျက် သက်ပြင်းချကာ ပြန်ပြောလိုက်သည်။

"မနေ့တုန်းက နင့်ဆီကို ဗိုလ်တောက်ထိန် ရောက်လာတယ်ဆို၊ နင်နဲ့ စကားတွေ အကြာကြီးပြောဆိုရယ်မောပြီးမှ ပြန်သွားတာလို့ ရွာထဲမှာ သတင်းထွက်နေတယ်။ အဲဒါ..."

"ဒီမှာ ညိုမောင် – နင်ငါ့ကိုတစ်လွဲမတွေးနဲ့နော်။ ငါက ဒီဗိုလ်တောက်ထိန်လို လူစားမျိုးကို ညှော်ခံစကားပြောချင်နေတဲ့ မိန်းမမျိုး မဟုတ်ဘူးနော်။ သူကသာ ငါ့ဆီကို တမင်သတ်သက်လာပြီး ငါ့ကို ရိသဲ့သဲ့လုပ်သွားတာ။ ဟင်း – ဖြစ်နိုင်ရင် ဒီလိုလူမျိုးကိုစကားပြောဖို့နေနေသာသာ ပါးရိုက်ချင်လိုက်တာ။ အားမတန်လို့ မာန်လျှော့ပြီး ငြိမ်ခံနေတာ အဟုတ်အောက်မေ့မနေနဲ့။ နောက်တစ်ခါလာရင် – အုန်းကြည်မအကြောင်း ကောင်းကောင်းပြရဦးမှာပေါ့။ နင်တို့ စောင့်ကြည့်ထား – ငါသွားမယ်"

အုန်းကြည်မက စိတ်ဆိုးဒေါသဖြစ်ဖြစ်ဖြင့် စကားပြောပြီးသည်နှင့် ထိုနေရာမှ လှည့်ထွက်သွားလိုက်သဖြင့် ညိုမောင်က အုန်းကြည်မ နောက်သို့ လိုက်ကာ စကားဆက်ပြောရရှာသည်။

"ဒီလိုဖါ – အုန်းကြည်မရယ် ငါက သူများပြောတာ ကြားရလို့ နင့်ကို ပြန်မေးကြည့်တာပါ။ နင့်ကို ငါ – ယုံပါတယ်။ ဒါကြောင့်လည်း – ငါနင့်ကို ချစ်တဲ့အကြောင်း ပြောထားတာပေါ့။ ငါ့ကိုအဖြေပေးပါဦး။ ခုလိုခေတ်ကာလကြီးမှာ နင့်ကိုငါ စိတ်မချဘူးဟာ။ ငါတကယ်ပြောတာပါ။ အဲဒါကြောင့် နင့်ဆီက အဖြေရရင် – ငါ နင့်ကို လက်ထပ်ပါ့မယ်။ ငါ့ကို ယုံပါဟာ – နော်"

အုန်းကြည်မက ညိုမောင်စကားကြောင့် ရှေ့ဆက်လျှောက်သွားနေရာမှ အသာရပ်ကာ ဘေးရှိ ညိုမောင်မျက်နှာကို စူးစမ်းသလို ကြည့်လိုက်သည်။ ပြီးမှ –

"ဒီမှာ – ညိုမောင် – ပွဲလန့်တုန်း ဖျာခင်းတာတော့ မဟုတ်ပါဘူးနော် ဟို –"



"မဟုတ်ရပါဘူးဟာ – ငါ – အဲဒီစိတ်ထား မရှိပါဘူး။ နင့်အပေါ်မှာ ငါ တကယ်ချစ်ခဲ့တာပါဟာ – ယုံပါနော်"

"အေးလေ – နင့်ကို ငါ စဉ်းစားပေးမယ်လို့ ပြောခဲ့ပြီးသားပဲ၊ ငါ စဉ်းစားပေးမှာပါ။ အချိန်တော့ စောင့်ဟာ – ငါ့မှာ တခြားကိစ္စတွေကလည်း ရှိသေးတယ်။ ဒါမျိုးဆိုတာက အသေအချာစဉ်းစားပြီးမှ ဆုံးဖြတ်တာပိုကောင်းတယ်။ ကဲ – ငါသွားတော့မယ်။ တစ်နေ့တော့ – နင်ကြားချင်တဲ့ စကားကြားရ ပါစေ့မယ်"

အုန်းကြည်မက စကားဆုံးသည်နှင့် ထိုနေရာမှ ရှေ့ဆက်ထွက်သွားသည်။ ညိုမောင်ထွက်သွားသော အုန်းကြည်မ၏ ကျောပြင်ကို ငေးကြည့်ရင်း စိတ်ဖြစ်ကာ ကျန်နေရစ်ခဲ့သည်။ ထိုအဖြစ်ကို နွားလှည်းမောင်းလာသော သာခင်တို့ လင်မယားတွေ့သွားသည်ဖြစ်ရာ ညိုမောင် ရှက်ကိုးရှက်တန်း ဖြစ်လျက် ထိုနေရာမှ အမြေးထွက်သွားတော့သည်။ မကြာမီ ဗိုလ်တောက်ထိန်တို့အဖွဲ့ ရွာထဲသို့ဝင်လာသံ ကြားလိုက်ပြီးနောက် ရွာထဲမှ ပြန်ထွက်သွားကြသည်။ ရွာထဲမှာ ဘာမှထူးထူးခြားခြားမဖြစ်၊ အကောင်းပကတိရှိနေသည်။

―◇―

လသာညမို့ အိမ်ရှေ့တလင်းပြင်တွင် လရောင်ဖြင့် ကြည်ကြည်လင်လင် မြင်တွေ့နေရသည်။ ကွပ်ပျစ်ပေါ်တွင် ထိုင်၍ကြိမ်ထင်ရင်းတူအရီးနှစ်ယောက် ငြိမ်သက်နေရာမှ အရီးလေးဖြစ်သူ ဒေါ်မြမက စတင်၍ ပြောလိုက်သည်။

"အုန်းကြည်မ – ညည်း တစ်သက်လုံး အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားတာလားဟင်"

"တစ်သက်လုံး အပျိုကြီးလုပ်မယ်လို့တော့ – ကျွန်မတစ်ခါမှ မပြောဖူးပါဘူး – အရီးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့်ရင် - ညည်း - အခုအချိန်မှာ အိမ်ထောင်ပြုဖို့ စဉ်းစားချိန်တန်ပြီ လေ ….၊ ခေတ်ကလည်း မကောင်း၊ တော်ကြာ စစ်တွေ ဘာတွေဖြစ်ရင် ဘယ့်နယ်လုပ်မတုံး၊ ညည်းတို့ - ငါတို့က မိန်းမသားတွေချည်းပဲ နေနေရတာ ….၊ ဘယ်သူက တလေးတစား ရှိမှာလဲ၊ ပြီးတော့ - တို့နဲ့ ရင်းနှီးခင်မင်ကြတဲ့ ရွာသူရွာသားတွေကလည်း သူတို့မိသားစုဘဝအရေးနဲ့ သူတို့ ရှုပ်နေကြတာ၊ တို့ကို - ဘယ်လိုလုပ် ကူညီနိုင်ကြမှာတုန်း၊ ညည်း - စဉ်းစားစမ်းပါဦးအေ"

"အရီးလေးကလည်း - အဲဒါနဲ့ ကျွန်မ အိမ်ထောင်ပြုရမှာနဲ့ ဘာဆိုင်လို့တုန်း"

"ဆိုင်ပါသကောတော်၊ နပဲကြည့် - ညည်းကို ဟိုဗိုလ်တောက်ထိန်ဆိုတဲ့ သူပုန်က သဘောကျကြီးကျပြီး လာရိသဲ့သဲ့လုပ်နေတာ ညည်း မသိဘူးလား"

"သိသားပဲ - အဲဒါ ဘာဖြစ်လဲ"

"ဟ - ဘာဖြစ်ရမှာလဲ၊ ဒီလူဆိုးတွေက ဘာမှသစ္စာရှိကြတာမဟုတ်ဘူး၊ သူတို့ဆန္ဒတစ်ခုပဲ သူတို့ကြည့်ကြတာ၊ ညည်းက အချိန်ယူ၊ လိုချင်တဲ့အဖြေမပေးဘူးဆိုရင် - ညည်းကိုမရရတဲ့နည်းနဲ့အပိုင်သိမ်းပိုက်သွားမှာ၊ ဟိုတစ်နေ့တပဲ ညည်းမရှိတုန်း အိမ်ကို လာသွားပြီး ငါ့ကိုတောင် ကြိမ်းမောင်းသွားသေးတယ်၊ ပြီးတော့ - ညည်းမှာ ရည်းစားရှိသလားတဲ့၊ ရည်းစားရှိရင် - ငါတအဲဒီရည်းစားကို အဆက်ဖြတ်နိုင်းပေးရမယ်တဲ့၊ မဟုတ်ရင် သူနဲ့ အတွေ့ခံလို့ ကြိမ်းမောင်းသွားတယ်၊ အဲဒါ - ညည်းစဉ်းစားကြည့်တော့၊ ငါတော့ ရှေ့ဆက်ပြီး ပိုပိုစိုးရိမ်လာတယ်၊ အဲဒါကြောင့် - ညည်းမှာ ရည်စူးပြီးသားသူရှိရင် မြန်မြန်လက်ထပ်လိုက်ပါလို့ အရီးလေးက ပြောနေတာ"

အရီးလေးဒေါ်မြမေစကားကို နားထောင်ရင်း အုန်းကြည်မ ချက်ချင်းစကားပြန်မပြောနိုင်၊ အတွေးနယ်ချဲ့မိကာ ညိုမောင်ကို ပြေး၍သတိရမိလိုက်သည်၊ အရီးလေးပြောသည်ကလည်း အမှန်တွေချည်းဖြစ်သည်၊ ဗိုလ်တောက်ထိန်လက်တွင်းက လွတ်ဖို့မှာ သိပ်ပြီး မလွယ်ကူ၊ သည်လူဆိုးကအနနည်းနှင့် မရလျှင် အကြမ်းနည်းဖြင့် မိမိကို ရရအောင် လုပ်မည်မှန်း အုန်းကြည်မက တွေးမိပြီးသားပင် ….၊

"ဟင်း …."

အုန်းကြည်မ အတွေးနယ်ချဲ့ရင်း - သက်ပြင်းရှည်ချမှုကို ကြည့်ရင်း အရီးလေးဒေါ်မြမေတစ်ယောက် အုန်းကြည်မကို သနားသွားမိသည်၊

"ကဲပါအေ - စဉ်းစားတာလည်း စဉ်းစားပေါ့၊ သိပ်ပြီးလည်း ခေါင်းရှုပ်မခံပါနဲ့၊ ငါကတော့ညိုမောင်ကိုသဘောကျမိတယ်၊ တူမနဲ့လည်း လိုက်ဖက်မယ်လို့ ထင်တယ်၊ သူကများ - ညည်းကို ချစ်ရေးဆိုလာခဲ့ရင် - ငါ့တူမကြီးခေါင်းခေါ်သင့်ဘူးလို့ အရီးလေးဖြစ်မိတယ်၊ ကဲ - အရီးလေး - ဘုရားရှိခိုးနင့်မယ်၊ ညည်းလည်း တစ်နေကုန်လုပ်နေရတာ ပင်ပန်းရောပေါ့၊ အိပ်ရာဝင်တော့လေ"

အရီးလေး ဒေါ်မြမေက ပြောပြောဆိုဆို ကွပ်ပျစ်ပေါ်မှထကာ အိမ်ပေါ်သို့တက်သွားသည်၊ အုန်းကြည်မ ကြိမ်သင်ရင်းမှ တောင်းကင်ကို မော့ကြည့်ရာ လမင်းအိမ်အတွင်း၌ ညိုမောင်ရုပ်သွင်က ပေါ်လာသည်၊ အုန်းကြည်မသည့်ကိုယ်သူ့သဘောကျသည့်အလား ပြုံးလိုက်ကာ အလုပ်ကို လက်စသတ်၍ အိမ်ပေါ်သို့တက်ကာ အိပ်ရာဝင်ခဲ့တော့သည်၊

နံနက်မိုးလင်းတော့ ညက အိပ်မက်မက်ခဲ့သည့် အကြောင်းများတခေါင်းထဲမှာ မပျောက်၊ အထင်းသားပေါ်လွင်နေသည်၊ အုန်းကြည်မသည် အတွေးကိုပင် သဘောကျ နစ်မြှုပ်ကာ - အိပ်ရာထ မျှော်ရှင်ကြည်နူးနေမိသည်၊ ဒေါ်လေးတစ်ယောက် ကြိမ်သင်ရန် ကြိမ်သွားယူနေမှန်း သိလိုက်သည်၊ အိပ်ရာထ ချက်နှာသစ်ပြီး အိမ်ခန်းထဲ၌ မျက်နှာသနပ်ခါးလိမ်းနေစဉ် အိမ်ရှေ့မှ သူ့မခေါ်သံကြားလိုက်ရသည်၊

"အုန်းကြည်မ - အုန်းကြည်မရေ"

ကမန်းကတန်းမျက်နှာကို သနပ်ခါးလိမ်းပြီး အိမ်ရှေ့ကို ထွက်လာတော့ ညိုမောင်ကို မြန်းခနဲတွေ့လိုက်ရာ အုန်းကြည်မ အလန့်တကြားဖြစ်သွားသည်၊ ရင်ထဲမှာ မိုလှိုက်သွားသည်၊ ညက အိပ်မက်အကြောင်းကို တွေးနေ

www.burmeseclassic.com

ဆဲ - ညိုမောင်ကို ရုတ်တရက်တွေ့ရလေရာ အုန်းကြည်မ ကိုယ့်ကိုယ်ကိုယ် မယုံဖြစ်ကာ ရှက်စိတ်ဝင်သွားမိ၍ ရှိုးတိုးရှန့်တန့်ဖြစ်သွားသည်။

"ဟဲ့ - အုန်းကြည်မဲ - နင့်ကိုကြည့်ရတာ တစ်မျိုးပဲ၊ နင် - ဘာဖြစ်နေလဲ"

"ဘာလဲ - ငါက ဘာဖြစ်နေလို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ နေပါဦး - နင်က သူများအိမ်ကို စောစောစီးစီးလာတာ ဘာကိစ္စရှိလို့လဲ"

"ဩော် - ငါ - ဒီနေ့ - မြို့ကို ပစ္စည်းတွေ သွားပို့ရမယ်လေ၊ မြို့ဈေးကို ရောက်မှာဆိုတော့ - နင် ဘာများမှာစရာ၊ ဝယ်စရာရှိလဲလို့ ငါတမင် လာမေးတာ၊ ကဲ - ပြော - ဘာမှာမလဲ"

"ငါ - ဘာမှမှာစရာမရှိပါဘူး၊ နင်ပဲ - ဝီရိယနဲ့ သွားပါ၊ ဟို - သူပုန်တားမြ သိတဲ့အတိုင်း - အရမ်းဆိုးသွမ်းနေတာဆိုတော့ နင့်အတွက်ပဲ - ငါ တယ်"

ဘကယ် - နင်က ငါ့ကို စိုးရိမ်တယ် ဟုတ်လား၊ ဒါဆိုရင် - နင် ငါ့အပေါ် မေ့ တဲ့ပြန်လို့ ရပြီပေါ့နော်၊ ပြောလေဟာ နင် - ငါ့ကို အဖြေပေးမယ်လို့ ပြောတာ ငါအားရှိသွားအောင် အခုပြောလိုက်ပါလား - အုန်းကြည်မရယ် နော်"

ညိုမောင်က ပြောပြောဆိုဆို ဟိုသည်ကြည့်၍ အုန်းကြည်မလက်တလေးကို ဖမ်းဆွဲယူကာ ဆုပ်ကိုင်လိုက်သည်၊ အုန်းကြည်မက ရှက်စနိုး ခေါင်းငုံ့ထားသည်၊ ညိုမောင် တောင်းစွာသဘောပေါက်ကာ ဖမ်းဆုပ်ကိုင် ထားသည်၊ အုန်းကြည်မလက်ကလေးကို သူ၏ ရင်ခွင်တွင်း၌ ခေတ္တထွေး ပိုက်ထားပြီး ဖွဖွလေးနမ်းရှုံ့ကာ သူ၏ လက်နစ်ဖက်ကို မြှောက်၍ ပြေးထွက် သွားတော့သည်၊ အုန်းကြည်မက ညိုမောင်သွားရာကို ပြုံး၍ကြည့်နေရှာ သည်၊ အချစ်၏ ကြည်နူးအေးမြမှုကို သူတို့နှစ်ဦးလုံး ပြိုင်တူခံစားလိုက်ကြ ရသည်မှာတော့ အမှန်ပင်ဖြစ်လေသည်။



ရွာထဲဝင်လာသော မြင်းခွာသံတချို့ကို ဒေါ်မြမေ ကြားလိုက်ရသည်၊ အိမ်တွင် အုန်းကြည်မလည်း မရှိသောကြောင့် ဒေါ်မြမေ စိုးထိတ်ကာ အိမ်ထဲ ဝင်ပုန်းနေလိုက်သည်၊ ဒေါ်မြမေထင်သည်က ဗိုလ်တောက်ထိန်တို့အဖွဲ့ ရွာထဲဝင်လာကြပြန်ပြီဟု ထင်မိခြင်းကြောင့် ဖြစ်သည်၊ အမှန်လည်း ဗိုလ်တောက်ထိန်အဖွဲ့မှ သုံးယောက်ရွာထဲဝင်လာခဲ့ခြင်းဖြစ်သည်၊ ဗိုလ်တောက်ထိန်ကား မပါ၊ ခဏကြာတော့ မြင်းခွာသံများ ရပ်သွားသည်၊ မကြာမီ -

"အိမ်ထဲမှာ ဘယ်သူမှ မရှိကြဘူးလားဟေ့"

"အိမ်ထဲကလူတွေမေးနေတာမကြားဘူးလား၊ ဘာလဲ - အေးအေးဆေး ဆေးခေါ်နေတာ - ဘာများ မှတ်လို့လဲ"

ဒေါ်မြမေ အသံများကို ကောင်းစွာကြားသည်၊ သို့သော် အိမ်ရှေ့သို့ထွက်မလာရဲဖြစ်၍ ငြိမ်သက်စွာ အိမ်ခန်းထဲတွင် ဝပ်ပုန်းနေလိုက်သည်၊ စိတ်ထဲမှလည်း အုန်းကြည်မ မြန်မြန်ပြန်လာပါစေ ဟု ဆုတောင်းနေမိသည်၊

"ခင်ဗျားတို့ အိမ်ထဲက ထွက်မလာရင် ကျုပ်တို့အိမ်ထဲကို ဝင်ရှာမှာနော်၊ အိမ်ထဲမှာရှိရင် - အခုထွက်ခဲ့ပါ၊ ဒီမှာ - ပေးစရာရှိလို့"

သည်တစ်ခါတော့ ဒေါ်မြမေ ငြိမ်ဝပ်နေ၍ မဖြစ်၊ ထရံပေါက်မှ အိမ်ရှေ့ တို ချောင်းကြည့်လိုက်ရာ သူပုန်တစ်ဦးက အိမ်ပေါ်သို့တက်ရန် ဟန်ပြင်နေ သည်မို့ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အပြင်သို့ ထွက်သွားလိုက်သည်၊

"ခင်ဗျားကြီးကလည်းဗျာ - အိမ်ထဲမှာ ရှိနေလျက်နဲ့၊ ဘာဖြစ်လို့ - ခေါ် မကြား၊ အော်မကြားဖြစ်နေရတာလဲ"

"ရော့ - ပေဟာဒီမှာ - ခင်ဗျားတူမ အုန်းကြည်မကို ဗိုလ်တောက်ထိန်ပေး မိုင်းလိုက်တဲ့စာ၊ အဲဒီစာကို ဖတ်ပြီးရင် အဲဒီအထဲမှာ ရေးထားတဲ့အတိုင်း ဆောင်ရွက်ရမယ်လို့ ထပ်မှာလိုက်သေးတယ်၊ အမိန့်မနာခံရင်တော့ - သူ ကိုယ်တိုင် ခင်ဗျားတို့ တူအရီးကို အပြစ်ပေးမယ်လို့ ပြောခိုင်းလိုက်တယ်၊ အဲဒါပဲ - သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com

သူပုန်သုံးဦးက စာတစ်စောင်ပေးခဲ့ပြီးနောက် မြင်းကိုယ်စီ စီး၍ ပြန်ထွက်သွားကြသည်။ ဒေါ်မြမေ သူတို့ပေးသွားသော စာကို ဖွင့်ဖတ်ကြည့်လိုက်သည်။

အုန်းကြည်မ–

နင့်တို့ ငါ့အဖေထောကျတဲ့အကြောင်းပြောပြီးပြီ။ အဲဒါကြောင့် ...
နင့်တို့ ငါ လက်ထပ်ချင်တယ်။ နင်ဘယ်ဆိုအဖြေပေးမလဲဆိုတာ
ထိချင်ရင် လပြည့်နေ့ည ရွာ    အရှေ့ဘက်တွင်းထဲက စောင့်နေ
မယ်။ တယ်သူမှ အဖော်မပါဘဲ    ဆက်လာခဲ့ပါ။ မလာခဲ့ရင်တော့
ငါ့အဆိုး မဆိုပါနဲ့ ...

ဗိုလ်တောက်ထိန်

"အမလေး – လေး – ဘယ်လိုလုပ်ကြမလဲ၊ ဒုက္ခတော့များပြီ ထင်ပါတယ် – ဒုက္ခ – ဒုက္ခ"

"အရီးလေး – ဒုက္ခ – ဒုက္ခနဲ့ – ဘာတွေများ သံဝေဂ ရနေတာလဲ"

"အံမယ် – ညည်းက ဘယ်တုံးထဲက ရောက်နေတာလဲ၊ ငါ့မှာတော့ ညည်းအတွက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေလိုက်တာ၊ ဟောဒီမှာ ဗိုလ်တောက်ထိန်ပေးနိုင်းလိုက်တဲ့ စာကိုသာ ညည်း ဖတ်ကြည့်လိုက်ပေတော့"

အရီးလေး ဒေါ်မြမေက ဗိုလ်တောက်ထိန် စာကို အုန်းကြည်မလက်ထဲသို့ ထည့်ပေးလိုက်သဖြင့် အုန်းကြည်မ ဖွင့်ဖတ်ကြည့်လိုက်သည်။ ဒေါ်မြမေက အုန်းကြည်မမျက်နှာကို အကဲခတ်ကြည့်နေသည်။ အုန်းကြည်မက စာကို ဖတ်ပြီး သည်စာရွက်ကို လက်ဖြင့်လုံးထွေးချေမွကာ အဝေးတစ်နေရာသို့ လွှင့်ပစ်ပြီး အိမ်ပေါ်သို့ တက်ရန် ဟန်ပြင်လိုက်သည်။

"အမယ်လေးလေး – ညည်းက ဒီစာကို ဖတ်ပြီး ဘာမှမဖြစ်ဘူး ဟုတ်စ"



"ဘာဖြစ်ရမှာလဲ – အရီးလေးရဲ့၊ သူ့စာအတိုင်း သွားတွေ့ရတော့မှာပေါ့၊ မတွေ့ရင် – သူက ထပ်ပြီး ဒုက္ခရှာနေဦးမှာလေ၊ ဒီကိစ္စကိုတော့ – ကိုညိုမောင်နဲ့ တိုင်ပင်ပြီး အကြံဉာဏ်တောင်းရင် ကောင်းမယ်ထင်တယ်"

"အေး – အဲဒါကောင်းတယ်၊ မောင်ညိုမောင်က ညည်းအတွက်ဆို အသက်နဲ့တောင် လဲမယ့်သူဆိုတော့ ငါ့တူမကြီး သူနဲ့ သွားတိုင်ပင်တာ ပိုပြီး သင့်လျော်ပါတယ်၊ ကဲ – ကဲ – အချိန်ရှိတုန်း – အခုပဲ – သွားလိုက်"

အရီးလေးစကားကြောင့် အုန်းကြည်မအိမ်မှ ချက်ချင်းထွက်သွားလိုက်သည်။ ညိုမောင်ကို လမ်းမှာတင် တွေ့လိုက်လေရာ အကျိုးအကြောင်း ပြောပြလိုက်ပြီး အကြံဉာဏ်တောင်းခံလိုက်သည်။

"ဒီအတိုင်းဆို – အုန်းကြည်မ မသွားလို့တော့ မဖြစ်ဘူး၊ သွားသာ သွားလိုက်ပါ၊ ကိုညိုမောင်လည်း အုန်းကြည်မအတွက် အချိန်တိုင်း စောင့်ကြည့်နေပေးပါ့မယ်၊ ဘာမှ မစိုးရိမ်နဲ့ – ကြားလား"

ညိုမောင်၏ အကြံဉာဏ်ကို အုန်းကြည်မ ခေါင်းညိတ်လက်ခံလိုက်ပြီးနောက် နှစ်ယောက်သား လမ်းခွဲလိုက်ကြသည်။ ညိုမောင်အတွက် အုန်းကြည်မ၏ကိစ္စသည် သူ၏ကိစ္စဖြစ်သည်မို့ ချိန်းဆိုသည့်နေ့တွင် မည်သို့ ဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစားကြံဆနေမိတော့သည်။ တကယ်တော့ အုန်းကြည်မကို စွန့်လွှတ်ရမှာ ညိုမောင်တွင် အင်အားမရှိ၊ ထို့ကြောင့် အုန်းကြည်မကို အမြန်ဆုံးလက်ထပ်ရန်လည်း ဆုံးဖြတ်ချက်ချရတော့သည်။

သည်လိုနှင့် ဗိုလ်တောက်ထိန် ချိန်းဆိုထားသည့် လပြည့်နေ့ညသို့ ရောက်လာသည်။ ညိုမောင်နှင့် အုန်းကြည်မတို့နှစ်ယောက် အချိန်းအချက် လုပ်ခဲ့ကြပြီး ညိုမောင်က ရွာအရှေ့ပိုင်းကွင်းပြင်ထဲသို့ အရင်ဦးနှင့်အောင် သွားကာ ကွင်းထဲရှိ တစ်ပင်တည်းသော တညင်ပင်ကြီးပေါ် တက်၍ ပုန်းနေလိုက်သည်။ တစ်ခုခုဖြစ်လာပါက ကာကွယ်ရန် ဓားတစ်ချောင်းကိုလည်း ဆောင်ယူလာခဲ့သည်။

ညသည် တဖြည်းဖြည်းနှင့် ညဉ့်သို့ အတွင်းချင်းနင်းဝင်ရောက်ကာ ဆိတ်ဆိတ်ခြင်းအသွင်ဖြင့် လရောင်ဆမ်းထားသော တမ္ဘလာအောက်တွင်



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်သက်စွာ ရပ်တည်နေသည်။ မကြာမီ – မြင်းကိုစီးလျက် ဗိုလ်တောက်ထိန် တစ်ဦးတည်း ရောက်လာကာ ကညင်ပင်နှင့် မနီးမဝေးတွင် မြင်းပေါ်ထိုင်လျက် အုန်းကြည်မအလာကို စောင့်နေသည်။ ခဏအကြာမှာပင် အုန်းကြည်မကွင်းထဲသို့ ရောက်လာကာ ဗိုလ်တောက်ထိန်နှင့် မလှမ်းမကမ်းတွင် ရပ်နေလိုက်သည်။



❝ထိုကွင်းထဲသို့ အရောက်မှုး၍ သွားသူဖြစ်စေ၊ မြင်းစီး၍သွားသည်ဖြစ်စေ နေ့ရော ညပါ သရဲခြောက်ခံရလေသည်။ အချို့မှာမူ မြင်းပေါ်မှ တွန်းချခံရခြင်း၊ နားရင်းကို ရိုက်ပုတ်ခံရခြင်းတို့ကြောင့် ယောက်ျားကြီးများ ဖြစ်လင့်ကစား တစ်ခါ အခြောက်ခံရသည်နှင့် ရူးကြောင်ကြောင်ဖြစ်သွားသူကများလေသည်❞



"အုန်းကြည်မက တကယ်သတ္တိရှိတာပဲ၊ ပြီးတော့ – တတိလည်းတည်တယ်။ မင်းကိုတော့ ငါကျကြိုက်ပြီးရင်း ကြိုက်ပဲတော့"

တိတ်ဆိတ်ငြိမ်သက်နေသော ညကာလတွင် ဗိုလ်တောက်ထိန်အသံတ ကွင်းထဲတွင် အတိုင်းသား ကြားနေရသည်။ ကညင်ပင်ပေါ်မှ ညှိမောင်တစ်ယောက် ငြိမ်ဝပ်လျက် ဗိုလ်တောက်ထိန်နှင့် အုန်းကြည်မတို့၏ လှုပ်ရှားမှုများကို သတိမပြတ် စောင့်ကြည့်နေရှာသည်။

"ကဲ – ကျွန်မ ရောက်လာပြီ၊ ရှင် – ဘာပြောချင်တာလဲ။ ကျွန်မ အချိန်မရဘူး"

"ဟား – ဟား – ဟား – ဖြည်းဖြည်းပေါ့။ ဒီနယ်မှာ ငါကလွဲပြီး မင်းကြောက်ရမယ့်သူ တစ်ယောက်မှ မရှိပါဘူးကွ၊ အေး – ငါမင်းကို လက်ထပ်ချင်တယ်၊ အမြန်ဆုံးလက်ထပ်ချင်တယ်၊ ဖြစ်နိုင်ရင် ..."

"ဒီမှာ – ကျွန်မ – ရှင့်ကို အပြတ်ပဲ ပြောတော့မယ်၊ ကျွန်မမှာ ချစ်သူရှိပြီးသား။ ပြီးတော့ – သူနဲ့လည်း မကြာခင်မှာပဲ လက်ထပ်ဖို့ စီစဉ်ထားပြီး၊ ကတိပေးထားပြီးသား။ သူကလွဲလို့ ကျွန်မ ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ လက်မထပ်နိုင်ဘူး။ အဲဒါ – ကျွန်မရဲ့ အဖြေပဲ"

အုန်းကြည်မက ခပ်မာမာ ခပ်ထန်ထန်ပြောပြီး လှည့်ထွက်ရန် ဟန်ပြင်လိုက်စဉ် ဗိုလ်တောက်ထိန် မြင်းပေါ်မှ အောက်သို့ခုန်ဆင်းကာ အုန်းကြည်မရှိရာသို့ အမြန်သွား၍ အုန်းကြည်မလက်ကို ဖမ်းဆွဲထားလိုက်သည်၊ ပြီးမှ –

"ငါက – ဒီသဘောတွေကို နားလည်ပြီးသားမို့ မင်းကို ခုလို ချိန်းတာပေါ့။ ဒီနေ့ လိုက်ခဲ့၊ ငါ့ရဲ့ အေးအေးဆေးဆေး တောင်းဆိုချက်ကို မင်းက ငြင်းတော့ မင်းကို ငါက ရသလို ယူရမှာပေါ့ – လာ – လိုက်ခဲ့"

"မလိုက်ဘူး – ကျွန်မကို အကြမ်းပတမ်း မလုပ်နဲ့နော်။ အသက်သာ အသေခံသွားမယ် – မရဘူးမှတ်"

"ငါကလည်း မရတာကိုမှ အတင်းလိုချင်တာ၊ မင်း – ငါ့လက်က ရုန်းနိုင်ရင် ရုန်းပေါ့ – လာ – လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တောက်ထိန်က အုန်းကြည်မ၏ ခန္ဓာကိုယ်ကိုပွေ့ဖက်ကာ မြင်း၌ ရာသို့အတင်းဆွဲခေါ်နေသည်။ ညိုမောင် အောင့်မထားနိုင်တော့၊ ကညင်ပင် ပေါ်မှ အောက်သို့ လွှားခနဲဆင်း၍ လက်ထဲရှိဓားဖြင့် [illegible]က်ထိန်ရှိ ရာ အပြေးသွား၍ ခုတ်ပိုင်းတော့သည်။

ဗိုလ်တောက်ထိန်လက်တစ်ဖက် ဓားအချက်ရာကြောင့် [illegible] ဘိုင်းလဲ ကျသွားသည်။ သို့သော် ဗိုလ်တောက်ထိန်က သတိမလွတ်၊ ကျန်လက်တစ် ကြိမ် ဓားဖြင့်ခုတ်ပိုင်းရန် ပြေးဝင်လာသည့် ညိုမောင်ထံသို့ လှံသနတ်ကို အလျင်အမြန်ထုတ်၍ ပစ်ချလိုက်သည်။

"ဒိုင်း"

"အား"

"ကိုညိုမောင်"

စောစောက လဲကျကျန်ရစ်ခဲ့သည့် အုန်းကြည်မထံမှ အသံထွက်လာ သည်။ လပြည့်ညဖြစ်၍ ကွင်းထဲတွင် ရှင်းရှင်းလင်းလင်း မြင်တွေ့နေရသည်။ အုန်းကြည်မလဲကျရာမှ အပြေးထကာ ညိုမောင်လဲကျရာ အပြေးသွားကာ ထွေးပွေ့လိုက်သည်။ ညိုမောင်ကား အသက်မရှိတော့၊ သည်အတွက် အုန်း ကြည်မ ဒေါသထွက်ကာ အနီးရှိဓားကိုကောက်ကိုင်ယူပြီး ဗိုလ်တောက်ထိန် ကို ပြေး၍ ခုတ်ပိုင်းလိုက်သည်။

ဗိုလ်တောက်ထိန်ကလည်းအုန်းကြည်မ၏ဓားချက်ကိုကာရင်းသေနတ် ဖြင့်ပစ်လိုက်ရာ အုန်းကြည်မသည်အချက်ရရှိသွားသတဲ့သို့ဗိုလ်တောက်ထိန် လည်း အုန်းကြည်မ၏ ဓားချက်ထိမှန်ကာ ငြိမ်ကျသွားတော့သည်။ လပြည့် ညလ၏အလင်းရောင်အောက်တွင် သေနတ်သံနှင့် ဓားခုတ်သံတို့တစ် ခဏတာ ဆူညံသွားခဲ့ပြီးသည့်နောက်ပိုင်း တိတ်ဆိတ်ငြိမ်သက်မှု ဖြစ်သွား ပြန်သည်။ ထို့အပြင် အသက်ဗိညာဉ်ကင်းမဲ့သွားရှာပြီဖြစ်သည့် လူသုံး ယောက်တို့၏ လဲလျောင်းငြိမ်သက်မှုကလည်း လပြည့်ည လရောင်အောက် တွင် အထင်းသား မြင်နေရှာလေသည်။



လောကကြီးကား – ဘာတို့မှ မသိသလို လောကနိယာမအတိုင်း ည အန်ထောကို ဆင်၍ သဘာဝအတိုင်းပင် အလှဆင်နေရှာသည်။ ဖြစ်ပျက်မှု သမိုင်းရာကြောင်းတို့ကလည်းအမြဲမရှိဆိုသော အနိစ္စတရားအတိုင်း ပုံဖော်ပြနေ သည်မှာ အံ့ဩစရာပင် ကောင်းတော့သည်။

ဗိုလ်တောက်ထိန်၊ ညိုမောင်နှင့် အုန်းကြည်မတို့ သုံးယောက်သား တစ်နေရာထဲတွင် တစ်ချိန်ထဲတွင် သေဆုံးသွားရခြင်းသတင်းမှာ ထိုနယ် တစ်ဝိုက်တွင် ချက်ချင်းပျံ့နှံ့သွားလေသည်။ ထိုသို့ သေဆုံးပြီးသည့် မရှေး မနှောင်းတွင်လည်း သရဲခြောက်သည့်သတင်းက ဆက်လက်၍ထင်ပေါ်လာ ပြန်သည်။ အုန်းကြည်မအပါအဝင် သုံးဦးသား သေဆုံးသွားသည့် ဇလုံးတိုက် ရွာအရှေ့ဘက်ကွင်းထဲတွင် နေ့ရော၊ ညပါ သရဲခြောက်သည့်သတင်းကြောင့် ဇလုံးတိုက်ရွာသူရွာသားတို့မှာ ထိုနေရာသို့ မသွားရဲကြချေ။

တခြားနယ်မှ လာရောက်ကြသည့် ယောက်ျားတိုင်း ထိုကွင်းကို ဖြတ် ပါက အချိန်မရွေး သရဲခြောက်ခံရပြီး မိန်းကလေးတို့မှာမူ သရဲအခြောက်မခံ ရကြောင်း ထူးဆန်းစွာ သိကြရပြန်သည်။ ထိုကွင်းထဲသို့ အရက်မူး၍ သွား သူဖြစ်စေ၊ မြင်းစီး၍သွားသည်ဖြစ်စေ နေ့ရောညပါ သရဲခြောက်ခံရလေ သည်။ အချို့လူများမှာမူ မြင်းပေါ်မှ တွန်းချခံရခြင်း၊ နားရင်းကို ရိုက်ပုတ်ခံရ ခြင်းတို့ကြောင့် ယောက်ျားကြီးများဖြစ်လင့်ကစား တစ်ခါအခြောက်ခံရသည် နှင့် ရူးကြောင်ကြောင်ဖြစ်သွားသူက များလေသည်။

ဤသို့ဖြင့် နှစ်ပေါင်း(၂၀)ကျော်ကြာခဲ့သည့်တိုင် သရဲခြောက်သည့် အကြောင်းက ယနေ့တိုင် မပျောက်ပြယ်သေးဘဲ ထင်ရှားဆဲ ရှိလေသည်။ ဇလုံးတိုက်ရွာရှိ အုန်းကြည်မ၏သူငယ်ချင်းဖြစ်သူ ညိုမသည်ပင် အသက် ငါးဆယ်တွင်းရှိကာလူကြီးတစ်ယောက်ဖြစ်၍ နေပေပြီ။ ညိုမနှင့် အိမ်နီးချင်း မအေးလှကား တစ်ရွာသူဖြစ်၍ ဇလုံးတိုက်မှ ရွာသားနှင့် အိမ်ထောင်ကျပြီး ဇလုံးတိုက်သို့ ပြောင်းရွှေ့နေထိုင်လာခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ - မအေးလှထံသို့ သူမ၏ တူဖြစ်သူ အေးဆောင်တစ်ယောက် ရောက်ချလာသည်။ အေးဆောင်မှာ တခြားရွာမှာ နေထိုင်ပြီး မအေးလှ၏ အစ်မ မအေးမြ၏ သားဖြစ်သည်။ မိခင်ဆုံးပါးသွားပြီးပြီ ဖြစ်၍ တစ်ကောင်ကြွက်ဖြစ်နေရာ မိခင်မှာကြားသွားသည့် မိခင်၏ ညီမရှိရာသို့ လိုက်လာခဲ့ခြင်းဖြစ်သည်။ ထူးခြားသည်မှာ အေးဆောင်တစ်ယောက် ရွာအရှေ့ကွင်းပြင်သို့ဖြတ်ခဲ့စဉ်က သရဲအခြောက်မခံရခြင်းကို မအေးလှအတော်ထူးဆန်းနေလေသည်။

"နေစမ်းပါဦး - အဲဒီကွင်းပြင်ကိုမင်းတစ်ယောက်တည်းဖြတ်သွားရတာ နည်းနည်းလေးမှ ကြက်သီးဖြန်းတာလေးတောင် မဖြစ်ခဲ့ဘူးလား - ဟင်"

"ဟာ - ဒေါ်လေးကလည်း ကျွန်တော် ဘာမှမဖြစ်လို့ - ဘာမှမဖြစ်ဘူးလို့ပြောတာပေါ့။ ဒါပေမဲ့ - အဲဒီကွင်းထဲက ကညင်ပင်အောက်မှာတော့ တော်တော်ချောတဲ့ကောင်မလေးတစ်ယောက် ထိုင်နေတာတွေ့တယ်"

"ဘယ်လို - ကညင်ပင်အောက်မှာ မိန်းကလေးတစ်ယောက်ထိုင်နေတယ် - ဟုတ်လား။ ဟုတ်ပါပြီ - အဲဒါ - သရဲခြောက်တာပေါ့။ မင်း မကြောက်ဘူးလား"

"ဟာ - ဒေါ်လေးကလည်း ကျွန်တော်က ကြောက်ရအောင် သူတခြောက်တာမှ မဟုတ်တာ။ ကျွန်တော့်ကိုတောင် ပြုံးပြလိုက်သေးတယ်"

"ကဲ - ကဲ - ဒါဆို - လာ - လာ - အန္တရာယ်ကင်း ဘေးကင်းရအောင် ရေမန်းလေးတော့ သောက်ထားလိုက်ဦး - လာ"


မအေးလှက ပြောပြောဆိုဆို အေးဆောင်ကို အိမ်ထဲရှိ ဘုရားကျောင်းဆောင်ရှေ့ခေါ်သွားကာ ရေမန်းတစ်ခွက် တိုက်လိုက်သည်။ ပြီးနောက် - အေးဆောင်နေထိုင်ရန် စီစဉ်ပေးခဲ့ပြီး ထမင်းဟင်းချက်ပြုတ်ရန် မီးဖိုချောင်သို့ဝင်သွားလေသည်။ အေးဆောင်က ခရီးပန်းလာသဖြင့် တစ်ရေးတစ်မောအိပ်ကာ အနားယူလေသည်။

ညမိုးချုပ်တော့ မအေးလှတစ်ယောက် စောစောစီးစီးအိပ်ရာဝင်သွားသည်။ တစ်နေကုန်အိမ်မှုကိစ္စအပြင် လယ်ယာကိစ္စများပါလုပ်ဆောင်ရသည်



မို့ပင်ပန်းလှသည်။ မအေးလှကား မုဆိုးမဖြစ်သည်။ သူမယောက်ျားသေဆုံးသွားသည်မှာ လပိုင်းမျှသာရှိသေး၍ တစ်ယောက်တည်း ရှန်းတန်းလှုပ်ရှားနေရသူ ဖြစ်သည်။ ယခု - တူတော်မောင် အေးဆောင် ရောက်လာသဖြင့် အားတက်သွားသယောင် ရှိသည်။ သို့သော် အေးဆောင်က သူနှင့်အတူ အမြဲနေမည်လားဆိုသည်ကိုမအေးလှမပြောနိုင်သေးသောကြောင့်လှုပ်ငန်းအကွက်ချရန် စောနေသေးသည်ဟုတွေးကာ အေးဆောင်ကိုလတ်တလော နေချင်သလို နေစေခဲ့ခြင်းဖြစ်သည်။

---



"ညီမောင် - နင် - ငါ့ကို မမှတ်မိတော့ဘူးလား ဟင်။ ငါ - အနန်းကြည်မလေ ...။ နင့်ကိုလေ - ငါ ဘယ်လောက်ချစ်ခဲ့ရသလဲ ဆိုတာ နင်သိပါတယ်။ နင်နဲ့ငါ - လိုက်ပြီး သေခဲ့တာလေ။ နင် - ဘာဖြစ်လို့ ငါ့ကို မမှတ်မိတာလဲ ဟင်။ သေချာစဉ်းစားကြည့်စမ်းပါဟာ။ ငါ့မှာ - နင့်ကို စောင့်ခဲ့ရတာ အချိန်တွေကြာလှပြီ။ ငါ - ဒီကွင်းမှာ ကွင်းပိုင်အဖြစ်နဲ့ နင့်ကို စောင့်နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဖျတ် - ဖျတ် - ဖျတ် - ဖျတ်"

အိမ်ရှေ့ ခြံဝင်းဆီမှ တဖျတ်ဖျတ်ဖြင့် လူလမ်းလျှောက်သံကြားရာသို့ အေးဆောင် အိမ်ပေါ်မှနေ၍ လှမ်းကြည့်မိသည်။ မိန်းကလေးတစ်ယောက် လမ်းလျှောက်နေသည်ကို တွေ့မြင်ရသည်။ ထိုမိန်းကလေးမှာ ဆံပင်ကို ဖားလျားချ၍ တောင်နှင့် မြောက်ကို ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကာ အိမ်ပေါ်သို့လည်း တစ်ချက်တစ်ချက် လိုက်ကြည့်၍ နေသည်။

ထို့ကြောင့် အေးဆောင် ထိုမိန်းကလေးကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ လရောင်ကြောင့် ထိုမိန်းကလေး၏ မျက်နှာမှာ ထင်ရှားစွာ ပေါ်လာသည်။ သည်တော့မှ နေ့ခင်းက ရွာရှေ့ကွင်းကို ဖြတ်ခဲ့စဉ်က ကညင်ပင်အောက်၌ တွေ့ခဲ့ရသော မိန်းကလေးဖြစ်မှန်း မှတ်မိတော့သည်။ ချက်ချင်း အေးဆောင်တစ်ကိုယ်လုံး ကြက်သီးတဖျန်းဖျန်းထသွားသည်။ တစ်ကြိမ်တွင် အေးဆောင်အကြည့်နှင့် ထိုမိန်းကလေးအကြည့်တို့ ဆုံစည်းသွားလေရာ အေးဆောင်တစ်ကိုယ်လုံး ကျင်စက်နှင့် အတို့ခံလိုက်ရသကဲ့သို့ ကျင်တက်သွားကာ သတိပင် လစ်သွားသလို ဖြစ်သွားရသည်။ အေးဆောင် ကြောက်ဒူးတုန်လာကာ အိပ်ခန်းထဲသို့ဝင်လာပြီး အိပ်ရာခင်းပေါ်သို့ စောင်ခြုံပြီး အိပ်နေလိုက်သည်။

"ဖျတ် - ဖျတ် - ဖျတ် - ဖျတ်"

လမ်းလျှောက်လာသံက အေးဆောင်အခန်းဆီသို့ လာနေမှန်းသိသာသည်။ အေးဆောင် ကြောက်စိတ်ကြောင့် ရင်တစ်ခုလုံး စုန်နေသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်နေသည်။ ဒေါ်လေးအေးလှကို နိုးရန်မှာလည်း ယောကျ်ားတစ်ယောက်ဖြစ်ပြီး ကြောက်ဒူးတုန်ရသလားဟု အပြစ်တင်ခံရမှာ ကြောက်သည်။ ထို့ကြောင့် ဖြစ်လာသမျှ မိမိဘာသာရင်ဆိုင်မည်ဟု စိတ်ကို အားတင်းကာ ခေါင်းမြီးခြုံ၍ ငြိမ်နေလိုက်သည်။

"အမလေးဗျ"



ခေါင်းမြီးခြုံထားသည့် စောင်ကို ဆွဲမ,လိုက်သောကြောင့် အေးဆောင် အလန့်တကြား ထ,အော်လိုက်သည်။ စောင်ကွာသွားသဖြင့် အမှောင်ထဲမှာ ဝင် မိန်းကလေးမျက်နှာကို အထင်းသားဖြင့် သူ့မျက်နှာပေါ်အုပ်မိုးထားသည်ကို တွေ့လိုက်ရသည်။ အရိုင်လိုလို၊ မီးရိုလိုလိုသဏ္ဌာန်ဖြစ်နေခြင်း ဖြစ်သည်။

"ကြောက် - ကြောက် - ကြောက်တယ်၊ မင်း - ဘယ်သူလဲ"

ကြောက်ကြောက်လန့်လန့်ဖြင့် အေးဆောင် တယောင်တတမ်းပြောလိုက်မိသော်လည်း အသံက ဆက်ထွက်မလာ။ မိန်းကလေး၏ စူးရှသောအကြည့်အောက်တွင် အေးဆောင်မိန်းမောရင်း ကြောင်အမ်းအမ်းဖြစ်သွားတော့သည်။ လူတ မလှုပ်မယှက်ဖြင့် ပြုချင်ရာပြုတော့ဆိုသည့် သဘောဆေးကြောင်၍ကြည့်နေသည်။

"ညိုမောင် - နင် - ငါ့ကို မမှတ်မိတော့ဘူးလား ဟင်။ ငါ - အုန်းကြည်မလေ ...။ နင့်ကိုလေ - ငါ ဘယ်လောက်ချစ်ခဲ့ရသလဲဆိုတာ နင်သိပါတယ်။ နင်နဲ့ငါ - လိုက်ပြီး သေခဲ့တာလေ။ နင် - ဘာဖြစ်လို့ငါ့ကို မမှတ်မိတာလဲ ဟင်။ သေချာစဉ်းစားကြည့်စမ်းပါဟာ။ ငါမှာ - နင့်ကို စောင့်ခဲ့ရတာ အချိန်တွေ ကြာလှပြီ။ ငါ - ဒီကွင်းမှာ ကွင်းပိုင်အဖြစ်နဲ့ နင့်ကိုစောင့်နေတယ်လေ။ နင်က ခုမှ - ငါ့ဆီကို လာတယ်။ ငါ့ကို ပစ်မသွားနဲ့တော့နော်။ နင်နဲ့ ငါနဲ့ - ပျော်ပျော်ပါးပါးနေကြရအောင်ဟာ - နော်"

မိန်းကလေး ပြောနေသည့်စကားသံတွေကို အေးဆောင် ကြားနေရသည်။ သို့သော် သူ ဘာကိုမှလှုပ်ရှား၍ မရ၊ လူသေကောင်လို ဖြစ်နေသည်။ ထိုစဉ် မျက်စိကောမှိတ်လိုက်ရာ ညိုမောင်၊ အုန်းကြည်မနှင့် ဗိုလ်တောက်ထိန်သုံးဦးသား သေဆုံးခဲ့ရသည့်မြင်ကွင်းကို ပြန်လည်မြင်ယောင်လာသည်။ သူသတိရလာ၍ကြည့်လိုက်တော့ မိန်းကလေးက သူ့ကိုဖက်ပြီး သူ့ဘေးမှာ လဲလျောင်းနေသည်။ တွန်းထုတ်ရန် မကြိုးစားမိ။

သူကိုယ်တိုင်ညိုမောင်ဟုခံယူသွားမိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် မိန်းကလေးကို ပြန်၍ဖက်တွယ်ကာ အိပ်နေလိုက်သည်။ မည်မျှအိပ်ပျော်သွားသည်မသိ - နားထဲမှာ အုန်းမောင်းခေါက်သံကြားရတော့မှ နိုးလာတော့



www.burmeseclassic.com

www.burmeseclassic.com

သား လှုပ်လှုပ်ရှားရှားဖြစ်လာရသည်။ မိန်းကလေးက သူ့ကို အပြုံးဖြင့် နှုတ်ဆက်ပြီး အပြင်သို့ ထွက်သွားသည်။

—◇—

"တောက် - တောက် - တောက် - တောက်"

အေးဆောင် - အုန်းမောင်းခေါက်သံကြောင့် လဲလျောင်းနေရာမှ ချက်ချင်း ထ,ထိုင်လိုက်သည်။ သူ့ဘေးဆီသို့ လိုက်ကြည့်သည်။ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရ။ ခေါင်းထဲမှာ မရှုပ်မရှင်းဖြစ်နေသော အကြောင်းကို ပြန်စဉ်းစားကြည့်ရာ အိပ်မက်တစ်ခုဟုသာ ထင်မြင်မိတော့သည်။ သို့ရာတွင် သူ့စိတ်ထဲ ဇဝေဇဝါသာဖြစ်ခဲ့ရလေသည်။ ဘာကိုမျှ သဲသဲကွဲကွဲ မမှတ်မိခဲ့ချေ။

သို့ရာတွင် - ညမိုးချုပ်ရောက်၍ အေးဆောင် အိပ်ရာဝင်သည်နှင့် မိန်းကလေးရောက်လာပြီး နှစ်ယောက်သား ချစ်တင်းနှောကာ နံနက်အရှက်တက်သည်နှင့် မိန်းကလေးက အေးဆောင်ကို နှုတ်ဆက်ပြီး ပြန်သွားလေ့ရှိသည်မှာ တစ်လနီးပါးခန့်ရှိပေပြီ။ အေးဆောင်မှာ နေ့ခင်းတစ်နေ့ခင်းလုံး အကောင်းပကတိဖြစ်၍ ညအိပ်ရာဝင်၍ မိန်းကလေးရောက်လာသည်နှင့် ဘာကိုမျှမသိတော့ဘဲ မိန်းကလေးနှင့် ချစ်တင်းနှီးနှောရခြင်းကိုသာခံစားနေတော့သည်။

တစ်နေ့ - အေးဆောင်၏ဒေါ်လေးမအေးလှတစ်ယောက် ညအိပ်ရာဝင်သော်လည်း တော်တော်နှင့်အိပ်မပျော်နိုင်ဘဲဖြစ်နေခဲ့ရာ အေးဆောင်အခန်းတွင်း၌စကားပြောနေသံများကြား၍သွားကြည့်ရာ အေးဆောင်တစ်ယောက်ထဲ စကားပြောနေသည်ကို မြင်တွေ့ရသည်။ အေးဆောင်ကတော့ တစ်ဦးတစ်ယောက်ထဲ စကားပြောခြင်းမဟုတ်ဘဲ နှစ်ယောက်သား စကားပြောနေဘိသကဲ့သို့ ဖြစ်နေမှန်းသိရာ အတွေးရခက်သွားသည်။



"အုန်းကြည်မရယ် - နင်နဲ့ငါနဲ့ ဟိုဘဝက အတူမနေရပေမဲ့ - အခု အတူနေရပြီလေ။ ငါ့ကို ခွဲမသွားနဲ့နော်။ ငါက နင်ငါ့အနားက ခွဲမသွားမချင်း နင့်ကို ချစ်နေမှာသိလား - ယုံနော်"

ထိုညက ဒေါ်လေး မအေးလှတစ်ယောက် အေးဆောင်ထံသွား၍ နိုးရည်လား၊ သည်အတိုင်းထားရမည်လား မဝေခွဲတတ်ခဲ့။ သို့ရာတွင် ကြောက်စိတ်ဝင်နေသောကြောင့် နောက်ဆုံးမိုးလင်းသည့်တိုင် အေးဆောင်ကိုစောင့်ကြည့်ရင်း အိပ်ပိုက်နေခဲ့ရလေသည်။

မိုးစင်စင်လင်း၍ အေးဆောင်အိပ်ရာမှထသော် အေးဆောင်၏အသားကိုသွားဆိတ်၍ မေးကြည့်တော့သည်။ အေးဆောင်ကား ဒေါ်လေးမအေးလှလုပ်ဆောင်မှုကို တအံ့တသြဖြစ်ကာ တွေဝေနေသည်။

"ဟဲ့ - အေးဆောင်၊ နင့်ဟာက အရူးလိုပဲ။ တစ်ယောက်တည်းစကားပြောနေတာ။ ဒါ - ဘယ်လောက်တောင်ကြာနေပြီလဲ။ ပြီးတော့ - နင့်ကိုငါချစ်တယ်၊ ငါ့ကို ခွဲမသွားပါနဲ့၊ တော္တ - နင် ဟိုကွင်းထဲမှာတွေ့ခဲ့တဲ့ မိန်းကလေးနဲ့ စကားပြောနေတာ မဟုတ်လား"

"ကျွန်တော်လည်း သေသေချာချာတော့ မသိဘူး။ နေ့တိုင်းတော့ - သူ ကျွန်တော့်ဆီ လာနေတယ်လို့ ထင်တာပဲ။ ဘာကိုမှတော့ - သဲသဲကွဲကွဲ ကျွန်တော်လည်း မမှတ်မိဘူးဖြစ်နေတယ်။ အိပ်မက်လား၊ ဘာလားဆိုတာ ကျွန်တော့်စိတ်ထဲ တစ်မျိုးရှုပ်နေပဲ။ ဒါပေမဲ့ - သူ့ကိုတော့ - ကျွန်တော်အမြဲ သတိရနေမိတယ်"

"အေး - ဟုတ်ပါပြီ။ ဒါဆို - နင့်ဆီမှာ ပယောဂဝင်နေတာ ကျိန်းသေတယ်။ မဖြစ်ပါဘူး - ဗမာဆေးရာနဲ့ ပြမှ ဖြစ်မယ် - ဟင်း"

ဒေါ်လေးမအေးလှတစ်ယောက် အေးဆောင်ကိုကြည့်ကာ စိတ်မအေးဖြစ်သွားရရှာသည်။ ထို့ကြောင့် ရွာထဲတွင် ဆေးကုသရန် ရောက်ရှိနေသည့် ဆေးဆရာကြီး ဦးဗန္ဓုကို ပင့်၍ အေးဆောင်ကို ပြကြည့်သည်။ ဆေးဆရာကြီး ဦးဗန္ဓုကမှ အေးဆောင်တွင် ပယောဂရှိနေကြောင်း၊ သတိထားရန် လိုကြောင်းပြောပြီး လုံးဝကင်းပျောက်သည်ထိ ဆက်၍ဆေးကုပေးသွားမည့် အကြောင်းပြောကာ ဆေးပေးပြီး ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အေးဆောင်ကား၊ ဆေးဆရာကြီး ဦးဗန္ဓုက ပြန်သွားပြီးနောက်တွင် ပို၍ ဆိုးဝါးလာသည်ကို ဒေါ်လေးမအေးလှ သတိထားမိသည်၊ တစ်ခါတစ်ရံ ညကြီးမိုးချုပ် အိပ်ရာမှ ကယောင်ကတမ်းထ၍ အိမ်အပြင်သို့ ထွက်သွားရေ ရှိသည်၊ တစ်ခါတစ်ရံအိပ်ရာထဲမှာတင် လူးလိမ့်ရင်းစကားတွေပြောနေတတ် သည်၊ ယခင်က နေ့ခင်းပိုင်းဆိုလျှင် သတိကောင်းနေတတ်သော်လည်း ယခုနောက်ပိုင်း တမှိုင်မှိုင်တတွေတွေဖြင့် ဝေးဝေးဝေါင်ဝေါင်ဖြစ်နေလေ သည်၊

ထမင်းမစား၊ ဟင်းမစားနှင့် အချိန်တိုင်းမိန်းကလေးအကြောင်းများကို သာ စဉ်းစားနေသည်ဟု ထင်ရသည်၊ အစာမဝင်သောကြောင့် တဖြည်းဖြည်း ပိန်ချုံးချိနဲ့လာသည်၊ ထို့ကြောင့် ဆေးဆရာကြီးဦးဗန္ဓုကကိုပင့်၍ဆေးကုသ ရပြန်သည်၊

"ကဲ - ဒီတစ်ခါတော့ - ပညာကုန်သုံးမှ ရတော့မယ်၊ သူ့ဆီကို ဝင်ပူးပြီး ကပ်နေတာက ဟောဒီရွာရှေ့ကွင်းကြီးထဲက ကွင်းပိုင်အုန်းကြည်မပဲ၊ အုန်း ကြည်မကသေပြီးပြိတ္တာဘဝနဲ့ကွင်းပိုင်ဖြစ်နေတယ်တဲ့လေ၊ အဲဒါ - သူနဲ့အတူ သေသွားတဲ့ ညိုမောင်နဲ့ ဒီက အေးဆောင်နဲ့က ရုပ်ချင်းဆင်တာဆိုတော့ အေးဆောင်ဟာ ညိုမောင်သေလို့ ဝင်စားတာလည်း ဖြစ်နိုင်တယ်၊ အဲဒါ ကြောင့် အုန်းကြည်မက ဒီအေးဆောင်အပေါ် ကိုညိုမောင်အမှတ်နဲ့ လာပြီး တပ်နေတာပေါ့၊ အုန်းကြည်မရဲ့ ဣဒ္ဓိပါဒ်တန်ခိုးကလည်း သူ့ကံကြောင့် အတော်စွမ်းတယ်၊ တော်ရုံတန်ရုံဆရာနဲ့ဆို မလွယ်ဘူး၊ ဆရာကြီးကတော့ မေတ္တာနဲ့ ကုမှာမို့ သူ့ကို မေတ္တာရပ်ခံပြီး ကုပေးပါ့မယ် - စိတ်သာချ"

အေးဆောင်ကို ဆေးဆရာကြီးဦးဗန္ဓုကမှ ဆေးကုသမည်ဆို၍ တစ်ရွာ လုံးက စိတ်ဝင်တစား လာရောက်ကြည့်ရှုကြသည်၊ တစ်ရွာလုံးကလည်း သေဆုံးသွားသော ညိုမောင်နှင့် ရုပ်ချင်းဆင်သော အေးဆောင်ကို ဤရွာ သို့ ရောက်လာစကတည်းက စိတ်ဝင်တစားရှိခဲ့ကြသည်၊ သို့ရာတွင် အေး ဆောင်၏ ဒေါ်လေး မအေးလှမှာ ဤရွာသူ မဟုတ်သောကြောင့် တစ်ရွာလုံး က သိပ်မစပ်စုတတ်ကြခြင်း ဖြစ်သည်၊



နောက်ပိုင်း အေးဆောင်သည် ညိုမောင်ဖြစ်၍ ညိုမောင်နှင့် အုန်းကြည် မတို့၏ ဇာတ်လမ်းကို ပြိတ္တာမကွင်းပိုင်အုန်းကြည်မမှ စတင်အကောင် အထည်ဖေါ်လေရာ တစ်ရွာလုံးက သိချင်စိတ် ပြင်းထန်သွားတော့သည်၊ လွန်ခဲ့သောနှစ် (၂၀)ကျော်က ဖြစ်ပျက်ခဲ့သည့် အုန်းကြည်မတို့အကြောင်း ကို သိထားကြသည့် ရွာသူရွာသားဟောင်းများက ပို၍ပင်စိတ်ဝင်တစား ရှိကြသည်၊ ထို့ကြောင့် အေးဆောင် ဆေးကုသရာသို့ တစ်ရွာလုံး လာရောက် ကြည့်ရှုကြခြင်း ဖြစ်သည်၊

"ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ - ရတနာမြတ်သုံးပါးတို့ကို ဦးထိပ်ထား၍ ဘုရားတပည့်တော် သစ္စာပြုပါ၏၊ ဘုရားတပည့်တော်သည် ဝေနေယျများစွာ သတ္တဝါတို့အပေါ် မေတ္တာထား၍ နေ့စဉ် ပြုပြုသမျှတို့ကို အမျှပေးဝေခဲ့ပါ၏၊ ခုနစ်ရက်သားသမီးများအပေါ်၌လည်း မေတ္တာဖြင့် ဆေး ကုသပေးခဲ့ပါ၏၊ ဤမှန်သောသစ္စာစကားကြောင့် လူနာ မောင်အေးဆောင် ၏ရောဂါကို ပျောက်ကင်းချမ်းသာသည်အထိ ကုသနိုင်ရပါစေသား၊ အတိုက် အခံပြုသောသူကိုလည်း ကျွန်ုပ် မေတ္တာပေးပို့ပါ၏၊ ကျွန်ုပ်အပေါ်၌လည်း မေတ္တာဖြင့်သာ တုံ့ပြန်နိုင်ပါစေသတည်း"

ဆေးဆရာကြီး ဦးဗန္ဓုကမှ ဘုရားကျောင်းဆောင်ရှေ့တွင် ရေမန်းမန်း ကာ အေးဆောင်ကို တိုက်သည်၊ အေးဆောင်က တင်ပျဉ်ခွေထိုင်လျက် ရေမန်းကို ယူမသောက်ဘဲ ဆေးဆရာကြီး ဦးဗန္ဓုကကို ဒုံးဒြစွာ စိုက်ကြည့် နေသည်၊

"ရော - မောင်အေးဆောင် - ဟောဒီဘုရားဆေး၊ တရားဆေး၊ သံဃာ ဆေးကို သောက်လိုက်နော် ..."

အေးဆောင် - ဘာမျှပြန်မပြော၊ ဦးဗန္ဓုက ပေးသည့် ရေမန်းခွက်ကို လှမ်းယူပြီးနောက် ပစ်ပေါက်ချလိုက်သည်၊

"ဂလွမ် - ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com

ရေမန်းခွက်ကို အဝေးသို့ လွှင့်စဉ်ကာကျသွားပြီး ရေများလည်း တစ်စက်မှမကျန် မှောက်ကျကုန်သည်။

"ဝုန်း"

"ဟား - ဟား - ဟား - ငါ့ကို ဘာများမှတ်နေလဲ။ ကွင်းပိုင်အုန်းကြည်မတဲ့၊ တစ်ယောက်ထဲရှိတယ်၊ ငါ့ကို ပညာလာမစမ်းနဲ့၊ လာစမ်းတဲ့သူ ပွဲချင်းပြီးသွားမယ်မှတ်"

အေးဆောင်တစ်ယောက် ထိုင်ရာမှ ထ,ခုန်ကာ ခါးကို ထောက်လျက်မှ ဆေးဆရာကြီး ဦးဝန္နကကို စေ့စေ့ကြည့်ကာ ကိုယ်ကို ဘယ်ယိမ်းညာယိမ်း လှုပ်၍ အသံကျယ်ကြီးဖြင့် ပြန်၍ပြောသည်၊ ဆေးဆရာကြီးကား အပြုံးမပျက် စောစောက ရေမန်းခွက်ကို ပြန်ကောက်ယူကာ ရေထပ်ဖြည့်၍ မန်းမှုတ်နေပြန်သည်။ ပြီးမှ - အေးဆောင်ကိုယ်ပေါ်သို့ သူ၏လက်ဖြင့် ရေစက်များ ပက်ဖျန်းလိုက်သည်၊

"အောင်မယ်လေး - ပူတယ် - ပူတယ်၊ မလောင်းပါနဲ့ - မလောင်းပါနဲ့ ပူတယ်"

"ငါက - ဘာတွေလောင်းနေလို့လဲ၊ မြတ်ဘုရားရဲ့မေတ္တာရေကို ညည်းအေးမြသွားအောင် လောင်းနေတာပါ။ ညည်းကို ပူအောင်လောင်းနေတာ မဟုတ်ပါဘူး။ တကယ်လို့ - ညည်းက ပူလောင်တယ်ဆိုရင်တော့ ဖောဒီ အေးဆောင်ခန္ဓာကိုယ်ပေါ်ကနေ ထွက်သွားပေတော့၊ ငါကတော့ ညည်းရော၊ ဟောဒီ - မောင်အေးဆောင်ရော ကောင်းမွန်ဖို့ ဟောဒီမေတ္တာရေကို လောင်းပေးနေရမှာပဲ"

"ဖုန်း"

ဆရာကြီး ဦးဝန္နကမှ ရေမန်းကို အေးဆောင်ကိုယ်ပေါ်သို့ ပက်ဖျန်းလိုက်ရာ အေးဆောင်မှာ ရုတ်တရက် မတ်တတ်ရပ်နေရာမှ အောက်သို့ ရှက်ချင်းလဲကျသွားသည်၊ ကြည့်နေသူ ပရိသတ်မှာ အံ့ဩစွာဖြင့် စိုးရိမ်တကြီး ကြည့်နေကြသည်၊

"ကဲ - ကဲ - သူ့ကို ထူလိုက်ပါ။ ခုမှ - သူသတိရလာတာ၊ ရော့ - ရော့ ဟောဒီရေမန်းလေး သောက်လိုက် ..."



ထိုအခါမှ အေးဆောင်မှာ ရေမန်းကိုယူ၍ သောက်ကာ ပရိသတ်ကို တစ်လှည့်၊ ဆရာကြီးဦးဝန္နကကိုတစ်လှည့် ကြည့်ကာ အံ့ဩနေလေသည်။ သူ့ကိုယ်သူလည်း တစ်ချက်ပြန်ငုံ့ကြည့်၍ ဒေါ်လေးမအေးလှထံသို့ အကြည့်ရောက်သွားကာ မေးကြည့်လိုက်သည်၊

"ဒေါ်လေး - ကျွန်တော် ဘာတွေဖြစ်နေတာလဲဟင်၊ လူတွေလည်းဝိုင်းအုံလို့၊ ကျွန်တော် တစ်ခုခုဖြစ်တာ မဟုတ်လား။ ကျွန်တော့်ကို ပြန်ပြောပြပါလား - ဒေါ်လေးရယ်"

"မင်းကို လိုက်နှောင့်ယှက်နေတဲ့ အုန်းကြည်မက မင်းဆီမှာ ဝင်ပူးကပ်ပြီး ဆရာကြီးနိုင်းတာကို မလုပ်ဘဲနဲ့ ကြမ်းရမ်းနေလို့ ဆရာကြီးက ရေမန်းနဲ့ဖြန်းလိုက်မှ ထွက်ပြေးသွားတယ်လေ၊ ဒီတော့မှ - မင်း ခုလို သတိရလာတာ၊ တဲ့ပါ - ခုတော့ မင်းရောဂါကို ဆရာကြီးက ကယ်တင်နိုင်ခဲ့လို့ ကြောက်စရာမလိုတော့ပါဘူးကွယ်၊ မင်းစိတ်ကိုသာ ကောင်းကောင်းထားပြီး ရတနာသုံးပါးနဲ့ မိဘဆရာသမားကို အမြဲအာရုံပြုပြီးနေ - ကြားလား၊ ဆရာကြီးကို ကန်တော့လိုက် ..."

"ဟုတ်ကဲ့ပါ - ဒေါ်လေး"

အေးဆောင်က ပြောပြောဆိုဆို ဆရာကြီးဦးဝန္နကကို လက်အုပ်ချီ၍ ကန်တော့လိုက်သည်၊ ဆရာကြီးက ဆုများပေးပြီးနောက် ထ,ပြန်သွားရာ လာရောက်ကြည့်ရှုနေသည့် ပရိသတ်မှာလည်း ထ,ပြန်သွားကြတော့သည်။

"ကဲ - မင်းနဲ့ ဒေါ်လေးနဲ့ - နှစ်ယောက်တည်းရှိတုန်း မင်းကို စကားနည်းနည်းပြောချင်တယ်၊ မင်းအတွက် ဒေါ်လေးစဉ်းစားထားလေးတွေ မင်းသိအောင်လို့ ..."

"ဟုတ်ကဲ့ - ပြောပါ - ဒေါ်လေး"

"ဒီလိုကွဲ့ - မင်းတလည်း တစ်ကောင်ကြွက်၊ ငါကလည်း မုဆိုးမတစ်ကောင်ကြွက်၊ ပြီးတော့ - မင်းက ဒေါ်လေးနဲ့ အတူတူနေမယ်လို့ ဆုံးဖြတ်တယ်ဆိုရင်တော့ - မင်းကို ဒေါ်လေး အိမ်ထောင်ချထားပေးချင်တယ်၊ ဘယ်နှယ့်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ခုလောလောဆယ်တော့ - ကျွန်တော်အိမ်ထောင်မပြုချင်သေးပါဘူး။ ဒါပေမဲ့လည်း ဒေါ်လေးက သင့်တော်မယ်ထင်လို့ စီမံရင်တော့ ကျွန်တော် လိုက်နာပါ့မယ်"

"အေးကွယ် - မင်းကို အိမ်ထောင်ချပေးချင်တာက အခုဖြစ်နေတဲ့ ပယောဂလည်း ပျောက်၊ ပြီးတော့ - မင်းရော၊ ဒေါ်လေးရော အဖော်တစ်ယောက်ရတော့ လယ်ယာကိုင်းကျွန်းလုပ်ရတာမှာလည်း အထောက်အကူရတာပေါ့။ အေးလေ - ငါ့တူက ဒေါ်လေးဆန္ဒဆိုရင်တော့ မင်းကိုဦးဆုံးအိမ်ထောင်ချပေးမယ့် မိန်းကလေးနဲ့ တွေ့ပေးမယ်၊ မင်း - အကဲခတ်လို့ရတာပေါ့၊ သူ့နာမည်က မခင်ရီတဲ့၊ ဒီရွာက ရွာသူလေးပါပဲ၊ ကဲ - ကဲ - မင်းလည်း ပင်ပန်းရောပေါ့၊ အနားယူလိုက်ဦး။ ဒေါ်လေး - အမြင်ခကာသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ - ဒေါ်လေး"

ဒေါ်လေး မအေးလှက ပြောပြောဆိုဆို ရွာထဲသို့ ထွက်သွားသည်။ ဒေါ်လေးထွက်သွားသည်နှင့် အေးဆောင်တစ်ယောက် လှဲအိပ်ရင်း အနားယူလိုက်သည်၊ ခေါင်းထဲမှအတွေးများ ရှုပ်ရှုပ်လည်နေသော်လည်း စောစောက ပင်ပန်းထားသည့်ဒဏ်ကြောင့် မကြာခင် အေးဆောင် ကောင်းစွာအိပ်ပျော်သွားလေသည်၊

—◇—

ဒေါ်လေး မအေးလှက အေးဆောင်နှင့် ခင်ရီကို လူကြီးစုံရာ ဖိတ်ကြား၍ ထိမ်းမြားလက်ထပ်ပေးလိုက်သည်၊ တစ်ရွာလုံး အံ့အားသင့်သွားကြသည်၊ မခင်ရီတို့သားအမိကတော့ ဝမ်းသာကြည်နူးသွားခဲ့ကြသည်၊ မခင်ရီတို့သားအမိမှာလည်း မုဆိုးမသားအမိဖြစ်ရာ နိုကိုးစရာ လိုအပ်နေသဖြင့် ဒေါ်အေးလှ၏ ကမ်းလှမ်းမှုကို အလျင်အမြန် ခေါင်းညိတ်ခဲ့ခြင်းကြောင့် အေးဆောင်နှင့် မခင်ရီတို့ ချက်ချင်းလက်ထပ်ဖြစ်သွားခြင်း ဖြစ်သည်၊

ယောင်နောက်ဆံထုံးပါဆိုသကဲ့သို့ မခင်ရီက အေးဆောင်တို့ အိမ်သို့ လိုက်နေရသည်၊ မခင်ရီတို့အိမ်နှင့်အေးဆောင်တို့အိမ်မှာ တစ်မြို့ကျော်ကျော် သာရှိ၍ အဆင်ပြေသည်၊ မိခင်၏အလုပ်ကိုလည်း မခင်ရီ သွားလုပ်ပေး၍ရသည်၊ အိမ်အလုပ်နှင့် အေးဆောင်၏ ဝေယျာဝစ္စအလုပ်များကိုလည်း လုပ်ကိုင်ပေးနိုင်သည်၊ သည်လိုနှင့် အေးဆောင်နှင့်မခင်ရီတို့ လက်ထပ်ပြီး ခုနစ်ရက်အကြာသို့ ရောက်လာသည်၊

နေ့လယ်ကယာလုပ်ငန်းကိုဆောင်ရွက်ခဲ့ရသဖြင့်အေးဆောင်အတော်ပင်ပန်းသွားသည်၊ ထို့ကြောင့် အိမ်ရာထဲဝင်၍ ခေါင်းချလိုက်သည်နှင့် ချက်ချင်းအိပ်ပျော်သွားသည်၊ မခင်ရီကတော့ တော်တော်နှင့် အိပ်၍မပျော်၊ ဟိုတွေးသည်တွေးဖြင့် မျက်စိကြောင်နေစဉ် -

"ငါ့ကို နားလည်ပေးပါ - အုန်းကြည်မရယ်၊ နင်နဲ့ငါက ဘဝခြားသွားပါပြီ၊ ဘယ်လိုနည်းနဲ့မှ တို့တတွေ ပေါင်းစပ်လို့ မရနိုင်တော့ပါဘူး၊ အခု - ငါအိမ်ထောင်ကျသွားပြီဆိုတော့ ငါ့ကို မနှောင့်ယှက်ပါနဲ့တော့ဟာ - နော်"

"ဝါ - နင်နဲ့ မလိုက်နိုင်ဘူး၊ ငါ့ကို မခေါ်ပါနဲ့၊ ငါ့ကို ခွင့်လွှတ်ပါ၊ ငါ့ကိုမခေါ်ပါနဲ့"

အေးဆောင်တစ်ယောက် အိပ်ပျော်နေရင်းမှ စကားတတွတ်တွတ် ပြောနေသည်၊ အေးဆောင်စကားသံများကို ကြားရ၍ အေးဆောင်ကို အုန်းကြည်မ လာနှောင့်ယှက်သည်မှန်း မခင်ရီ သိသွားသည်၊ ထို့ကြောင့် အေးဆောင်ကို ပုတ်ခတ်လှုပ်နှိုးလိုက်ရာ အေးဆောင် ဇေးကြောင်စွာ ထ. ထိုင်လိုက်သည်၊ အေးဆောင်ကို ကြည့်ရသည်မှာ တစ်ခုခုဖြစ်နေသည်မှန်း သိသာသည်၊

"ကိုအေးဆောင် - ရှင် ဘာတွေယောင်အော်နေတာလဲ၊ စောစော - အုန်းကြည်မ - ရှင့်ကို လာခေါ်နေတာ မဟုတ်လား၊ ရှင် - သူနဲ့ လိုက်သွားလို့ မဖြစ်ဘူးနော် - ကြားလား - ကျွန်မပြောတာ"

မခင်ရီကအေးဆောင်ကိုယ်ကိုလှုပ်နှိုးပြောနေသော်လည်းအေးဆောင်က မျက်လုံးအပြူးသားကြည့်ကာ ဘာစကားမျှပြန်မပြောချေ၊ ထို့ကြောင့် မခင်ရီက အေးဆောင်ကို ချော့မော့ပြီး ပြန်အိပ်နိုင်းလိုက်သည်၊





www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ကဲ - ရှင် နေ့လယ်က ပင်ပန်းထားတော့ အိပ်တော့နော်။ ဘာမှ စဉ်းစားမနေနဲ့ - ကြားလား"

အေးဆောင် အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်သည်နှင့် မျက်စိမှိတ်ကာ ချက်ချင်းအိပ်ပျော်သွားတော့သည်။ မခင်ရီကတော့ အိပ်မပျော်နိုင်သေး။ အုန်းကြည်မအကြောင်းကို တွေးရင်၊ ရင်မှာ ပူပင်သောကစိတ်ဖြစ်ကာ ပို၍အိပ်မရဖြစ်ရရှာသည်။ ထိုစဉ် အိမ်ရှေ့ဆီမှ လမ်းလျှောက်လာသံ တစ်ခုကို ကြားလိုက်ရသည်။

"ဖျတ် - ဖျတ် - ဖျတ် - ဖျတ်"

လမ်းလျှောက်လာသည့်ခြေသံသည် အေးဆောင်နှင့် မခင်ရီတို့အခန်းတွင် ပျောက်ကွယ်သွားသည်။ မခင်ရီ - သူမဘေးပတ်လည်သို့ ဝေ့ဝိုက်ကြည့်သည်။ အခန်းတွင်း၌ မှောင်မည်းနေသဖြင့် ဘာကိုမျှမမြင်ရ။

"ဝုန်း"

တစ်ယောက်ယောက်က တွန်းလိုက်သဖြင့် မခင်ရီ အိပ်ရာပေါ်မှ လွင့်စဉ်သွားသည်။မခင်ရီစိတ်ထဲကြောက်စိတ်ကြောင့်အသားများတဆတ်ဆတ် တုန်လာသည်။ နှုတ်မှ ဂါထာတချို့ကို ရွတ်ဖတ်လိုက်ပြီး အိပ်ရာပေါ်သို့ ပြန်တက်၍ အိပ်ရန် စိုင်းပြင်းလိုက်သည်။

"ဝုန်း"

နောက်တစ်ကြိမ် အိပ်ရာပေါ်ရောက်သည်နှင့် တစ်ယောက်ယောက်၏ တွန်းလွှတ်မှုကြောင့် အိပ်ရာဘေးသို့ လဲကျသွားသည်။ စိတ်ထဲမှာ ကြောက်စိတ်ထက် ဒေါသစိတ်တို့ဖြစ်ပေါ်လာကာ ထိုင်ရာမှထ၍ မီးတိုင်ကို ထ၍ ထွန်းလိုက်သည်။ မီးတိုင်အလင်းကြောင့် အခန်းတွင်း၌ အရာရာကို သဲကွဲစွာ မြင်တွေ့နေရသည်။ အေးဆောင်ကမူ အိပ်မောကျလျက် ရှိနေသည်ကို တွေ့ရသည်။

မီးတိုင်ထွန်းထားပြီး အိပ်ရာပေါ်တက်အိပ်ရန် မခင်ရီ ပြင်ဆင်ပြီး ကိုယ်ကို လှဲချလိုက်သည်။ တော်တော်နှင့် ဘာမျှထူးမလာ။ မိမိရသည့်ဂါထာတစ်



ပုဒ်ကို အခေါက်ခေါက် အခါခါ ရွတ်ဆိုနေလိုက်ရာ မကြာခင် မခင်ရီ အိပ်ပျော်သွားတော့သည်။ သို့ရာတွင် နံနက်လင်းသောအခါ မခင်ရီတစ်ယောက် အခန်းပေါက်ဝတွင် ခွေခွေလေးအိပ်ပျော်နေမှန်း သိရလေသည်။ ထို့ကြောင့် သည်အကြောင်းကို ဒေါ်လေး မအေးလှကို ပြန်ပြောပြရန် မခင်ရီ ဆုံးဖြတ်လိုက်သည်။

"သင်း - အိမ်ထောင်ကျသွားတာတောင် လိုက်နှောင့်ယှက်နေသေးတုန်းပဲကိုး။ မဖြစ်သေးဘူး၊ ဆေးဆရာကြီးကိုပင့်ပြီး အပြတ်ရှင်းနိုင်းမှဖြစ်မယ်။ အခုတလော - အေးဆောင်ကိုကြည့်ရတာ တစ်မျိုးဖြစ်နေတယ်၊ အလုပ်လည်း မလုပ်ဘူး၊ အစားလည်း မစားဘူး။ ကြာရင် - ဒုက္ခရောက်လိမ့်မယ်"

မခင်ရီပြန်ပြောပြသည့်နောက်ပိုင်း အေးဆောင်အခြေအနေမှာ ဆိုးဝါးလာသည်။ တစ်ချိန်လုံး တမှိုင်မှိုင် တတွေတွေနှင့် ငေးမျှော်၍သာနေလေသည်။ ထမင်းပင် မစားတော့၊ ထို့ကြောင့် ခန္ဓာကိုယ်မှာ ပိန်လှီလာသည်။ ဆေးဆရာကြီးမှာလည်း ခရီးလွန်နေ၍ ရောက်မလာ၊ အခြားဆရာများနှင့် တုသော်လည်း ထူးခြားမလာ၊ ဒေါ်လေး မအေးလှနှင့် မခင်ရီတို့ အေးဆောင်အတွက် စိတ်ပူကာအားငယ်ကာ ဆေးဆရာကြီး ဦးဗန္ဓကတိုသာ စောင့်မျှော်နေကြရတော့သည်။

ဆေးဆရာကြီး ရောက်မလာမီ ညတိုင်း အေးဆောင်တစ်ယောက် ဟိုးသခင်ကအတိုင်း ညကြီးမိုးချုပ် စကားထ‌ပြောနေသကဲ့သို့ မခင်ရီမှာလည်း အိပ်ရာပေါ်သို့ တက်အိပ်မရဘဲ တွန်းလွှတ်ခံရတုန်းပင် ရှိသည်။ မီးထွန်းပြီး အိပ်မှ ထိုအပြုအမူများ ပျောက်သော်လည်း မခင်ရီ အိပ်ပျော်သွားသည်နှင့် မီးတိုင်မီး ငြိမ်းကာ မခင်ရီမှာ အိပ်ရာပေါ်တွင်မရှိ၊ တစ်နေရာရာ ရောက်နေသည်နှင့်သာ ညတိုင်း ကြုံတွေ့နေရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတော့ - ဒီအိမ်မှာ နေရမှာကို တဖြည်းဖြည်း ကြောက်ကြောက်လာတယ်၊ အုန်းကြည်မက ကျွန်မကို အေးဆောင်နဲ့ အတူတူအိပ်တာကို လက်စံပုံ မပေါ်ဘူး။ ညတိုင်း နှောင့်ယှက်နေတယ်။ မီးထွန်းပြီး အိပ်ရင်တော့ ခဏရတယ်၊ ဒါပေမဲ့ - အကြာကြီးမရဘူး။ အဲဒီမီးခွက်ကို မီးငြိမ်းပြီး သူလုပ်ချင်တာ လုပ်တာပဲဆိုတော့ အတော့်ကို စဉ်းစားရခက်နေတယ်၊ ဒီကြားထဲကို အေးဆောင်က အိပ်ရာကထပြီး အိမ်ပြင်ထွက်သွားတတ်မှုို့ သူ့ကို စောင့်ကြည့်နေရတာနဲ့ ကျွန်မလည်း ညတိုင်း အိပ်ရေးပျက်ပြီး အားနည်းလာပြီ၊ ကျွန်မတို့ တစ်ခုခုလုပ်မှ ဖြစ်မယ်ထင်တယ် - ဒေါ်လေး။ အဲဒီလိုမှ မဟုတ်ရင် - ကိုအေးဆောင်ဖြစ်ဖြစ်၊ ကျွန်မဖြစ်ဖြစ် တစ်ယောက်ယောက် ဒုက္ခရောက်လိမ့်မယ် ထင်တယ်"

"အေးပါအေ - ငါလည်းအချိန်တိုင်းစဉ်းစားနေတာပါ။ ဆရာကြီးသတင်းလည်း အမြဲစုံစမ်းနေပါတယ်၊ ဒီအုန်းကြည်မက တော်တော်မွှေတာပဲ။ ပိုင်ရာဆိုင်ရာတို့ရေ - ကြည့်မနေကြပါနဲ့၊ ကျွန်တော်မျိုးမတို့ကို ကယ်တင်တော်မူပါဦး၊ ကယ်တော်မူကြပါဦးရှင် ..."

ဒေါ်လေးမအေးလှတစ်ယောက်စိတ်ရှုပ်စွာဖြင့် ပြောမိ ဆိုမိတော့သည်။ မည်သို့ပင်ဆိုစေကာမူ ဒေါ်လေး မအေးလှရော၊ မခင်ရီပါ နှစ်ယောက်သားအချိန်ရှိသရွေ့ အေးဆောင်ကိုသာ အရိပ်တကြည့်ကြည့်နှင့် အလုပ်ပျက်အကိုင်ပျက် ဖြစ်နေရသည်။

လွန်ခဲ့သော သုံးရက်ခန့်က ဒေါ်အေးလှနှင့် မခင်ရီတို့နှစ်ယောက် အိပ်မှာမရှိခိုက်အေးဆောင်ပျောက်သွား၍အသည်းအသန်လိုက်ရှာကြရာ ချာချေ့ကွင်းကြီးထဲသို့ရောက်နေပြီးတစ်ယောက်တည်းကညင်ပင်ကြီးကိုဖက်တွယ်၍စကားပြောနေသည်ကိုပြန်တွေ့ကြရသည်၊ အိမ်သို့မနည်းချော့၍ပြန်ခေါ်ကြရသည်၊ ထို့ကြောင့် တခြားနီးစပ်ရာရွာမှ ဗိန္ဓောဆရာတစ်ဦးကိုပင့်၍ ပြကြည့်ရာ အေးဆောင်ကြမ်းတမ်းစွာ ပြုမူသောကြောင့် ဆေးဆရာမှာပြန်ပြေးသွားရတော့သည်။



အေးဆောင်မှာ အစာမစားသောကြောင့် တဖြည်းဖြည်း ပိန်ချုံးလာကာ အိပ်ရာထဲ လဲတော့သည်၊ မခင်ရီကား တငိုငိုဖြစ်လျက် သူ့လင်သားအတွက် စိတ်မကောင်းဖြစ်နေရှာသည်၊ ဒေါ်အေးလှကား ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ ဗျာများနေရရှာသည်။

"ဟော - သူလာခေါ်နေပြီ၊ အုန်းကြည်မ - ငါ့ကို မထားခဲ့ပါနဲ့၊ ငါ - နင်နဲ့လိုက်ခဲ့မယ်၊ နင့်ကိုငါ မခွဲနိုင်ဘူး။ ငါ့ကို မထားခဲ့ပါနဲ့ - ငါ - ငါ"

အေးဆောင်တစ်ယောက် အိပ်ရာထက် လဲ့နေရင်း ကယောင်တထမ်းအော်ဟစ်ရင်း သတိမေ့မြောသွားရာ မခင်ရီ ငိုယိုရင်းမှ အေးဆောင်ထံ ပြေးဝတ်ကာ -

"ကိုအေးဆောင် - ရှင် သတိထားလေ၊ ကျွန်မ - ရှင့်ဇနီးလေ၊ ရှင် - ဘယ်ကိုလိုက်သွားမှာလဲ၊ ရှင်လိုက်သွားရင် ရှင်သေမှာပေါ့၊ ရှင် - ဘယ်မှမလိုက်ရဘူး။ ကျွန်မတို့နဲ့ အတူနေရမယ်၊ စိတ်ကို တင်းထား၊ ဆေးဆရာကြီးရောက်လာတော့မယ်၊ ဒေါ်လေး - ဆေးဆရာကြီးကို သွားပင့်နေတယ်၊ ရှင် ငြိမ်ငြိမ်လေးနေနော်၊ ကျွန်မ - ရှင့်ဘေးမှာ ရှိတယ် - သိလား"

မခင်ရီပြောနေသံကိုအေးဆောင်မကြားတော့၊ သတိလစ်မေ့မြောသွားသည်ဖြစ်ရာ မခင်ရီ အေးဆောင်ရင်ဘတ်ပေါ်သို့ နားကိုကပ်၍ အသက်ရှူမရှူ စမ်းသပ်ကြည့်မှ တဖြည်းဖြည်းချင်း အသက်ရှူနေသည်မှန်း သိရ၍ စိတ်သက်သာရာ ရခဲ့ရပြန်သည်၊ ထိုစဉ် -

"မခင်ရီရေ - ဟောဒီမှာ ဆရာကြီး ပါလာပြီ၊ အေးဆောင်တော - ဘယ်လိုနေသေးလဲ၊ ဟင် - အေးဆောင် - ဘာဖြစ်သွားပြီလဲ ဟင်"

ဒေါ်လေး မအေးလှအိမ်ပေါ်သို့ တက်တက်ချင်း မြင်လိုက်ရသောမြင်ကွင်းကြောင့် အေးဆောင် တစ်ခုခုဖြစ်ပြီအထင်ဖြင့် မေးလိုက်ရာ မခင်ရီက ငိုရှိုက်ပြန်ပြောသည်၊

"သူ - သတိလစ်နေတာပါ - ဒေါ်လေး။ အခြေအနေကတော့ သိပ်မကောင်းဘူး၊ ကျွန်မအထင် အုန်းကြည်မက သူ့ဆီလာဖို့ လာလာခေါ်နေတယ် - အောက်မေ့တယ်၊ ကယ်ပါဦး - ဒေါ်လေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါအေ - စိတ်အေးအေးထား။ ဒီဆရာကြီးက အနန်းကြည်မကို နိုင်တယ်၊ ဆရာကြီးပါလာမှ ငါ့တူလေး ဘာမှမဖြစ်စေရဘူး - စိတ်ချနေ၊ ဆရာကြီးလိုအပ်တာသာ စီမံပေး - ကြားလား"

ထိုစဉ် ဆရာကြီး ဦးဗန္ဓကမှ အေးဆောင်ကို စစ်ဆေးကြည့်ရှုပြီးနောက် ဘုရားကျောင်းဆောင်ဖရုတွင် ဆီမီးရေချမ်းကပ်၍ ငါးပါးသီလ ဆောက်တည်ပြီး ရေမန်းဖြင့် အေးဆောင်ခန္ဓာကိုယ်ပေါ်သို့ ပက်ဖျန်းပြီးနောက် မေတ္တာပို့၍နေလေသည်၊ ဒေါ်အေးလှနှင့် မခင်ရီတို့က ဆရာကြီးလိုအပ်သမျှ စီမံဆောင်ရွက်ပေးနေကြသည်၊ တစ်နာရီခန့် ဆရာကြီး မေတ္တာထိုင်ပို့ပေးနေစဉ် အေးဆောင်တစ်ယောက် သတိပြန်ရလာသည်၊ သို့သော် ကြည်ကြည်လင်လင်မရှိသေးချေ။

ဆရာကြီး မေတ္တာပို့ပြီးချိန်တွင် အေးဆောင်ဘက်သို့ လှည့်ကြည့်ကာ သတိရနေမှန်းသိ၍ ဦးခွာ ရေမန်းတစ်ခွက် တိုက်လိုက်သည်၊ အေးဆောင်က ရေမန်းကို မသောက်ချင်ဖြစ်နေ၍ အတင်းချုပ်၍ တိုက်လိုက်ကြသည်၊ ရေမန်းသောက်ပြီးသည်နှင့် အေးဆောင် စိတ်ကြည်ကြည်လင်လင် ဖြစ်လာတော့သည်၊ သို့သော် အားအင်ချိနဲ့နေသဖြင့် အစာကျွေးရန် ဆရာကြီးက မိန့်ကြားလိုက်သည်၊

"ကဲ - သူ့ကို ခုချိန်ကစပြီး အစာကျွေးပေတော့၊ အစာစားပြီး ကျန်းမာရေးကောင်းမှ ဆေးဆက်ကုလို့ရမယ်၊ ဒီကြားထဲမှာတော့ - သူ့ကို စောင့်ရှောက်ရင်း ကျုပ် - ဒီအိမ်မှာ နေပေးမယ် - ကြားလား"

"ဟုတ် - ဟုတ်ကဲ့ - ဆရာကြီး"

ထိုနေ့မှစ၍ အေးဆောင်တစ်ယောက် အစာစားသဖြင့် ထူထူထောင်ထောင်ဖြစ်လာသည်၊ ညဘက်တွင်လည်း ဆရာကြီးက တစ်ညလုံးလိုလို မေတ္တာထိုင်ပို့ပေးနေသည့်အပြင် အန္တရာယ်မဝင်နိုင်အောင် မေတ္တာစည်းချထား၍ အနန်းကြည်မ၏ အနှောင့်အယှက်များ ကင်းဝေးသွားရ၏၊

"အင်း - ဒီကလေးမလည်း ဘဝဘဝကဝဋ်ကြွေး ရှိတယ်ထင်ပါ့၊ အခုအချိန်အထိ - မောင်အေးဆောင့်အပေါ် မေတ္တာမပျက်သေးဘူး၊ ကျုပ် စည်းချထားလို့သာ သူ အိမ်ထဲ ဝင်မရဘဲ အပြင်မှာတင် တစ်ညလုံးလုံး စောင့်ကြည့်နေသွားတယ်၊ ဩော် - သူတို့နှစ်ဦးဘဝကလည်း ရေစက်ပဲလေ၊ အတူထူချစ်ခဲ့၊ ကြိုက်ခဲ့ကြပြီး အတူတူသေပွဲဝင်ခဲ့ကြရတာမလား၊ ပြီးတော့ - အနန်းကြည်မက ဒီကွင်းမှာ ကွင်းပိုင်လာဖြစ်၊ အေးဆောင်က လူ့ဝင်စားပြန်ဖြစ်နဲ့ ခုတစ်ခါ ထပ်ပြီးဆုံကြပြန်တော့ မေတ္တာမကုန်ခန်းနိုင်ကြဘူးပေါ့။ အင်း - ကျုပ်လည်း သူတို့အကြောင်း သိထားတော့ ခွဲရတာတောင် သနားမိပါတယ်၊ ဒါပေမဲ့လည်း လောကမှာ မဖြစ်နိုင်တာတွေကို မလုပ်တာအကောင်းဆုံးပဲလေ၊ လူနဲ့ပြိတ္တာ ဘယ်လိုလုပ်ပေါင်းစပ်ဖို့ ရပါ့မလဲ၊ ကဲ - ကဲ - နောက်နှစ်ရက်ကြာရင်တော့ မင်းကို အပြီးသတ်ဆေးကုပေးမယ်၊ ဆေးကုရမှာလည်း အဲဒီအရှေ့ကွင်းဆီကိုသွားပြီး ပြုလုပ်ရမယ်၊ ပြီးရင် - သံယောဇဉ်ပါးဝင့်ပြီး ပရိတ်ရွတ်၊ ရေစက်ချ၊ အမျှဝေကြရလိမ့်မယ်၊ အားလုံးကို ကြိုပြီးပြင်ဆင်ထားကြ - ဟုတ်ပလား"

ဆရာကြီး ဦးဗန္ဓတမှ စီစဉ်ညွှန်ကြားသဖြင့် ဒေါ်အေးလှနှင့် မခင်ရီတို့နှစ်ဦး လိုက်ပါဆောင်ရွက်ထားကြရသည်၊ အေးဆောင်က နေကောင်းစဖြစ်သဖြင့် ဒေါ်အေးလှက ဘာမျှမလုပ်ရန် တားမြစ်ထားလေသည်၊ အိမ်ရှိ ဆရာကြီး၏ ဝေယျာဝစ္စကိစ္စများကိုသာ ဆောင်ရွက်စေသည်၊ သည်လိုနှင့် အေးဆောင်ကို ဆေးကုသမည့်နေ့သို့ ရောက်ရှိလာသည်၊ အေးဆောင်အကြောင်း သိထားကြသည့် ရွာသူရွာသားများမှာလည်း အရှေ့ကွင်း၌ ဆေးကုသမည်ဆိုသောကြောင့် စိတ်ဝင်စားကာ ရွာလုံးကျွတ် လာရောက်ကြည့်ရှုကြလေသည်၊

ရွာအရှေ့ ကညင်ပင်ကြီးရှိရာ ကွင်းပြင်ကြီးထဲတွင် လူအုပ်ကြီးက တိုးဝှေ့ကာ ကြည့်နေကြသည်၊ အရှေ့ကွင်း၏ ကညင်ပင်ကြီးနောက်တွင် အုန်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်း၊ ဆေး ပါဝင်သောပွဲ ငါးပွဲကို ပြင်၍ ထိုပွဲပေါ်တွင် အမွှေးနံ့သာများနှင့် ဖယောင်းတိုင်ကို ထွန်းထားကာ ထိုပွဲ၏နောက်ဘက်





www.burmeseclassic.com

www.burmeseclassic.com

တွင် ဆရာကြီးက မတ်တတ်ရပ်၍နေသည်။ အေးဆောင်နှင့် မိသားစုအားလုံး ဆရာကြီးကြား၌ ရှိကျိုးစွာ ထိုင်၍နေကြသည်။

"ကဲ - ကဲ - ခုချိန်ကစလို့ ရတနာသုံးပါး အမှူးထား၍ မိဘဆရာသမားများကို ရှိကျိုးစွာဖြင့် ကျွန်ုပ် ရှိခိုးပူဇော်ပါ၏။ ဤဘုန်းတန်ခိုးအာနုဘော်ကြောင့်လည်းကောင်း၊ ကျွန်ုပ် နေ့စဉ်ပေးပို့ဖြူကျင့်အပ်သော မေတ္တာတရားကြောင့်လည်းကောင်း မည်သည့်ပုဂ္ဂိုလ်မဆို ကျွန်ုပ်အား မေတ္တာထား၍ စောင့်ရှောက်မ,စကြပါစေကုန်သတည်း။ ကျွန်ုပ်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခမပေးခဲ့သလို၊ ကျွန်ုပ်အားလည်း ဒုက္ခမပေးကြပါလင့်။ ကျွန်ုပ် လူတိုင်းအပေါ် ကူညီခဲ့သလို ကျွန်ုပ်အပေါ်၌လည်း ကူညီကြပါကုန်လော့။ အထူးအားဖြင့် ဤကွင်းအား စောင့်ရှောက်ထားသော ကွင်းပိုင် အုန်းကြည်မအား အထူးမေတ္တာထား၍ကျွန်ုပ် အကူအညီတောင်းခံအပ်ပါသည်။ ဟောဒီတနင်္ဂနွေသား မောင်အေးဆောင်အပေါ်၌ မေတ္တာထား၍ သူ၏သဘောထားလမ်း ဖြောင့်ဖြူးကျန်းမာစွာဖြင့် သာသနာများ ပြုနိုင်ရန် ကွင်းပိုင်မှ စောင့်ရှောက်တော်မူပါ။ အနှောင့်အယှက်တစ်စုံတစ်ရာ မပေးပါနှင့်။ မေတ္တာစိတ်ဖြင့် ကူညီစောင့်ရှောက်နိုင်ပါရန် ကျွန်ုပ် အထူးမေတ္တာရပ်ခံပါသည်။ ကျွန်ုပ်တို့သည် ယနေ့ သင် ဘဝကူးကောင်းနိုင်ရန် ရည်သန်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးပါမည်။ ကျွန်ုပ်တို့နှင့်အတူတကွ ကြွရောက်၍ တရားနာယူကာ သာဓုခေါ်တော်မူပါ"

ဆရာကြီး ဦးဝန္နတ၏ ရှင်းလင်းပြတ်သားသောအသံကြောင့်လည်းကောင်း၊ လာရောက်ကြည့်ရှုကြသော ပရိသတ်အပေါင်း တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်ရှုနေမှုကြောင့်လည်းကောင်း အသံမှာ ကြည်လင်ပြတ်သား၍ လူတိုင်းကြားကြရသည်။ ထိုစဉ် အေးဆောင်တစ်ယောက် ထိုင်နေရာမှ မြေကြီးပေါ်သို့ လူးလိမ့်သွားပြီး အသားတဆတ်ဆတ်တုန်ကာ ရှုံမဲ့ရှုံမဲ့ငိုလေတော့သည်။ ပြီးမှ -

"ကျွန်မကိုသနားပါရှင်။ ကျွန်မ - ဒီဘဝမှာ မနေချင်တော့ပါဘူး။ ကောင်းရာဘဝကို ကူးချင်ပါပြီ။ ဒီဘဝက အရမ်းပူလောင်လှပါတယ်။ ကျွန်မဘဝကူးနိုင်အောင် ကျွန်မအတွက် အမြန်ဆုံးကုသိုလ်ကောင်းမှု ပြုလုပ်ပေးကြပါ။ ကျွန်မ - သူ့ကိုလည်း မနှောင့်ယှက်တော့ပါဘူး။ ကတိပေးပါတယ်။ ကျွန်မ ဒီဘဝက ကျွတ်ချိန်တန်နေပါပြီ။ ကျွန်မကို ကုသိုလ်ဆက်ပေးမယ့်သူမရှိတဲ့အတွက် ဘယ်မှသွားမရ ဖြစ်နေရပါတယ်။ ကုသိုလ်ပြုပေးကြပါရှင်။ အနူးအညွတ်တောင်းပန်ပါတယ် - အဟင့် - အဟင့်"

အေးဆောင်က ငိုရင်း လှိမ့်ရင်းမှ တောင်းပန်စကားဆိုနေရာ ဆရာကြီးက သူ၏ခေါင်းကို ပွတ်သပ်ပေး၍ မေတ္တာပေးပို့နေလေသည်။ အေးဆောင်၏ ငိုယိုမြည်တမ်းမှုကြောင့် ပွဲကြည့်လာ အမျိုးသမီးတချို့က မျက်ရည်စို့သည်ထိ သနားကရုဏာဝင်သွားကြသည်။ တချို့ကား မျက်ရည်တသွင်သွင်ဖြင့် ဆိုလျက် စိတ်မကောင်းဖြစ်ကြသည်။ မကြာမီ ပင့်ဖိတ်ထားသော သံဃာငါးပါး ကြွလာသဖြင့် ငါးပါးသီလ ခံယူဆောက်တည်ပြီး ဒေါ်အေးလှနှင့် ခင်ရီတို့က အေးဆောင်ကိုယ်စား သံဃာများကို ဝတ္ထုနှင့် သင်္ကန်း တပ်လှူလိုက်ကြသည်။

ထိုအချိန် အေးဆောင်မှာ သတိလစ်လျက်နှင့်ပင် အေးဆေးစွာ ငါးပါးသီလ ခံယူဆောက်တည်၍ သံဃာများကို ဦးရကန်တော့နေရှာသည်။ အားလုံးကမူ အေးဆောင်ကိုယ်တွင် အုန်းကြည်မ လာရောက်ပူးကပ်၍ တရားနာယူနေသည်ဟု သိနေကြသည်။ ဆရာကြီးကလည်း သိသော်လည်း ဘာမျှမပြော၊ သူ့စိတ်တိုင်းကျ ကောင်းမှုပြုသည်ကို ကြည်ဖြူစွာ ကြည့်နေလိုက်သည်။ မကြာမီ သံဃာတော်များမှ တရားပေးသဖြင့် ပရိသတ် တရားနာယူကြရသည်။ တရားနာယူအပြီး ရေစက်ချ အမျှပေးဝေရာ အမျှသုံးကြိမ်ခေါ်ပြီး အုန်းကြည်မကို ရည်စူး၍ သာဓုသုံးကြိမ်ခေါ်ပြီးသည့်နောက်တွင်တော့ အေးဆောင်တစ်ယောက် တည်တည်ငြိမ်ငြိမ်နှင့် လူကောင်းပကတိ ပြန်ဖြစ်သွားလေသည်။ ထိုအခါမှ မခင်ရီက အေးဆောင်အနားကပ်၍ အကျိုးအကြောင်းရှင်းပြလေရာ -

"အုန်းကြည်မရေ - နင့်အတွက် ငါတို့ ကုသိုလ်ဆက်ပေးပါတယ်။ နင် - တို့နဲ့ ထပ်တူကုသိုလ်ယူပါ - အမျှ - အမျှ - အမျှ - သာဓု - သာဓု - သာဓု"





www.burmeseclassic.com

www.burmeseclassic.com

အေးဆောင်က အုန်းကြည်မကို အမျှပေးဝေလိုက်တော့သည်။ ထိုစဉ် ကညင်ပင်ပေါ်မှဥသြတွန်သံကကြေကွဲလွမ်းဆွတ်စွာထွက်ပေါ်လာလေသည်။ သာမုခေါ်သည်လား၊ လွမ်းတေးဆိုသည်လား မည်သူမျှမသိကြသော်လည်း အားလုံးရင်ထဲတွင်ကား လွမ်းတသသဖြစ်ခဲ့ကြရပါတော့သည်။ ထိုနေ့မှစ၍ အေးဆောင်နှင့် မခင်ရီတို့သည် ကလေးငါးယောက်ရသည်ထိ မည်သည့် အနှောင့်အယှက်မျှ မရှိဘဲ သာယာသောအိမ်ထောင်ကို တည်ထောင်သွား ကြပါတော့သည်။ အုန်းကြည်မ၏ ခြောက်လှန့်ခြင်း သတင်းများကိုလည်း လုံးဝမကြားရတော့ချေ။ တောင်းရာမွန်ရာဘဝသို့ ကူးပြောင်းသွားပြီ ဖြစ် သည်။

မှတ်ချက် ။ ။ ဤဖြစ်ရပ်မှာ ဧရာဝတီတိုင်းဘက်တွင် ၁၉၅၅ - ခုနှစ် အတွင်းက အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်မှန် ဖြစ်ပါ သည်။ မောင်မောင်သန်းအေး(ကျုံပျော်) ပြောပြ၍ အမည်များ၊ ပြောင်းကာ ဝတ္ထုအသွင် ပြန်လည်ခံစား ရေးဖွဲ့မိပါသည်)

ချစ်မင်းသူ



www.burmeseclassic.com

www.burmeseclassic.com

ရတနာ ဒေဝီ

# သူရင်မ

တစ်နေ့သ၌ ကျွန်ုပ်၏ နေ့လယ်စာအား စီမံဖန်တီးလျက်ရှိကြောင်း ကျွန်ုပ်၏ အဓိကအားနည်းချက်မှာ ထမင်းဟင်းဖော်သမျှ လုံးဝမချက်တတ်ခြင်းပင်ဖြစ်၏။ အားသာချက်မှာကား ကောင်းကောင်းစားတတ်၍ ကောင်းကောင်း စီမံတတ်ခြင်းဖြစ်၏။ အမျိုးမျိုးအဖုံဖုံသော ချက်နည်းပြုတ်နည်းများကိုလေ့လာပြီး၊ ထူးဆန်းတွေ့လာသော ချက်ပြုတ်နည်းများကို စနည်းနာပြီးလျှင် တပည့်များအား ကောင်းစွာညွှန်ပြတတ်၍ ကြက်ဥပင် မပြုတ်တတ်စေကာမူ ကောင်းစွာ စားသောက်ရလေ့ရှိပြီး ယခုလည်း တပည့်ကျော် ချာလီ ဆွေသက်အား ပုဇွန်ခြောက်ဖြင့် ဘာလချောင်ကြော် ကြော်ရာ၌ မန်ကျည်း ရည်အနည်းငယ်လောင်းပြီး ငုတ်ပျောသီးပျော့ပျော့တစ်လုံးပါ ထည့်၍ ကြော်ရန် ညွှန်ပြလေ၏။ တပည့်ကျော်က ကြော်လော့ပြီးသောအခါ လွန်စွာ ကောင်းမွန်ကြောင်း မှတ်ချက်ပြုလေ၏။ ထို့နောက် - လက်ဖက်သုပ်ရာ၌ လက်ဖက်သားကို ရေဖြင့် (၃)ထပ်ခန့် ဆေးကြော၍ မန်ကျည်းရွက်နုနုထည့်၍ ထောင်းပြီးမှ သုပ်ရန်ပြသရလေ၏။ တပည့်ကျော်လည်း မြည်းစမ်းကြည့်ပြီး လွန်စွာကောင်းမွန်ကြောင်း မှတ်ချက်ပြုပေ၏။ ထိုသို့ နေ့လယ်စာအတွက် စီမံနေချိန်တွင် ဟောခန်းရှေ့ ဝင်းတံခါးအား ခေါင်းလောင်းဖြင့် အချက်ပြ၍ တပည့်ကျော်က အပြေးအလွှား ဖွင့်ပေးရလေ၏။ ကျွန်ုပ်လည်း မန်ကျည်း ရွက်ထောင်းနေသော ဂျေတ်ဆုံအားထားခဲ့ပြီး ဟောခန်းစားပွဲတွင် ဝင်ထိုင် ရလေ၏။

ဝင်ရောက်လာသော ဧည့်သည်မှာ အသက် (၂၅) နှစ် ဝန်းကျင်ရှိ အသားဖြူဖြူ၊ ဆံပင်ရှည်ရှည်၊ ရုပ်ရည်သန့်ပြန့်သော လူငယ်တစ်ဦးဖြစ်၏။ အစိမ်းနရောင်စပို့ရှပ်ဝတ်ထားပြီး ဂျင်းဘောင်းဘီ အနက်ရောင်ဝတ်ထား လေ၏။ အိမ်ရှေ့တွင် ဟယ်ရီယာကား အဖြူတစ်စီးရပ်ထားသဖြင့် ငွေကြေး ပြည့်စုံသူဟု ခန့်မှန်း ရလေ၏။ ၎င်းလူငယ်က . . .

"ကျွန်တော်က နိုင်မင်းမြတ်ပါဆရာ၊ အဖေက အင်ဒိုနီးရှားမှာ သူ့ ကုမ္ပဏီ ရုံးခွဲကိုဖွင့်ပြီး သွားနေပါတယ်။ ကျွန်တော်က အဖေ့ကိုကူရင်း ဆေးဝါးတွေ တင်သွင်းပါတယ်။ အမေကတော့ အထည်ဆိုင်ရှိပါတယ်၊ ကျွန်တော်က မော်ဒယ်လ်လုပ်ငန်းတစ်ခု ဖွင့်ထားတာလည်းရှိပါတယ်၊ အခုလာတာက တော့ မဂ္ဂဇင်းထဲမှာ ဖတ်ရလို့လာခဲ့တာပါ၊ ပုဂံရွှေစက်တော်ဘုရားဖူးရင်း ဝင်လာခဲ့တာပါဆရာ။ အဖေက ဆရာ့စာတွေ ဖတ်တဲ့ပရိသတ်ပေါ့"

"ကောင်းပါပြီ - မောင်နိုင်မင်းမြတ် သိချင်တာမေးပါ၊ တစ်ခုသက်တာ တောပေးရမှာလား။ သီးခြားသိချင်တဲ့အကြောင်းရှိလို့ မေးတာလား"

"သီးခြားသိချင်တဲ့ ကိစ္စရှိလို့ပါဆရာ၊ အဓိကတော့ အချစ်ရေး၊ အိမ် ထောင်ရေးပါ။ ကျွန်တော့် ချစ်သူနဲ့ ကျွန်တော်တို့က လက်ထပ်ကြဖို့ ကတိပြု ပြီးကြပါပြီ၊ မင်္ဂလာရက်မြတ် ရွေးချင်တာပါ"

"ရပါတယ်၊ ဒါပေမဲ့ - မင်္ဂလာရက်အတွက်က နည်းနည်းအချိန်ပေးရပါ တယ်၊ အီးမေးလ်နဲ့ နောက်သုံးရက်အတွင်း ပို့ပေးရင်ရမလား၊ မောင်နိုင် မင်းမြတ်ကလည်း ရန်ကုန်ပြန်မှာ မဟုတ်လား"

www.burmeseclassic.com

“ဟုတ်ပါတယ် - ဆရာ၊ ကျွန်တော့် လိပ်စာကတ် ပေးခဲ့ပါ့မယ်”

နိုင်မင်းမြတ်က သူ၏ လိပ်စာကတ်နှင့် သူနှင့် သူ့ချစ်သူ၏ မွေးနေ့ သက္ကရာဇ်၊ မွေးရပ်၊ မွေးချိန် စသည်များကို ပေးလေ၏။ ကျွန်ုပ်လည်း ဖတ်ကြည့်ရာတွင် မိန်းကလေး၏ နာမည်မှာ ရတနာဒေဝီ (Ratanawei) ဟု ရေးထားသဖြင့် ...

“နိုင်မင်းမြတ်ရဲ့ မိန်းကလေးနာမည်က ရတနာဒေဝီတဲ့လား။ ဒါဆိုရင် (Ratanadewei) လို့ စာလုံးပေါင်းရမှာထင်တယ်” ဟု ပြောလိုက်လေ၏။

ဒီလိုပါခင်ဗျာ - ကျွန်တော့်ချစ်သူက မြန်မာမဟုတ်ဘူး။ အင်ဒိုနီးရှားပါခင်ဗျ။ “သူ့နာမည်က Ratanawei Shawol ပါ။ မြန်မာလိုတော့ နည်းနည်းခေါ်ရ ခက်မယ်ထင်ပါတယ်၊ အဲဒါကို ကျွန်တော်က မြန်မာသံနဲ့ အနီးစပ်ဆုံး ရက်တာနာဝီကို “ရတနာဒေဝီ” လို့ ခေါ်လိုက်တာပါ”

“အော် - ဒီလိုလား၊ ဘယ်လိုများ နှစ်ဦးသား နီးစပ်ခဲ့တာလဲကွဲ့”

ကျွန်ုပ်၏ စကားကို ကြားသောအခါ နိုင်မင်းမြတ်က ပြုံး၍ -

“ကျွန်တော်ကလည်း ပြောပြချင်နေတာပါ၊ ဆရာက စာရေးတော့ ဇာတ်လမ်းတစ်ပုဒ်ရတာပေါ့၊ မေမေကလည်း ဆရာ့ဆောင်းပါးဝတ္ထုတွေ ဖတ်တော့ လိုအပ်ရင်ပြည့်ပြည့်စုံစုံ ပြောခဲ့စေချင်ပါတယ်။”

“ပြောပါ မောင်နိုင်မင်းမြတ်ရယ်၊ ဆရာက ခုလို မေးမြန်းသူတွေနဲ့ ဖြစ်ရပ်ကိုသိတော့ ရေးသားတင်ပြနိုင်တာပေါ့”

“ဟုတ်ကဲ့ - ဒီလိုပါခင်ဗျ၊ ကျွန်တော်က အဖေနဲ့ အင်ဒိုနီးရှားကို လိုက်သွားခဲ့ပါတယ်၊ အဖေက ဒီမှာ ဆေးဝါးတင်သွင်းပါတယ်၊ အင်ဒိုနီးရှားမှာ ကျွန်တော်က အမြဲနေတာမဟုတ်ပါဘူး၊ သွားလိုက်၊ ပြန်လိုက်ပါ၊ တစ်နေ့တော့ အဖေက အရေးကြီးတဲ့ အစည်းအဝေးတစ်ခု သွားပါတယ်၊ အဲဒီမှာ အဆင်ပြေရင် ကျွန်တော်တို့ နိုင်ငံက တိုင်းရင်းဆေးတွေ တင်သွင်းခွင့်ရမှာပါ၊ အစည်းအဝေးရောက်တော့ အဖေယူလာတဲ့အရေးကြီးစာရွက်စာတမ်းတွေက ဆေးကုမ္ပဏီတစ်ခုမှာ ကျန်နေခဲ့ပါတယ်၊ အဲဒီအချက်အလက်တွေနဲ့ တင်ပြရမှာပါ၊ ဒါနဲ့ - အဖေက အဲဒီစာရွက်စာတမ်းတွေ ကျန်နေတာ ဟုတ်မဟုတ်ဖုန်းဆက်တော့ အဲဒီကုမ္ပဏီက ကျန်နေခဲ့ကြောင်း သိမ်းထားကြောင်း ပြောပါတယ်၊ အဲဒါကို ကျွန်တော်က သွားယူပြီး အဖေ့ဆီကိုပို့ပေးရမှာပါ။ ကျွန်တော် ရောက်သွားတော့ စာရွက်စာတမ်းတွေက မရှိတော့ပါဘူး။ အဲဒီဆေးကုမ္ပဏီက တာဝန်ခံမန်နေဂျာ ကိုယ်တိုင်ယူသွားပြီး အဖေ့ကို သွားပေးလိုက်တယ်ပြောပါတယ်။ ဒါနဲ့ ဆက်လိုက်သွားတော့ ကုမ္ပဏီမှာ အဖေ့ကို တွေ့ပါတယ်၊ အစည်းအဝေးပြီးဆုံးအောင် စောင့်ပြီးနေတော့မှ အဖေက အဲဒီဆေးကုမ္ပဏီက သဘောကောင်းတဲ့ မန်နေဂျာနဲ့ မိတ်ဆက်ပေးပါတယ်၊ အဲဒါကတော့ ရတနာဒေဝီဆိုတဲ့ ကောင်မလေးပါပဲ၊

“အော် - ဒီလိုကိုး”

“ဟုတ်ပါတယ် - ရတနာဒေဝီကိုယ်တိုင်လည်း အဲဒီအစည်းအဝေးကို လာတက်ပါတယ်၊ ဒီလိုနဲ့ အဖေက ကျေးဇူးတင်တာကြောင့် နေ့လယ်စာ ကျွေးပါတယ်၊ ရတနာက ဟိတ်ဟန်မများပါဘူး၊ အတူစားပြီး ခင်မင်သွားပါတယ်၊ နောင်မှာတော့ အဖေ့အလုပ်တွေက ရတနာရဲ့ကူညီမှုနဲ့ တော်တော် အဆင်ပြေလာပါတယ်၊ ရတနာဒေဝီတို့ မိသားစုကလည်း ဆေးကုမ္ပဏီရှိပါတယ်၊ နောက်တော့ ကျွန်တော်နဲ့ ခင်မင်သွားပါတယ်၊ ဘာလီကျွန်းကို အလုပ်သွားကြရင်း ပိုပြီးခင်သွားပါတယ်၊ သူက ဗုဒ္ဓဘာသာကိုးကွယ်ပါတယ်၊ သူ့အမေက ဗုဒ္ဓဘာသာ၊ အဖေက ခရစ်ယာန်ပါပဲ၊ ဒါပေမဲ့ - သူတို့မိသားစုက ဘာသာရေးလွတ်လပ်ခွင့်ရှိပါတယ်၊ ကိုယ်နှစ်သက်ရာ ကိုးကွယ်ကြတာပါ၊ နောက်တော့ အမေကလည်း အလုပ်လိုက်လာပါတယ်၊ ခင်မင်ဖော်ရွေတတ်တဲ့ ရတနာဒေဝီနဲ့တွေ့တော့ သူက သဘောကျပါတယ်၊ ဒီတော့ နှစ်ဖက်မိဘတွေက ကန့်ကွက်တာမရှိ၊ ကျွန်တော်တို့ချင်းလည်း နှစ်သက်သဘောကျတော့ လက်ထပ်ဖို့ဆုံးဖြတ်လိုက်ပါတယ်၊ သူက နိုင်ငံခြားသား ဖြစ်နေတာတစ်ခုပါပဲ၊ ကျန်တာတော့ အားလုံးအဆင်ပြေပါတယ်၊ ဒါတလည်းမြန်မာစကားသင်၊ ကျွန်တော်ကလည်း အင်ဒိုနီးရှားစကားသင်ရတာပေါ့၊ ခုတော့ အင်္ဂလိပ်လို ပြောပါတယ်၊ လူကြီးတွေက မကန့်ကွက်တော့

www.burmeseclassic.com

ကြောင့် နောက်(၆)လအတွင်း လက်ထပ်ဖို့ရက်ကောင်းရွေးမယ်ဆိုတော့ အမေက ဆရာ့ကို ညွှန်လိုက်တာပါ။ ဒီဘက်ကို ဘုရားဖူးလာရင်းပေါ့။"

"ဒါဆိုရင်တော့ နှစ်ဖက်မိဘတွေ သဘောကျ၊ ကိုယ်တိုင်လည်း ကြည်ဖြူ၊ စီးပွားရေးလည်း နီးကပ်တဲ့မိသားစုဖြစ်လာမှာပေါ့။ မိန်းကလေးက နိုင်ငံခြားသူဖြစ်နေတာတော့ နည်းနည်းခက်တာပေါ့။ ဒါပေမဲ့ - ဒါက မောင်နိုင်မင်းမြတ်တို့ကာယကံရှင်တွေ ဆုံးဖြတ်ရမယ့် ကိစ္စပါ၊ ဘာများ သိချင်တာရှိသေးလဲ"

"ကျွန်တော်တို့ အချစ်ရေး၊ အိမ်ထောင်ရေး ရှေ့ရေးအတွက် နည်းနည်း အကြံပေးပါဆရာ"

ကျွန်ုပ်လည်း နိုင်မင်းမြတ်အား တားရော့ကတ်တစ်ကတ်ကို ဆွဲယူစေလိုက်၏။ ထို့နောက် ကြည့်လိုက်ရာ No.(2), High Priestess ဟူသော မယ်တော်ကြီးကတ်ဖြစ်နေလေ၏။

—◇—

အထက်ပါ မောင်နိုင်မင်းမြတ်နှင့် တွေ့ဆုံခဲ့ပြီး (၆)လခန့် ကြာသောအခါ ကျွန်ုပ်ထံသို့ E-mail တစ်စောင်ရောက်ရှိလာလေ၏။ ကျွန်ုပ်လည်း E-mailကိုကြည့်ပြီးအတော်ကြာတွေးနေမိလေ၏။ ကျွန်ုပ် သူတို့အကြောင်းကို တွေးနေမိသဖြင့် တပည့်တော်ချာလီတွေ့သက်က...

"ဘာတွေဝင်လာလို့ ဒီလောက်တွေးဝေနေရတာလဲဆရာတော်" ဟု မေးလေ၏။ ကျွန်ုပ်က...

"နိုင်မင်းမြတ်နဲ့ ရတနာခေဝီတို့အကြောင်းပါကွာ..." ဟု ပြောလိုက်လေ၏။

"မှတ်မိပြီ... ဒီနှစ်ပညကြ နည်းနည်းတွေးဝေနေတော့ မှတ်မိနေတယ်။ သူတို့ မင်္ဂလာဆောင် မိတ်စနေတာလား။ အဲ... ဟုတ်သေးပါဘူး၊ ဆောင်ပြီး လောက်ပြီ"



"မဟုတ်ဘူးကွ... သူတို့ မင်္ဂလာမဆောင်ဖြစ်ဘူး။ မင်္ဂလာပွဲဖျက်သွားတယ်"

"ဟုတ်လား - ဆရာကောင်း၊ ကျွန်တော် ထင်သားပဲ၊ ယောကျ်ားလေးဖြစ်ပြီး ဒီလောက်ရုပ်ဖြူးနေမှတော့၊ မော်ဒယ်လ်လည်း လုပ်တယ်ဆိုတော့ မိန်းကလေးတွေ ဝိုင်းနေမှာပေါ့။ ဒီတော့ သူနဲ့နောက်တစ်ယောက် ထင်ပြီး ဇာတ်လမ်းသစ်တွေ ဖြစ်လာမှာပေါ့"

"မင်းကလည်း ဘာတွေ ရမ်းတုတ်နေတာလဲကွ"

သူတို့ မင်္ဂလာပွဲကို နေ့ကောင်းရက်သာရွေးတုန်းက သူက ရှေ့ရေးသိချင်ပါတယ်ဆိုလို့ တားရော့ကတ်ဆွဲလိုက်တော့ ဘာကတ်ထွက်လာသလဲ"

"ဘာကတ်ထွက်လာသလဲ - ဟဲ -ဟဲ -မသိဘူး"

"ကောင်းတယ်... No.(2) မယ်တော်ကြီးကတ် High Prisestess ထွက်လာတယ်။ အဲဒီကတ်ရဲ့သဘောသဘာဝက ဘာလဲ"

"သဘောသဘာဝက ဘာလဲဆိုတော့ ဟုတ်ပြီ ဆရာ၊ အဲဒီကတ်က စာမေးပွဲမှာအဆင့်ကောင်းကောင်းနဲ့ အောင်တတ်တယ်၊ ဘာသာတရားလိုက်စားမယ်၊ စီးပွားရေးကောင်းမယ်၊ အဲဒီလိုတော့ ရမှာပေါ့"

"တော်တော် ခုံဝေးတဲ့ကောင်ပဲ။ မင်းညံ့လို့ ငါတော်နေတာ၊ ဒါကြောင့် မင်းက တပည့်ဖြစ်ပြီး ငါက ဆရာဖြစ်နေတာနေမှာပေါ့ကွာ - ဟဲ့ကောင်ရ၊ သူ မေးနေတာက အိမ်ထောင်ရေး၊ အချစ်ရေးကွ၊ စာမေးပွဲကိစ္စ၊ ငွေကြေးကိစ္စ၊ ဘာသာရေးကိစ္စမဟုတ်ဘူး။ မယ်တော်ကြီးဆိုတာ သီလရှင်ဂိုဏ်းချုပ်ကြီးကွ၊ ဘယ်လိုလုပ်ပြီး အိမ်ထောင်သားမွေးကိစ္စရှိမှာလဲ၊ ဒီတော့ မင်္ဂလာကိစ္စက ဖြစ်မလာနိုင်ဘူးပေါ့။ အဲဒီကတ်က အချစ်ရေး၊ အိမ်ထောင်ရေးမှာ အဆင်မပြေဘူး၊ မင်း - မှတ်မထားဘူးလား"

"အဲဒါတစ်ခုတော့ ဆရာပြောတာမသိလိုက်ဘူး၊ ဆရာက လက်ဖက်နဲ့ မန်ကျည်းရွက်နယ်ထောင်းပြီး ရေနွေးနဲ့ ထမင်းဆုံကို ပစ်ထားခဲ့လို့ ကျွန်တော် နောက်မှာ ဝင်ပြီး ရေဆေးနေတာတော့ မှတ်မိတယ်၊ ဒါကြောင့် ခုလို မသိလိုက်တာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ်... ရှေ့ဆက်ရဲ့ရမယ်ဆောတဲ့ ကိစ္စ၊ ငါကို လာရောက်တိုက်နေတယ်၊ ကဲပါကွာ...ငါပြန်ပြောပြမယ်၊ အဲဒီနေ့ကတည်းက No(2) Card ဖြစ်တဲ့ မယ်တော်ကြီး The High Priestess ထွက်လာတယ်၊ အဲဒါနဲ့ နိုင်မင်းမြတ်ကို "ပြောရမှာတော့ခက်ပေမယ့်ဗေဒင်ဆရာဆိုတာမေးမြန်းသူကို အမှန်တရားအတိုင်းအသိပေးဖို့တာဝန်ရှိတယ်၊ မင်းတို့မင်္ဂလာပွဲကဖြစ်လာမှာမဟုတ်ဘူး၊ ဒါကြောင့်နေ့ကောင်းရက်သာရွေးဖို့လိုမယ်မဟုတ်ဘူး" လို့ ပြောလိုက်ရတယ်၊ နိုင်မင်းမြတ်ကတော့ "အပြုံးမပျက်ပေါင်၊ စိတ်လတ်ရှည်ရှည်" ဆိုသလို ပြုံးပြုံးကလေး နဲ့ ပြန်ပြောတာပေါ့ကွာ၊ "ဆရာ့အနေနဲ့ ဗေဒင်လက္ခဏာပညာ၊ တားရော့ အဟောပညာအရ သတိပေးတာတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ လက်တွေ့ဘဝမှာတော့ ဆရာ့ကို တင်ပြခဲ့တဲ့အတိုင်းဘာပြဿနာမှမရှိပဲရက်ရွေးတဲ့အဆင့်ရောက်လာပြီ၊ ဆရာ့ကိုမယုံလို့တော့ မဟုတ်ပါဘူး၊ တစ်ခါတစ်ရံမှာတော့ အလွဲအချော်ကလေးတွေ ရှိတတ်တာလည်း ဖြစ်နိုင်ပါတယ်၊ အဲဒီတော့ မင်္ဂလာရက်လည်း ရွေးပေးပါ ဆရာလို့ ပြောတယ်ကွ"

"ဒီလိုလား... ဒါဆိုရင် ယတြာကလေး၊ ဘာလေး မစီစဉ်ပေးလိုက်ဘူးလားဆရာ"

"အေးပါကွာ...ငါကလည်း "ဒါကတော့ ကာယကံရှင် ဆန္ဒအတိုင်းပါပဲ ရက်လည်းအကောင်းဆုံးရွေးပေးလိုက်မယ်၊ ဒီတော့လိုလိုမည်မည်ယတြာလုပ်ပါလားလို့ အကြံပေးတော့လည်း ဝါသနာမပါလို့ မလုပ်ပါရစေနဲ့လို့ပြန်တယ်ကွ"

"ယတြာလုပ်ရင်တော့ သူတို့အချစ်ရေး ပြေလည်သွားနိုင်တာပေါ့ ဟုတ်လား ဆရာ"

"မင်းလည်း ဒီပညာတွေ လေ့လာနေတာပဲကွာ၊ ယတြာဆိုတာ ဆေးကုသလိုပဲ၊ နေမကောင်းရင်ဆရာဝန်ထံမှာဆေးကုသလိုပေါ့၊ ဆေးကုတိုင်းပျောက်ရင်တော့ သေတဲ့လူ ဘယ်ရှိမလဲ၊ ဒါပေမဲ့ - ရှင်အောင်၊ ပျောက်တင်းအောင်တော့ ကုရတာပဲ မဟုတ်လား၊ တစ်နေ့သေမယ့် အတူတူ ဆေးမှားတဲ့လူ ဘယ်ရှိမလဲ"



"ဟုတ်ကဲ့ဆရာ... ဒါနဲ့သူတို့က တကယ်ပဲ မပေါင်းရဘူးလား"

"မပေါင်းရဘူးကွ၊ ဒီကိစ္စကလည်း ထူးထူးဆန်းဆန်း ဖြစ်လာတယ် ပြောရမှာပဲ၊ အခုရောက်လာတဲ့ E-mail ကိုသာဖတ်ကြည့်ရင် သိလိမ့်မယ်၊ ငါ Print Out ထုတ်လိုက်ဦးမယ်"

ကျွန်ုပ်လည်းရောက်ရှိလာသော E-mail အား Print out လုပ်၍ချာလီ ဆွေသက်အား ပေးလိုက်လေ၏၊ ရောက်ရှိလာသော စာမှာ အောက်ပါအတိုင်းဖြစ်လေ၏၊

ဆရာခင်ဗျား...

ကျွန်တော် နိုင်မင်းမြတ်ပါ၊ အင်ဒိုနီးရှားက မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ မင်္ဂလာရက်ရွေးခဲ့တဲ့ သူပါ၊ ဆရာ မှတ်မိလိမ့်မယ်ထင်ပါတယ်၊ ကျွန်တော့်ကို မင်္ဂလာကိစ္စ ဖြစ်လာမှမဟုတ်ဘူးဆိုပြီး ကတ်ပြာကလေး တစ်ပြားဆွဲနိုင်းပြီးပြောခဲ့တာမှတ်မိပါတယ်၊ ကျွန်တော့်အနေနဲ့တော့မင်္ဂလာကိစ္စ နေ့ရက်များကိုသာ သတ်မှတ်တာပါ၊ ယတြာတွေ ဘာတွေကလည်း ဒီလောက် သေချာပြီးသားမို့ မလုပ်ခဲ့တာပါ၊ အမှန်ဝန်ခံရရင် အမေက နိုင်းလို့သာ ဆရာနဲ့တွေ့ခဲ့ပေမယ့် ဗေဒင်ယတြာတွေပေါ်မှာ သိပ်ပြီးစိတ်မဝင်စားပါဘူး၊ တည့်တည့်ပြောရရင် မယုံပါဘူး၊ ဒါပေမဲ့ - တကယ်တော့ အဆင်မပြေတာတွေ ဖြစ်လာပါတယ်၊

ကျွန်တော်တို့ မင်္ဂလာစကားပြောဖို့ (၃) ရက်လောက် အလိုမှာ ကျွန်တော်တို့ မိသားစုနဲ့ ရတနာဒေဝီတို့ မိသားစု ပူးပေါင်းပြီး အပန်းဖြေခရီးတစ်ခုကို သွားပါတယ်၊ အပန်းဖြေရာက အင်ဒိုနီးရှား ကျွန်းကလေးတစ်ကျွန်းပေါ်မှာ လုပ်တာပါ၊ အဲဒီ ကျွန်းကလေးက ၄ မိုင်ပတ်လည်လောက်ရှိပြီး သာယာလှပပါတယ်၊ ကျွန်းပေါ်မှာရွာကလေးတစ်ရွာရှိပါတယ်၊ တော်တော်သာယာပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

" ကျွန်တော်တို့လည်း ထိုင်ပြီးရော အသက်ကြီးကြီး လူတစ်ယောက်က ထလာပြီး ရတနာဒေဝီကို တစ်ဆင့်မြင့်တဲ့နေရာက ထိုင်ခုံကြီးပေါ် ထိုင်ခိုင်းပါတယ်။ သူလည်း ထိုင်လိုက်ရော ကျန်တဲ့ရွာသားသုံးလေး ဆယ်လောက်က ကြမ်းပြင်ပေါ်ဆင်းပြီး ဝမ်းလျားထိုး ရှိခိုးလိုက်ကြတယ်။ ပထမတော့ အားလုံးရုတ်တရက် အံ့အားသင့်သွားတာပေါ့။ လက်အုပ်ချီတဲ့သူတွေက ချီထားကြတယ် "



ကျွန်တော်တို့ ရောက်သွားတော့ ရွာလယ်က နှစ်ထပ်အိမ်အကြီးကြီးကို ဒေသခံရွာသားတွေက ခေါ်သွားပါတယ်။ အိမ်ရှေ့မှာ ဘောလုံးကွင်းတစ်ဝက်စာလောက်ကျယ်တဲ့ကွက်လပ်ကြီးရှိပါတယ်။ အိမ်ပေါ်ရောက်တာနဲ့ ကျွန်တော်တို့လည်း ထိုင်ခုံတွေပေါ် ထိုင်လိုက်ပါတယ်။ အပေါ်ထပ်ဖြစ်တော့ ကျားသားရေခင်းထားပြီး အောက်ပျဉ်ခင်းပါ။ ကျွန်တော်တို့လည်း ထိုင်ပြီးရော အသက်ကြီးကြီး လူတစ်ယောက်က ထလာပြီး ရတနာဒေဝီကို တစ်ဆင့်မြင့်တဲ့နေရာကထိုင်ခုံကြီးပေါ်ထိုင်ခိုင်းပါတယ်။ သူလည်းထိုင်လိုက်ရော ကျန်တဲ့ရွာသားသုံးလေးဆယ်လောက်က ကြမ်းပြင်ပေါ်ဆင်းပြီး ဝမ်းလျားထိုး ရှိခိုးလိုက်ကြတယ်။ ပထမတော့ အားလုံး ရုတ်တရက် အံ့အားသင့်သွားတာပေါ့။ လက်အုပ်ချီတဲ့သူတွေက ချီထားကြတယ်။ နောက်တော့ သူတို့ ဘာသာစကားနဲ့ အပြန်ပြန်အလှန်လှန် ပြောကြ၊ ဆိုကြပြန်တယ်။

အလုံးစုံပြောဆိုကြပြီးတဲ့အခါမှာတော့ ရတနာဒေဝီရဲ့အဖေက "သူတို့မျိုးနွယ်က ဟောဒီကျွန်းကလေးပေါ်က ပေါက်ဖွားလာတာဖြစ်ကြောင်း၊ သူတို့ ဓလေ့ထုံးတမ်းအရ ကျွန်းပေါ်မှာ အုပ်ချုပ်ရေး ကျွန်းဘုရင်ရှိကြောင်း၊ အစိုးရဥပဒေအရ အုပ်ချုပ်တာက တစ်ပိုင်း၊ မျိုးနွယ်စုကိုးစွ ရိုးရာအကြီးအကဲ တင်မြှောက်တာက တစ်ပိုင်းဖြစ်ကြောင်း၊ လွန်ခဲ့တဲ့ တစ်လက ကျွန်းဘုရင် ကွယ်လွန်ခဲ့ကြောင်း၊ ဘုရင်အသစ်ကိုတင်မြှောက်ဖို့ကျွန်းပေါ်ကနတ်ဆရာကြီးက ဥပုသ်စောင့်ပြီး အိပ်မက်တောင်းခံခဲ့ကြောင်း၊ နောက်တော့ အိပ်မက်ထဲမှာ မိန်းကလေးတစ်ယောက်ကို ဘုရင်မအဖြစ် တင်မြှောက်တာ မက်ကြောင်း၊ အိပ်မက်ထဲက မိန်းကလေးနာမည် ရုပ်ရည်တွေကိုမှတ်မိပြီး ဒီနေ့ ဒီရက်မှာ မိသားစုနဲ့ ကျွန်းပေါ်တက်လာမယ်ဆိုတာအာရုံရလို့ မျိုးနွယ်စုတွေ စုလိုက်ပြီး ဘုရင်မတင်မြှောက်ရခြင်းဖြစ်ကြောင်း ပြောပါတယ်။

အဲဒါနဲ့ ရတနာဒေဝီဟာ မျိုးနွယ်စုတွေ တစ်မြှောက်ချက်ကို မလွန်ဆန်နိုင်ပဲ ကျွန်းမျိုးနွယ်စုရဲ့ ဘုရင်မဖြစ်သွားပါရော။ အဲဒီမှာ သူ့အဖေက ဘာမှမတန့်တွက်၊ အမေက နှုတ်ပိတ်နေ၊ ရတနာဒေဝီက ငြင်းဆန်ပေမယ့် မျိုးနွယ်စုစည်းကမ်းအရ ဘုရင်မဟာ သူတို့ မျိုးနွယ်တူနဲ့ပဲ လက်ထပ်ရမယ်ဆိုတဲ့ စည်းကမ်းအောက်ကို ရောက်သွားပါတယ်။ အတိုချုပ်ပြောရရင် မလွန်ဆန်နိုင်ကြတဲ့အတွက် လက်ထပ်မယ့် အစီအစဉ်လည်း ပျက်သွားပါတယ်။ ကျွန်တော်တို့ ချစ်ခြင်းလည်း ချစ်လျက်နဲ့ဝေးရပါတယ်။

အတူတူ နီးကပ်နေရင် သံယောဇဉ်ကို မလွန်ဆန်နိုင်ပဲ မလိုလားအပ်တာတွေ ဆက်ဖြစ်မှာစိုးရိမ်လို့ ကျွန်တော်လည်း မြန်မာပြည်ကို ပြန်လာပြီး ရှေ့လထဲမှာ ဒုလ္လဘဝတ်ဖို့ စီစဉ်နေပါတယ်။ မိဘတွေကတော့ ဆိုင်ကောင်းဖြစ်တာကလွဲလို့ တခြားမှာကို သူတို့လည်း မတွက်နိုင်ကြပါဘူး။

www.burmeseclassic.com

ဆရာ့ကို ပြောချင်တာက ယတြာလုပ်ခဲ့ရင် ဒီလိုအဖြစ်တွေက ကျော်လွှားနိုင်မလားဆိုတဲ့ နောင်တရခဲ့တဲ့ အကြောင်းပါ။ ပြီးခဲ့တာတွေတော့ ပြီးခဲ့ပါပြီ၊ နောင်ကို သူတို့ ပညာအရ အစီအရင်တွေ ယတြာတွေ လုပ်ဖို့လိုရင် မဖြစ်မနေ တိုက်တွန်းဆောင်ရွက်ပေးပါခင်ဗျား။

နိုင်မင်းမြတ်

ကျွန်ုပ်၏ E-mail ကို တပည့်ကျော် ချာလီထွေသက် ဖတ်ရှုပြီးနောက်...

အဲဒီခေတ်ထဲမှာ ဒီလိုစံနစ်တွေ ရှိသေးတာလား ဆရာကောင်း။ ရှိရင်လည်း စွန့်ပစ်ပြီး လူ့အဖွဲ့အစည်းသစ်ပုံစံထဲ ရဲရဲဝင်လာဖို့လိုပြီ၊

"ဒါကတော့ မင်းရဲ့ အမြင်ပြောနေတာကိုး။ ကာယကံရှင်တွေ အနေနဲ့လည်း မင်းပြောသလိုသာ ငြင်းပယ်ခွင့်ရရင် ငြင်းပယ်မှာပေါ့၊ ဒီစံနစ်မျိုးတွေ ရှိနေဆဲပါပဲကွာ၊ အဓိက ကတော့ ကိုယ့်မျိုးနွယ်စုရဲ့ အကြီးအကဲကို မျိုးနွယ်တူတွေကိုပဲ လက်ဆက်စေချင်တာပေါ့"

"ကျွန်တော် ဆိုရင်တော့ လက်မခံဘူး။ ဒါက လူ့အခွင့်အရေး ဆုံးရှုံးခဲ့ရတဲ့ကိစ္စမျိုးပါ"

"အဲဒါနောက်မှပြော၊ လောလောဆယ်-မင့် အခွင့်အရေးမဆုံးရှုံးရအောင် No(2) The High Priestess ရဲ့သဘောသဘာဝကို ပေဘာဒီလို အနှစ်ချုပ်မှတ်ထားလိုက်..."

―✧―

အကယ်၍ တရွှေသူဟာ တားရော့ကတ်တစ်ထုပ် လက်ထဲမှာရှိခဲ့ပြီး မေးခွန်းတစ်ခုအတွက် ကတ်တစ်ခုကို ဆွဲယူကြည့်တဲ့အခါမှာ No(2) The High Priestess ဆိုတဲ့ မယ်တော်ကြီး ကတ်ထွက်လာခဲ့ရင်...



(၁) အဲဒီကတ်ဟာ ဘာသာတရား၊ ပညာရေး ပြည့်ဝစေမိုး [illegible] အင်တာဗျူး၊ အလှူဒါနအတွက် ကောင်းပါတယ်၊

(၂) စီးပွားရေးမှာ ဘာသာရေးလိုက်စားသူအတွက်ကောင်းပြီး အကျင့်သီလ မကောင်းသူအတွက်တော့ သာမန်အခြေအနေမျှသာ ရှိပါမယ်၊

(၃) အချစ်ရေး၊ အိမ်ထောင်ရေး ကိစ္စများမှာတော့ မအောင်မြင်နိုင်သေးပါ၊ စီစဉ်ထားလျှင် လွဲချော်သွားပါလိမ့်မယ်၊

ဟု ဝေယာဘုယျ မှတ်သားရန် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်၊

◆◆◆◆ ကောင်းသုခ


**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။


www.burmeseclassic.com

www.burmeseclassic.com




# လူသားစား စုန်းမ

ခရီးလမ်းက သစ်ပင်ချုံနွယ်၊ ချိုင့်ဝှမ်းများဖြင့် ရှုပ်ထွေးခက်ခဲလှသည်၊ ဆရာကြီးမှာ ရှေ့မှဦးဆောင်နေဆဲ၊

ကျွန်တော်က –

"ဆရာကြီး – ဘုန်းတော်ကြီးကိုပြောတဲ့ လမ်းမှာကာကွယ်ခဲ့ရသေးတယ်ဆိုတဲ့ ကလေးအတွက်က ကိစ္စပြီးပလား"

"ပြီးတဲ့ အပိုင်းက – ပြီးပြီကွဲ့"

"ဟင် – မပြီးသေးတဲ့ အပိုင်းက ကျန်သေးလို့လား ခင်ဗျာ"

"ကျန်သေးသကွဲ့၊ ဒါကြောင့် – အခုလိုက်ခဲ့ရတာပေါ့"

ကလေးကိစ္စဆိုသည်မှာ ရွာတစ်ရွာတွင် ကလေးငယ်တစ်ယောက်ကို စုန်းမတစ်ယောက် မြူစား၍ ပညာဖြင့်သတ်စားရန် ကြံစည်သည့်ကိစ္စများ ဝင်ဖြစ်သည်၊ ဆရာကြီးက ကလေးကို ကယ်ယူခဲ့ရသည့် ကုသိုလ်ကြောင့် ဝင်နေးပင်၊



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးကား - ရှေ့မှ သွက်သွက်ကြီးသွားနေ၏။ ဤသို့ သွားနေပုံကပင် အချိန်မီရောက်ဖို့သွားနေကြောင်း သိရှိရပေတော့၏။

သို့သော် - ဆရာကြီး၏ မျက်နှာအမူအရာက အရေးမကြီးဟန်၊ အမှုအပင်မရှိဟန်ကို ဖော်ပြနေသဖြင့် ကျွန်တော့်အဖို့ အတွေးရကြပ်နေ၏။ သို့သော် - စိတ်သက်သာရာတော့ ရပါသည်။

ကျွန်တော်တို့ခရီးဦးတည်သွားနေသည်ကား ရွာများရှိရာဆီသို့မဟုတ်ဘဲ မြောက်ဘက်ရှိ ရွာတစ်ရွာနှင့် အနောက်တောင်ဘက်ရှိ ရွာတစ်ရွာ၊ ၎င်းရွာနှစ်ရွာ၏ အလယ်ဝဟိုလောက်ဟု ခန့်မှန်းရသော သစ်ပင်ချုံပုတ်များ ထူထပ်ရာ နေရာတစ်ခုဆီသို့ ဦးတည်၍ သွားနေခြင်းဖြစ်ပေ၏။

မည်သို့သော အကြောင်းကြောင့် ထိုနေရာသို့ သွားကြောင်းတို့ကား မသိရ၊ သို့သော် - ထိုကလေး ကိစ္စဟု ယူဆရပေ၏။ ဆရာကြီးပဲ သိပေမည်။

အကြောင်းအသို့နည်း - ကလေးကိစ္စဟူသည် ရွာတွင်း၌ဖြစ်ပေါ်ရမည် မဟုတ်ပါလော။

ယခု အဘယ်ကြောင့် ရွာဆီသို့ တန်း၍မသွားဘဲ အခြားတစ်နေရာသို့ သွားနေရပေသနည်း။

ဤသို့စဉ်းစားရင်း ကျွန်တော်လည်း ဆရာကြီးအား အမီလိုက်ကာ မေးလိုက်မိပေတော့၏။

"နေပါဦး - ဆရာကြီးရဲ့ မေးချင်တာလေးရှိလို့ ဖြည်းဖြည်းသွားပါခင်ဗျ"

"ဘာမေးမလို့လဲ မောင်အောင်၊ ဟိုရောက်မှ မေးလကွယ်၊ အချိန်မီရောက်မှဖြစ်မယ်ကွဲ့၊ နို့မို့ရင် ဆရာတို့ကို မြင်သွားလိမ့်မယ်"

အင်း - ယခုမှ ပို၍ရှုပ်လာပေပြီ။ ဆရာတို့ကို မြင်သွားလိမ့်မယ်တဲ့၊ လူမမြင်အောင် မောကြီးပန်းကြီး သွားနေရပေ၏၊ ဘာကြောင့်လဲ။



သို့နှင့် ဆရာတေဇရော၊ ကျွန်တော်ပါ သွက်သွက်ကြီးလိုက်ခဲ့ရာအရာ ခွန်းတည့်ရှိန်ဝယ် သစ်ပင်ချုံပုတ်များအကြားသို့ ရောက်ရှိခဲ့ကြပေတော့၏။

သို့သော် - ဆရာကြီးကား အသွားမရပ်သေး၊ တစ်အောင့်ကြာ၍ သုသာန်နှင့်တူသော (ဝါ) ဇရပ်ပျက်နှင့် မြေပုံဟောင်း၊ မြေပုံသစ်များရှိသော ဌာနတစ်ခုသို့ရောက်ခဲ့ကြမှ ဆရာကြီးက အရပ်လေးမျက်နှာတို့ ကော့၍ အကဲခတ်ကာ သုသာန်ဥပစာလွတ်လောက်သည့် ထူထဲသော ချုံကြီးတစ်ခုအတွင်းသို့ဝင်ရန်အချက်ပြလိုက်သဖြင့်ကျွန်တော်ရော၊ ဆရာတေဇပါဝင်၍ လိုက်ခဲ့ကြရပေတော့၏။

"ကိုင်း - ဘာမေးမလဲ မောင်အောင်၊ မေးချင်တာ မေးစမ်း၊ ဒါပေမဲ့ - တိုးတိုးမေးရ၊ ပြောရမကွဲ့"

"ဟုတ်ကဲ့ပါ - ဆရာကြီးရဲ့ ကလေးကိစ္စဆိုပြီး ဘာဖြစ်လို့ ရွာထဲကို မသွားဘဲ ဒီနေရာကို လာရတာလဲ"

"အဲဒီရွာက အသုဘချရင် ဒီသုသာန်မှာ ချနေကျမို့ ဒီကို လာရတာကွဲ့"

"ဟင် - ဆရာကြီး ကာကွယ်ခဲ့တယ်ဆို၊ ဘာဖြစ်လို့ အသုဘချတာကို စောင့်ရတာလဲ"

"ပြောမယ်ပေါ့ကွယ်၊ ဒီလိုကွဲ့ - မောင်အောင်ရဲ့ မယ်လွမ်းပုံရဲ့ တပည့်မတစ်ယောက်ဖြစ်တဲ့ စုန်းဘီလူးမတစ်ယောက်က အဲဟိုဘက်က ရွာက ကလေးတစ်ယောက်ကို ပညာနဲ့စားဖို့ ညက်ဆင်နေတာကို ဆရာတွေ့ခဲ့ရတယ်ကွဲ့"

"ဟုတ်ကဲ့ - ပြောပါဦးခင်ဗျ"

"ဆရာက - ဆရာ့ကို ပညာသည်ပိုင်း၊ ဆရာပိုင်းက ဆရာတစ်ယောက်ဖြစ်မှန်းမသိအောင် ဝှက်ကွယ်လာရင်း အဲဒီစုန်းဘီလူးမနဲ့အဖော်စုန်းမ နှစ်ယောက်ကိုရွာထိပ်မှာတွေ့လိုက်ရတော့ခရီးသွားဧည့်သည်တစ်ယောက် ဟန်ဆောင်ရင်း ရွာတွင်းက ကလေးနဲ့စုံအရွယ်ရှိတဲ့ အိမ်တစ်အိမ်မှာ ကော တည်းခိုခဲ့ရသတိုးကွဲ့"

www.burmeseclassic.com

"ပြောမကွယ် – အဲဒါ သူတို့ရဲ့ ဓလေ့ဘဲကွဲ့။ အခုလည်း ဆရာရဲ့ နာနာရုပ်ကို ကလေးအစစ်ထင်ပြီး ယူသွားတယ်။ သူတို့ထားခဲ့တဲ့ ရေတ်ကျည်ပွေ့ နာနာရုပ်ဟာ သန်းခေါင်ကျော်မှာ တက်ပြီး သေရမယ်။ သေရင် ဒီနေ့မွန်းလွဲကြီးလောက်မှာ အသုဘချရမယ်။ အဲဒီလို အသုဘချလို့ ရွာထဲကထွက်မှ ကလေးကို စားနိုင်တယ်။ ဒါ့ကြောင့် – ကလေးကိုစားရအောင် အသုဘချပြီး ခလောက်ကို သုသာန်ကနေပြီး စောင့်ရမယ်"



"စုန်းဘီလူးမတွေက အဲဒီအိမ်ကို ချိန်နေမှန်း သိလို့လား"

"ဟုတ်သကွဲ့ – အထက်ကအညွှန်းမှာ ဒါမျိုးကြုံရမယ်လို့ အဆိုရှိတဲ့အတွက် ဆရာကလည်း နာနာရုပ်ကလေးတစ်ခု စီရင်ခဲ့တာနဲ့ အဆင်သင့်လို့ပေါ့ကွယ်။ ခဏကြာရင်ပဲ စုန်းမနှစ်ယောက်ရောက်လာကြပြီး သူတို့အသိအိမ်ကို ရှာသလိုနဲ့ ခရီးသည် သဘောဝင်လာကြတယ်"

"ခြော် – ဆရာကြီးကို အိမ်ရှင်မှတ်ပြီး ဘာတွေ မေးသေးလဲ"



"မေးသပေါ့ကွယ် – ဆရာက ဧည့်သည်ဖြစ်ကြောင်း ပြောပြတော့မှ အိမ်ရှင်မ ထမင်းချက်နေတဲ့ မီးဖိုချောင်ဘက်ဝင်သွားပြီး အချိန်ဆွဲစကား ပြောနေကြတယ်"

"သူတို့အကြံကလည်း ဝိရိသားပဲ"

"အင်းပေါ့ကွယ် – ဆရာကလည်း ချက်ချင်းပဲ ပုခက်ထဲမှာ သိပ်ထားတဲ့ ကလေးကိုယူပြီး နာနာရုပ်ကို ပုခက်ထဲထားခဲ့တယ်၊ ကလေးအစစ်ကိုတော့ ပုဏ္ဏားကွယ်မှာ ဝှက်ပြီး သိပ်ထားလိုက်တယ်၊ ပြီးတော့မှ ဗုဒ္ဓမြေမဟုတ်တွင်း စားရင်း လမ်းဘက်ကို ကြည့်နေတာပေါ့ကွဲ့"

"ဟို မိန်းမနှစ်ယောက်ရော – ဆရာကြီး"

"ပြောမပေါ့ကွယ် – တခဏောင့်လောက်ကြာတော့ အိမ်ရှင်မိန်းမကို နှုတ်ဆက်ပြီး ထွက်လာကြတယ်၊ ဆရာကလည်း သူတို့ကို လှည့်မကြည့်ဘဲ အမှတ်မဲ့နေလိုက်တယ်၊ အဲဒီတုန်းက တစ်ယောက်က ကမန်းကတန်း ပုခက်ထဲက နာနာရုပ်ကို ကလေးအစစ်အောက်မေ့ပြီး ပွေ့ချီလိုက်တယ်၊ ပြီးတော့ သူတို့မှာပါလာတဲ့ ရေတ်ကျည်ပွေ့ကို ပုခက်ထဲထည့်ထားခဲ့ပြီး သုတ်သုတ်သုတ်သုတ်နဲ့ ထွက်သွားကြတယ်"

"ရေတ်ကျည်ပွေ့က ဘာလုပ်ဖို့ ထားတာလဲ"

"ပညာသည်ရဲ့ နာနာရုပ်လေကွယ်၊ သာမန်လူအနေနဲ့ ရေတ်ကျည်ပွေ့မှန်းမသိဘူး၊ ကလေးလို့ပဲ ထင်ရမယ်ပေါ့၊ အဲဒါနဲ့ ဆရာလည်း ကလေးအစစ်ကို ပုခက်ထဲပြန်ထားပြီး အဲဒီရေတ်ကျည်ပွေ့ကို ယူခဲ့ရတာပေါ့"

ဆရာကြီးလည်း ရေတ်ကျည်ပွေ့ကို ထုတ်ပြရင်း ရယ်လိုက်ရာ ဆရာထေဇကပါ ရယ်လိုက်လေသည်။

"ဒီရေတ်ကျည်ပွေ့ကြီး ဘာလုပ်ရမှာလဲ ဆရာကြီးရဲ့"

"ပညာခန်းလေကွယ် – အချက်ကြုံတော့ သုံးရမပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"တိုင်းပါလေ - ဆက်ပြောပါဦး၊ သူတို့က နာနာရုပ်ကို ကလေးအစစ်ထင်ပြီးယူထားတော့ ကလေးအစစ် မသေတော့ဘူးပေါ့။ မသေဘဲနဲ့ ဒီသုသာန်မှာ ဘာဖြစ်လို့ လာစောင့်ရတာလဲ"

"ဒီလိုကွဲ့ - စုန်းဘီလူးများဟာ ရလို့ သူတို့ရဲ့ နာနာရုပ်နဲ့ ကလေးကို လဲယူပြီးတဲ့နောက် နာနာရုပ်ကလေးဟာ ကလေးအစစ်နဲ့မခြား ကျန်ခဲ့ရာက ငိုလိုက်၊ တက်လိုက်နဲ့ သေရောဆိုပါတော့ကွယ်"

"ဟုတ်ကဲ့ - ရှင်းပါဦး ခင်ဗျ"

"မိဘများကတော့ သူတို့ကလေးပဲ အောက်မေ့ပြီး တတ်အမျှပြုရင်း သေတော့ အသုဘချရသပေါ့ကွယ်။ အဲ - ကလေးအသုဘဆိုတာ နေ့ချင်းချရလေတော့ သူတို့ကလည်း နေ့လယ်ပိုင်းလောက်မှာလုပ်ခဲ့ရင် သန်းခေါင်ကျော် နေ့ကူးပြီးလောက်မှ သေစေသပေါ့။ ဒါမှ နောက်နေ့ နေ့လယ်ပိုင်းမှာ အသုဘချရမကိုးကွဲ့"

"ပြောပါဦးခင်ဗျာ - နားမလည်သေးဘူး"

"ပြောမကွယ် - အဲဒါ သူတို့ရဲ့ ခလေ့ပဲကွဲ့၊ အခုလည်း ဆရာရဲ့ နာနာရုပ်ကို ကလေးအစစ်ထင်ပြီး ယူသွားတယ်။ သူတို့ထားခဲ့တဲ့ ရေတ်ကျည်ပွေ့ နာနာရုပ်ဟာ သန်းခေါင်ကျော်မှာ တက်ပြီးသေရမယ်၊ သေရင် ဒီနေ့မွန်းလွဲကြီးလောက်မှာ အသုဘချရမယ်။ အဲဒီလို အသုဘချလို့ ရွာထဲကထွက်မှ ကလေးကို စားနိုင်တယ်၊ ဒါ့ကြောင့် - ကလေးကိုစားရအောင် အသုဘချပြီး အလာကို သုသာန်ကနေပြီး စောင့်ရမယ်"

"ဩော် - သိပြီ သူတို့အကြံအောင်ပြီဆိုပြီး နာနာရုပ်ကလေးကို ကလေးအစစ်မှတ်ပြီး စားရအောင် ဒီသုသာန်ကနေပြီး သူတို့လာစောင့်ကြမယ်ဆိုပါတော့"

"အေးလကွယ် - အဲဒါကြောင့် ဆရာလည်း အဲဒီအိမ်မှာ တစ်ညအိပ်ပြီး မနက်စောစောထ မောင်အောင်တို့ဆီလိုက်၊ နို့ပြီး - ချက်ချင်းဒီကိုလာခဲ့ရသပေါ့"



"နေပါဦး - အိမ်ရှင်ကို ဆရာကြီး ဘာမှမပြောခဲ့ဘူးလား"

"ပြောလည်း သူတို့မှမသိပဲ အပိုပဲပေါ့ကွဲ့၊ အရေးကြီးတာက ကလေးပါမသွားဖို့၊ ကလေးအသက်မသေဖို့ပဲ၊ ဆရာကြောင့်ဆိုပြီး ဆရာ့ကို ကျေးဇူးတင်ဖို့မလိုဘူးလေ၊ အဲ - တကယ်လို့ကလေးကိုတို့က အရင်ဦးသွားရင် သာမသာချမယ့်အခါမှာ ဝင်ပြီးအကြောင်းပြ ကယ်ဆယ်ရမှာကိုးကွဲ့"

"ဟော - ဟိုမှာ မိန်းမသုံးယောက် ရှေ့ဆုံးက မိန်းမက ကလေးနဲ့တူတာကို ပွေ့လို့လာနေကြတယ်"

"အေး - အသာစောင့်နေ"

ဤတွင်ပင် ကျွန်တော် ဆရာကြီးနှင့် ဆရာတေဇတို့လည်း ချုံကြီးအတွင်း၌ တိတ်ဆိတ်စွာ ထိုင်၍ နေလိုက်ကြရပေတော့၏။

တစ်ခဏအကြာတွင်ကား ယခင် ဆရာတေဇနှင့် ကျွန်တော် တွေ့ခဲ့ရသော မိလွှမ်းပုံ၏တမည့်မသုံးယောက်ကို ကလေးငယ်ကိုပွေ့ချီရင်း ရောက်လာသည်ကို တွေ့လိုက်ကြရပေတော့သတည်း။

—◇—

"ဆိုင်းသံ ဗုံသံလည်း မကြားရပါလား အစ်ကြီး"

"ကလေးကို ပွေ့ချီရင်းထိုင်နေသော စုန်းဘီလူးမအား ရွာဆီသို့ လှမ်းမျှော်ကြည့်နေသော မိန်းမနစ်ယောက်အနက် တစ်ယောက်က ပြောလိုက်ခြင်းဖြစ်၏၊

သူတို့ကား ဆရာကြီးပြောသည့်အတိုင်း ကလေးအသုဘ ရလာလိမ့်မည်အထင်ဖြင့် ကြည့်မျှော်နေကြခြင်းဖြစ်ပေ၏။

"စောသေးလို့ပေါ့အေ"

ကလေးချီထားသော စုန်းဘီလူးမက ပြန်ပြောလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကား ၎င်းတို့ကိုကြည့်ရင်း ကလေးအသုဘတော့ ချလာမှာ မဟုတ်ဘူး၊ နင်တို့ဘာသာနင်တို့ ချရလိမ့်မယ်ဟု အော်၍ပြောလိုက်ချင်လှပေတော့၏။

သို့သော် - အခါမဟုတ်သဖြင့် အသာကုပ်၍ ၎င်းတို့ အရိပ်အကဲကိုသာ ဆရာကြီးတို့နှင့်အတူ ငြိမ်သက်စွာ နားစွင့်၍ နေရပေတော့၏။

ရွာဆီမှကား မည်သို့သော အသံဗလံကိုမျှ မကြားရ၊ ထူးဆန်းသော အခြင်းအရာဟူ၍ ဘာတစ်ခုမျှဖြစ်ပေါ်မလာ၊ အချိန်သာလျှင် တဖြည်းဖြည်း ကုန်လွန်ခဲ့၏။

စုန်းဘီလူးမ၏လက်တွင်းရှိကလေးငယ်မှာလည်းတုတ်တုတ်မျှမလှုပ်၊ ရွာဆီသို့ မျှော်ကြည့်နေသော စုန်းမနှစ်ယောက်သာမက ကလေးကို ချီထားသော စုန်းဘီလူးမပင် လှုပ်လှုပ်ရှားရှားဖြစ်လာတော့၏။

"အစ်မကြီး - အကြောင်းထူး ရှိပြီထင်တယ်"

စုန်းမတစ်ယောက်က စိုးရိမ်သံဖြင့် ပြောလိုက်၏။

"အေး - ဒီအချိန်ထိတော့ အသုဘ မချလာတာကတော့ အကြောင်းရှိလို့ပဲ"

"ဟုတ်ပါတယ်၊ဒါပေမဲ့ - ရန်သူဝင်ပြီးနှောင့်ယှက်တဲ့အရိပ်နိမိတ်တော့ မပြဘူး"

"ကိုင်း - ညည်းတို့နှစ်ယောက်ရွာကိုသွားပြီးအခြေအနေအကဲခတ်ကြစမ်း၊၊ ငါ - ဒီက စောင့်နေမယ်"

"ဟုတ်ကဲ့ - သွားမယ်"

မိန်းမနှစ်ယောက် ထွက်သွားကြ၏၊ ၎င်းရွာမှာ များစွာမဝေးလှသဖြင့် နေအတော်စောင်းလျှင်ပင် ၎င်းတို့ ပြန်ရောက်လာခဲ့ကြပေ၏။

၎င်းတို့၏ မျက်နှာအမူအရာမှာ အမိပ္ပာယ်ဝေခွဲရခက်သော အမူအရာမျိုး ပေါ်ပေါက်နေသည်ကို တွေ့လိုက်ရ၏။



"ဘယ့်နှယ်တုံး အေတို့ရဲ့ - ဘာထူးသလဲ"

"ထူးတော့ထူးတာပဲ၊ ဒါပေမဲ့ - ဘာမှန်း မသိဘူး အစ်မရဲ့"

"ပြောပါဦးအေ - ဘယ်လိုထူးတာလဲ"

"မသာ ပြင်ဆင်ထားတာမတွေ့လို့ ကျွန်မတို့လည်း ဟိုတစ်နေ့က ရောက်ဖူးတာနဲ့ မျက်မှန်းတမ်းမိတဲ့အတိုင်း အိမ်ပေါ်တက်သွားတယ်၊ ကလေး မသေဘူး၊ သူ့အမေက နို့တိုက်လို့"

"အဲဒါ - ညည်းတို့ထားခဲ့တဲ့ ရွှေကျည်ပွေ့နာနာရှပ် မဟုတ်လား"

"မဟုတ်ဘူး - ကလေးအစစ်"

"ဟင်"

စုန်းဘီလူးမလည်း "ဟင်" ခနဲ ဖြစ်သွားကာ သူ့လက်တွင်းမှ ကလေးကို အသေအချာကြည့်လိုက်၏၊ ဤတွင် ကလေးကလည်း လှုးလွန့်ကာ ငိုလေတော့၏။

"ညည်းတို့ဟာ - မဟုတ်သေးပါဘူး"

စုန်းဘီလူးမက စိတ်ပျက်စွာ ပြောလိုက်၏။ ၇

"ဘာ - မဟုတ်သေးတာလဲ အစ်မရဲ့"

"ဒီမှာ ကလေးအစစ်ရောက်နေပါလျက်နဲ့ ဟိုမှာကလေးအစစ်ရှိရမယ်ဆိုတာကို ပြောတာအေ့"

"ကျွန်မတို့လည်း အဲဒါကို စဉ်းစားနေတာပဲ"

"ဒါ့ထက် - ဟိုကဟာ ကလေးအစစ်နော်"

"ဟုတ်ပါတယ် - အစစ်ပါ အစ်မရဲ့"

"ရွှေကျည်ပွေ့က ဘယ်ရောက်နေသလဲ"

"အဲဒါ - စဉ်းစားစရာပေါ့"

"ညည်းတို့ကလေးယူလာတုန်းက အဲဒီအိမ်မှာ ဘယ်သူ့ကိုတွေ့ရသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ညှိုသည့် အဘိုးကြီးတစ်ယောက်တွေ့ခဲ့တယ်၊ အဲဒီမှာပဲ တစ်ညအိပ် သွားသေးတယ်တဲ့"

"အဲဒီအဘိုးကြီးဟာ ဆရာတစ်ယောက် ဖြစ်မှာပဲ"

"ဆရာမဟုတ်မှန်း ကျွန်မတို့ သိပါတယ်၊ အိမ်ရှင်ကပြောတော့ အဲဒီ အဘိုးကြီးဟာ ဖျက်စီးအတော်မှုန်တယ်တဲ့ - ဆရာလည်း မဟုတ်ဘူးတဲ့"

"ငါတော့ မဟုတ်မှလွဲရော အဲဒီအဘိုးကြီး ဝင်ရှုပ်ပြီထင်တာပဲ"

"ရှုပ်တယ်ထားပါဦး အစ်မရဲ့၊ အစ်မလက်ထဲက ကလေးက ဘာဖြစ် လို့ ကျွန်မတို့နဲ့ ပါလာရတာလဲ"

"အဲဒါလည်း - စဉ်းစားစရာပဲ"

"ကိုင်း - ဘယ်နဲ့လုပ်မလဲ အသုဘလည်းချမလား၊ အသုဘလည်းမရှိ ဒီကလေးကို ဘယ်လိုလုပ်ပြီး စားမလဲ"

"စားတာ မစားတာ အသာထား၊ ဒီကလေးကို ကလေးအစစ် ဟုတ် မဟုတ် စမ်းမှပဲ"

"ဘယ်လိုစမ်းမလဲ - အစ်မရဲ့"

"အို - လွယ်ပါတယ်အေ၊ ထဘီနဲ့ အုပ်လိုက်ရုံပေါ့"

စုန်းဘီလူးမလည်း ဤသို့ပြောကာ ကလေးကို မြေပြင်ပေါ်သို့ ချထား လိုက်ပြီး ထပ်၍ဝတ်ထားသော လုံချည်ကိုလဲလှယ်ကာ ကလေးကို တစ်စုံ တစ်ခုပြုလုပ်ရန် အလုပ်ရှုပ်နေကြသည်၊

စုန်းမတစ်ယောက်က ထိုလုံချည်ကို ကလေးငယ်ပေါ်သို့ အုပ်ချလိုက် ၏၊

ဆရာကြီးက ပြုံးလျက်ကြည့်နေရာမှ နှုတ်မှတဖွဖွလုပ်နေရာ တစ် အောင့်မျှအကြာတွင် စုန်းဘီလူးမ၏လုံချည်မှာ ဟုန်းခနဲ မီးတောက်လောင် ၍ သွားလေတော့၏၊



စုန်းမသုံးယောက်လုံး မျက်လုံးမျက်ဆံပြူးတူးဖြစ်တဲ့နှင့် ဘာလုပ်ရမှန်း မသိဖြစ်နေကြရာမှ စုန်းဘီလူးမက ထွီခနဲ တံတွေးနှင့်ထွေးလိုက်ရာ ငြိမ်းငြိမ်း သွားပြီး ဆရာကြီး စီမံထားခဲ့သော ဖိုးဝရုပ်သဏ္ဍာန် နာနာရုပ်တလေးကို တွေ့လိုက်ရလေတော့၏၊

"ကြည့်စမ်း - ကြည့်စမ်း - ညည်းတို့ပြောတဲ့ အဘိုးကြီးဆိုတဲ့ သေနာ ကောင်ကြီးရဲ့လက်ချက်မဟုတ်ရင် ဘယ်သူ့လက်ချက်ဖြစ်မလဲ၊ အဲဒီအရှိန် တ သူပဲရှိတာ"

စုန်းမနှစ်ယောက်ကား အကြီးအကျယ် ထိတ်လန့်အံ့ဩနေရာမှ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ...

"ပုခက်ထဲက ကလေးကို ကျွန်မကိုယ်တိုင် ရေတက်ကျည်ပွေ့နဲ့လဲပြီး ယူခဲ့တာပါ၊ အဲဒီတုန်းက အဘိုးကြီးမမြင်ပါဘူး၊ လမ်းမဘက်ကို ငေးကြည့် နေပါတယ်"

ဟု မရဲတရဲ ပြောလိုက်၏၊

"ငါ - သိပါတယ်အေ၊ ဒါဟာ - ညည်းတို့အပြစ်မဟုတ်ပါဘူး၊ ညည်းတို့ ဉာဏ်လောက်နဲ့မသိနိုင်ဝဲကိုး၊ ညည်းတို့နောက်ဖေးဘက်ဝင်ပြီးစကားပြော နေတုန်းမှာ ထိုအဘိုးကြီးဆိုတာက ညည်းတို့ကိုမြင်တာနဲ့ သိသွားပြီး တလေးတိုယူ၊ နာနာရုပ်နဲ့လဲထား၊ အဲဒါကို ညည်းတို့က မသိလေတော့ ရေတက်ကျည်ပွေ့နဲ့ လဲယူသွားရော၊ ညည်းတို့ ဆင်းလာခဲ့တဲ့ နောက်မှ အဘိုး ကြီးက ရေတက်ကျည်ပွေ့ကိုယူပြီး တလေးတို ပုခက်ထဲပြန်ထားမှာပေါ့"

"အစ်မ ပြောသလို ဖြစ်မှာပါပဲ"

"ဖြစ်ရဲ့ဘယ်ကမလဲ၊ အဘိုးကြီးက ကလေးကိုစိတ်မချလို့ တမင်ညအိပ် သွားတာ"

"အိမ်ရှင်မကတော့ ဘာမှ သိပုံမရဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အဘိုးကြီးတာမှ မပြောဘဲ ဘယ်သိမလဲအေ့၊ ပြောလည်း ယုံစရာမရှိတော့ အဘိုးကြီးက မပြောဘဲနဲ့ တမင်ဝင်ကယ်သွားတာ ဖြစ်မှာပေါ့အေ"

"ဟုတ်ပါပြီ - အစ်မပြောတဲ့အတိုင်းပါပဲ၊ အဲဒီ အဘိုးကြီးဆိုတာ ဘယ်သူဖြစ်မယ်ထင်သလဲ"

"သခင်မကြီးပြောတဲ့ စေိမ့်ဆိုတာ ဖြစ်မှာပေါ့"

"ဟောတော့ - ခုက္ခပါပဲ"

"ဘာတုံးအေ့"

"ဝရုတ်ကျည်ပွေ့ကြီးပါသွားတာ ဘယ့်နယ်လုပ်မလဲ"

ဤတွင် စုန်းဘီလူးမမှာ မျက်နှာတစ်ချက် ပျက်သွားပြီး အတန်ကြာ စဉ်းစားနေ၏၊ ထို့နောက် မျက်နှာထားကို ပြင်ကာ -

"ကိစ္စမရှိပါဘူးအေ"

ဟု ပြောလိုက်၏၊

"ဘယ်လို စီမံမလို့လည်း အစ်မရဲ့"

"ခက်တာ လိုက်လို့အေ၊ တို့ရဲ့နာနာရုပ် ဝရုတ်ကျည်ပွေ့ကို သင်းကယူသွားတော့ တို့ကလည်း သူ့နာနာရုပ်ဖြစ်တဲ့ ဗိုးဝရုပ်ကို ယူသွားရုံပေါ့"

"ဟာ - ကောင်းတယ်အစ်မ - ကောင်းတယ်၊ ဒါမှ သင်းကို လက်တုန့်ပြန်လို့ကောင်းမှာ"

"ဒို - အသေအချာကောင်းပေါ့၊ တိုင်း - အချိန်ရှိတုန်း သွားကြမယ်၊ ညည်းက အဲဒီအရုပ်ကို ထဘီနဲ့ ထုပ်ပြီးယူခဲ့"

စုန်းဘီလူးမက ဤသို့ပြောလိုက်ရာ စုန်းမတစ်ယောက်က ဗိုးဝရုပ်ကို ကောက်ယူကာ ထဘီနှင့်ထုပ်ပြီး ထွက်ခွာ၍ သွားကြလေတော့၏၊

အချိန်ကား ညနေအတော်စောင်းခဲ့ပြီဖြစ်ရာ ရင်းတို့ထွက်သွား၍ အတန်ကြာလျှင်ပင် ကျွန်တော်တို့လည်း လှိုဏ်တွင်းမှ ထွက်ခဲ့ကြရပေတော့၏၊



"ကိုင်း - ဘယ်သွားကြမလဲ ဆရာကြီး"

"ဆရာ ကယ်ခဲ့တဲ့ ကလေးအိမ်ကိုပဲ သွားကြတာပေါ့ကွဲ၊ ဆရာပြောခဲ့ပါတယ်၊ အဖော်နှစ်ယောက် ခေါ်သွားဦးမယ်လို့"

"အဲဖြင့် - သွားကြစို့ ဆရာကြီး"

ကျွန်တော်တို့လည်း ဆရာကြီးရှေ့ဆောင်ကာ ထိုကလေးအိမ်ရှိရာ ရွာကလေးသို့ လာခဲ့ကြလေတော့၏၊

ရွာထိပ် ရောက်လျှင်ကား ကလေး၏မိခင်၊ ဖခင်တို့က ဝမ်းသာစွာ ဆီးကြိုကြလျက် ထမင်း၊ ဟင်းများပင် အသင့်ချက်ထားကြောင်းပြောပြရာ ဘာကြောင့် ရင်းတို့ဝမ်းသာကာ စေတနာကောင်းနေသည်ကို တွေးမရအောင် ရှိပေတော့၏၊

ကျွန်တော်တို့ ထမင်းစားသောက်ပြီးလျှင် လက်ဖက်ရည်ကြမ်းကရားနှင့် ပဲလှော်များကို ချပေးကာ လင်မယားနှစ်ယောက်လုံးအနီးတွင် လာ၍ထိုင်နေကြလေ၏၊

အတန်ကြာလျှင် ကလေး ဖခင်က -

"ဘကြီးခင်ဗျား - ကျွန်တော်တစ်ခု မေးပါရစေ"

ဟု စကားစလိုက်၏၊

"မေးပါမောင် - မေးပါ၊ မေးပါ"

ဆရာကြီးက ပြုံးလျက် ပြန်၍ပြောလိုက်၏၊

"ဘကြီးဟာ - ဆရာလားလို့"

"အင်း - ဆိုပါတော့ကွယ်၊ ဒါပေမဲ့ - ငွေကြေးနဲ့ကုစားတဲ့ဆရာမျိုးတော့ မဟုတ်ဘူးကွဲ၊ ဘာကြောင့် မေးတာလဲ"

"ဒီလိုပါခင်ဗျာ - ဘကြီး ဒီမှာ အိပ်သွားတဲ့ ညမတိုင်ခင် တစ်ညက ကျွန်တော် အိပ်မက် မက်တယ်ခင်ဗျ"

"ပြောပါဦး - ဘယ်လို မက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့် သားကလေးကို ဘီလူးမတစ်ယောက်က ဖမ်းပြီးစားမလို့ လာနေတာကို အဘိုးကြီးတစ်ယောက် ရုတ်တရက်ပေါ်လာပြီး ကလေးကို ပုခက်ထဲကယူပြီး ဗုဏ္ဏားကွယ်မှာ ဝှက်ထားလိုက်တယ်၊ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ ကြည့်နေတယ်၊ ဘီလူးမဟာ ပုခက်ထဲကို ရေတ်ကျည်ပွေ့တစ်ခုပစ်ထည့်ပြီးကလေးကိုရှာသွားတယ်၊အဲဒီကလေးကလည်းအဘိုးကြီး ဝှက်ထားလိုက်တဲ့ ကျွန်တော့်သားနဲ့ တစ်ရုပ်ထဲပဲခင်ဗျ"

"ပြော် - ပြောပါဦး"

"အဲ - ဘီလူးမ ဆင်းသွားတော့မှ အဘိုးကြီးက ကလေးကို ပုခက်ထဲ ပြန်ထားပြီး ရေတ်ကျည်ပွေ့ကို ယူသွားတယ်"

"အင်း - အိပ်မက်က အတော်ဆန်းပေတယ်"

"ကျွန်တော်ကတော့ နတ်ကောင်းမ,တယ်လို့ယူဆတယ်ခင်ဗျ၊ ဒါကြောင့် မို့ ကျွန်တော် အပြင်သွားတုန်း အဘိုးကြီးတစ်ယောက် ရောက်လာရင် ကောင်းကောင်းပြုစုလိုက်ပါလို့ ကလေးအမေကိုမှာပြီးမှ သွားစရာရှိတဲ့ဆီ သွားတာတို့ ခင်ဗျ"

"အိပ်မက်အကြောင်း ပြောသေးသလား"

"မပြောပါဘူး - ခင်ဗျ၊ အဲ - ပြန်ပြီးစဉ်းစားကြည့်တော့ အိပ်မက်ထဲက အဘိုးကြီးနဲ့ ဘကြီးနဲ့ ရုပ်ချင်းတူတာကို တွေ့မိပါတယ်ခင်ဗျ၊ ဒါကြောင့် တကယ်လို့ ဘကြီးသိခဲ့ရင် ကျွန်တော့်သားအတွက် ဘယ်လိုအန္တရာယ်များ ရှိနိုင်တယ်ဆိုတာရယ်၊ အကာအကွယ် ကလေးများရယ် လိုချင်ပါတယ် ခင်ဗျား"

"အင်း - မောင်ရင်ကစပြီး ပြောလာမှတော့ ပြောရဦးမပေါ့၊ ကျုပ် ဒီကို လာခဲ့ရတာ မောင်ရင့်သားကလေးအတွက်ပဲ၊ ဒါ့ထက် အိပ်မက်ထဲက ရေတ်ကျည်ပွေ့ကို မြင်ရင် မှတ်မိပါ့မလား"

"မှတ်မိပါတယ် - ခင်ဗျား"



ဆရာကြီးလည်းရေတ်ကျည်ပွေ့ကိုထုတ်ပြလိုက်တာမိန်းမနှစ်ယောက် ရောက်လာပုံကအစ အားလုံးပြောပြလိုက်လေရာ လင်မယားနှစ်ယောက် လုံး အံ့သြစွာဖြင့် ကျေးဇူးတင်မဆုံး ဖြစ်သွားကြလေ၏။

ထို့နောက် - ဆရာကြီးက လက်ဖွဲ့ကလေးတစ်လုံးကို ကလေး၏ လည် ပင်းတွင် ချည်ပေးလိုက်ပြီး ပညာသည်များ ထပ်မံနှောင့်ယှက်သည့်တိုင် စိုးရိမ်ဖို့မလိုကြောင်း ပြောပြလိုက်၏။

သို့ဖြင့် - ကျွန်တော် ဆရာကြီးနှင့် ဆရာတေဇတို့မှာ ထိုလင်မယားအိမ် တွင် ထိုည၌ အိပ်စက်ခဲ့ကြကာ နောက်တစ်နေ့ နံနက်စာစားပြီးမှ ထိုရွာ ကလေးမှ အရှေ့ဘက်သို့ ခရီးဆက်ခဲ့ကြရပေတော့သတည်း။

♦♦♦ ကဝေသာရ

---


စာမူရှင်များသို့ ...

'ဝိဇ္ဇာရပ်ဝန်း' တွင် ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ် ရန်ခက်ခဲနေခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် သူ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူ နိုင်ရန်ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂမ္ဘီရမဂ္ဂဇင်း

---

www.burmeseclassic.com




# ဇာတိမြေမှ ဂမ္ဘီရ

ကိုမောင်သန့်ဝင်း

ရန်ကုန်တိုင်းဒေသကြီး အရှေ့ဘက်၊ သန်လျင်မြို့နယ်အပိုင်တွင်အလွန်သာယာသော ဖားကူးကျေးရွာကြီးတစ်ရွာရှိနေလေ၏။ "ဖားကူး"ဟူသည်မွန်အမည် "ဖားခွပ်" ဖြစ်လေ၏၊ ကာလရွေ့လျော၍ "ဖားကူး" ဖြစ်လာရသည်ဟူ၏၊ မြန်မာလိုပြန်သော် "ဥယျာဥ်ချောင်း" ကျေးရွာဖြစ်လေ၏။

ရှေးအခါက ပဲခူးမြို့ကြီးနှင့်တကွ ပဲခူးချောင်းတစ်လျှောက် မွန်လူမျိုးတို့ နေထိုင်ခဲ့ကြလေ၏၊ ထို့ကြောင့် မွန်အမည်ဖားခွပ်မှ ဖားကူးဖြစ်တည်လာရဘိသို့ ဖားကူးရွာကြီးအနီး "ဝင်းခနီး"အမည်ရှိ ကျေးရွာသည်လည်း မွန်အမည်ဖြစ်ပြီး မြန်မာအမည်မှာ "ဂုညင်းစု" ရွာဖြစ်၏၊ ဝင်းခနီးကျေးရွာအနီး "ဒေးဆပ်"ကျေးရွာသည်လည်း မွန်အမည်ဖြစ်လေရာ မြန်မာလို "သက်ရင်းကြီးကုန်းတန်းရွာ" ဖြစ်လေ၏။

အနီးဒေးဆပ်ကျေးရွာမှာ နာမည်ကျော်ပုဂ္ဂိုလ်၊ ရဟန်းများထွက်ရှိရာ အရပ်ဖြစ်လေ၏၊ ဆရာကြီး ပါရဂူသည်လည်း ရဟန်းဘဝနှင့် ပညာသင်ခဲ့ဖူးလေ၏၊ ကျွန်ုပ်၏ အဘ (အဖေ)သည်လည်း ပဥ္စင်းခံ၍ ပညာသင်ခဲ့ဖူး

www.burmeseclassic.com

လေ၏၊ လူထွက်သည်မှာ ကာလကြာသော်ငြားလည်း အမည်ရင်းဦးမြ မောင်ထက် "မောင်ပဥ္စင်း" ဟုသာ သူ၏ ညီအစ်ကိုမောင်နှမများက ခေါ်ခေါ် လေ့ရှိကြပါ၏။

ဖားကူးရွာသည်ဥယျာဉ်ရောင်းရွာဟုအနွတ်သညာပြုခဲ့သည့်အတိုင်း ကန်ရောင်း၊ ဆည်မြောင်းတွေ ပေါလှသလို သီးပင်စားပင်ကြီးများသည် လည်း လွန်စွာပေါများလှလေ၏။ အိမ်တည်ရာကို "အိမ်ကုန်း" ဟု ခေါ်ဆိုကြ လေရာ အိမ်ကုန်းများပတ်ပတ်လည်တွင် သရက်၊ ဇီးနဲ့၊ ဆီး၊ ဒန့်သလွန်၊ မာလကာပင်များနှင့် ဝါးရုံ၊ ငှက်ပျောရုံများ ရှိနေကြလေ၏။

သီးပင်စားပင်များ မည်သူကမျှ ဝယ်၍မစားရ၊ စားလိုကလည်း မည် သည့်အိမ်ကုန်းတွင်မဆိုအသိပေး၍ခူးဆွတ်စားသုံးနိုင်ကြပေ၏။အိမ်ကုန်း ပိုင်ရှင်များသည် ခြံထွက်သီးနှံများကို ရောင်းစားသည်ဟူ၍ မရှိကြချေ။

—◇—

ဖားကူးရွာကြီးသည် အခြားသောရွာကြီးများကဲ့သို့ ရွာတန်းရှည် မဟုတ်၊ လမ်းအသွယ်သွယ် အိမ်အသီးသီးရှိကြလေ၏၊ ရွာကြီး၏အပြင် ဘက်အရှေ့ အနောက်၊ တောင်၊ မြောက်၊ ဝဲယာတွင် ရှုမဆုံးနိုင်ဖွယ်သော လယ်ကွင်းပြင်ကြီးများရှိနေလေ၏၊ ရွာ၏ အဓိကစီးပွားရေးမှာ စပါးကိုသာ အားထားစိုက်ပျိုးကြခြင်းဖြစ်လေ၏။ ရွာသားတို့သည် ရွာအတွင်း နေအိမ် ကိုယ်စီရှိကြသလို ရွာအပြင်ဘက် လယ်ကွင်းများအတွင်း တဲအိမ်ကြီးများ နှင့် သွားရောက်နေထိုင်ပြီး လယ်ယာလုပ်လေ့ရှိကြလေ၏။ ယခုအခါ စပါး ပြီး ပဲစိုက်ပျိုးနေကြပြီဖြစ်သဖြင့် ရွာအိမ်ထက် တဲများတွင်သာ အနေများကြ တော့လေ၏၊ တဲဟုအနွတ်သညာ ပြုကြသော်လည်း တဲမဟုတ်ချေတော့။ ပျဉ်ထောင်အိမ်ကြီးများ၊ တိုက်ခံအိမ်ကြီးများ ဖြစ်တည်နေကြလေပြီ။

ဖားကူးရွာကြီးတစ်ဝိုက်သည် ရေမြေသဘာဝ ကောင်းမွန်ခြင်းကြောင့် နှစ်စဉ်စပါးအထွက်တိုးကောင်းကြလေရာ သီးနှံတောက်သစ်ပေါ်လေတိုင်း ရွာသူရွာသားများသည် ထမင်းရည်ချောင်းစီး အလှူကြီးများ ပေးကြလေ၏။

ဖားကူးရွာကြီးတွင် ဘုန်းတော်ကြီးကျောင်းများ ရှိကြလေရာ အဓိက ကျောင်းကြီးနှစ်ကျောင်းမှာ "ကံကျောင်း" နှင့် "ဒွါရကျောင်း" ဟူ၍ ဖြစ်လေ



၏၊ အလှူအတန်းပြုကြသူများသည်လည်း သက်ဆိုင်ရာကျောင်းများဆီ -သို့ သွားရောက်ဆက်ကပ်လှူဒါန်းခြင်းအမှုကို ပြုကြလေ၏။

ကျွန်ုပ်၏အဘ (ဖခင်) မှာ ဒွါရဖြစ်လေ၏၊ အစ်မ (အမေ) မှာကံကျောင်း ဆရာတော်ကို ကိုးကွယ်လေ၏၊ ဤသို့နှင့်နှင့် နေအိမ်တစ်အိမ်တည်း မိသားစုတစ်စုတည်းတွင်ပင် ကံ၊ ဒွါရကွဲပြားမှု ရှိနေကြလေ၏။ သို့စဉ် ဘောင်ဆက်ဆိုင်ရာဆိုင်ရာ ကိုးကွယ်ကြခြင်း ဖြစ်လေ၏။

ကျွန်ုပ်သည် အဘ (ဖခင်) ကိုးကွယ်ရာ ဒွါရကျောင်းသို့ရောက်လျှင် "ကာရဒွါရ" "ဝစီဒွါရ" "မနောဒွါရ" ဟု ရွတ်ဆို သီလခံယူသကဲ့သို့ အစ်မ (အမေ) ရှိရာ ကံကျောင်းသို့ရောက်လျှင် "ကာယကံ" "ဝစီကံ" "မနောကံ" ဟု ရွတ်ဆိုကာ သီလခံယူခဲ့ရလေ၏။

—◇—

ရွာသူရွာသားတို့သည် ဆိုင်ရာဆိုင်ရာ ကျောင်းများဆီသို့သွား၍ အလှူပြု၊ သီလခံယူကြသော်ငြားလည်း ကံ၊ ဒွါရဟူ၍ ဝါဒစွဲကြီးစွာမထား၊ လိုအပ်လျှင် ကံသမားလည်း ဒွါရဆီသို့၊ ဒွါရသမားလည်း ကံကျောင်းဆီသို့ သွား၍ ကူညီကြလေ၏၊ အလှူအတန်းပြုကြသူများမှာ ဆွေမျိုးမျိုးရိုးများ မကာင်းကြ၍ အနီးကဲ့သို့သွား၍ ကျောင်းစွဲမထားခြင်းလည်း ဖြစ်ပါ၏။

ဖားကူးကျေးရွာကြီးသည်ဟိုးယခင်ကာလများဆီကလွန်စွာစည်ကား လှသည်ဟူ၏၊ မင်းသားကြီး ဂရိတ်ဖိုးစိန်လာရောက်ကပြဖူးသလို ရန်ကုန် မြို့ ခြောက်ထပ်ကြီး ဘုရားဒါယကာသူဌေးကြီး ဖြောဘိုးသာလည်း မကြာ ခဏ လာရောက်ပြီး ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းလေ့ရှိသည်ဟူ ၍။

လွန်စွာစည်ကားခဲ့ပါသော ဖားကူးရွာကြီးသည် စစ်ဘေးလည်း ကြုံခဲ့၊ ရောင်စုံသူပုန်၊ ဖြူ၊ နီ၊ ကြောင်ကျားတွေ၏ ဒဏ်ကိုလည်း ခါးစည်းခံခဲ့ရလေ ၏၊ အိမ်ကြီးရခိုင်၊ ဆိုင်ကြီးကနားအချို့ မီးရှို့ခံခဲ့ရလေ၏၊ ဓားပနာဖောက်သူ လူရမ်းကားတို့ကြောင့် ဘုရားဆင်းတုအချို့၊ ဦးခေါင်းတော်များ ကျိုးပြတ် ပျက်စီးခြေခဲ့ရလေ၏၊ သဘာဝဘေးကမ်းနားရေတိုက်စားမှုကြောင့်လည်း စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်မြို့ပျက်ခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

တိုင်းပြည်ငြိမ်သက် အေးချမ်းသောကာလတွင် ရွာသူရွာသားများ စုပေါင်း၍ အပျက်အစီးများကြားမှ ကုန်းရုန်းထကာ တက်ညီလက်ညီ ပြုပြင်ခဲ့ကြလေ၏။ လက်တွဲညီညာဆောင်ရွက်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် ဖားကူးရွာကြီးသည် ပြန်လည်စည်ကား ဦးမော့လာလေတော့၏။ မြေလမ်းတို့နေရာတွင် ကွန်ကရစ်လမ်းများ အစားထိုးဝင်ရောက်လာပြီး အိမ်ကြီးရခိုင် ဆိုင်ကြီးကနားတို့ဖြင့် ပြန်လည်စည်ကားလျက်ရှိနေပြီတည်း။

ကျွန်ုပ်သည် ဖားကူးရွာကြီး၏ အကြောင်းအခြင်းရာကို အတော်အတန် သိနေခြင်းသည်ကား ကျွန်ုပ်၏ မွေးရပ်ဇာတိဖြစ်သောကြောင့်ပါတည်း။ ဖားကူးရွာကြီး၏ မြောက်ဘက်တဲကုန်းတွင် မွေးဖွားခဲ့ခြင်းဖြစ်လေ၏။ တိတိကျကျ ဆိုရသော် (၈-၆-၁၉၅၁) ခုနှစ်၊ သောကြာနေ့တွင်ဖြစ်လေ၏။ မွေးဖွားသန့်စင်ပြီး တစ်လသားအရွယ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကျိုက္ကစံရပ်ကွက် နေအိမ်သို့ပြောင်းရွှေ့လာခဲ့ပါ၏။ ယခု နေအိမ်တည်ရာ (ထဲသာသာအိမ်အား) ငွေကျပ် (၄၀၀) ဖြင့် ပေးဝယ်ခဲ့ရသည်ဟူ၏။

ကျွန်ုပ်သည် တစ်လသားအရွယ်ဖြင့် ရန်ကုန်သို့ရောက်ခဲ့သည်မှာ ပြောင်းရွှေ့လာရခြင်းထက် ပြေးလာခဲ့ရခြင်းဟူက ပို၍မှန်ပေလိမ့်မည်။ ၁၉၅၀-ခုနှစ် တစ်ပိုက်လောက်က ဖားကူးရွာကြီးသို့ ကျောင်းသားကိုယ်စားပြုသူဆိုသူများ၊ အလုပ်သမား၊ လယ်သမားတို့အရေးကာကွယ်ပေးသူများဟုအနွတ်သညာပြုကာ နစ်ဖြူ၊ နစ်နီဆိုသူများရောက်လာကြပြီး ရွာများ၊ တဲများဆီမှ ရန်ပုံငွေများ ကောက်ယူကြလေ၏။ လိုအပ်လျှင် ကြက်၊ ဘဲ၊ ဝက်များကိုပါ အလှူခံယူကြလေ၏။

ကျွန်ုပ်၏အဘ၊အစ်မနေထိုင်ရာတဲကုန်းသည်သစ်ပင်ကြီးများထူထပ်စွာ ဝိုင်းရံလျက်ရှိနေသည်မို့ လုံခြုံအေးချမ်းသည်ဟူ၍ သူပုန်အဖွဲ့တစ်ဖွဲ့မှ ရက်သတ္တတစ်ပတ်ခန့် တည်းခိုနေထိုင် စားသောက်ကြလေ၏။ ကျွေးမွေးသည်မှန်သမျှ ညွှဲသည်များပီသစွာ တနင့်တပိုး စားသောက်ကြလေ၏။

ထိုစဉ် လွယ်အိတ်ညိုကြီးကို လွယ်လျက်၊ သျှောင်တစောင်းနှင့် လူညိုထွားကြီး ဦးလှအောင် (အမေ၏အစ်ကို) ရောက်လာလေ၏။ ဦးကြီး ဦးလှအောင်သည် တစ်လတစ်ခါ၊ နှစ်လတစ်ခါ တဲကုန်းသို့ ရောက်လာတတ်သည်ဟူ၏။ ကြားရက်များတွင် ဘယ်နေရာ၊ ဘယ်ဒေသများဆီသို့ သွား



ရောက်စားသောက်နေလေ့ရှိသည်ကို ကျွန်ုပ်၏အစ်မ (အမေ) စိုးစဉ်းမျှမသိ။ သိလို၍ မေးသည့်အခါတိုင်းလည်း "ဘာရယ်မဟုတ်ပါဘူး ညီမရယ်၊ အလျဉ်းသင့်သလို သွားလာနေတာပါ" ဟူသာ ဖြေလေ့ရှိပါ၏။ (နောင်မှ သိရသည်မှာ ဂမ္ဘီရကျင့်စဉ်များကို လိုက်လံကျင့်ကြံအားထုတ်နေခြင်းဖြစ်ကြောင်း သိရလေ၏)။

ဦးကြီးဦးလှအောင် ရောက်လာသဖြင့် ကျောင်းသားအလုပ်သမားကိုယ်စားပြုဟူသော သူပုန်အဖွဲ့ အနေကျုံ့လျက်ရှိနေကြလေ၏။ ဦးကြီး၏



" ဦးကြီးဦးလှအောင်အား သူပုန်များခေါ်ယူခဲ့သည့် ညဦးပိုင်းတွင် ဝင်းခနီးရွာဆီမှ "ဒိုင်း" "ဒိုင်း" ဟူ၍ သေနတ်သံ နှစ်ချက်ကြားရလေ၏။ ဦးကြီး ဦးလှအောင် သေဆုံးပြီဟု ကောက်ချက်ချလိုက်သော အစ်မ (အမေ) သည် "သွားပေဦးတော့-အစ်ကိုလှအောင်ရေ" ဟု မြည်တမ်းရင်း မျက်ရည်ဖြိုင်ဖြိုင်ကျလေတော့၏။ အဘ (အဖေ) သည်လည်း မျက်စိမျက်နှာမကောင်း "



www.burmeseclassic.com

www.burmeseclassic.com

ထွားကျိုင်းသော ခန္ဓာကိုယ်ကြီးနှင့် စူးရှသောအကြည့်များကြောင့် သူပုန်အဖွဲ့(၅) ဦး နေမထိ၊ ထိုင်မသာဖြစ်နေကြပေ၏။ ဦးကြီးကတော့ သူတို့အဖွဲ့အား ပေယျာလကန်ပြု၍ ဥပေက္ခာပြုနေ နေလေ၏။

တစ်နေ့ အနီးသူပုန်အဖွဲ့နှင့် အခြားတဲကုန်းမှ သူပုန်အဖွဲ့ သေနတ်များဖြင့် လုမ်း၍ ပစ်ခတ်ကြလေတော့၏။ ဤတွင် ဦးကြီးလှအောင် ကြည့်မနေနိုင်တော့ပြီမို့ –

"ဟေ့ကောင်တွေ – ကြည့်လည်းလုပ်ကြဦး။ ဒီမှာ ဥမမည် စာမမြောက်ကလေးတွေရှိတယ်။ ခနချင်ရင် ကောင်းကောင်းနေ။ ဒီလို ပစ်ခတ်နေရင်တော့ တခြားပြောင်းကြ"

ဟု ပြတ်သားစွာ ပြောလိုက်လေရာ သူပုန်အဖွဲ့လည်း အပစ်အခတ်ရပ်ပြီး ညဦးပိုင်းခန့်တွင် တဲကုန်းမှ ပြောင်းရွှေ့သွားကြလေတော့၏။

နောက်ရက်သတ္တပတ်၊ တစ်ပတ်အကြာတွင် သူပုန်နှစ်ယောက်သည် လက်နက်ကိုယ်စီဖြင့် ဦးကြီးလှအောင်အား မသက်ာ၍ စစ်ဆေးရန်ရှိသည် ဆိုကာ လာရောက်ခေါ်ငင်ကြလေ၏။ ဦးကြီးသည်လည်း မဆိုင်းမတွပ် လွယ်အိတ်ကြီးကို လွယ်လိုက်ပြီး –

"ယောက်ဖနဲ့ ညီမ – ငါလိုက်သွားမယ်"ဟု ဆိုကာ သူပုန်တို့ခေါ်ရာ နောက်ကောက်ကောက်ပါအောင် လိုက်သွားလေ၏။ (ဝင်းခနီးရွာရှိ သူတို့၏ သူပုန်စခန်းကို ခေါ်ယူသွားခြင်းဖြစ်ကြောင်း နောက်မှ သိရလေ၏) ထိုစဉ်ကာလက ခေတ်ပျက်ကာလ ဖြစ်တည်နေလေရာ မသင်္ကာဟုဆိုကာ ခေါ်ယူသွားခံရသူများသည် ပြန်လမ်းဟူ၍ မရှိကြသည်သာ များလေ၏။

လက်နက်ကိုင်သူပုန်ရောင်စုံများ မင်းမူနေသော ကာလမို့ ရိုးသားသော တောင်သူလယ်သမား ရွာသားတို့မှာ မည်သူ့ကိုမျှ အားကိုးအားထား မပြုနိုင်ကြရသဖြင့် အားမတန် မာန်လျှော့၍သာ နေနေကြရလေ၏။

သို့ဖြင့် အဘ(အဖေ)သည်လည်း "တောက်" ခေါက်ရုံမှတစ်ပါး အခြားမရှိ ဖြစ်နေရလေ၏၊ အစ်မ(အဖမ)သည် သူ့အစ်ကို ဦးကြီးဦးလှအောင်အတွက် မျက်ရည်ကျရုံမျှသာ။

ဦးကြီးဦးလှအောင်အား သူပုန်များခေါ်ယူခဲ့သည့် ညဦးပိုင်းတွင် ဝင်းခနီးရွာဆီမှ "ဒိုင်း" "ဒိုင်း"ဟူ၍ သေနတ်သံ နှစ်ချက်ကြားရလေ၏။ ဦးကြီး ဦးလှအောင် သေဆုံးပြီဟု ကောက်ချက်ချလိုက်သော အစ်မ(အဖေ)သည် "အွား ပေဦးတော့ – အစ်ကိုလှအောင်ရေ"ဟု မြည်တမ်းရင်း မျက်ရည်ကျလေတော့၏။ အဘ (အဖေ)သည်လည်း မျက်စိမျက်နှာမကောင်း။

ထိုစဉ် တဲကုန်းဆီသို့ တရွေ့ရွေ့လာနေသော လူရိပ်သဏ္ဍာန်ကြောင့် ထွန်းညှိထားသော ရေနံဆီမီးခွက်ကို အဘ(အဖေ)က ငြိမ်းသတ်လိုက်ပြီး အစ်မ(အဖမ) အား လက်ကုတ်၍ တရွေ့ရွေ့လာနေသော လူရိပ်သဏ္ဍာန်ဆီသို့ ညွှန်ပြလေ၏။ အစ်မ (အဖမ) သည်လည်း မျက်ရည်စများကို လက်ဖမိုးဖြင့် သုတ်လိုက်ပြီး ငြိမ်သက်စွာ ငေးကြည့်လေ၏။

"ကိုလှအောင်ပြန်လာတာတ" အဘ (အဖေ)က တိုးညင်းစွာပြောလေရာ "ဟုတ်ပတော်" ဟု ထောက်ခံပြော ပြောလေ၏။ ရွာသူရွာသားတို့သည် အဝေးမှလာသူ၏ လှုပ်ရှားမှုအနေအထားဟန်ပန်ကို မှန်းဆပြီး မည်သူမည်ဝါဖြစ်ကြောင်း တတ်သိစွာပြောဆိုနိုင်ကြပါ၏။ ရွာလေ့အကျင့်ဝင်ဖြစ်လေ၏။

ယခုလည်း ဦးကြီးဦးလှအောင် ပြန်လာနေမှန်း သိကြလေရာ ငြိမ်းပြုထားပါသော ရေနံဆီမီးခွက်ကို ပြန်လည်ထွန်းညှိကြလေ၏။ ဦးကြီးဦးလှအောင်သည် တဲကုန်းအနီးသို့ ရောက်လေသော် ရုတ်တရက် ပျောက်သွားလေ၏။ အဘနှင့် အစ်မတို့လည်း ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားလေ၏။ "လှအောင်ရေ – လှအောင်ရေ" ဟု အဘက လှမ်း၍ပင် ခေါ်သေး၏ သို့သော်လည်း ပြန်လည်ထူးသံမကြား။ ပေါ်လည်း ပေါ်မလာချေတော့။

သို့ဖြင့် ဖြစ်ကြောင်းကုန်စင်ကို တွက်ဆမိလေတော့၏။ ဝင်းခနီးရွာမှ သေနတ်သံနှစ်ချက်ကြားရပြီးမရှေးမနှောင်းပင် ဦးကြီးဦးလှအောင် ရုပ်သွင်မြင်ကြရသည်ဆိုလေတော့ ဝိညာဉ်သဘောဖြင့် ရုပ်သွင်လာပြ နှုတ်ဆက်ခြင်းသာဖြစ်ဖွယ်ရှိကြောင်း တွက်ဆမိလေတော့၏။ သူပုန်တို့က ခေါ်သွားလျှင် ပြန်လမ်းမရှိဟု သိထားကြသည်မို့ သေသူက လာရောက်နှုတ်ဆက်ခြင်းဖြစ်မည်ဟုသာ ရှေးရိုးစွဲတွက်ဆခြင်းလည်း ဖြစ်လေ၏။

"မနက်ဖြန် မနက် ငါ ဝင်းခနီးဘက်ကို လိုက်သွားမယ်။ သူပုန်ဗိုလ်တို့ တောင်းပန်၊ လှအောင်ရဲ့ အသုဘအလောင်းကို သယ်ယူပြီး ဘုန်းကြီးငင့် သရဏဂုံတင် သင်္ဂြိုဟ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု အဘက အစ်မကို ပြောလေရာ အစ်မက -

"သွားရင်လည်း သတိထားပြီးသွား" ဟု ဆိုလေ၏။

အဘသည် ကျေးရွာအတွင်း ဩဇာညောင်းသူ ဘကြီးဦးနီကို ခေါ်ယူ၍ ဝင်းခနီးသူပုန်စခန်းရှိရာသို့ သွားလေ၏။ ဘကြီးဦးနီသည် သူပုန်ဗိုလ်ဆိုသူနှင့် တရင်းတနှီးရှိသူဖြစ်လေရာ သူပုန်ဗိုလ်အား အဘ(အဖေ)၏ ဆန္ဒအတိုင်း ဆွေးနွေးပြောဆိုလေ၏။ ထိုအခါ သူပုန်ဗိုလ်ဆိုသူမှာ -

"ဟာဗျာ - ဦးနီကြီးကလည်း ခင်ဗျားတို့လူ မသေပါဘူးဗျာ၊ ဟောဟို အချုပ်ခန်းထဲမှာ ရှိနေပါတယ်၊ ကျုပ်တို့ အမျိုးမျိုးစစ်ဆေးပြီးပြီ၊ သူ့ရဲ့ နောက်ကြောင်းကိုလည်း စုံစမ်းပြီးပြီလေ၊ လူကောင်းတစ်ယောက်၊ ပြီးတော့ တစ်စုံတစ်ရာကို ကျင့်ကြံအားထုတ်နေတဲ့သူမှန်း သိခဲ့ပြီမို့ အတော်ကြာရင် တစ်ခုခုကျွေးမွေးပြုစုပြီး ပြန်လွှတ်ဖို့ စီစဉ်ထားတာ၊ ခင်ဗျားတို့ ပြန်ခေါ်သွားပေတော့" ဟု ဆိုလေ၏။

မယုံနိုင်စရာ သူပုန်ဗိုလ်၏ စကားကြားရလေတော့ အဘနှင့် ဘကြီးဦးနီတို့ ဝမ်းပန်းတသာဖြစ်ကြရလေ၏။ တအံ့တဩလည်း ဖြစ်ကြရလေ၏။

သူပုန်ဗိုလ်မှ အဘနှင့် ဦးကြီးဦးနီ တအံ့တဩဖြစ်နေကြခြင်းကို ရိပ်စားမိဟန်တူလေ၏။

"ခင်ဗျားတို့ ပိုပြီးအံ့ဩရအောင် ကျုပ်တပည့်နှစ်ယောက်ရဲ့စကား နားထောင်ကြည့်ဦး"

ဟုဆိုကာ တပည့်နှစ်ယောက်ထဲမှ တစ်ယောက်သည် -

"ဦးလှအောင်ကို အချုပ်ခန်းထဲ ထည့်ထားပြီး အပြင်က သော့ခတ်ထားပါတယ်၊ နိပ်စက်ခြင်းအလျဉ်းမရှိပါဘူး၊ ကောင်းမွန်စွာ ကျွေးမွေးထားပြီး လိုအပ်တာကို မေးမြန်းတာပဲ ရှိပါတယ်၊ ဒါပေမဲ့ - ဦးလှအောင်က ဘာမှမစားဘူး၊ မျက်စိစုံမှိတ်ပြီး ပါးစပ်က တစ်စုံတစ်ရာကိုပဲ ရွတ်နေတယ်၊

မနေ့ညဦးပိုင်းက သူထွက်သွားတယ်၊ ကျုပ်တို့လည်း ဟေ့ - ဦးလှအောင် မသွားပါနဲ့၊ ခင်ဗျားသွားရင် ကျုပ်တို့အပြစ်ကျလိမ့်မယ်ဆိုပြီး တားပါတယ်၊ ဒါပေမဲ့ - သူက လုံးဝလှည့်မကြည့်ဘဲ ထွက်သွားတယ်၊ ကျုပ်တို့ အတန်တန်တောင်းပန်နေတဲ့ကြားက လှည့်မကြည့်ဘဲ သွားနေတော့ ကျုပ်တို့လည်း အတော်ခံပြင်းသွားပြီး သူ့ရဲ့ နောက်ကျောကို သူရော ကျုပ်ပါ တစ်ချက်စီ သေနတ်ကိုယ်စီနဲ့ ပစ်တယ်၊ အဲဒီမှာ ဦးလှအောင် ပျောက်သွားတယ်၊ အစအနကို မတွေ့ရတော့ဘူး။

ကျုပ်တို့ အတော်လေး ဦးနှောက်ခြောက်သွားတယ်၊ အချုပ်ခန်းဆီ ပြန်ကြည့်လေတော့ သော့ခတ်လျက် တန်းလန်း၊ ခြေရာလက်ရာ မပျက်ရှိနေတယ်၊ သော့ဖွင့်ကြည့်တော့ ဦးလှအောင်က ဖျာတစ်ချပ်ပေါ်မှာ အိပ်လျက်သားရှိနေတယ်၊ အသေအချာကြည့်တော့ အိပ်နေပုံက ဟောတ်သံကြား၊ အသက်ရှူသံလည်း မကြားဘူး။ ကျုပ်တို့ လှုပ်နိုးကြည့်တော့ သူ့နောက်ကိုယ်ကြီးက တောင့်တောင့်တင်းတင်းကြီးဖြစ်နေတယ်၊ ကိုယ်ကတော့ နွေးနေတယ်၊ မကြာခဏ လှုပ်နိုးတော့ မျက်လုံးအစုံဖွင့်ပြီး ဘာမေးစရာရှိသေးလို့လည်းလို့ ပြောတယ်"

တပည့်ဆိုသူ၏ ပြောဆိုရှင်းပြချက်ဖြစ်လေ၏။ သူပုန်ဗိုလ်မှ -

"ခင်ဗျားတို့ ဦးလှအောင်က ထူးခြားတဲ့ပုဂ္ဂိုလ်လို့ ပြောရင်ရမယ်၊ တဲ - သူ့ကို ပြန်ခေါ်သွားကြပါတော့"

ဟု ဆိုလေရာ ဝင်းခနီးရွာသူပုန်စခန်းဆီမှ ဦးလှအောင်အပါအဝင် အဘနှင့် ဦးကြီးဦးနီတို့ သုံးဦးသား ဖားကူးရွာဆီသို့ ပြန်လာခဲ့လေတော့၏။ အပြန်လမ်းတွင် ဦးကြီးဦးလှအောင်မှ ပုံမှန်အနေအထားနှင့် ပြန်လာခဲ့သော်ငြားလည်း အဘနှင့် ဦးကြီးဦးနီတို့ နှစ်ဦးမှာတော့ အတွေးကိုယ်စီရှိနေကြသည် ထင်လေ၏။

(ကျွန်ုပ်၏ မိခင် မကွယ်လွန်မီက မကြာခဏ ပြောခဲ့ပါသော အတ်ကြောင်းဖြစ်လေ၏။ ကြားနေစဉ်က ကျွန်ုပ်သည် ကျောင်းသားဘဝတွင်ရှိနေသေး၏။ စာလုံးဝစာမရေးသေးပါ။ ယခုအခါ ကျွန်ုပ်သည် ထူးခြားဖြစ်စဉ်ဂါဝမ္ဘီရဆန်ဆန် ဝတ္ထုတိုများ ရေးလျက်ရှိနေပြီဆိုတော့ မိခင်ပြောခဲ့ပါသော အဆိုပါအတ်ကြောင်းအား ပြန်လည်အမှတ်ရသည်မို့ ရေးသီဖွဲ့ခဲ့ခြင်းဖြစ်ပါ၏။ ဦးကြီးဦးလှအောင်သည် မည်သည့်ကျင့်စဉ်များကို ကျင့်ခဲ့ပါကြောင်းကိုတော့ မမေးမမြန်း မစူးစမ်းခဲ့မိခြင်းအား နောင်းမှနောင်တရခဲ့ပါကြောင်း)

◆➤◆➤ ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လူမျိုးက တစ်စုံတစ်ဦး [illegible]
အိမ်မှာ ထူးခြားတာတစ်ခုခုရှိလျှင် ([illegible]
အရိပ်အယောင်ပြတာမျိုး) 'မကျွတ်မလွတ်ရှာရှာ'၊ 'ဒုက္ခ [illegible]
စွဲလမ်းတာပဲ'၊ 'ဘာကိစ္စလေးလုပ်မသွားရဘူး' စသည်ဖြင့် ပြောဆိုလေ့ကြသည်။ မကျွတ်မလွတ်နိုင်သောဘဝက ကောင်းရာမွန်ရာရောက်စေဖို့ သူ့အတွက်ရည်မှန်းပြီး အလှူအတန်းပေး၍ အမျှဝေတာမျိုးလုပ်ကြသည်။ တချို့ဆိုလျှင် သေသူက အိပ်မက်ပေး၍ 'ယခုရောက်နေရသည့် ဘဝမှာ နေရာလည်းမရ စားရာလည်းမရှိ၍ ကျသိလှပြီ။ အမျှပေးပေပါဦး။ သာဓုခေါ်လိုပါသည်' ဆိုတာမျိုးကို ဆက်သွယ်လာတာမျိုးပင် ရှိသည်ဟု ဆိုသည်။

# မီးရှန်စွယ်နှင့် ပရဆန်းကြယ်

**တောက်ထိန်**

www.burmeseclassic.com

www.burmeseclassic.com

# မီးရှန်စွယ်နှင့် ပရဆန်းကြယ်

အိပ်မက်ပေး၍ဖြစ်စေ၊ ကာယကံရှင်များက ယနမကောင်း၍ဖြစ်စေ ကွယ်လွန်သူကို ရည်မှန်းလှူဒါန်း အမျှအတန်းဝေလိုက်တော့ ထိုပုဂ္ဂိုလ်က သာဓုခေါ်နိုင်၍ ကျွတ်လွတ်သည်၊ ကောင်းရာမွန်ရာဘဝကို တက်လှမ်းသွားပြီ၊ တစ်ခါတစ်ရံ အိပ်မက်နှင့်ပင် ဆက်သွယ်၍ ဟန်ကျပန်ကျဖြစ်သွားပြီဖြစ်ကြောင်း သတင်းပို့သည်ဟု အဆိုရှိပါသည်၊

ကွယ်လွန်အနိစ္စရောက်၍ ဘဝကူးသွားသူသည် (၃၁)ဘုံမှာ အထက်၊ အထက်ကို မရောက်မီ နောက်ပိုင်းကိစ္စ တစ်ခုခု မပြတ်ခဲ့၍ တစ္ဆေဘဝနှင့် တစ်ဆင့်ခံ၍နေရသည်ဟု ဆိုလိုသည်၊ ကျန်ရစ်သူများ လုပ်တတ်ကိုင်တတ်လျှင် လုပ်နည်းမှန်လျှင် သူ့နှင့်ရည်မှန်း ရောက်ရှိမည့်နေရာကိုထိုအခါ ရောက်လိမ့်မည်ဟု ယူဆကြသည်၊



နှားလည်လွယ်အောင်ပြောရလျှင် မြန်မာပြည်မှ အင်္ဂလန်တိုလေယာဉ်စီးမည့်သူက ရန်ကုန်မှ လန်ဒန်တိုက်ရိုက်မသွားနိုင်၍ ဘန်ကောက်မှာ ထစ်ထောက်နားပြီး လေယာဉ်ပြောင်းစီးရသလိုမျိုး ဖြစ်သည်၊

သည်လိုဆိုလျှင် ကွယ်လွန်သူက ဘဝကူးရာမှ နတ်ပြည်ခြောက်ထပ်ကို သွားရမည်ဖြစ်ပါလျက် တစ္ဆေဘဝမှာ ထရန်ဇစ်လုပ်နေရဟန်တူသည်၊

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတရားတော်တွင် လူသည် မွေးသည်မှ သေသည်အထိ ဉပါဒ်၊ ဋ္ဌီ၊ ဘင် ဖြစ်တည်ပျက် စိတ်ဘဝင် မပြတ်မစဲရှိနေပြီး နောက်ဆုံးစုတိစိတ်ဖြင့် ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် နောက်ဘဝ၏ ပဋိသန္ဓေစိတ်ဖြစ်သည်၊ အကြားအလပ်မရှိဟု ဆိုရာ ရှင်းရှင်းပြောရလျှင် လူ့ဘဝက စုတိကျ၍ တစ္ဆေဘဝ ပဋိသန္ဓေဖြင့် တစ္ဆေဖြစ်သွားခြင်းသာ ဖြစ်သည်၊ လူ့ဘဝမှာ ပြုခဲ့သည် ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးပေးနှင့် ထိုက်တန်သော ဘုံဘဝကို ရောက်ရှိခြင်း ဖြစ်ပါသည်၊

ထိုဘဝမှာလည်း ကုသိုလ်၊ အကုသိုလ် အမှုများကို ပြုဦးမည်ဖြစ်၍ ပြုသည့်အားလျော်စွာ စုတိပြီး ပဋိသန္ဓေဖြင့် နောက်ဘဝ ဆက်ရပြန်ဦးမည်၊ ဆိုလိုသည်မှာ တစ္ဆေဘဝသည် တစ်ထောက်နားဘဝမဟုတ်၊ ထိုဘဝရောက်နေသူကို ကုသိုလ်အမှုပြုနိုင်ရန် ကျန်ရစ်သူများက သတိပေး၊ အမှတ်ရစေခြင်းသာ ဖြစ်သည်၊ (တစ္ဆေဆိုသည်မှာ နိမ့်လျှင် ဝေမာနိကပြိတ္တာမျိုးဖြစ်၍ မြင့်လျှင် ကမ္ဘဝိဒ္ဓိတန်ခိုး အတန်အသင့်ရှိသော အောက်နတ်အငယ်စားမျိုးဖြစ်သည်၊ လူမှာ ဆင်းရဲ၊ ချမ်းသာ ကွာခြားသကဲ့သို့ နတ်ဖြစ်တိုင်း စည်းစိမ်နှင့်နေရသည်မဟုတ်၊ တန်ခိုးပါဝါနည်းသော နတ်အညံ့အစားလည်း ရှိသေးသည်၊ စောစောက ပြောခဲ့သည့် နေစရာ၊ စားစရာ မရှိပါဘူးဆိုသည်မှာ ပြိတ္တာအဆင့် ဖြစ်ပါလိမ့်မည်၊)

ကျွန်တော်၏အယူအဆမှာ လူ့ဘဝမှ စုတေ၍ တစ္ဆေဖြစ်ပြီး ခေတ္တနား၍ အဆင့်မြင့်နတ်သား ဖြစ်လိမ့်မည်ဆိုခြင်းကို သံသယရှိပါသည်၊ တရား



www.burmeseclassic.com

www.burmeseclassic.com

တော်အရ လူ့ဘုံလူ့ဘဝသည် ကုသိုလ်အမှုအပြုနိုင်ဆုံးဖြစ်၍ တစ္ဆေဘဝမှာ တော့ ကုသိုလ်အမှု ပြုနိုင်ခဲမည်ဖြစ်ရာ နောက်ထပ်မြင့်တက်ဖို့ ခက်မည်ဟု ထင်သည်။ တစ္ဆေတို့အလုပ်ကလည်း ခြောက်ရခြင်း၊ လှန့်ရခြင်း၊ သူတစ်ပါး စိတ်မသက်မသာဖြစ်စေရခြင်းတို့ကြောင့် ကုသိုလ်ရလိမ့်မည်ဟု မထင်ပါ။ အများအယူအဆနှင့်ဆန့်ကျင်သယောင်ရှိသော်လည်း တရားတော်၏နက်နဲ မှုကြောင့် ကျွန်တော်ကိုယ်တိုင်လည်း မိမိအယူမှန်လှပြီဟု သေချာပေါက် မပြောရဲပါ။

ယခု ဤဖုတ်လမ်းမှာတော့ တစ္ဆေဆိုသည်မှာ အမှန်ပင်ရှိနိုင်ကြောင်း နှင့် ကိုယ်တိုင်တွေ့ကြုံကြားသိခဲ့သော တစ္ဆေဖုတ်လမ်းများကို ဖော်ပြလို ပါသည်။ ကျွန်တော်ရေးသားခဲ့သော ဝတ္ထုတစ်ပုဒ် (ဂမ္ဘီရလောကမဂ္ဂဇင်း အမှတ် – ၂၃၊ အောက်တိုဘာ ၂၀၁၃၊ ယုံရခက်ခက်)မှာ ကျွန်တော် ငယ်စဉ် က သရဲ၊ တစ္ဆေကို ကြောက်ခဲ့ဖူးသော်လည်း ဖခင်ကြီး၏ ဆုံးမမှုကြောင့် တစ္ဆေကြောက်စိတ်တွေ ပျောက်သွားရပုံကို ဖော်ပြထားပါသည်။ ဖခင်က ဆုံးမရာတွင် တစ္ဆေမရှိဘူး၊ ရှိတယ် ပြောတာ မဟုတ်။ အရမ်းမဲ့ မဟုတ်မဟုတ်တာတွေ ကြောက်လန့်မနေဖို့ပြောတာဖြစ်၍ ကျွန်တော်က ထိုဩဝါဒကို လိုက်နာခြင်း ဖြင့် ကြောက်စိတ်တွေ လျော့ပါးခဲ့ရပါသည်။

တစ္ဆေနှင့်တွေ့ပါက လူ့သေအလောင်းကို အသုဘပြင်ဆင်ထားတာမျိုး မြင်ရ၊ တွေ့ရလျှင် အနိဋ္ဌာရုံဖြစ်၍ စိတ်မှာ လေးလံမိပါသည်။ သည်လိုကြားမှာ ပင် သေလွန်ပြီးသည့် ရုပ်အလောင်းက သေရိုး သေစဉ်၊ ပုံမပျက် ရုပ်မပျက် ဘူးဆိုလျှင် တော်ပါသေးသည်။ ရုပ်ပျက် ဆင်းပျက်၊ အနိဋ္ဌရောက်ရသည့် ရုပ်အလောင်းများကို တွေ့ရလျှင်တော့ နှစ်ရက်၊ သုံးရက် မျက်စိထဲက မထွက် ဘဲ မြင်ယောင်နေမိတော့သည်။

ကျွန်တော့်လိုလူက ဖြစ်ချင်တော့ အလုပ်တွေ မျိုးစုံလုပ်ခဲ့သည့်ကြား က ဆေးဒုက္ခတွေနှင့် ဆက်စပ်နေရသည့် မီးသတ်ဌာနမှာ တာဝန်ထမ်း



ဆောင်ခဲ့သည်ဖြစ်၍ မီးလောင်မီးကျွမ်းသော ရုပ်အလောင်းများကို မြင်ရ မှုအဆိုးဆုံး ဖြစ်ခဲ့ရသည်။

မီးသတ်ဌာနမှာ စတင်တာဝန်ထမ်းဆောင်တော့ ပထမတက်ရသည့် သင်တန်းမှာ ကြည့်ခဲ့ရသည့် မီးလောင်မှုများ၏ မှတ်တမ်းရုပ်ရှင်ကားများမှာ မီးဘေးကြောင့် အိုးအိမ်ပစ္စည်းဆုံးရှုံးရပုံအပြင် မီးလောင်၍ သေဆုံးရပုံများ လည်း ကြည့်ရတော့ အနိဋ္ဌာရုံကို ပီပီပြင်ပြင် မြင်ရသည်။ ဒီလောက်နဲ့တော့ ကျွန်တော်က မဖြုံပါ၊ ထမင်းစား မပျက်ပါ။ (တချို့သင်တန်းသားတွေ ထမင်း မစားနိုင် ဖြစ်ကြသည်၊) စောစောပိုင်းမှာတော့ ခြေကောင်း၊ လက်ကောင်း သူ "လူ" လည်း ဖြစ်ပါလျက် မီးလောင်ခံပြီး သေရလောက်အောင် "ဖျင်း" ရ လေသလားဟု သေသူများကို အပြစ်တင်လိုပါသေးသည်။ နောက်ပိုင်း မီး သတ်ပညာပြည့်ဝလာတော့မှ မီးလောင်ပြင်မှာ မီးလောင်မှုကို အောက်စီဂျင် တ ပါဝင်ကူညီသဖြင့် ထိုအောက်ဆီဂျင်ဓာတ် လျော့နည်းနေသည်။

သတ္တဝါတို့၏ အသက်ရှူမှုကိစ္စတွင်လည်း ထိုအောက်စီဂျင်က မရှိမဖြစ် အရေးကြီးသည်။ မီးလောင်ပြင်မှာ အောက်စီဂျင် လျော့ပါးနေစဉ် ထိုနေရာ မှာရှိသောလူက ဦးနှောက်မှာ အောက်စီဂျင် ပြတ်ငတ်၍ စဉ်းစားဆင်ခြင်နိုင် စွမ်း နည်းပါးပါသည်။ ထို့အပြင် မီးတွေဝိုင်းပတ်လောင်နေသည့်အခြေအနေ မှာဘယ်အရပ်မျက်နှာက မီးလောင်မှုကျပါးသည်၊ ထွက်ထဲသည်ဟု မသိနိုင်ဘဲ ချွေးချယ်မှုများ၍ မီးပါးသည် ထင်ပြီး မီးထုအထူဘက်သို့ ပြေးထွက်မိလျှင် လွတ်လမ်း မရှိတော့ပါ။ ထိုသို့ အမှားဆုံးဖြတ်မှုတွေကြောင့် အသက်ဆုံးရှုံး ရရှာပြီ။

နောက်တစ်ခုက မီးသတ်သင်တန်းတွေမှာ မီးငြိမ်းသတ်ရေးသာမက မီးလောင်ပြင်ထဲကလူကို ကယ်ထုတ်ရသော လေ့ကျင့်ခန်းတွေလည်း ပို့ချ သင်ကြားသည်။ မီးသတ်သမားတွေက ကျုန်းမာကြံ့ခိုင်ကြပါသည်၊ သာမန် ကြည့်လျှင် သူလို၊ ကိုယ်လိုပဲဟု ထင်ရသော်လည်း အရွယ်ရောက်ပြီး လူကြီး တစ်ယောက်ကို ပခုံးမှာ ထမ်း၍ မီးလောင်ရာ အပေါ်ထပ်အခန်းမှ ကယ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး လေကားအမြင့်မှလူကို ထမ်းလျက်သား ဆင်းလာဖို့ဆိုသည်မှာ တော်ရုံလူအဖို့ လွယ်ကူမည် မဟုတ်ပါ။

*မီးသတ်သမားတွေကတော့* "မီးသတ်သမားလူထမ်းနည်း" လေ့ကျင့်ခန်းကို စနစ်တကျ လေ့ကျင့်သင်ကြားထား၍ ဒါမျိုး အလွယ်တကူလုပ်နိုင်သည်။ မီးလောင်ရာမှ ပိတ်မိနေသည့်ဒုက္ခသည်ကို ကယ်တင်ထမ်းထုတ်နိုင်၍ ဘွဲ့တံဆိပ်နှင့် ဆုရိုးမြှင့်ခံရသော မီးသတ်ဝန်ထမ်းများ ရှိသည်။ ကျွန်တော်တို့ဆီမှာ ဒီလိုလေ့ကျင့်ခန်းမျိုးက မီးသတ်ရဲဘော်အချင်းချင်းပဲ ထူးအလှည့် ကိုယ့်ကိုထမ်း၍ကိုယ့်အလှည့် သူ့ကိုထမ်းပြီး လေ့ကျင့်ရတာ ဖြစ်သည်။

အိန္ဒိယနိုင်ငံမှာ သွားရောက်သင်ကြားခဲ့သည့် လေယာဉ်မီးလောင်မှု ငြိမ်းသတ်ရေးနှင့် အသက်ကယ်သင်တန်းမှာတော့ လေယာဉ်တစ်စီး၏ မီးလောင်မှုနှင့်တူအောင် စီမံထားသည့်လေယာဉ်ကိုယ်ထည်သဏ္ဍာန် တည်ဆောက်ထားသော "မီးခိုးခန်း" (Smoke chamber) မှာ တစ်ခန်းလုံး မီးခိုးငွေ့တွေလွှတ်ပြီး သင်တန်းသားက ကျောမှာ အသက်ရှူကိရိယာ (အောက်စီဂျင်ဘူးလွယ်၊ မျက်နှာဖုံးတပ်) လွယ်၍ မီးခိုးခန်းထဲမှာရှိနေမည့် လူသဏ္ဍာန်ရုပ်တု "ဒမ်မီ" ကို မမြင်မစမ်းနှင့် ရှာဖွေကယ်ထုတ်ရသည်။

လေယာဉ်ပုံစံအတိုင်း တည်ဆောက်ထားသော ထိုင်ခုံတန်းတွေကြားမှာ လဲကျဟန် ပြုထားသည့် ဒမ်မီရုပ်ကို ရှာဖွေတွေ့ရှိက မီးသတ်သမားလူထမ်းနည်းဖြင့် ထမ်းထုတ်ရတာ ဖြစ်သည်။ အခန်းထဲမှာ မီးခိုးတွေ လွှတ်ထား၍ ဘာမျှမမြင်ရသော်လည်း လေယာဉ်အသီးသီး၏ဖွဲ့စည်းပုံကို စာတွေ့၊ လက်တွေ့ သင်ထားပြီးဖြစ်၍ ဘယ်နေရာမှာ ဘာရှိသည်ကိုတော့ သင်တန်းသားက သိထားပြီးဖြစ်သည်။ မီးခိုးထဲဝင်ရတာဖြစ်၍ ကျောလွယ်ထားရသော အသက်ရှူကိရိယာ၏ အောက်စီဂျင်ဘူးက အချိန်အကန့်အသတ်နှင့်ပဲ သုံးနိုင်သည်။ လူနာ "ဒမ်မီ" ကို မတွေ့မချင်း ရှာနေလို့မရ၊ အောက်စီဂျင်ကုန်တော့မည်ဆိုလျှင် အချက်ပေးသံမြည်သည်။ ထိုအခါ မီးခိုးခန်းအပြင်ကို အမြန်ပြန်ထွက်ပေတော့၊ ထိုသို့ အောက်စီဂျင်ကုန်သည်အထိ လူနာ ရှာမတွေ့ဘဲ ပြန်ထွက်လာလျှင် စာမေးပွဲကျသည်။ တစ်ခါတစ်ရံ သင်တန်းဆရာက ညစ်၍ ဒမ်မီရုပ်ကို ထိုင်ခုံခြေထောက်မှာ ကြိုးနှင့် ချည်ထားတတ်သည်။ ထိုအခါ ဒမ်မီကို တွေ့ပါလျက် ဆွဲထုတ်၍မရ၊ ထိုသို့ဆိုလျှင် သဘောပေါက်ရမည်၊ ချည်ထားသောနေရာကိုစမ်း၍ မီးသတ်သမားသုံးဓားကောက်နှင့် ဖြတ်ယူရသည်။

သင်တန်းဆရာကတော့ လေယာဉ်ပျက်ကျ မီးလောင်နေသည့်အချိန်မှာ ခရီးသည်တွေက ပုံစံအမျိုးမျိုး လွင့်စဉ်ကျဒဏ်ရာရနိုင်သည့် ခြေတွေ၊ လက်တွေ တစ်စုံတစ်ခုဖြင့် ငြိနေနိုင်သည်၊ ညပ်နေနိုင်သည်။ မီးသတ်သမားက ရအောင်ကယ်တင်နိုင်ရမည်ဟု ဆိုပါသည်။ လေ့ကျင့်ခန်းမှာ သုံးသည့် ဒမ်မီရုပ်ကြီးတွေကလည်း သာမန်လူတစ်ယောက်အလေးချိန် အတိုင်းလုပ်ထားသည်ဟုဆိုသော်လည်း ကျွန်တော့်စိတ်မှာ ပိုပြီးလေးသည်ဟုထင်သည်။ ပြီးတော့ - သူတို့ကို မီးခိုးမရှိဘဲ အလွတ်ကြည့်ရလျှင် ကျက်သရေမရှိဘူးဟု စိတ်ကထင်သည်။ လူနာပုံစံကို ထမ်းရသည်ဆိုသော်လည်း သူတို့အရုပ်ပုံစံကြီးတွေက လူသေနှင့် ပို၍တူသည်။

ဒီလိုလေ့ကျင့်ရေးအတွေ့အကြုံတွေ ရှိခဲ့ပြီး အသုဘရုပ်အလောင်းများကို ကြောက်လန့်တတ်သောကျွန်တော်သည် ဖြစ်ချင်တော့ ပထမဆုံးကြုံရတာက မီးလောင်ထားသော ရုပ်အလောင်းများကို ပက်ပင်းတွေ့ရတာဖြစ်သည်။

တစ်ခုသောနှစ်မှာ ကျွန်တော်တို့နိုင်ငံ၊ မင်္ဂလာဒုံလေဆိပ်မှ မန္တလေးသွားမည့်လေယာဉ်တစ်စီး ပျံအတက်မှာ တွင်းဘောရှိ ရွာအစပ်လယ်တွင်းထဲသို့ ပျက်ကျသွားခဲ့သည်။ ကျွန်တော်က ထိုအချိန်မှာ ရန်ကုန်မြို့ ဗဟိုမီးသတ်သင်တန်းကျောင်း၏ သင်တန်းနည်းပြဆရာတစ်ယောက် ဖြစ်သည်။ သင်တန်းကျောင်းမှာ နည်းပြဆိုပေမယ့် သင်တန်းပြရန်သာ တာဝန်ရှိသည် မဟုတ်၊ ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့၏ အကူအင်အားလည်းဖြစ်သော သင်





www.burmeseclassic.com

တန်းကျောင်းမှာ နယ်မြေအလိုက် မီးလောင်မှုကြီးများကိုလည်း လိုက်ပါ ကူညီငြိမ်းသတ်ရသည်။

ယခု လေယာဉ်ပျက်မှုတွင် ကျွန်တော်တို့ မီးသတ်သင်တန်းကျောင်းက အနီးဆုံးဖြစ်နေ၍တစ်ကြောင်း၊ မီးလောင်မှု(လေယာဉ်ပျက်ကျမှု)ကို မျက်စိနှင့် လှမ်းမြင်နေရ၍တစ်ကြောင်း ကျွန်တော်တို့ဆီကပင် ပထမသတင်းကို ရန်ကုန်တိုင်း၊ မီးသတ်ဦးစီးရုံး (ထိုစဉ်က ဆူးလေမီးသတ်) သို့ ပေးပို့ပြီး ကျွန်တော်တို့က ပထမဆုံးမီးသတ်ယာဉ်အုပ်စု ထွက်ပါသည်။ ထိုယာဉ်အုပ်စု၏ ပထမဆုံး မီးသတ်ကားကို ကျွန်တော်ဦးစီးသည့် ကားလမ်းအတိုင်းသွား၍ လေယာဉ်ပျက်ကျ မီးလောင်နေရာကိုရောက်တော့ လေယာဉ်က ကားလမ်းနှင့် ကိုက်သုံးရာခန့်အကွာ လယ်ကွင်းထဲမှာ ဖြစ်သည်။

လယ်တွေက ရိတ်သိမ်းပြီးချိန် ရိုးပြတ်တွေ ထိုးထိုးထောင်ထောင်ရှိနေသော်လည်း မြေကြီးက မာခြောက်နေပြီ။ ကျွန်တော့်မီးသတ်ကားယာဉ်မောင်းက နည်းနည်းမိုက်သည်။ လုပ်ရဲ ကိုင်ရဲသည်။ လေယာဉ်ကြီးအမြီးထောင်၍ မီးလောင်နေတာ လှမ်းမြင်နေရသည်။ မီးကိုပက်ဖို့ ရေပိုက်လိပ်တွေကတစ်လိပ်ကိုပေ(၁၀၀)သာရှိသည်။ ကားလမ်းပေါ်ကပိုက်ဆွဲ(ပိုက်များဆက်၍) ငြိမ်းသတ်ဖို့က မဖြစ်နိုင်။ အလှမ်းဝေးလွန်းသည်။ ကျွန်တော်က ချိန်ဆနေစဉ် ယာဉ်မောင်းက မြေကြီးကိုဆင်း၍ နင်းကြည့်ပြီး "ကားဝိတ်ကို နိုင်တယ်၊ ဆင်းမယ် - ဆရာ" ဆိုတော့ ကျွန်တော် ခွင့်ပြု၍ လယ်ကွင်းထဲ မောင်းဆင်းသည်။ လေယာဉ်ပျက်အနားကို ကျွန်တော်တို့ ပထမဆုံးရောက်သည်။ အမှန်အတိုင်းပြောရလျှင် မီးငြိမ်းဖို့က ဘာမျှလုပ်စရာ မလိုတော့ပါ။

လေယာဉ်ကိုယ်ထည်က သတ္တုတစ်မျိုးနှင့် တည်ဆောက်ထား၍ မီးလောင်လျှင် ရေနှင့် ငြိမ်းသတ်၍မရပါ။ ထို့ကြောင့် မြေပြင်ပတ်ဝန်းကျင်မှာ လောင်နေတာတချို့ကိုပဲ ပိုက်ဖွင့် ငြိမ်းသတ်ရသည်။ မီးသတ်နေရင်း လှည့်ကြည့်တော့ သေဆုံးသူ အမြောက်အမြားကို ဟိုနားတစ်လောင်း၊ ဒီနားတစ်လောင်း တွေ့ရပြီး အလောင်းတိုင်း မီးတစ်ဝက်တစ်ပျက် လောင်ကျွမ်းထား



သည်။ ခရီးသည်နှင့် လေယာဉ်အမှုထမ်းအားလုံး အသက်ဆုံးရှုံးသွားသည်။ ကျွန်တော်က မီးသတ်သမားဖြစ်၍ မီးလောင်ပြင်မှာ စိတ်စိုးနေလျှင် ထယ်ရ သည်။

မီးလောင်သေဆုံးလျှင် ရုပ်အလောင်းတွေ ထိတွေ့ရွှေ့ပြောင်း သယ်ဆောင်ရသည်မှာ ကျွန်တော်တို့အလုပ်ဖြစ်သော်လည်း ပထမတစ်ရှိတည်း



"ည(၁၀)နာရီကျော်လောက်ကစပြီး ကယ်ပါ၊ ယူပါ အသံတွေဆူနေတာ။ ပထမတော့-ကျုပ်တို့က ဇဝေဇဝါပါပဲ။ ဒါနဲ့-အသံကြားတဲ့ဘက် လှမ်းကြည့်တော့ မှောင်ထဲမှာ ရိုးရိုးရိပ်ရိပ် အကောင်တွေ ပြေးလွှားနေတာ ကျုပ်တို့ တစ်ရွာလုံးတွေ့ကြပါတယ်။ ဆယ်မိနစ်လောက် ဆူညံနေပြီးမှ ငြိမ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com

နှင့် သည်လောက်များပြားသော ရုပ်အလောင်းများကို တွေ့ရတော့ အဦးဆုံး အတွေ့အကြုံမို့ တော်တော်ဖြုံသွားပါသည်၊ သည်ကြားထဲက ထူးဆန်းတာ တစ်ခု တွေ့ရသေးသည်၊ လေယာဉ်ပျက်ကျမီးလောင်မှုမှာ အားလုံးအသက် ဆုံးရှုံးသည်ဆိုသော်လည်း ထိုလေယာဉ်မှာ လပ်ဂိတ်အဖြစ် ပါလာသော ကကာန်းတွေက သေတ္တာလိုက်ပွင့်နေပြီး တစ်ကောင်စ၊ နှစ်ကောင်စ ကျိုးတာ ပဲ့တာ ရှိသော်လည်း ကျန်အကောင်များက နေရာအနှံ့တရွရွ ထွက်ပြေး နေကြသည်၊ အကျကောင်းတာလား၊ အသက်ပြင်းတာလား မသိရပါ။

မီးငြိမ်းသတ်ပြီးပြန်လာတော့ အနိဋ္ဌာရုံများ တွေ့ခဲ့ရတာဖြစ်၍ နေ့လယ် စာထမင်းကို မစားနိုင်တော့၊ (နံနက် ၈ နာရီလောက်က ထွက်သွားရာ မွန်း တည့်မှ ပြန်ရောက်ပါသည်၊) သော်လည်း အလုပ်ပင်ပန်းမှုကြောင့် ညဘက် အိပ်ရာဝင်တော့ ခဏပဲ နေ့လယ်ကမြင်ကွင်းများ မြင်ယောင်ပြီးနောက် ခေါက်ခနဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်၊

နောက်တစ်နေ့ နေ့လယ်မှာတော့ မီးလောင်မှု၏ နောက်ဆက်တွဲ တင် ပြရန်ကိစ္စများရှိ၍ ထိုနေရာကို နောက်တစ်ခေါက်သွားရသည်၊ ယခုတစ်ခါ တော့ မီးငြိမ်းသတ်ရေးယာဉ်ဖြင့် သွားတာမဟုတ်ဘဲ အနီးကပ်ဆုံးရွာကို ရုံးကားလေးဖြင့်သွားပြီး ရွာနောက်ဖေါက်မှ ထွက်လျှင် လယ်ကွင်းများကျော် ၍ ထိုနေရာကို ရောက်သည်၊ ကားကိုရွာထဲမှာ ထားခဲ့ရသည်၊ မနေ့က နေရာ မှာ မီးလောင်မီးကျွမ်းသောအရာများနှင့် လေယာဉ်ပျက်ကြီးရှိသေးသော် လည်း ရုပ်အလောင်းများတော့ မရှိတော့ပါ။

ထိုနေ့မှာတော့ ရွာသူရွာသားတွေနှင့် အေးအေးဆေးဆေး စကားပြော ရသည်၊ ယမန်နေ့က မီးငြိမ်းသတ်နေစဉ် ရွာသားတွေက ကူညီပေးကြတာ ရှိသော်လည်း ကျွန်တော်က အလုပ်တစ်ဖက်၊ စိတ်လှုပ်ရှားတာတစ်ဖက် ကြောင့် သူတို့ကို မမှတ်မိပါ။ သူတို့ကတော့ မီးလောင်ပြင်ကို မီးသတ်ကား ကြီးနှင့် လယ်ကန်သင်းများပေါ် မြင်းစီးသလို ခုန်ပေါက်၍ ပထမဆုံး ရောက် လာတာ ကျွန်တော်ပဲဟု မှတ်မိကြသည်၊ လုပ်စရာတွေပြီး၍ ရွာထဲပြန်ဝင် တော့ အားလုံးဝိုင်းလာကြသည်၊

"ဗိုလ်ကြီး" တဲ့၊



ရွာသားတွေထုံးစံ ဘောင်းဘီဝတ် အစိုးရဝန်ထမ်းကို သူတို့က ဒီလိုပဲ ခေါ်သည်၊

"ညက အိပ်လို့ ရရဲ့လား" တဲ့၊

ကျွန်တော်က သူတို့အမေးကို မနေ့က အလုပ်ပင်ပန်း၍ မနက်လင်းမှ တစ်ရေးနိုးကြောင်း ဖြေတော့ -

"ကျုပ်တို့မှာဗျာ - တစ်ညလုံး တစ်မှေးမှ မအိပ်ရသေးပါဘူး" တဲ့၊

"ဘာဖြစ်လို့တုံး - စစ်ဆေးရေးအဖွဲ့တွေ မေးနေ၊ မြန်းနေကြလို့လား"

"ဟုတ်ပါရိုးလား - ဗိုလ်ကြီးရဲ့၊ မျက်မြင်သက်သေစစ်ဆေးတာက မနေ့ ကနေ့ခင်းမှာပဲပြီးပါတယ်၊ ညအိပ်မရတာက ရွာပြင်ကကွင်းထဲမှာတစ်ညလုံး ဝုန်းဒိုင်းကြဲနေတာ - ဗိုလ်ကြီးရ"

"ဟုတ်လား - ဘယ်သူတွေလဲ"

ရွာသားအချို့က အံ့ဩတကြီးဖြင့် -

"ဘယ်သူတွေရှိရမှာလဲ - သူတို့ပဲပေါ့၊ ည(၁၀)နာရီကျော်လောက်တ စပြီး ကယ်ပါ၊ ယူပါအသံတွေ ဆူနေတာ၊ ပထမတော့ - ကျုပ်တို့က ဖဝေဖဝါ ပါပဲ၊ ဒါနဲ့ - အသံကြားတဲ့ဘက်လှမ်းကြည့်တော့ မှောင်ထဲမှာ ရှိုးရှိုးရိပ်ရိပ် အကောင်တွေပြေးလွှားနေတာ ကျုပ်တို့တစ်ရွာလုံး တွေ့ကြပါတယ်၊ ဆယ် မိနစ်လောက်ဆူညံနေပြီးမှ ငြိမ်သွားတာ၊ ကျုပ်တို့မှာ နေ့လယ်ကဟာတွေ မြင်ယောင်ပြီး သွေးပျက်နေတော့ အဲဒီဘက်လည်း ဘယ်သူမှ မသွားရဲဘူး၊ ခဏနားပြီး တအောင့်လောက်နေတော့ တစ်ခါဆူပြန်တယ်၊ ဆူလိုက်၊ ငြိမ် သွားလိုက်၊ ခွေးတွေက အူလိုက်နဲ့ မနက်အရုဏ်တက်မှ ငြိမ်သွားတာ၊ ကျုပ် တို့လည်း မဖြစ်ချေဘူးဆိုပြီး မနက်လင်းလင်းချင်း အဲဒီနေရာမှာ ဘုန်းကြီး ပင့် ပရိတ်ရွတ်ပြီး ပြန်လည်းလာရော ဗိုလ်ကြီးတို့ ရောက်လာတာပဲ" တဲ့၊

သူတို့က တကယ်ပြောနေတာဖြစ်၍ ကျွန်တော့်မှာ အံ့ဩရပါသေးသည်၊ ကျွန်တော်တို့ ပြန်လာခဲ့ပြီးနောက်ပိုင်း ကြားသိရသမျှ သက်ဆိုင်သူများ၏ ကျန်ရစ်သူများနှင့် မြန်မာ့လေကြောင်းဌာနတို့ကလည်း အသက်ပျောက်နေ ရာမှာ ပရိတ်ရွတ် အမျှအတန်းဝေကြသည်၊ နောက်ထပ်တစ်စုံတစ်ရာ ထူး ခြားမှု မရှိတော့ဟု ဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်ကတော့ ကြားရပုံကို ကျွန်တော် မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြစ်ခဲ့သည်။ နောက်ပိုင်းမှာ ဆရာတော်ကြီးများကို မေးလျှောက်ခြင်း၊ စာအုပ်များ ဖတ်ရှုခြင်းကြောင့် သိလာရသည်က သတ္တဝါမှန်သမျှ တစ်နေ့သေရ လိမ့်မည်ဟု သိသော်လည်း သေဖို့ ပြင်ဆင်ထားသူ အလွန်ရှားသည့်အထဲ မှာ မမျှော်လင့်ထားဘဲ လျှပ်တစ်ပြက် ကွယ်လွန်ရသူများအဖို့ နောက်ဆုံး မရဏာသန္နဇော ထိတ်လန့်ရခြင်း (အဘိဓမ္မာအလို ဆုတ်နစ်သောဒေါသ) အကုသိုလ်စိတ်ဖြင့် ဘဝကူးရ၍ ကျွတ်လွတ်ခဲသည်။ လောကအခေါ်ဖြင့် အစိမ်းသေဟုခေါ်၍ အသတ်ပျောက်သည့်နေရာမှာ ဆောက်တည်ရာမရ သဖြင့်ကာယပါ၊ ယူပါဖြစ်ခြင်းကိုဖြတ်သန်းသွားလာသူများက ခြောက်သည်၊ လှန့်သည် ထင်ကြခြင်း ဖြစ်သည်ဟု သိနားလည်ရပါသည်။

များသောအားဖြင့် ဥပစ္ဆေဒက ကံကြောင့် ယာဉ်တိုက်မှု၊ မီးလောင်မှု၊ ရေနစ်မှုဖြင့် လူတွေ သေဆုံးသောနေရာမှာ အခြောက်အလှန့်တွေ ရှိတတ် ပါသည်။

—◇—

စစချင်း ဆောက်နှင့်ထွင်းသလို အလုပ်ဝင်ခါစ မီးလောင်မှုကြောင့် လူ သေတာကို လက်တွေ့မကြုံဘူးသေးသော ကျွန်တော့်မှာ ကြုံမည့်ကြုံတော့ အရိုးကြီးပါပဲဟု ဆိုရမည့်ပွဲနှင့် ဈေးဦးပေါက်ပြီးနောက်တော့ မကြာမကြာပဲ မီးလောင်မှုတွေ လူသေမှုများကို တွေ့ကြုံရပါတော့သည်။ ရန်ကုန်ထဲက မြို့နယ်တစ်ခုမှာ နှစ်ထပ်အိမ် (ထိုစဉ်က ရန်ကုန်မှာ အထပ်မြင့် တိုက်ကြီးများ မဆောက်သေး၍ရန်ကုန်မြို့လယ်မှအပ ဆင်ခြေဖုံးရပ်ကွက်တိုင်းမှာ လုံးချင်း တစ်ထပ်၊ နှစ်ထပ်အိမ်များ ရှိသေးသည်။)

အောက်ထပ်ကို မီးစလောင်တော့ အပေါ်ထပ်မှာထားသော ပစ္စည်းထုပ် ကို တက်ယူစဉ် မီးဝိုင်းပြီး ပြန်မဆင်းနိုင်ဘဲ မီးလောင်ခံရ၍ သေဆုံးသည့် သူ က သားသည်အမေဖြစ်သည်။ အပေါ်ကိုတက်၍ ပစ္စည်းယူတော့ သားငယ်



ကို တစ်ပါတည်း ပွေ့ချီသွားမိ၍ နှစ်ယောက်လုံး အသက်ဆုံးသည်။ ထိုမီး လောင်မှုပြီးသည့်နောက် ညဘက် ညဘက်မှာ ထိုနေရာက ကလေးငိုသံ ကြားရသည်ဟု သတင်းဖြစ်သေးသည်။

ထိုမီးလောင်လူသေမှုမှာတော့ လေယာဉ်ပျက်မှာကဲ့သို့ ရုပ်ပျက် ဆင်း ပျက်ကြီး မီးလောင်ထားတာ မရှိသော်လည်း (ဆံပင်နှင့် အဝတ်အစားတွေ အားလုံးမီးလောင်သည်။)မြင်ကွင်းက အနိဋ္ဌာရုံဖြစ်ရသည့်အထဲမှာ အသက် မထွက်မီ နောက်ဆုံးအချိန် မအေက သားကိုလည်းကောင်း၊ သားက မအေ ကိုလည်းကောင်းတင်းကြပ်စွာပွေ့ဖက်လျက်ပူးကပ်နေ၍အလောင်းချင်းခွာ မရဘဲ ပူးတွဲသင်္ဂြိုဟ်လိုက်သည်ဟု သိရပါသည်။ ကြေကွဲစရာ ကောင်းလှပါ သည်။

နောက်တစ်ခါလည်းရန်ကုန်မြို့မှာပါပဲ။ ဒီတစ်ခါပုံစံက တစ်မျိုးဖြစ်သည်။ မီးလောင်မှုကြောင့် လူသေတာမဟုတ်ဘဲ အသုဘပြင်ထားစဉ် မီးလောင်မှု ဖြစ်တော့ အားလုံး လက်လွတ်ထွက်ပြေးကြရာ ခေါင်းသွင်းထားပြီးသော အလောင်းကြီးကို ဒီအတိုင်း ထားပစ်ခဲ့သည်။ မီးလောင်မှုဖြစ်လျှင် လျှပ်စစ် မီးများ ဖြတ်တောက်တာဆိုတော့ ကျွန်တော်တို့က ညဘက်ကြီး လောင်နေ သော မီးရောင် ရတစ်ချက်၊ မရတစ်ချက် မှောင်ထဲမှာ အလုပ်လုပ်ရသည်။

မီးလောင်တာက အသုဘအိမ်နှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်မှာ ဖြစ်၍ ကျွန်တော်တို့က အသုဘအိမ်နေရာမှာ (အသုဘရှိမှန်းလည်း မသိ ဘဲ) နေရာယူပြီး မီးကို ငြိမ်းသည်။ မီးညွန့်ကျိုးတော့ ပိုက်များ ရုတ်သိမ်းနေ စဉ် ကျွန်တော်က လက်နှိပ်ဓာတ်မီးထိုး၍ ဟိုဟိုဒီဒီကြည့်တော့ ကျွန်တော် နောက်ကျောမှီထားသည့်နေရာမှာ အသုဘခေါင်းတလားကြီးကို တွေ့ရ၍ ဘေးဘက်မှာ ဘယ်သူဘယ်ဝါ အသက်ဘယ်လောက်ဆိုတာ ရေးထား သည်။ မီးလောင်ပြင်မှာက အနံ့မျိုးစုံသည်၊ ညှော်နံ့၊ မီးခိုးနံ့တွေ မွှန်နေတာ ဖြစ် သည်။ ယခုဒီနေရာမှာ မီးငြိမ်းသတ်နေတော့ စိတ်ထဲမှာ ငါးပုပ်နံ့လိုလို၊ ကြွက် ပုပ်နံ့လိုလို ရသည်ဟု ထင်မိသေးသည်။ လက်စသတ်တော့ –ထိုနေ့မှာ



www.burmeseclassic.com

www.burmeseclassic.com

သဂြိုဟ်မည့် ငါးရက်ထားပြီးသော ရုပ်အလောင်းဟု သိရပါသည်။ အသုဘရှင်များကတော့ သူတို့ပစ္စည်းကို ဘယ်လိုများ ပြန်လာယူပြီး သဂြိုဟ်ကြသည်လဲဟု မသိတော့ပါ။



‘ခင်များက တရုတ်ဆိုပြီး အသားက မည်းလှချည်လား’ဟု မနေနိုင်၊ မထိုင်နိုင် မေးမိရာ ‘မည်းတာပေါ့–ဆလောကီ။ ဝကို ခုနေ့လယ်ကမှ မီးသဂြိုဟ်ကြတာလေ’ ဟု ဆိုသတဲ့။ မီးတောင်းသူနှင့် မီးပေးသူ နောက်ထပ်ဘာဖြစ်သွားသည်ဟု အဆုံးမသတ်ပါ။ ဤတစ္ဆေပုံပြင်ကို ထိုစဉ်က သန်လျင်မှာ နေသူတိုင်း သိကြားဖူးကြသည်



နောက်တစ်ခါမီးလောင်မှုမှာ လူသေ၍ကိုယ်တိုင်ပါဝင်ရတာက ရန်ကုန်တိုင်းထဲမှာပဲ ဖြစ်သည်၊ ရန်ကုန်နှင့် တစ်ဖက်ကမ်း သန်လျင်မြို့မီးသတ်ဌာနမှာ အရာရှိငယ်အဖြစ် တာဝန်ထမ်းဆောင်စဉ် တစ်နံနက်မှာ သန်လျင်ကျောက်တန်းကားလမ်း ဘုရားကုန်းကျေးရွာအနီးတွင် ကားတိုက်မှုဖြစ်၍ကားတစ်စီးမီးလောင်နေကြောင်း သတင်းရတော့ ကျွန်တော် ဦးစီးသောမီးသတ်ယာဉ်တစ်စီး စ၍ထွက်သည်၊ မီးလောင်သည်ဆိုသောကားလမ်းထိုနေရာမှာ ထိုအချိန်က လူနေအိမ်ခြေမရှိသေး၍အခြားသို့ကူးစက်လောင်ကျွမ်းမှာ မစိုးရိမ်ရပါ။ ကျွန်တော်တို့ကားရောက်တော့ စစ်ကျန်ကားဟောင်းကြီးက မီးလောင်ဆဲ ဖြစ်သည်၊

ခရီးသည်အချို့လည်း ပါ၍ အနည်းအကျဉ်း ဒဏ်ရာရတာရှိသည်၊ ထိုသူတွေက သူတို့အချင်းချင်း ကူညီသယ်ယူပြီး လမ်းဘေးက သစ်ပင်တစ်ပင်အောက်မှာ ချထားပြုစုနေကြသည်၊ ကျွန်တော်တို့က မီးလောင်နေတာကိုငြိမ်းတော့ မီးက မကြီး၍ ချက်ချင်းပဲ မီးညွန့်ကျိုးသည်၊ ကားနောက်ခန်း ခရီးသည်ထိုင်ခုံတချို့ကြားမှာ ဆန်အိတ်တချို့ပါ၍ ဆန်အိတ်တွေက မီးလောင်ပြီး ပေါက်ပြဲကာ ဆန်ပုံကြီးဖြစ်၍အငွေ့တလူလူဖြစ်နေတာကို ကျွန်တော်က ရေဖြန်းပိုက်ခေါင်းနှင့် ရေဖြန်းငြိမ်းသတ်နေစဉ် အနံ့တစ်ခု ရသည်၊

ကျွန်တော် စောစောက တင်ပြခဲ့သည့် မီးလောင်၍ လူသေမှုများတွင် လူသေမီးလောင်အနံ့ကို တစ်ခါကြုံဖူးလျှင် ဘယ်တော့မှ မမေ့နိုင်ပါ၊ အနံ့ထူးခြားသည်၊ ကျွန်တော် စွဲမှတ်ထားတာကို ပြောရလျှင် ဘဲဥအပုပ်တို့ပြုတ်ထားရာမှ ရေခန်း၍ မီးကျွမ်းသွားသောအနံ့နှင့် ခပ်ဆင်ဆင်တူသည်၊ ယခုထိုအနံ့ကို ရနေသည်၊ ကားထဲမှာ မီးခိုးပါးပါး ရှိနေသော်လည်း မြင်ရသလောက် ဘယ်သူမှ မရှိပါ။ ကားက လမ်းဘေးသစ်ပင်တစ်ပင်ကို ဝင်တိုက်ရာမှ မီးလောင်တာဖြစ်ပြီး ရှေ့အင်ဂျင်ခန်းကို မီးလောင်တော့ လူတွေကကိုယ့်ပစ္စည်းကိုယူပြီး ဆင်းပြေးကြသည်၊ ကားတိုက်မှုကြောင့် နဖူးထွဲသွားနှုတ်ခမ်းပြဲတာပဲ ရှိသည်၊ မီးလောင်ဒဏ်ရာ မရှိကြပါ။

www.burmeseclassic.com

ကားရှေ့ခန်းကိုမီးလောင်ပြီးမှ နောက်ဘက်ကိုယ်ထည်ကိုမီးကူးလောင်ခြင်း ဖြစ်ပါသည်။ ခရီးသည်တွေက ဘယ်သူဘယ်ဝါ ကားပေါ်မှာ ကျန်ခဲ့သေးတယ်ဟု ပြောတာလည်း မရှိပါ။ သို့ရာတွင် ကျွန်တော်ကလည်း ကိုယ့်အတွေ့အကြုံအရ လူသေမီးလောင်နံ့ရနေတာ သေချာသည်မို့ အိတ်တွေ ပေါက်ပြဲမီးလောင်နေသော ဆန်ပုံကြီးကို ရေလုံးဂျုတ်ခေါင်းနှင့် ပရက်ရှာတင်ပြီး ထိုးပက်နိုင်းပါသည်။ ဆန်တွေ ရေအားကြောင့် လွင့်စဉ်သွားတော့ ပိုက်ခေါင်းကိုင်၍ရေပက်နေသော ကျွန်တော့်ရဲဘော်က "ဟာ - ဆရာရေ့ - ဝက်ကြီးဗျို့" တဲ့။ ကျွန်တော်သွားကြည့်တော့ ဆန်ပုံအောက်က ခြေတွေ၊ လက်တွေ့ ထိုးထိုးထောင်ထောင်နှင့် မိုက်ပွင့်၍ အူတွေထွက်ပြီး မီးလောင်ထားသော အမျိုးသမီး ရုပ်အလောင်းတစ်ခု ဖြစ်သည်။ အလောင်းမှာ ဆွဲကြိုး၊ လက်ကောက်နှင့် လက်ဝတ်လက်စား၊ တော်တော်ပြည့်ပြည့်စုံစုံ ဝတ်ဆင်ထားသည်။ လုချမ်းသာထဲကနှင့် တူသည်။ ခရီးသည်တွေကိုမေးတော့ ဘယ်သူမှ မသိ၊ အဖော်မပါ၊ တစ်ကိုယ်တည်း ကားစီးလာဟန်ရှိသည်။

ဖြစ်ရပ်ကို စုံစမ်းတော့ ကားက ဆန်အိတ်တချို့၊ ခရီးသည်တချို့တင်ပြီး မောင်းလာစဉ် ယာဉ်တိုက်မှုဖြစ်တော့ ဆန်အိတ်ပုံက လွင့်စဉ်ပြီး ထိုအမျိုးသမီးကြီးအပေါ်ပိကျသည်။ လူတွေက ကြောက်အား၊ လန့်အား ဆင်းပြေးကြတော့ သူကျန်ခဲ့တာ ဘယ်သူမှ မသိ၍ ယခုလိုအဖြစ်ဆိုးနှင့် ကြုံရခြင်း ဖြစ်ပါသတဲ့။

ထိုအမှုဖြစ်ပွားပြီးတော့ ထိုနေရာမှာ တစ္ဆေခြောက်သည့်ဇာတ်လမ်းများအဆက်မပြတ် ဖြစ်ပွားသည်။ ကားမီးလောင်၍ လူသေမှုဖြစ်သည့်နေရာတ ထိုစဉ်မှာ သန်လျင်မြို့ ညောင်သုံးပင်သရိုင်းနှင့် မလှမ်းမကမ်းမှာဆိုတော့ ပိုဆိုးသည်။ ထိုလမ်းမှာ သန်လျင်ကျောက်တန်း၊ ရေမ်းသုံးခွကို ညဘက်တွေလည်း ကားအသွားအလာရှိ၍ တချို့ညဘက်ဖြတ်သွား ကားသမားတွေကို မိန်းမတစ်ယောက်က "ကားကြုံလိုက်ပါရစေ" ဆိုတာမျိုး ထွက်တားသတဲ့။ အကြောင်းသိထားသော ကားသမားတွေက ကားကို ရပ်မပေးဘဲ ဆက်မောင်းသည်။ အကြောင်းမသိသော ကားသမားနှင့် ဒါမျိုးဝါသနာပါသော



ကားသမားက ရပ်ပေးတော့ ကားတားစဉ်က မြန်မြန်[illegible] အမျိုးသမီးက တစ်ကိုယ်လုံး မည်းမည်းတူးလျက် "လိုက်[illegible] ပဲ ပျော်တယ်" ဟု ပြောသတဲ့။ မီးလောင်ထားတာနဲ့ မည်းတူးနေသလား[illegible] မသိပါ။ မီးလောင်ခံရလျှင် မည်းကျွမ်းနေမှာကတော့ အမှန်ပဲ ဖြစ်သည်။

သန်လျင် ညောင်သုံးပင်သုသာန်မှာ သရဲခြောက်သောဇာတ်လမ်းများရှိခဲ့သည့်အနက် မီးလောင်ထားသော လူသေ သရဲခြောက်မှု ဆင်တူမှုတွဲတစ်ခု ရှိသည်။ တစ်နေ့ နေဝင်ရီတရောမှာ သုသာန်အနီး သန်လျင်ကျောက်တန်းလမ်းမှာ လူတစ်ယောက် လမ်းလျှောက်သွားတော့ (ညောင်သုံးပင်သုသာန်က သန်လျင်ကျောက်တန်းကားလမ်းမှ အတွင်းသို့ အနည်းငယ်ဝင်ရသည်။) သူ့ကို တစ်ယောက်က "ဆေးလိပ်မီးတစ်တို့လောက်" ဟု တောင်းသတဲ့။ မီးတောင်းသူက တရုတ်လူမျိုးတို့ ပြောတတ်သော မြန်မာလေသံဖြင့် ပြောတာဖြစ်သတဲ့။

"ဆရာကီး - ဝကို ဆေးလိပ်မီးတစ်တို့" ဆိုတာမျိုး ဖြစ်သည်။ လမ်းလျှောက်လာသူက ကိုယ်တိုင်လည်း ဆေးလိပ်ဖွာနေတာဖြစ်တော့ အလွယ်တကူပဲကိုယ်ဖွာနေသော ဆေးလိပ်ကိုကမ်းပေးတော့ထိုသူက လှမ်းအယူမှာ အမှတ်မထင် သတိထားမိတာက ဆေးလိပ်လှမ်းယူသူ၏လက်က မည်းမည်းရားတူးဖြစ်နေ၍ "ခင်ဗျားက တရုတ်ဆိုပြီး အသားက မည်းလှချည်လား" ဟု မနေနိုင်၊ မထိုင်နိုင် မေးမိရာ "မည်းတာပေါ့ - ဆလာကီး၊ ဝကို ခုနေ့လယ်ကမှ မီးသဂြိုဟ်ကြတာလေ" ဟု ဆိုသတဲ့။ မီးတောင်းသူနှင့် မီးပေးသူနောက်ထပ် ဘာဖြစ်သွားသည်ဟု အဆုံးမသတ်ပါ။ ဤတစ္ဆေပုံပြင်ကို ထိုစဉ်က သန်လျင်မှာ နေသူတိုင်း သိကြားဖူးကြသည်။

လူကိုသေအောင် မီးလောင်မှုများနှင့်ပတ်သက်၍ နောက်တစ်ခါ ကြုံရတာကို ဆက်ပါဦးမည်။ သည်တစ်ခါတော့ - ကျွန်တော်က ပဲခူးတိုင်း အနောက်ခြမ်းက ခရိုင်မြို့ကြီးတစ်မြို့မှာ မီးသတ်ဌာန၏ အကြီးအကဲ ဖြစ်ပါသည်။ ထိုမြို့က ရန်ကုန် - ပြည် ကားလမ်းမကြီးဘေးတွင်ရှိပြီး ခရိုင်အတွင်း မြို့နယ်မှာမြို့နယ်မှာ လေးမြို့က ကားလမ်းနှင့် ကပ်လျက်တည်ရှိပြီး သုံးမြို့က ကား



www.burmeseclassic.com

www.burmeseclassic.com

လမ်းမှ အတွင်းသို့ နှစ်မိုင်ခန့် ဝင်ရသော ရထားလမ်းဘေးမှာ ရှိသည်၊ ကျန်တစ်မြို့ကတော့ ကားလမ်း၊ ရထားလမ်းတွေကို ကျော်သွားပြီး မြစ်ကမ်းနားမှာ ရှိသည်၊ ကျွန်တော်က ခရိုင်မီးသတ် အကြီးအကဲဆိုတော့ ကိုယ့်ခရိုင်အတွင်း မြို့တိုင်းမှာ ဖြစ်ပွားသည့် မီးလောင်မှုတိုင်းမှာ ပါရသည်၊

သို့သော် တစ်ခုကံကောင်းခဲ့တာက ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း ခရိုင်ထဲက မြို့တွေမှာ မီးကြီးကြီးကျယ်ကျယ်လောင်တာမရှိ၊ မီးအသေးအမွှားတွေနှင့် ကောက်ရိုးပုံမီးလောက်သာ ဖြစ်၍ သတ်ဆိုင်ရာမြို့မီးသတ်အင်အားနှင့် ဖြေရှင်းပြီးနောက်မှ သတင်းပို့လာသောသာမန်စစ်ဆေးရတာပဲ ရှိသည်၊ မီးလောင်မှု ထိုမျှနည်းသည့်ကြားက ဖြစ်ချင်တော့ တစ်ခန့်မှာ မီးလောင်မှုသတင်းတစ်ခု ဝင်လာသည်၊ ကားမီးလောင်မှု ဖြစ်သတဲ့၊ လောင်ကျွမ်းနေဆဲပဲတဲ့၊ ရန်ကုန် - ပြည် ကားလမ်းမပေါ်မှာ စောစောက ပြောခဲ့သည့် ခရိုင်တွင်းမြို့နယ်တစ်ခုသို့အဝင် ကားလမ်းတာဆုံတစ်ခုအနီးမှာဖြစ်၍ ဆိုင်ရာမြို့နယ်က ကားလည်း ထွက်သွားပြီဟု ဆိုသည်၊ ကျွန်တော့်မြို့နှင့်လည်း မဝေးလှ၍ ကိုယ်တိုင်ဦးစီးပြီး မီးသတ်ယာဉ်တစ်စီးနှင့် ထွက်ငြိမ်းပါသည်၊

ကျွန်တော့်ကားရောက်တော့ ဆိုင်ရာမြို့က မီးသတ်ကားက မီးငြိမ်းထားပြီးပြီ၊ မီးလောင်တာက ကုန်ကားကြီးဖြစ်၍ လမ်းဘေးမှာ ညအိပ်ရန် နားထားစဉ် အခြားကားတစ်စီးက ဝင်တိုက်သွား၍ မီးလောင်ကျွန်ခဲ့ခြင်းဖြစ်သည်၊ တိုက်သည့်ကားက မောင်းပြေးသွားပြီး (နောက်တော့ ဖမ်းမိပါသည်၊) ကားကပဲအိတ်တွေအပြည့်တင်ထားပြီး ထိုစဉ်က ထုံးစံအတိုင်း ကုန်ကားကြီးအောက်မှာ ဒီဇယ်ဆီတိုင်ကီကြီးကို ချိုကားတည်ဆောက်ပြီး လောင်စာဆီပါ သယ်ကြတာဆိုတော့ ထိုဆီများကြောင့် ကားတစ်စီးလုံးနီးပါး မီးလောင်ထားသည်၊ ကားဒရိုင်ဘာနှင့် စပယ်ယာနှစ်ယောက်လုံး မီးလောင်၍သေသည်၊

ဒရိုင်ဘာက ကားခေါင်းခန်းထဲမှာဖြစ်၍ စပယ်ယာက ကားရှေ့ခေါင်းခန်း ခေါင်မိုးပေါ်မှာ ပစ္စည်းတင်ဖို့ တပ်ဆင်ထားသည့် သံပန်းအိမ်ထဲမှာဖြစ်သည်၊ နှစ်ယောက်လုံး အိပ်ပျော်နေစဉ် တခြားကားက ဝင်တိုက်၍ မီးလောင်တော့ ဒရိုင်ဘာက အိပ်ရာက နိုးရမည်ဖြစ်သော်လည်း ကားတိုက်မှုကြောင့် ကားတံခါးတွေ အလိုင်းမင်းအောက်ပြီး တံခါးကို ဖွင့်မရဘဲ ဖြစ်နေစဉ် အောက်က မီးလောင်တော့ ကားခေါင်းခန်းထဲမှာ ပိတ်မိပြီး မီးလောင်သေဆုံးဟန်တူသည်၊ ကျွန်တော်တို့တွေ့တော့ အတွင်းဘက် ကားတံခါးနားကပ်လျက် ငုတ်တုတ်အနေအထားဖြင့် လက်တစ်ဖက်က ကားတံခါးလေတ်ကိုကိုင်ထားသည့်လူကတော့ အသားတွေ တော်တော်များများ မီးလောင်ထားပြီး အသားနည်းနည်းနှင့် အရိုးပဲကျန်ရာ ခေါင်းခွံရိုးက ထုံးစံအတိုင်း သွားအဖြီးသားနှင့် ကျွန်တော်တို့ကို ပြုံးပြနေဟန်ရှိသည်၊

ကားခေါင်းပေါ်က စပယ်ယာက ပို၍အဖြစ်ဆိုးသည်၊ ကျွန်တော် ပထမသူ့ကို တွေ့မြင်ရတော့ တော်တော်အံ့ဩပါသည်၊ သူက ပစ္စည်းတင်သောသံပန်းနှစ်ချပ်ကြားမှာ ညပ်လျက်သား မီးလောင်ကျွမ်းထား၍ ဖားကို ကင်သလို၊ ကြွက်ကိုကင်သလို သံညှပ်နှင့် ညှပ်ပြီး မီးလောင်ခံထားရတာဖြစ်ရာ သေသေချာချာကြည့်တော့ ထိုပစ္စည်းတင်သံပန်းသည် ကားမောင်းစဉ်မှာ ပစ္စည်းထွက်မကျအောင် သံပတ္တာဖြင့် နောက်သံပန်းတစ်ခုကို ဖုံးလို့ညှပ်လို့ရအောင် လုပ်ထားတာဖြစ်၍ သူက အပေါ်သံပန်းကို ဖွင့်ထောင်ပြီး အောက်သံပန်းပေါ်မှာ အိပ်နေခြင်းဖြစ်ရာ ကားတိုက်တော့ အပေါ်ထောင်ထားသည့် သံပန်းက သူ့အပေါ် ပိကျလာသည်၊ အိပ်ရာမှနိုးပါလျက် ထွက်မပြေးနိုင်တော့ဘဲ မီးလောင်ခံရတာ ဖြစ်သည်၊

မလှမ်းမကမ်းမှာ ရွာကလေးတစ်ရွာရှိ၍မီးလောင်တာမြင်တော့ အပြေးအလွှားလာကြည့်သော ရွာသားတစ်ဦးက ကားခေါင်းခန်းတလူကိုမမြင်ဘဲ ခေါင်းပေါ်ကလူ ရုန်းကန်နေတာနှင့် ကယ်ပါ ယူပါ အော်နေဘာကို မြင်လည်း မြင်၊ ကြားလည်း ကြားသည်၊ သူက ဘာမှ မလုပ်တတ်ဘဲ လန့်ပြီး ထွက်ပြေးခဲ့သည်ဟု ပြောပါသည်၊ အပေါ်ကလူကို မီးလောင်တာပိုများ၍ ကိုယ်မှာ အရိုးပဲ ကျန်သည်၊ ခေါင်းခွံတစ်ခြမ်းလည်း မီးကျွမ်းနေပြီဖြစ်၍ ကျွန်တော်တို့ကို ပြုံး၍မျှ မပြနိုင်ရှာတော့ချေ၊





www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်းပါပဲ၊ ဒီအမှုဖြစ်ပွားပြီး ဒီနေရာမှာ သရဲက ခြောက်သလား မဖမ်းနိုင်၊ ခြောက်သည့်ပုံစံကတော့ အထက် အထက်နည်း ဆင်တူမှုကွဲတွေ ဖြစ်၍ ထပ်မံမဖော်ပြလိုတော့ပါ။

—◇—

ယင်းဖော်ပြပါဇာတ်လမ်းအထွေထွေသည် ကျွန်တော် မီးသတ်ဌာနမှာ တာဝန်ထမ်းဆောင်စဉ်က အမှန်တကယ် ကိုယ်တွေ့ကြုံခဲ့သည့် ဖြစ်ရပ်မှန်များ ဖြစ်သည်။ ထိုဌာနမှာ ဌာနချုပ်တာဝန်ထမ်းဆောင်စဉ် ကိုယ်တိုင်မမြင်ရသော်လည်း နိုင်ငံတစ်ဝှမ်းလုံး မီးသတ်ဌာနတွေက သတင်းပို့၍ ကြားရသော မီးလောင်မှု၊ လူသေမှုများလည်း ရှိသည်။ (အထက်အဖွဲ့အစည်းများကို ကျွန်တော်တို့က ဆက်လက်အစီရင်ခံရသည်။) မန္တလေး ဦးကျားကြီးဝင်း မီးလောင်မှု၊ မြိတ်မြို့ ထိတ်ပြိမ်ရပ်ကွက်မီးလောင်မှု၊ လားရှိုး မီးလောင်မှု၊ မိတ္ထီလာမီးလောင်မှုများသည် မီးလောင်မှုကြီးများဖြစ်၍ လူအသေအပျောက်နှင့် မီးသတ်ဝန်ထမ်း ထိခိုက်မှုများ ရှိသည်။

လားရှိုးမီးလောင်မှုကြီးမှာ ထိုမြို့ မြို့ပေါ်ရပ်ကွက်နေသူများက အုတ်တံတိုင်းမြင့်ကြီးများနှင့် ပိုင်းပတ် ကာရံနေထိုင်ကြတာများတော့ လျှင်မြန်ပြင်းထန်သော မီးလောင်မှုတွင် ပြေးထွက်လွတ်မြောက်နိုင်ခြင်း မရှိဘဲ အတော်များများ မီးလောင်သေဆုံးပါသည်၊ ထိုမီးလောင်မှု ငြိမ်းသတ်စဉ် မီးသတ်ရဲဘော်များ ထိခိုက်ဒဏ်ရာ ရတာရှိ၍ အရန်မီးသတ်တပ်သားတစ်ဦးဆိုလျှင် မီးလောင်မှုမှာ ကူညီငြိမ်းသတ်နေတာကို သူ့မိတ်ဆွေများက နောက်ဆုံး တွေ့ခဲ့ရပြီး မီးလောင်မှုကြီးပြီးတော့ ရှာမရဘဲ ပျောက်ဆုံးနေသည်။

ရှာဖွေသူများက သူ မီးငြိမ်းသတ်နေတာ နောက်ဆုံးတွေ့ခဲ့ရသည့် မီးလောင်ပြင် ပြာပုံထဲက မီးသတ်ဝတ်စုံတွင် တပ်ဆင်သည့် သတ္တုဦးထုပ်တံဆိပ်၊ သတ္တုခါးပတ်ခေါင်းတို့ ရှာဖွေတွေ့သဖြင့်သာ သူ ထိုနေရာမှာ မီးလောင်သေဆုံးခဲ့ပြီဟု မှတ်ချက်ပြုရတာမျိုး ရှိသည်။



တစ်ဆက်တည်းမှာပဲ ထိုဌာနကြီးမှာ ကျွန်တော်နှင့် အသုဘရှုပ်အလောင်းများ အကျိုးပေးပုံကို ပြောပါဦးမည်၊ ပြောခဲ့သည့်အတိုင်း မီးသတ်ဌာနကို ဝင်လျှင်ဝင်ချင်းမှာ မီးလောင်သေဆုံးသော လူသေတွေ တစ်စုတစ်ဝေးကြီး တွေ့ကြုံ၍ ဈေးဦးပေါက် ကောင်းခဲ့ပါသည်၊ ထို့နောက် ဆက်လက်အမှုထမ်းကာလတစ်လျှောက်မှာ ကြိုကြားကြိုကြားမီးလောင်၍လူသေသော အမှုအခင်းတွေနှင့် ကိုယ်တွေ့ကြုံခဲ့ပြီး ထိုဌာနက နောက်ဆုံးနုတ်ထွက်ခဲ့သောဒေသက ပြင်ဦးလွင်ခရိုင်၊ ဖီးပင်ကြီးကျေးရွာမှာ အသစ်ဖွင့်သည့် မီးသတ်သင်တန်းကျောင်းကြီးမှာ ဖြစ်သည်။

ကျွန်တော်က အလုပ်စ,ဝင်တော့လည်း ရန်ကုန်မီးသတ်သင်တန်းကျောင်းမှာဖြစ်၍နောက်ဆုံးအမှုထမ်းခဲ့တာလည်းမီးသတ်သင်တန်းကျောင်း ဖီးပင်ကြီးမှာ ဖြစ်သည်၊ ခြားနားတာက အလုပ်အဝင်မှာ သင်တန်းကျောင်းက အားလုံးတည်ဆောက်ပြီး ကိုယ်က အဆင်သင့် ဝင်ရောက်အမှုထမ်းတာဖြစ်၍ ဖီးပင်ကြီးသင်တန်းကျောင်းက အမည်ပဲ တပ်ရသေးပြီး တည်ဆောက်ဆဲကာလဖြစ်သည်။

သင်တန်းကျောင်း အဆောက်အအုံ ဝန်ထမ်းအိမ်ရာ လေ့ကျင့်ရေးတွင် ဘာမျှမရှိသေး၊ မြေကြီးနှင့် မြေပုံပဲ ရှိသည်၊ ကျွန်တော်တို့ သင်တန်းကျောင်း တည်ဆောက်မည့်နေရာက စိုက်ပျိုးမြေမဟုတ်သော တောရိုင်းမြေတွေ ဖြစ်သော်လည်း ထိုမြေထဲမှာ ဖီးပင်ကြီးရွာ၏သင်္ချိုင်းတစ်ခု ပါဝင်နေသည်၊ ဖီးပင်ကြီးရွာက လူအရောက်အပေါက်နည်းသည်။

ပတ်ဝန်းကျင် မြေလွတ် မြေလပ်တွေ ပေါသည်၊ (ရွာကို တိုက်ရိုက်ကားလမ်း မပေါက်၊ မန္တလေး - ပြင်ဦးလွင် ကားလမ်းမှ ခွဲ၍အတွင်းသို့ တော်တော်ကြာကြာဝင်မှ ရောက်သည်။) ရွာမှာ သေဆုံးသူတွေကို အဆင်ပြေသလို မြှုပ်နှံသဂြိုဟ်ရာမှ ရွာဘေး၌ သင်္ချိုင်းသုံးလေးခု ရှိနေသည်၊ ထိုအထဲက တစ်ခုက ကျွန်တော်တို့သင်တန်းကျောင်း လျာထားမြေထဲမှာ ပါနေသဖြင့် ဌာနဆိုင်ရာချင်း ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ရွာအတွက် သင်္ချိုင်းမြေကို



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာတည်း သတ်မှတ်ပေးပြီး ကျွန်တော်တို့မြေထဲ ပါနေသည့်သချိုင်းကို ဖျက်သိမ်းပြောင်းရွှေ့စေသည်။

စကားစပ်မိ၍ ထိုဇီးပင်ကြီးရွာအကြောင်း ပြောပါဦးမည်။ ရွာက ပုံမှန်ကားလမ်းနှင့်ဝေးသော်လည်း မန္တလေး–လားရှိုး မီးရထားလမ်းမှာဖြစ်၍ ဇီးပင်ကြီးဘူတာဆိုတာရှိသည်။ ရွာသားတွေကထိုနားတစ်ဝိုက်ထုံးကျောက်တောင်တွေမှာ ထုံးကျောက်များ စုဆောင်း၍ ထုံးဖုတ်သောလုပ်ငန်းကိုလုပ်သည်။ ဇီးပင်ကြီးဘူတာက မန္တလေး–ပြင်ဦးလွင် ရထားလမ်းတွင် နာမည်ကျော် လွန်းထိုးရထားလမ်းများအပေါ်ဆုံးမှာရှိ၍ အောက်ဆုံးမှာ ထုံးဘိုဘူတာရှိသည်။

ထုံးဘိုကျေးရွာကတော့ရထားလမ်းရော၊ ကားလမ်းပါရှိပြီး ဆီးသီးထွက်၍လူသိများသည်။ ရယ်စရာအဖြစ် ထုံးဘိုမှာ ဆီးသီးဝယ်ပြီး ဆီးပင်ကြီးမှာ ထုံးဝယ်ရမည်ဟု ပြောကြသည်။ ဇီးပင်ကြီးကျေးရွာက ထုံးကျောက်တောင်ပေါ်မှာတော့ ချုံများနှင့် ဆက်စပ်တည်ရှိ၍ ငှက်ဖျားအလွန်ကြမ်းသည်။ (ထိုစဉ်က) ငှက်ဖျားကလည်း ဖျက်စီးတာ အလွန်မြန်၍ ဒေသခံများက ငှက်ဖျားပြီးနေကြဟန်ရှိသော်လည်း ကျွန်တော်တို့ စီမံကိန်းနှင့် အခြားစီမံကိန်းများမှာ အလုပ်ကြမ်းလာလုပ်ကြသူ တော်တော်များများ ငှက်ဖျားဖြစ်၍ ကွယ်လွန်ကြသည်။

ရွာခံကျန်းမာရေးဆရာများက ဇီးပင်ကြီးမှာ ငှက်ဖျားဖြစ်လျှင် ဒီဒေသမှာပဲ ပျောက်အောင်ကုဖို့ တိုက်တွန်းကြသည်။ ဇီးပင်ကြီးငှက်က တခြားဒေသဆေး မတိုးဘူးဟု အဆိုရှိပါသည်။

---

နေရာအနှံ့ဖြစ်နေသော သချိုင်းများကို စုစည်း၍ ရွာသချိုင်းကို သတ်မှတ်ပေးပြီးနောက် ကျွန်တော်တို့နေရာက သချိုင်းကို ရွှေ့ဖို့ သက်ဆိုင်ရာက အမိန့်ထုတ်ပေးသည်။ ကျွန်တော်တို့က ထိုသချိုင်းရွှေ့တာကို ကြီးကြပ်ရမည်။ ထိုအခါ ကျွန်တော့်အထက်အရာရှိက "လုပ်ပါဦး–ဗိုလ်တောက်ထိန်ရယ်၊ ကျွန်တော်က ဒါမျိုး ကြောက်တယ်၊ ခင်ဗျားပဲ ကြီးကြပ်ဆောင်ရွက်ပေးပါ၊ ကျွန်တော်လိုတာ ပံ့ပိုးပေးပါမယ်" ဆိုတော့ ကျွန်တော်က "ရတ်ဆား" ရပါသည်။

သချိုင်းရွှေ့သည်ဆိုရာမှာ အကောင်အထည်များကိုတော့ သက်ဆိုင်သူများ၏ဆန္ဒအလျောက် မိမိတို့အစီအစဉ်ဖြင့် ဘယ်နေ့ ဘယ်ရက် နောက်ဆုံးထား၍ တူးဖော်ရွှေ့ပြောင်းရန် အမိန့်ထုတ်၍ အလောင်းလေးငါးလောင်းကို လာရောက်တူးဖော် နေရာပြောင်းပြီး နောက်ထပ်မလာတော့ပါ။ ဤနေရာတွင် မြန်မာလူမျိုးတွေကတော့ မိမိတို့ မိဘဆွေမျိုး ကွယ်လွန်လျှင် မြှုပ်နှံသဂြိုဟ်ပြီးနောက် တကယ်ပဲ သေသောသူ ကြာလျှင်မေ့ကြသည်။ သချိုင်းဟောင်းကို ပြန်ဖော်တာ အလွန်ရှားသည်။

တရုတ်နွယ်ဝင်တွေကတော့ မိဘဘိုးဘွားတွေ၏ရုပ်ကြွင်းကို တန်ဖိုးထားလေ့ရှိရာ အလောင်းကို တည်သရွှေ့မမေ့နိုင်ဘူး အယူရှိ၍ နှစ်စဉ်လည်း သချိုင်းကန်တော့ပွဲဆိုတာကို တစ်ခမ်းတစ်နားလုပ်သည်။ ရွှေ့ရ ပြောင်းရမည်ဆိုတော့လည်း အချိန်ကုန်၊ ငွေကုန်ခံ၍ လာရောက်ရွှေ့ပြောင်းကြသည်။ ကျွန်တော်ပြောသည့် သုသာန်မှာတော့ အနည်းအကျဉ်း လာယူကြပြီး နောက်ထပ်မလာတော့၍ သတ်မှတ်နောက်ဆုံးရက်ကုန်ပြီးနောက် ကျွန်တော်တို့က အလုပ်သမားတချို့နှင့် ဘုဒိုဇာငှားရမ်းပြီး အကြွင်းအကျန်များကိုစွက် ဖြေရှင်းလိုက်ကြသည်။ တစ်ခုကံကောင်းတာက ထိုရွာ၏သချိုင်းတွေ အနှံ့အပြားမှာ ယခုသချိုင်းက မမြှုပ်နှံတာ တော်တော်ကြာပြီမို့ အရိုးစု အဆွေးအမြည့်တွေလောက်ပဲ တွေ့ရတော့သည်။ မြေကြီးကတော့ သန့်သွားပြီ။ နောက်ထပ်လုပ်ဆောင်ရန် ကျန်သည့်ကိစ္စက ဖျက်သိမ်းလိုက်သည့် သချိုင်းမြေမှာ မိမိနေကောင်းနေဖွယ်ရာရှိသော မမြင်အပ်သည့် ဝိညာဉ်အပေါင်းတို့ကို နေရာဟောင်းမှ နေရာသစ်သို့ ရွှေ့ပြောင်းပေးရန် ဖြစ်သည်။

ထိုကိစ္စကိုဦးစီးဆောင်ရွက်ရမည်က ကျွန်တော်ပဲဖြစ်၍ ထိုနေ့မှာ ကျွန်တော်က ကျွန်တော်နှင့်ဝန်ထမ်းများ စီးရန် မာဇဒါဂျစ်တစ်စီး၊ ဝိညာဉ်ရွှေ့ပြောင်းရေးအသုံးပြုရန် ထရပ်ကားကြီးတစ်စီးနှင့် ယာဉ်မောင်းယာဉ်နောက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်များ၊ အသံပြုခြောက်လှန့်ရန် ရိုင်ဖယ်နှစ်လက်နှင့် ဗလာကျည်သုံးတောင့်စီ အခြားလိုအပ်သောပစ္စည်းတချို့ယူ၍ မြေသန့်ပြီး သချိုင်းနေရာသို့ ချီတက်သွားကြပါသည်။

ကျေးရွာအပိုင်းမှ တာဝန်ရှိသူ ရဝတနှင့် ရွာသားတချို့လည်း ရောက်ရှိလာသည်။ သူတို့ကတော့ ကန်တော့ပွဲတစ်ပွဲ ယူလာသည်။ အားလုံးစုံ၍ သတ်မှတ်ချိန်ကို ရောက်တော့ ကျွန်တော်က သချိုင်းဟောင်းမြေနေရာ အလယ်မှာ ကျွန်တော် ထရပ်ကားကြီးကို မောင်းသွင်းနေရာယူစေပြီး အားလုံးကြားလောက်သောအသံဖြင့် ဤနေရာတွင် မူလက မှီတင်းနေထိုင်ကြသော မမြင်အပ်သည့် ဝိညာဉ်အပေါင်းသည် ဆက်လက်နေထိုင်ခွင့်မရှိ၊ နေရာအသစ်သို့ ရွှေ့ပြောင်းကြရမည်။ မိမိတို့က ပြောင်းရွှေ့ရေးအတွက် မော်တော်ယာဉ်အကူအညီပေးမည်။ ယာဉ်အမှတ် ဘယ်လောက်ပေါ်သို့ တက်ရောက်နေရာယူကြဆိုတာမျိုး သုံးကြိမ်ပြောပါသည်။ နောက်ဆုံးအကြိမ်ပြောပြီးနောက် ကျွန်တော့်ဝန်ထမ်းတွေက အနီးအနားချုံပုတ်များကို သစ်ကိုင်းများ တုတ်များဖြင့် လှည့်လည်ရိုက်ပုတ်၍ သေနတ်နှစ်လက်ကို တစ်ချက်စီ ပစ်ဖောက်စေပါသည်။ ထို့နောက် ကားကြီးကို မောင်းထွက်စေ၍ ကျွန်တော်တို့က နောက်က လိုက်ကြပါသည်။

ကျွန်တော်ကြားဖူးတာက သည်လိုဝိညာဉ်ရွှေ့ဖို့ကားပေါ်တက်နိုင်းလျှင် ကားဘီးတွေ အိကျသွားတတ်သည်ဖြစ်သော်လည်း ယခု ဘာဘီးမှ မပြားပါ။ ကားကို ဖြည်းဖြည်းမောင်းစေ၍ သချိုင်းနေရာသစ်သို့ ရောက်လုနီးအချိန်တွင် ဝိညာဉ်ပါဆင်ရှာတွေ တင်ထားသော ကျွန်တော်တို့ကားကြီးက လမ်းကြောင်းမှ ဘေးသို့ ဖယ်စောင်းသွား၍ ချုံတွေကြားထဲ တိုးဝင်သွားပါတော့သည်။ အားလုံး ဝိုင်းလာ၍ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေသော ထရပ်ကားမောင်းသူကို အားပေးသူ အားပေး၍ သူ့ကားခေါင်းနံဘေးတစ်ဖက်တစ်ချက်မှာ ကျွန်တော့်ရဲဘော်နှစ်ယောက်ကို နေရာယူစေပြီး လမ်းကြောင်းမှန်အတိုင်း ပြန်တက်မောင်းရပါသည်။ နေရာသစ်ကိုရောက်တော့ ကားကို သတ်မှတ်နေရာမှာ ရပ်စေပြီး ကျွန်တော်ကပဲ "ရောက်ပါပြီ – ဆင်းကြတော့ ကိုယ့်ဆရာတို့၊ ဒီမှာပဲ – နေကြတော့" ဆိုတာမျိုး ပြောရပါသည်။ ကျွန်တော့်ဝန်ထမ်းများက ကားပေါ် ကားဘေးနေရာအနှံ့ကို လက်နှင့် ပုတ်ထုတ်ရိုက်၍ "ဆင်းကြ – ဆင်းကြ" ဆိုတာမျိုး အော်ကြ၊ ဟစ်ကြပြီး ခဏကြာတော့ "အခမ်းအနား" ပြီးဆုံးပါသည်။

အားလုံးပြီး၍ ပြန်လာကြတော့ ကျွန်တော်က ထရပ်ကားမောင်းသူကို "ဘယ်လိုဖြစ်ရတာလဲ – ကိုစောရယ်" ဆိုတော့ သူက "ဟာ – ဆရာ – ကျွန်တော့်စီရာတိုင်ကို လူမည်းကြီးတစ်ယောက်က အတင်းဝင်လှည့်တာ – ဆရာရဲ့ ထိန်းလို့ကို မရဘူး" တဲ့။ သူက အတည်ပြောနေတာဖြစ်၍ ကျွန်တော်က ဆက်မမေးတော့ပါ။ ကားရှေ့ခန်းမှာ ဘယ်လိုဝိညာဉ်ကောင်က တက်စီးပြီး ယာဉ်မောင်းကို နှောင့်ယှက်သည်လဲဟု မသိပါ။ နောက်က စပယ်ယာလုပ်၍လိုက်သူမှာ ကရင်တိုင်းရင်းသားဖြစ်၍ ဘာကိုမှကြောက်တတ်သူ မဟုတ်သဖြင့် သူ့ကိုတော့ နောက်မှာပါသည့် ဝိညာဉ်တွေက မစရဲဘူး ထင်သည်။

အထက်ပါ အခြင်းအရာတွေက မီးသတ်ဌာနမှာ ကျွန်တော် တာဝန်ထမ်းဆောင်သောကာလ ကြုံခဲ့ရသည့် ကျွန်တော်နှင့် နာရေးကိစ္စဖတ်လမ်းများ ဖတ်လမ်းဖြစ်၍ဖြစ်ရပ်မှန်များလည်းဖြစ်ရာ ဖတ်ရှုသူများ ကျွန်တော်တို့ဌာနလုပ်ငန်းနှင့် ဝိညာဉ်ဆိုင်ရာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်ရေးသားပြီး ဤဖတ်လမ်းကို ဤတွင် တစ်ခန်းရပ်ပါကြောင်း။

◆◆◆◆ တောက်ထိန်



BURMESE CLASSIC .com

www.burmeseclassic.com